တက္ကသိုလ်

# သိဟာအောင်

## အမိုက်ဖုံးသော သိုင်းသခင်

ကျင်းထုံ၏ ရှုစုဒေယာဂင်းရှုဝ်

ပထမပိုင်း



## တက္ကသိုလ်သီဟအောင်

# အမိုက်ဖိုးသောသိုင်းသခင်

ပထမပိုင်း

စာမူခွင့်ပြုချက်အမှတ်   ၅၀၀၉၇၀၀၆၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ်   ၅၀၀၉၃၄၀၆၀၈

၂၀၀၆ ခုနှစ်

ပထမအကြိမ်၊ အုပ်ရေ–၅၀၀

တန်ဖိုး ၁၀၀ိ/ –ကျပ်

**ထုတ်ဝေသူ**

ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**

ဦးသန်းဝင်း၊ ကျော်ပုံနှိပ်တိုက် (၀၄၆၈၂)
၂၃၉၊ ခေမာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

# ရှောင်လင်ကျောင်းသား

နွေးထွေးသောနံနက်ခင်းနေရောင်ခြည်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာလှပနေလေသည်။

ရေတံခွန်ကြီးတစ်ခုမှမြစ်ဖျားခံလာသော ချောင်းကလေးသည် သာယာလှပသော တောအုပ်ထဲမှ ဖြတ်သန်းစီးဆင်းနေသည်။ နံနက်ခင်းတွင် ကျေးငှက်ကလေးများက သာယာသောတေးကို သီကျူးကာ ဟိုမှသည် ပျံဝဲနေကြ၏။

စမ်းချောင်းလေးအနီး၌ ရေသောက်ဆင်းလာကြသော ယုန်ငယ်လေးများကိုလည်း တွေ့မြင်နိုင်သည်။ ပျားပိတုန်းလိပ်ပြာလေးများက ဟိုမှသည် ပျံဝဲနေကြ၏။ သာယာလှပသောပတ်ဝန်းကျင်နှင့် မနီးမဝေးရှိ တောင်ကုန်းတစ်ခုပေါ်၌ အဆောက်အဦးများ ရှိနေပါသည်။

မြောက်ပိုင်းရှောင်လင်ကျောင်းခွဲ အဆောက်အဦးများဖြစ်သည့် ရှောင်လင်ကျောင်းတော်ကြီးသည် တိုင်းပြည်နှင့်အဝှမ်း ကျောင်း

ခွဲများဖွင့်လှစ်ကာ ရှောင်လင်ကျောင်း၏ အဆုံးအမများ ထွန်းကားပြန့်ပွားအောင် ဆောင်ရွက်လျက်ရှိပေသည်။

မြောက်ပိုင်းရှောင်လင်ကျောင်းခွဲသည် မြောက်ပိုင်းဒေသတွင် အရေးပါသောကျောင်းခွဲတစ်ခုဖြစ်လာသည်။

ရှောင်လင်ကျောင်း၏ အဓိကရည်ရွယ်ချက်မှာ တရားဓမ္မများ ဟောပြောပို့ချကာ ယဉ်ကျေးသိမ်မွေ့အောင် ဆုံးမခြင်းဖြစ်ပါသည်။

ရှောင်လင်ကျောင်းမှ ဘုန်းတော်ကြီးများသည် တိုင်းပြည်နှင့်အဝှမ်း တောတောင်လျှိုမြောင်များ၊ နယ်စွန်နယ်ဖျားဒေသများ ပါမကျန်အောင် သွားလာလှုပ်ရှားကာ တရားဟောနေကြသည်ဖြစ်ရာ ဒုက္ခရောက်သူများအား ကူညီနိုင်ရန် လူဆိုး၊ ဒမြ များ၏ နှိပ်စက်ညှဉ်းပမ်းခြင်းမှ လွတ်မြောက်နိုင်စေရန် မိမိကိုယ်ကိုကာကွယ် စောင့်ရှောက်နိုင်ရန်အတွက် သိုင်းပညာ သင်ကြားထားကြလေသည်။

သိုင်းပညာများသည် ရှောင်လင်ကျောင်းတွင် မသင်မနေရပညာတစ်ရပ်ဖြစ်လာသည်။

ထို့ကြောင့်လည်း သိုင်းလောက၌ ရှောင်လင်ကျောင်းဟူသောအမည်မှာ ထိပ်ဆုံးမှနေရာယူခြင်းဖြစ်ပါသည်။ ပင်မရှောင်လင်ကျောင်းတော်ကြီးကဲ့သို့ပင် မြောက်ပိုင်းရှောင်လင်ကျောင်းသည်လည်း တရားဘာဝနာ ကျင့်ကြံအားထုတ်ရာ သိုင်းပညာသင်ကြားရာကျောင်းတော်တစ်ခု ဖြစ်လာခဲ့လေသည်။

♣ ♣ ♣



နံနက်မိုးမလင်းမီကပင် ရှောင်လင်ကျောင်းတော်သားများက အိပ်ရာမှထကာ ကျရာတာဝန် ထမ်းဆောင်နေကြပြီ ဖြစ်လေသည်။

ရှောင်လင်ကျောင်းတော်သားများသည် ရဟန်းသံဃာတော်များအား အလုပ်အကျွေးပြုစုရသူများဖြစ်သည်။

ရှောင်လင်ကျောင်း၏ ဝေယျာဝစ္စကို တာဝန်ယူဆောင်ရွက်ကြရလေသည်။

အချို့က ရှောင်လင်ကျောင်းတော်တစ်ခုလုံး သန့်ရှင်းသာယာလှပနေအောင် သန့်ရှင်းရေးလုပ်ကြရသည်။

တံမြက်စည်းလှဲကျင်းကာ အမှိုက်သရိုက်များ ကျုံးသည်။ သစ်ပင်ပန်းမံများ စိုက်ပျိုးကြသည်။ အချို့က မီးဖိုဆောင်တွင် စားရေးသောက်ရေးအတွက် ချက်ပြုတ်ကြော်လှော်ကြသည်။ ထင်းခွဲ၊ ရေခပ်ပန်းကန်ဆေး၊ အိုးတိုက် အောက်ခြေသိမ်းဆောင်ရွက်ကြရသည်။

ရှောင်လင်ကျောင်းတော်သားများအား အဖွဲ့များခွဲကာတာဝန်အသီးသီး ထမ်းဆောင်စေပြီး အဖွဲ့တစ်ဖွဲ့တွင် ဘုန်းတော်ကြီးတစ်ပါးကျစီ ခေါင်းဆောင်အဖြစ် တာဝန်ယူရလေသည်။

ဘုန်းတော်ကြီး ချန်ထိုင် သည် ရှောင်လင်ကျောင်း၏ စည်းကမ်းထိန်းသိမ်းရေးတာဝန်ငါးပါးအနက် တစ်ပါးအပါအဝင်ဖြစ်လာသည်။

ထို့အပြင်

ရှောင်လင်ကျောင်း၏နောက်ဘက် အဆောင် (ဝါ) မီးဖိုဆောင်၌ ရှောင်လင်ကျောင်းတော်သားများအား တာဝန်ယူ စီမံခုပ်ချုပ် ရသူလည်းဖြစ်သည်။

ဘုန်းတော်ကြီး ချန်ထိုင်သည် နံနက်မိုးသောက်ရောင်နီထွက်ပေါ်လာသည်နှင့် အိပ်ရာထကာ ကိုယ်လက်သန့်စင်ပြီး ဘုရားဝတ်ပြု အမျှအတန်းဝေလိုက်သည်။

ဘုရားဝတ်ပြုပြီးသည်နှင့် သူတာဝန်ယူအုပ်ချုပ်ရသောရှောင်လင်ကျောင်းတော်သားများ၏ အခြေအနေကို စစ်ဆေးရလေသည်။

ရှောင်လင်ကျောင်းတော်သားများ နိုးနိုးကြားကြားရှိ/မရှိ၊ ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခြင်း ရှိ/မရှိ ၊ တားမြစ်ထားသော စည်းကမ်းချက်များအား ချိုးဖောက်ခြင်း ရှိ/မရှိ။

စသည် ... စသည်ဖြင့် လိုက်လံစစ်ဆေးရလေသည်။ ရှောင်လင်ကျောင်းတော်သားများအား အရက်သေစာသောက်စားခြင်းမပြုဘို့၊ တင်းကြပ်စွာ တားမြစ်လေသည်။

အရက်သေစာ မသောက်ရ ၊ လောင်းကစားမပြုရ။

အချင်းချင်းကဲ့ရဲ့ရှုံ့ချခြင်း၊ မလိုတမာဆိုခြင်း၊ ရန်တိုက်ပေးခြင်းများမပြုရ။

စသည့် စည်းကမ်းချက်များအား ရှောင်လင်ကျောင်းတော်သားများက တိတိကျကျလိုက်နာရပေသည်။

အမှန်တော့ ရှောင်လင်ကျောင်းတော်သားများ လိုက်နာရမည့် စည်းကမ်းချက်များကား များပြားလှန်းလှသည်။

အရေးပါသော အချက်အလက်တချို့ကိုသာ လက်ပြခြင်းဖြစ်ပါသည်။ ရှောင်လင်ကျောင်းတော်သားတိုင်းကလည်း စည်းကမ်းလိုက်နာကြပါသည်။

စည်းကမ်းသေဝပ်လှခြင်းကြောင့် ရှောင်လင်ကျောင်း၏ဂုဏ်



သတင်းထင်ရှားကျော်ကြားနေခြင်း မဟုတ်ပါလား၊ ဘုန်းတော်ကြီး ချန်ထိုင်သည် အနောက်ဘက်အဆောင်၌ လှည့်လည်စစ်ဆေးကြည့်ရှုလိုက်လေသည်။

ရှောင်လင်ကျောင်းကျော်သားများသည် ကိုယ်ကျရာတာဝန်ကို မခိုမကပ် ထမ်းဆောင်နေကြသည်ကိုတွေ့ရသဖြင့် ကျေနပ်သွားလေသည်။

တဖြည်းဖြည်းလှည့်ပတ် ကြည့်ရှုလာရင်း တာဝန်ခံ 'ခုံးမိန်' ထိန်းသိမ်းအုပ်ချုပ်သောနေရာသို့ ရောက်ရှိလာလေသည်။

တာဝန်ခံ ခုံးမိန်သည် ဘုန်းတော်ကြီး ချန်ထိုင်ရောက်လာသည်ကို မြင်လျှင် ပျာပျာသလဲ ခရီးဦးကြိုပြုလိုက်လေသည်။

'ဆရာချန်ထိုင်ပါလား၊ ကြွပါ ... ကြွပါ'

ချန်ထိုင်သည် အလွန်ဥပဓိရုပ်ကောင်းသူဖြစ်သည်။ မြင်သူတိုင်းကြည်ညိုလေးစား လောက်ပေသည်။

နောင်တစ်ချိန်တွင် ရှောင်လင်ကျောင်းထိုင်နေရာကို ဆက်ခံနိုင်လိမ့်မည့်သူဟု သတင်းကြီးနေသူလည်းဖြစ်လေသည်။ ချန်ထိုင်သည် ဥပဓိရုပ်ကောင်းသည့်အပြင် ထူးကဲသော အရည်အချင်းရှိသူတစ်ယောက်လည်းဖြစ်နေသည် မဟုတ်ပါလား။

ချန်ထိုင်အား ရှောင်လင်ကျောင်းသူအားလုံးက ချစ်ကြောက်ရိုသေလျက်ရှိကြပေသည်။

တာဝန်ခံ ခုံးမိန်က ပျာပျာသလဲကြိုဆိုလာလျှင် ချန်ထိုင်က အသိအမှတ်ပြုသည့်သဘော ခေါင်းညိတ်လိုက်သည်။

တဖန် ...

တာဝန်ခံ ခုံးမိန်၏ အနောက်ဘက်ရှိနေသော ရှောင်လင်ကျောင်းတော်သားလေးများအား ငေ့ကြည့်လိုက်၏။ ရှောင်လင်ကျောင်းသားလေးများသည် တူညီဝတ်စုံဝတ်ဆင်ထားကြပြီး ငယ်ရွယ်နုပျိုလန်းဆန်းနေပါသည်။ ရှောင်လင်ကျောင်းတော်ကြီး၏အကျိုး၊ အများအကျိုးနှင့် သိုင်းလောကအကျိုး သယ်ပိုးဆောင် ရွက်ကြသည့် မျိုးဆက်သစ်လူငယ်လေးများဖြစ်ကြလေသည်။

ချန်ထိုင် သည် ရှောင်လင်ကျောင်းတော်သားလေးများအား တစ်ချက်ငေ့ကြည့်ပြီး အားရကျေနပ်သည့်အလား ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြန်သေးသည်။

တာဝန်ခံ ခုံးမိန်ကို ပြောလိုက်သည်။ ဒီကနေ့ ဆရာခုံးမိန်က ကျောင်းတော်သားလေးတွေအတွက် အထူးအစီအစဉ်ပြုလုပ်ထားတယ်ဟုတ်လား၊ ခုံးမိန်ဦးညွှတ်လိုက်သည်။

'ဟုတ်ပါတယ် ဆရာ ချန်းထိုင်'

ချန်းထိုင်က ကျုပ်ကလဲ သတင်းကြားတာနဲ့ စိတ်ဝင်စားတာကြောင့် လာကြည့်တာပါ။ ကဲဘယ်လိုစီစဉ်ထားတယ်ဆိုတာပြောပါဦး။

ခုံးမိန်ပြုံးလိုက်ပြီး ချန်းထိုင်ကို ဦးညွှတ်လိုက်သည်။

"အစီအစဉ်ပြုလုပ်တာတော့မှန်ပါတယ် ဒါပေမယ့် တီထွင်စမ်းသပ်တဲ့သဘောဖြစ်တာကြောင့် ရေခပ်တာဝန်ကျတဲ့ ကျောင်းသားသုံးယောက်အတွက် ဦးစားပေးစီစဉ်ထားတာပါ"

ချန်းထိုင်က စိတ်ဝင်စားစွာ နားထောင်နေ၏။

ခုံးမိန်ကဆက်ပြောသည် ...



"ထူးထူးထွေထွေ မဟုတ်ပေမယ့် အကျိုးရှိမယ့်အစီအစဉ်တစ်ခုပါ၊ ဆရာချန်းထိုင် သူတို့အတွက် အထူးလေ့ကျင့်မှုတစ်ခုလည်းဖြစ်စေမှာပါ"

သူကရှောင်လင်ကျောင်းတော်သားတစ်ယောက်အား လက်ဖွေ့ယမ်းပြလိုက်သည်။ ထိုကျောင်းသားသည် အထူးပြုလုပ်ထားသောဖိနပ် သုံးရံ ယူလာပေးလေသည်။ ထိုဖိနပ်များကား သံဖြင့်ပြုလုပ်ထားသော သံဖိနပ်များဖြစ်နေပါသည်။

သံဖိနပ်ဖြစ်၍ မာကျောပြီး လေးလံနေပါတော့သည်။ ဖုန်းမိန်ကရှင်းပြသည်။

"ရေခပ်မည့် ကျောင်းသားသုံးယောက်ဟာ သံဖိနပ်တွေကိုစီးပြီး ရေခပ်ရပါမယ်"

မြောက်ပိုင်းရှောင်လင်ကျောင်းခွဲသည် တောင်ကုန်းတစ်ခုပေါ်၌တည်ရှိနေခြင်းဖြစ်သည်။ ရှောင်လင်ကျောင်းခွဲအတွက် လိုအပ်သော သောက်ရေသုံးရေတို့ကို တောင်အောက်သို့ဆင်းကာ ချောင်းထဲမှ ခပ်ယူကြရလေသည်။

ထိုတာဝန်ကို ခုံးမိန်၏လက်အောက်ရှိ ကျောင်းသားများကထမ်းဆောင်ကြရသည်။ ခုံးမိန်သည် စိတ်ကူးအတော်ကောင်းသူဖြစ်သည်။ တောင်ပေါ်နှင့်တောင်အောက် တက်လိုက်ဆင်းလိုက်ဖြင့် ရေခပ်နေသောကျောင်းသားများအတွက် ရေခပ်ရင်း ကိုယ်ဖော့ပညာ အထောက်အကူဖြစ်စေနိုင်ရန် စီစဉ်လိုက်ခြင်းဖြစ်လေတော့သည်။

ချန်ထိုင်က သံဖိနပ်များကို စိတ်ဝင်စားစွာကြည့်လိုက်၏။

ခုံးမိန်က ...

"သံဖိနပ်တစ်ရံဟာ အလေးချိန် ငါးပိဿာစီပါပါတယ်၊ ရေခပ်မယ့်လူတွေအတွက် အထူးစီစဉ်ထားတာပါ၊ ဒီဖိနပ်ကိုစီးပြီး ရေခပ်ရပါမယ်" ဟုပြောလျှင် ချန်ထိုင်က

"သိပ်ကောင်းတဲ့အကြံပဲ သူတို့အတွက် တစ်နှစ်လောက်တော့ အချိန်ကုန်သက်သာသွားတာပေါ့" ဟု သုံးသပ်လိုက်လေသည်။

ရှောင်လင်ကျောင်းသားများသည် သူတို့ပြောနေကြသော စကားများကို စိတ်ဝင်စားစွာ နားထောင်နေကြလေသည်။

ခုံးမိန်က ...

"လောလောဆယ် ရေခပ်ရတာ ပင်ပန်းတဲ့ကြားက လေးပင်တဲ့ဖိနပ်ကို စီးရဦးမယ်ဆိုတော့ သူတို့အတွက် ပင်ပန်းနေမှာသေချာပါတယ်၊ ဒါပေမယ့် တဖြည်းဖြည်း ကျင့်သားရသွားမှာပါ၊ အလေ့အကျင့်ရပြီဆိုတာနဲ့ အချိန်အနည်းအတွင်းမှာ သိသိသာသာတိုးတက်လာတော့မှာသေချာပါတယ်"

ချန်ထိုင်က ခေါင်းညိတ်လိုက်လေသည်။

"ကောင်းတယ် ... ကောင်းတယ် ... အခြားကျောင်းသားတွေအတွက်လည်း ဆန်းသစ်တဲ့ တီထွင်မှုလေးတွေ ပြုလုပ်ပေးစမ်းပါဦး"

ခုံးမိန်က ...

"စိတ်ချပါဆရာ ... တစ်ခြားကျောင်းသားတွေအတွက်လည်း တစ်မျိုးမျိုးတီထွင်ပေးဖို့ စဉ်းစားထားပါတယ်၊ မကြာခင် အကောင်အထည်ပေါ်လာပါလိမ့်မယ်'

"အင်း ... ဆရာခုံးမိန်လို တာဝန်ခံတစ်ယောက်ရှိနေတာ



ရှောင်လင်ကျောင်းတော်ကြီးအတွက် အတော့်ကို အကျိုးရှိတာပဲ၊ ဆက်ပြီးကြိုးစားပေါ့၊ ကဲ ... ကျုပ်ပြန်ဦးမယ်"

"ကောင်းပါပြီ ဆရာချန်ထိုင်"

ခုံးမိန်သာမက အခြားရှောင်လင်ကျောင်းသားများကပါ ဦးညွတ်ဂါရဝပြုလိုက်ကြလေသည်။

ချန်ထိုင်က ဦးခေါင်းတညိတ်ညိတ်ဖြင့် ပြန်လည်ထွက်ခွာသွားလေတော့သည်။

ချန်ထိုင်ထွက်သွားပြီဖြစ်သည်။

ခုံးမိန်က စိတ်ငန်းကာရပ်နေသော ရှောင်လင်ကျောင်းတော်သားများအား တစ်ချက်ဝေ့ကြည့်လိုက်လေသည်။ အားလုံးကလည်း ခုံးမိန်အား ရိုသေလေးစားသောအကြည့်ဖြင့် ကြည့်နေကြ၏။ ခုံးမိန်က ဘာပြောလာလေမလဲဟု စိတ်ဝင်စားစွာ နားထောင်နေကြောင်းလည်း ပေါ်လွင်နေသည်။

ခုံးမိန်က အားလုံးကို အကဲခတ်ပြီးမှ ကျောင်းသားသုံးယောက်၏အမည်ကိုခေါ်လိုက်လေသည်။

"ချင်းစိန်"

"ဝမ်းရို့"

"ရှမ်းထင်း"

သူ၏ခေါ်သံအဆုံးတွင် ကျောင်းသားသုံးယောက်က ချက်ချင်းရှေ့ထွက်လာကြလေသည်။ ထိုကျောင်းသား သုံးယောက်အနက် နှစ်ယောက်မှာ ခန္ဓာကိုယ် ကြံ့ခိုင်တောင့်တင်းပြီး အသက်သုံးဆယ်နီးပါး ရှိကြသူများ ဖြစ်လေသည်။

ကျန်တစ်ယောက်ကား ရှေ့ကနှစ်ယောက်နှင့် ဆန့်ကျင်ဘက်ဖြစ်နေပါသည်။ ခန္ဓာကိုယ် ပိန်ပိန်ပါးပါးလေး ဖြစ်သည်။ အသားအရည်လည်း ဖြူဖတ်ဖြူရော်နှင့် ကျန်းမာရေးမကောင်းသည့် အသွင်ရှိသည်။

ထိုကျောင်းသားသုံးယောက်သည် ရှေ့ထွက်လာပြီး ခုံးမိန်ကို ဂါရဝပြုလိုက်ကြလေသည်။

ခုံးမိန်က ... ကျန်ကျောင်းသားအား လက်ဝှေ့ယမ်းပြလိုက်လေသည်။

"မင်းတို့တစ်တွေ မီးဖိုဆောင်အပြင်ဘက်မှာ သန့်ရှင်းရေးသွားလုပ်ကြပေတော့"

"ကောင်းပါပြီဆရာ"

ကျောင်းသားများသည် တညီတညွတ်တည်းပြောကြပြီး ဦးညွတ်ကာ ထွက်ခွာသွားကြတော့သည်။

တခဏအကြာတွင် တာဝန်ခံ ခုံးမိန်နှင့် ကျောင်းသားသုံးယောက်သာ ကျန်ရစ်ခဲ့လေတော့သည်။ ခုံးမိန်က ထိုကျောင်းသားသုံးယောက်ကို အကဲခတ်ပြီးမှ တာဝန်ပေးလိုက်လေသည်။

"ချင်းစိန် ..."

"ဟုတ်ကဲ့ ... အမိန့်ရှိပါဆရာ"

"မင်းတို့သုံးယောက် ဒီကနေ့ကစပြီး ရေဖြည့်ဖို့ တာဝန်ယူရလိမ့်မယ်၊ တောင်အောက်ကိုဆင်းပြီး ချောင်းရေခတ်ကြရလိမ့်မယ် ဟုတ်ပြီလား"

"အမိန့်အတိုင်းပါဆရာ"



ခုံးမိန်သည် ရေခပ်ဖို့ တာဝန်ပေးရုံသက်သက်ဆိုလျှင် ယခုကဲ့သို့ အရေးတယူပြောဆိုနေမည်မဟုတ်ကြောင်း ချင်းစိန်တို့ သဘောပေါက်ထားကြပြီးဖြစ်သည်။

ခုံးမိန်က ဆက်ပြောသည် ...

"ထူးခြားတဲ့အစီအစဉ်တစ်ခုလုပ်ထားတာကို မင်းတို့လည်းသိကြပြီးဖြစ်မှာပဲ၊ ဒီကနေ့ကစပြီး ရေခပ်တဲ့အခါတိုင်း ငါစီမံထားတဲ့ သံဖိနပ်ကို စီးရလိမ့်မယ်"

ချင်းစိန်တို့ အချင်းချင်း ကြည့်လိုက်ကြလေသည်။

"သံဖိနပ်က တစ်ရံကို ငါးပိဿာစီလေးတယ်ဆိုတော့ မင်းတို့ အတော့်ကို ပင်ပင်ပန်းပန်း သွားလာလှုပ်ရှားကြရလိမ့်မယ်၊ ဒီတော့ ခါတိုင်းထက်ပိုပြီး ကြိုးစားအားထုတ်ကြရလိမ့်မယ်"

"ကောင်းပါပြီ ... ဆရာ"

ချင်းစိန်တို့သုံးယောက်စလုံး ဦးညွတ်ကာတိပြုလိုက်ကြ၏။ ခုံးမိန်က အထူးစီစဉ်ထားသော သံဖိနပ်များပေးလိုက်လေသည်။

"ရော့ ... ဒီဖိနပ်စီးပြီး ရေခပ်ကြပေတော့၊ ထုံးစံအတိုင်း တစ်ယောက်ကို ကျောက်စည်ငါးလုံးပြည့်အောင် ရေခပ်ကြရမယ်။ သည်ဖိနပ်နဲ့ ကျင့်သားရအောင် တစ်လတိတိ ဆက်တိုက်ခပ်ရမယ် ဟုတ်ပြီလား"

ချင်းစိန်တို့က ...

"အမိန့်အတိုင်းပါဆရာ"

"ကဲ ... ကဲ ... သွားကြပေတော့"

"ဟုတ်ကဲ့ ..."

ချင်းစိန်၊ ဝမ်းရှို နှင့် ရှမ်းထင်းတို့သည် ခုံးမိန်စီစဉ်ထားသော ဖိနပ်များ စီးလိုက်ကြလေသည်။

ခုံးမိန်က အကဲခတ်ကြည့်နေလိုက်သည်။

ချင်းစိန်တို့ ချက်ချင်း အခက်ကြုံသွားကြ၏။ ဖိနပ်ကား အလွန်ပင် လေးလံနေခြင်းကြောင့်ဖြစ်သည်။ ရုတ်တရက် လမ်းကောင်းကောင်းလျှောက်၍ မရနိုင်တော့ချေ။

ဖိနပ်လေးလံမှုကြောင့် ခြေကြွရခက်ကာ ကုန်းကုန်းကွကွ ဖြစ်သွားကြလေသည်။

မည်သို့ဆိုစေ ခုံးမိန်က အကြောင်းရှိလို့ စီးခိုင်းခြင်းဖြစ်ကြောင်း နားလည်ထားကြသဖြင့် ကြိုးစားကာ ရအောင်စီးလိုက်ကြသည်။

ထို့နောက် ...

တံပိုး၊ ရေပုံးများယူကာ တောင်အောက်သို့ ဆင်းလာခဲ့ကြလေတော့သည်။

သူတို့သည် လေးလံသောဖိနပ်များစီးကာ ရေခပ်ကြတော့မည်ဖြစ်လေသည်။

♣ ♣ ♣

ချင်းစိန်တို့ တောင်အောက်သို့ဆင်းလာခဲ့ကြသည်။ ဖိနပ်များက လေးလံနေခြင်းကြောင့် လမ်းကောင်းကောင်းလျှောက်၍ မရပါ။ လမ်းလျှောက်လိုက်တိုင်း ကျယ်လောင်သောမြည်သံများလည်းထွက်



ပေါ်နေသည်။

တောင်အောက် ချောင်းကလေးအနီးသို့ရောက်အောင် မနည်းကြိုးစားအားထုတ်ကာ လျှောက်လာခဲ့ရခြင်း ဖြစ်လေသည်။

ချောင်းနံဘေးသို့ရောက်လျှင် သုံးယောက်သား မောပန်းနေကြတော့သည်။ ချောင်းနံဘေးအရိပ်ကောင်းသော သစ်ပင်ကြီး တစ်ပင်အောက်၌ ထိုင်ချလိုက်ကြလေသည်။

ချင်းစိန်က ခြေထောက်တွင် စီးနင်းထားသော ဖိနပ်ထူထူကြီးကို မျက်လုံးပြူးကာ ကြည့်လိုက်လေသည်။

ထို့နောက် ခေါင်းမော့ကာ ရယ်ချလိုက်၏။

"ဟား ... ဟား ... ဟား"

ကိတ်ဆိတ်နေသောပတ်ဝန်းကျင်တွင် သူ၏ ရယ်သံမှာ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ဝမ်းရှို့နှင့် ရှမ်းထင်းတို့က သူ့အားကြည့်လိုက်ကြ၏။

ချင်းစိန်က ...

"ဟား ... ဟား ... ဟား ... တော်တော်ရယ်စရာကောင်းတာပဲ၊ တို့ဟာ ဖိနပ်အထူကြီးစီး ပြီး ရေခပ်တဲ့လူတွေဖြစ်နေပြီ"

ဝမ်းရှို့မှာလည်း ရယ်မောလိုက်လေသည်။

"ဟား ... ဟား ... ဟား ... တာဝန်ခံကြီး ဆရာခုံးမိန်က ဘာတွေစိတ်ကူးပေါက်နေလည်းမသိဘူး၊ အဖော့်ကို ရယ်စရာကောင်းအောင်လုပ်လိုက်တာပဲ"

"ဟုတ်တယ် ... ဟုတ်တယ်"

ချင်းစိန်က ထောက်ခံလိုက်လေသည်။

ရှမ်းထင်းက ဘာမှမပြောချေ။ ရယ်မောခြင်းလည်း မပြုပါ။ ရှမ်းထင်းသည် ခန္ဓာကိုယ်ပိန်ပိန်ပါးပါး ကျန်းမာရေးမကောင်းပုံရသည့် လူငယ်လေးဖြစ်လေသည်။ သူက မရယ်နိုင်သည်မှာ အကြောင်းရှိနေပါသည်။

ထူထဲလေးလံပြီး မာကျောလှသောဖိနပ်ကို စီးနင်းလာခဲ့ရခြင်းကြောင့် သူ၏ခြေထောက်မှာ ပွန်းပဲ့ကာ သွေးများထွက်နေသည် မဟုတ်ပါလား။

စိတ်ပျက်သောအသွင်ဖြင့် ခြေထောက်ကို ငုံ့ကြည့်နေပါတော့သည်။

တောင်ပေါ်မှ ရိုးရိုးဆင်းဖို့ကိုပင် လွယ်သည်မဟုတ်ပါ။ ရေခပ်ပြီး တောင်ပေါ်သို့ တက်ရဆင်းရသည်မှာ ပို၍မလွယ်ပါ။

ထူထဲလေးလံမာကျောသော ဖိနပ်နှင့်ဆိုလျှင် မတွေးဝံ့စရာဖြစ်လေသည်။

ချင်းစိန်တို့သည် ရယ်မောရင်း စိတ်ပျက်၊ လက်ပျက်ဖြစ်နေသော ရှမ်းထင်းကို လှမ်းကြည့်လိုက်ကြလေသည်။ ပြီးလျှင် တစ်ယောက်နှင့်တစ်ယောက် မျက်ရိပ်ပြကာ ရှမ်းထင်းအနီးသို့ ချဉ်းကပ်သွားလိုက်ကြလေသည်။

ရှမ်းထင်းက ချင်းစိန်တို့ အနီးသို့ရောက်ရှိလာခြင်းကြောင့် ခေါင်းမော့ကြည့်လိုက်လေသည်။

ချင်းစိန်က မေးသည် ...

"ဘာလို့လဲကွ ... သိပ်ပင်ပန်းနေပြီလား"

ဝမ်းရှိုက ...



"မင်းက ရှောင်လင်ကျောင်းကထွက်ပြေးဖို့ စဉ်းစားနေပြီမဟုတ်လား"

ရှမ်းထင်းစိတ်ပျက်နေကြောင်း ထင်ရှားနေ၏။ သို့သော် သူက ဘာမျှမပြောချေ။

ချင်းစိန်က ...

"ရှောင်လင်ကျောင်းကိုလာတာ သိုင်းပညာသင်ဖို့ပဲကွ၊ အခုတော့ ဖိနပ်အထူကြီးစီးပြီး ရေခပ်နေရတာ ဘယ်လိုလုပ်ပြီး ဟန်ကျနိုင်တော့မှာလဲ၊ မင်းကိုကြည့်ရတာ ပိုတောင်စိတ်ပျက်စရာ ကောင်းနေပြီ"

ဝမ်းရှိုက ထောက်ခံလိုက်သည်။

"ဟုတ်တယ် ... မင်းက ဖြူဖတ် ဖြူရော်နဲ့ ကျန်းမာရေးကောင်းပုံမရဘူး၊ သိုင်းပညာသင်ဖို့ မင်းနဲ့ မအပ်စပ်ပါဘူးကွာ၊ သင်မနေစမ်းပါနဲ့၊ ဒီမှာလာပြီး အပင်ပန်းခံမနေစမ်းပါနဲ့၊ တခြားကိုထွက်သွားစမ်းပါကွာ"

ရှမ်းထင်းက ခေါင်းငုံ့ထားလိုက်လေသည်။

ဝမ်းရှိုက ဆက်ပြောသည် ...

"ညီလေး ... မင်းသိုင်းပညာသင်လို့ကော ဘာအကြောင်းထူးမှာလဲ၊ မင်းခန္ဓာကိုယ်က လေတိုက်ရင်လဲတော့မယ့်အတိုင်း၊ ပိန်ပိန်ညှောင်ညှောင်လေး၊ မင်းကို ဘယ်သူကလေးစားကြမှာလဲ၊ မင်းကကော ဘယ်လောက်အပင်ပန်းခံနိုင်မှာလဲ၊ မင်းပင်ပန်းနေတာကို ငါတို့မကြည့်ရက်ပါဘူးကွာ"

ချင်းစိန်က ...

"ဟုတ်သားပဲ… ဘာ့ကြောင့် အပင်ပန်းခံ၊ ဒုက္ခခံနေရတာလဲ ရှောင်လင်ကျောင်းက ထွက်သွားစမ်းပါကွာ"

သူတို့၏စကားများသည် စေတနာဖြင့်ပြောသည့်စကားများ ဖြစ်၏။ သို့လျှင်ပင် ရှမ်းထင်းအတွက် စိတ်ဓာတ်ကျစရာဖြစ်နေပါတော့သည်။

ရှမ်းထင်းသည် အမှန်ဆိုတော့လည်း ထူးခြားသောလူငယ်တစ်ဦးဖြစ်နေပါသည်။ ရှောင်လင်ကျောင်းသို့ရောက်လာပြီးနောက် မည်သူနှင့်မျှ အရောမဝင်ဘဲ နေလေ့ရှိသူဖြစ်သည်။

ဆရာခိုင်းသမျှကို မညီးမညူ လုပ်ကိုင်ဆောင်ရွက်သည်။ အားလပ်ချိန်များ၌ လူသူကင်း ရှင်းရာနေရာ၌ တစ်ကိုယ်တည်းမှိုင်ကာ တွေးတော ငေးမောနေတတ်လေသည်။ သူ၏မျက်နှာမှာ အမြဲတမ်း ဝမ်းနည်းကြေကွဲသည့်အသွင် ဆောင်နေသည်။

ဆိုးဝါးသော အတိတ်ဇာတ်ကြောင်းဖြစ်ရမည်ဟု ချင်းစိန်တို့ ရိပ်မိကြလေသည်။ ချင်းစိန်နှင့် ဝမ်းရှိုတို့မှာ သဘောမနော ကောင်းသူများဖြစ်ကြလေသည်။

ရှမ်းထင်းမှိုင်တွေနေမည်ကို မလိုလားကြဘဲ ပျော်ပျော်ရွှင်ရွှင်နေသည်ကို မြင်လိုကြသူများဖြစ်ကြသည်။

ထို့ကြောင့် ကျီစယ် နောက်ပြောင်နေကြခြင်း ဖြစ်ပါလေတော့သည်။ အကြောင်းမသိလျှင် ချင်းစိန်နှင့် ဝမ်းရှိုတို့သည် ကြီးနိုင်ငယ်ညှဉ်းလုပ်တတ်သူများဟု ထင်စရာရှိနေပါတော့သည်။

ချင်းစိန်နှင့် ဝမ်းရှိုတို့က ရှမ်းထင်းအား ညီလေးတစ်ယောက်ကဲ့သို့ သဘောထားသည်ကို သိသူများ သိနေကြပါသေး၏။



ယခု ဝမ်းရှိုနှင့် ချင်းစိန်တို့ နောက်ပြောင် ကျီစယ်လိုက်ကြသော်လည်း ရှမ်းထင်းက မတုန်မလှုပ်ရှိနေသည်။

ချင်းစိန်နှင့် ဝမ်းရှိုတို့သည် ရှမ်းထင်းလှုပ်ရှားလာစေရန် အမျိုးမျိုး ထပ်ပြောကြသည်။

သို့သော် …

ရှမ်းထင်းသည် ခံစားချက်ကင်းမဲ့သူ **တစ်ယောက်အလား** မတုန်မလှုပ်ရှိနေဆဲ …၊ ကြာသော် … ချင်းစိန်တို့ **အားမလို အားမရဖြစ်**လာကြလေတော့သည်။

ရှမ်းထင်းအား အခြားကျောင်းသားများက အမျိုးမျိုးပြောဆိုခဲ့ကြဖူးသော်လည်း နောက်ဆုံး လက်လျှော့သွားခဲ့ရသည်ချည်းဖြစ်လေသည်။

ရှမ်းထင်းက ဘာကိုမှ မကြားရသည့်အလား **သူ၏ခြေထောက်**ကိုသာ ငုံ့ကြည့်နေ၍ ချင်းစိန်တို့ အချင်းချင်းကြည့်လိုက်ကြလေသည်။

ထို့နောက် … နှစ်ယောက်သား စိတ်ပျက်လက်ပျက်ဖြစ်ကာ ရှမ်းထင်းနှင့် မျက်နှာချင်းဆိုင် ထိုင်ချလိုက်ကြလေသည်။

ရှမ်းထင်းက သူတို့အား မျက်လုံးလှန်ကာ တစ်ချက်ကြည့်ပြီး ဘာမျှမပြောဘဲ ထိုင်ရာမှထလိုက်သည်။ တံပိုးနှင့် ရေပုံးများကိုယူကာ ချောင်းကမ်းပါးသို့ ဆင်းသွားခြင်းဖြစ်ပါသည်။

ချင်းစိန်တို့သည် လွယ်လွယ်ကူကူ အလျှော့ပေးကြမည် မဟုတ်ဘဲ ကျီစယ်နောက်ပြောင်ဖို့ ထပ်မံကြိုးစားကြဦးမည်ဖြစ်ကြောင်း ရိပ်မိထားပုံရလေသည်။

ချင်းစိန်က ချက်ချင်းပြောလိုက်သည်။

"ဟော ... ကြည့်စမ်း ညီလေးက စိတ်မြန်လက်မြန်ရှိလိုက်တာ၊ ကျုပ်တို့နဲ့ ရေခပ်ပြိုင်တော့မယ်ဟုတ်လား"

ဝမ်းရှို့က ...

"ဟုတ်တယ် ... ဟုတ်တယ်" ဟု ထောက်ခံလိုက်သည်

ချင်းစိန်က ...

"ကဲညီလေးကို အကျောပေးလိုက်မယ်၊ မြန်မြန်သာ သွားပေတော့၊ အတော်လေးကြာမှ ကျုပ်တို့လိုက်ခဲ့မယ်"

သူနှင့် ဝမ်းရှို့သည် ရှောင်လင်ကျောင်းသို့ ရှမ်းထင်းထက် စော၍ရောက်နှင့်ခဲ့ကြသူများ ဖြစ်ပါသည်။ အသက်ပိုကြီးသလို ဝါစဉ်လည်း ပိုကြီးသူများဖြစ်လေသည်။

ရှမ်းထင်းသည် ချင်းစိန်တို့၏စကားများကို မကြားချင်ဟန်ဆောင်ပြီး ချောင်းထဲဆင်းကာ ရေခပ်လိုက်သည်။

"ဗွမ်း ..."

ရေပုံးနှစ်လုံးကို ချောင်းထဲနှစ်ကာ ခပ်လိုက်သည်။ ထို့နောက် တံပိုးကို ကျကျနနထမ်းကာ တောင်ပေါ်တက်သွားလေသည်။ ရေပုံးရေအပြည့်မို့ တောင်ပေါ်ထမ်းသယ်ရသည်မှာ ပင်ပန်းလှပေသည်။ ထိုကြားထဲ လေးလံသောဖိနပ်ကို စီးထားရခြင်းကြောင့် ပို၍ပင်ပန်းလေးလံနေတော့သည်။

ရှမ်းထင်းမှာ အံကြိတ်ကာ တံပိုးနှင့် ရေပုံးများကိုငင်း၊ သံဖိနပ်ကိုငင်း ရှုန်းကာ တောင်ပေါ်သို့ တက်သွား၏။ ခန္ဓာကိုယ်သေးသွယ်ကာ ကျန်းမာရေးမကောင်းသည့်အသွင်ရှိလေသောကြောင့် အလွန်ပင်ပန်းနေကြောင်း ထင်ရှားနေပါတော့သည်။



ရှမ်းထင်းက အံကြိတ်ကာတက်လာရင်း တောင်ပေါ်သို့ ရောက်မှန်းမသိရောက်လာသည်။

ထိုစဉ် ...

"ဘေးကို ... ဘေးကို ..."

အနောက်ဖက်မှ အော်ပြောသံ များထွက်ပေါ်လာသည်။ ချင်းစိန်နှင့် ဝမ်းရှို့တို့ လိုက်လာကြခြင်းဖြစ်လေသည်။ သူတို့သည် ရေထမ်းထားကြပြီး ထူထဲလေးလံသော ဖိနပ်စီးထားကြသော်လည်း မမှုအဲပြေးလာနိုင်ကြသည်ကို တွေ့ရလေသည်။

ရှမ်းထင်းမှာ ခဲခဲယဉ်းယဉ်းပင် လမ်းဖယ်ပေးလိုက်ရလေသည်။

ချင်းစိန်နှင့် ဝမ်းရှို့တို့က ကျော်တက်သွားကြလေသည်။

ချင်းစိန်က ... အော်ပြောသွားသည်

"ထမ်းထား ... ညီလေး ... ထမ်းထား"

ဝမ်းရှို့က ...

"ညီလေး ... ဘာမှအားမလျှော့နဲ့၊ တောင်ပေါ်ကိုရောက်တော့မယ်၊ အားတင်းထား"

သူတို့သည် ရှမ်းထင်းကိုမစောင့်ဘဲ တောင်ပေါ်တက်သွားကြလေသည်။

ရှမ်းထင်း အံကြိတ်လိုက်သည်။

ချင်းစိန်နှင့် ဝမ်းရှို့တို့ပင် ထမ်းနိုင်ကြလျှင် သူကအဘယ့်ကြောင့် မထမ်းနိုင်ရပါမည်နည်း။ ရှမ်းထင်းက အားတင်းကြိုးစားရင်လိုက်သွားလေသည်။ မခံချင်စိတ်ဖြင့် ကြိုးစားနေရသော်လည်း ပင်ပန်း

လှသည်။

အတန်ကြာတော့မှ တောင်ပေါ်သို့ ရောက်ရှိသွားလေသည်။

ရေပုံးများမှာ အထူးစီမံထားသော ရေပုံးများဖြစ်ပါသည်။ ရေပုံးဖင်များ ချွန်နေသောကြောင့် လမ်းခရီး၌ ရေပုံးကိုချကာ အနားယူဖို့ဆိုသည်မှာ မဖြစ်နိုင်ပေ။

ရေပုံးကို မြေပေါ်ချလိုက်သည်နှင့် တိမ်းမှောက်သွားမည်သာဖြစ်ပါသည်။

အကယ်၍ တောင်ပေါ်တက်သည့်လမ်းခရီး၌ ရပ်နားလိုသည်ဆိုပါလျှင် ရေပုံးကိုတော့ ထမ်းထားရလိမ့်မည်ဖြစ်ပါသည်။

အနားယူလိုစိတ်ကြောင့် ရေပုံးမှောက်သွားလျှင် နှစ်ခါပင်ပန်းရပေတော့မည်။ ထို့ကြောင့် ရေခပ်တာဝန်ကျသောကျောင်းသားများသည် လမ်းခရီး၌ရပ်နားဖို့ထက် တောင်ပေါ်သို့ အမြန်ဆုံးရောက်အောင်တက်ဖို့ ကြိုးစားတတ်ကြပေသည်။

တာဝန်ခံ ခုံးမိန်က တောင်အောက်ချောင်းထဲမှ ရေခပ်ပြီး တောင်ပေါ်တက်လျှင် လမ်းခရီး၌ ရပ်နားခြင်းမပြုနိုင်အောင် တမင်စီစဉ်ထားခြင်းဖြစ်လေသည်။

ရှမ်းထင်းသည် ယခင်ကလည်း ရေခပ်တာဝန်ကျခဲ့ဖူးပါသည်။ ကျောက်စည် ငါးလုံးပြည့်အောင် ခပ်ဖူးခဲ့သည်။ ယခုတော့ ဖိနပ်အလေးကြီး စီးထားရသဖြင့် ခါတိုင်းထပ်ပို၍ပင်ပန်းနေပြီး၊ တစ်ခေါက်ဆိုလျှင် တစ်ခေါက်ဆိုသလောက် သိသာနေ၏။

ကျောက်စည် ငါးလုံး ရေအပြည့်ဖြည့်ဖို့ကား မစဉ်းစားဝံ့လောက်အောင်ဖြစ်လေသည်။ ယခင်က ကျောက်စည် ငါးလုံးပြည့်အောင် ရေထမ်းခဲ့ရစဉ် နံနက်စောစောမှ နေမွန်းတည့်ချိန်အထိထမ်းပြီး၊ ကျောက်စည်သုံးလုံး ပြည့်သွားလေသည်။



နံနက်စာ စားသောက်ကာ နားပြီးမှ ဆက်ထမ်းရာ မွန်းလွဲပိုင်းတွင် နောက်ထပ် ကျောက်စည်နှစ်လုံး ပြည့်သွားသည်။ ကျောက်စည် ငါးလုံးပြည့်အောင် မွန်းလွဲသည်အထိ ကြိုးစားထမ်းခဲ့ရခြင်းဖြစ်သည်။

ထူထဲလေးလံသောဖိနပ်ကိုစီးရင်း ခက်ခက်ခဲခဲထမ်းရမည်ဆိုပါလျှင် ညမိုးချုပ်သည်အထိပင် ကျောက်စည်ငါးလုံးပြည့်ဖို့ မလွယ်တော့ချေ။

ပိုးဟပ်ဖြူလေးနှင့်တူသော ရှမ်းထင်းသည် ဤမျှပင်ပန်းခက်ခဲသောအလုပ်ကို လုပ်နိုင်ပါမည်လော။ ရှမ်းထင်းက အားလျော့မည်မဟုတ်ပါ။

တာဝန်ခံ ခုံးမိန်က အကြောင်းရှိ၍သာ ယခုလို စေခိုင်းခြင်းဖြစ်သည်ဟု ယုံကြည်ထားသည်။

ချင်းစိန်နှင့် ဝမ်းရှိုတို့ လုပ်နိုင်လျှင် သူလည်းလုပ်နိုင်ရပေမည်။ ထို့ကြောင့် ခုံးမိန် ခိုင်းထားသည့်အတိုင်း မဖြစ်မနေကြိုးစားဆောင်ရွက်သွားမည်ဟု ဆုံးဖြတ်ထားလေတော့သည်။

♣ ♣ ♣

အနာခံမှ အသာစံရမည်ဖြစ်ပါသည်။ အောင်မြင်မှုရယူလိုလျှင် ပင်ပန်းဆင်းရဲ ခံနိုင်ရမည်ဖြစ်သည်။ ရှမ်းထင်းက လူပုံပျော့သော်လည်း ဇွဲနဘဲ ကြီးသူတစ်ယောက်ဖြစ်ပါသည်။

ပင်ပန်းခက်ခဲသော်လည်း ညီးညူခြင်းမပြုဘဲ ကြိုးစားခဲ့သည်။ နံနက်စောစော အချိန်မှန် နံနက်စာစားချိန်ရောက်သည့်တိုင် ကျောက်စည်တစ်လုံးကိုသာ ပြည့်အောင်ခပ်နိုင်ခဲ့သေးသည်။ ရေတစ်ခေါက်ရဖို့ ပင်ပင်ပန်းပန်း သယ်လာရသည် မဟုတ်ပါလား။

သူ့ထက်ပို ပြီး ခွန်အားကောင်းသော ချင်းမိန်တို့ကား ကျောက်စည် နှစ်လုံးခွဲတိုင်အောင် ရေဖြည့်နိုင်ခဲ့ကြသည်။ သူတို့သည်လည်း ပင်ပန်းမှုကို ညီးညူနေခြင်းမရှိဘဲ အားသွန်ခွန်စိုက် ကြိုးစားခဲ့ကြခြင်းကြောင့်ဖြစ်သည်။

ရှမ်းထင်းသည် ချင်းစိန်တို့နှင့် ခွန်အားဗလချင်း ကွာနေသဖြင့် မည်သို့မျှ မယှဉ်နိုင်တော့ချေ။

"ညီလေး ... မင်းက ပျင်းတာကိုးကွ၊ ငါတို့လိုသာ ကြိုးစားမယ်ဆိုရင် အနည်းဆုံး ကျောက်စည် နှစ်စည်လောက်တော့ ရေပြည့်နေလောက်ရောပေါ့ကွာ"

နှစ်ယောက်သား ရှမ်းထင်းကို ပြောဆိုရင်း ရယ်ပွဲဖွဲ့ကြပြန်သေးသည်။

ရှမ်းထင်းက ဘာမှပြန်မပြောပါ။ သူလုပ်စရာရှိသည့် အလုပ်ကိုသာ ဆက်လုပ်နေလိုက်သည်။

တောင်အောက်သို့ဆင်းသည်၊ ရေခပ်သည်၊ တောင်ပေါ်သို့ ပြန်တက်သည်၊ တဖန် တောင်အောက်သို့ပြန်ဆင်းသည်။

ချင်းစိန်နှင့် ဝမ်းရို့တို့က နံနက်စာ စားသောက်ပြီး ခေတ္တ အနားယူလိုက်ကြသဖြင့် တောင်အောက်သို့ဆင်းကာ ရေခပ်သူမှာ ရှမ်းထင်းတစ်ယောက်ထဲ ရှိနေတော့သည်။



တာဝန်ခံ ခုံးမိန်သည်လည်း သူတို့သုံးယောက်အား အမိန့်ပေးခိုင်းစေပြီးနောက် လျစ်လျူရှုထားသည် မဟုတ်ချေ။ မသိမသာ အကဲခတ်နေပြီး နံနက်စာ စားချိန်တွင် ကိုယ်တိုင်သွားရောက်စစ်ဆေးလိုက်လေသည်။

ချင်းစိန် နှင့် ဝမ်းရို့တို့ အခြေအနေမဆိုးသော်လည်း ရှမ်းထင်းကား အားရစရာမရှိသဖြင့် သက်ပြင်းချမိလေတော့သည်။

"ဒီကောင်လေးကို ငါနှိပ်စက်သလိုဖြစ်နေပြီထင်ပါရဲ့"

သူ၏လက်အောက်ရှိ ကျောင်းသားများအနက် ရှမ်းထင်း၏ ခန္ဓာကိုယ်ကြံ့ခိုင်မှုမှာ အားရစရာမရှိဆုံးဖြစ်လေသည်။

ထို့ကြောင့်လည်း ရေခပ်ဖို့ ရွေးချယ်လိုက်ခြင်းဖြစ်သည်။

"သူများထက်ပိုပြီး ပင်ပင်ပန်းပန်းလုပ်မှ ခန္ဓာကိုယ်ပိုပြီး ကြံ့ခိုင်သန်စွမ်းလာလိမ့်မယ်၊ သူတိုးတက်လာစေချင်ရင် သနားနေလို့ မဖြစ်ဘူး၊ ပြင်ပြင်း ထန်ထန် လေ့ကျင့်ခိုင်းရမှာပဲ"

တာဝန်ခံ ခုံးမိန်သည် ရှမ်းထင်းကို သနားမိသော်လည်း လျစ်လျူရှုထားရန် ဆုံးဖြတ်လိုက်လေတော့သည်။

♣ ♣ ♣

ရှမ်းထင်းသည် တောင်အောက် ချောင်းကမ်းပါးသို့ရောက်ရှိလာပြန်ပြီဖြစ်ပါသည်။ သူ၏တစ်ကိုယ်လုံး နာကျင်ကိုက်ခဲကာ မလှုပ်ရှားချင်လောက်အောင် ပင်ပန်းနွမ်းနယ်နေပြီဖြစ်ပါသည်။ ချောင်းနံဘေးရှိ ကျောက်တုံး တစ်တုံးကြီးပေါ် ထိုင်ချကာ အမောဖြေလိုက်၏။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။ ဝမ်းရို့နှင့်

ချင်းစိန်တို့ တောင်ပေါ်၌ အနားယူနေကြသဖြင့် ရှမ်းထင်းလွတ်လွတ်လပ်လပ်ဖြစ်နေသည်။

ထို့ကြောင့် ... တစ်ယောက်တည်းထိုင်ရင်းပင် တွေဝေငေးမောသွားရလေတော့သည်။

ချောင်းရေက တသွင်သွင် စီးဆင်းနေသည်။ ချောင်းရေမှာ ကြည်လင်အေးမြလှပေသည်။ ချောင်းထဲမှ ရောင်စုံကျောက်တုံးကျောက်ခဲလေးများကိုပင် တွေ့မြင်နေရပေသည်။

ရှမ်းထင်း၏ မျက်နှာညှိုးလျော်နေသည်။ မျက်လုံးများလည်း ရီဝေနေသည်။ တောင်ပေါ်သို့ ရေထမ်းတက်ခဲ့စဉ်က သွေးပူနေခြင်းကြောင့် မသိသာသော်လည်း ယခုလိုထိုင်ပြီး အနားယူလိုက်သည့်အခါ သံဖိနပ်ကြောင့် ခြေထောက်မှ ပွန်းပဲ့သော ဒဏ်ရာများမှာ နာကျင်လာလေသည်။

ရှမ်းထင်းက ခြေထောက်ကို ငုံ့ကြည့်လိုက်လေသည်။ သူ၏ ခြေထောက်များ ပွန်းပဲ့ကာ သွေးများ ပေကျံနေပါသည်။

"သွေး ..."

ရှမ်းထင်း လွှတ်ခနဲ ရေရွတ်လိုက်လေသည်။

"သွေး ..."

သွေးက သူ့အား ထိတ်လန့်သွားစေပါသည်။

သူ၏မျက်လုံးထဲ၌ ပွန်းပဲ့ကာ သွေးများပေကျံနေသည့် သူ၏ခြေထောက်နှစ်ဘက် ပျောက်ကွယ်သွား၏။

လူနှစ်ယောက် တိုက်ခိုက်နေကြသည့်မြင်ကွင်းကို မြင်ယောင်လာလေသည်။



ထိုလူနှစ်ယောက်သည် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြခြင်းဖြစ်လေသည်။

မကြာပါချေ။

"ဝုန်း ..."

"အား ..."

တစ်ယောက်က စူးရှစွာ အော်ဟစ်ကာ လဲကျသွား၏။ သူ၏ တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲနေပါသည်။

ထို့အဖြစ်အပျက်ကို ကလေးတစ်ယောက်က အခန်းငယ်တိုင်တစ်လုံးအကွယ်မှ ချောင်းကြည့်နေပါသည်။ ကလေးမှာကြောက်ရွံ့လွန်းသဖြင့် အသားများပင် တုန်ယင်နေလေသည်။

သူ၏မျက်ဝန်းအစုံမှ မျက်ရည်များလည်း တွေတွေကြီးစီးကျနေသည်။

အသံမထွက်အောင် ရှိုက်ငိုနေ၏။

သို့သော် ရှိုက်သံကိုပင် အပြင်မထွက်ဝံ့ပါချေ။ ငိုရှိုက်သံကို ပင်ပန်းကြီးစွာ မျိုချနေရခြင်းဖြစ်သည်။ မကြာပါချေ။

"ဟား ... ဟား ... ဟား ..."

အနိုင်ရသူက ဟားတိုက်ရယ်မောလိုက်၏။

သူ၏ရယ်သံက မိုးခြိမ်းသံပမာ ကျယ်လောင်စွာထွက်ပေါ်လာသည်။

ငိုရှိုက်နေသောကလေးက ပိုပြီးအသံမထွက်ရဲအောင်ဖြစ်သွားလေသည်။

အနိုင်ရသူသည် အောင်ပွဲခံကာ ရယ်မောလိုက်ပြီးလျှင် ခြေ

လှမ်းကျဲကျဲဖြင့် ထွက်သွားတော့သည်။

ထိုအခါမှ ...

ကလေးငယ်သည် ပုန်းကွယ်ရာမှထွက်ကာ လဲကျနေသူထံ ပြေးသွားလိုက်လေသည်။

လဲကျနေသူကို ဖေးမပွေ့ထူရင်း သူ၏မျက်ဝန်းအစုံမှ မျက်ရည်များ ထိန်းမနိုင် သိမ်းမရ စီးကျနေပါသည်။

ကလေးက ဖေးမလိုက်သဖြင့် လဲကျနေသူ၏ ခန္ဓာကိုယ်မှ သွေးများသည် ခလေးကိုပါ ပေကျံသွားတော့သည်။ မြင်ကွင်းကား ဝမ်းနည်းကြေကွဲစရာကောင်းလှသည်။ မျက်ဝန်းအိမ်၌ မျက်ရည်များ ရစ်ဝဲလာသဖြင့် ထိုမြင်ကွင်းများသည် ရှမ်းထင်း၏အတွေးထဲမှ တဖြည်းဖြည်း ဝေဝါးပျောက်ကွယ်သွားတော့သည်။

ရှမ်းထင်း၏ မျက်ဝန်းမှ မျက်ရည်များ ပါးပြင်ပေါ်သို့တိုင် စီးကျလာလေသည်။

ထိုအချိန်မှာပင် ...

♣ ♣ ♣

## ထူးဆန်းသော အမျိုးသမီး

ရှမ်းထင်းက ဝမ်းနည်းနေသည်။

သူကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များက ကြေကွဲစရာကောင်းလှသည်။

ငယ်ငယ်ရွယ်ရွယ်နှင့် သွေးစွန်းသောဖြစ်ရပ်ကို ကြုံတွေ့ခဲ့ရသည် မဟုတ်ပါလား။

ထိုဖြစ်ရပ်ကို သူဘယ်တော့မှ မေ့နိုင်တော့မည် မဟုတ်ချေ။

ရှမ်းထင်းငေးငိုင်နေစဉ် ရုတ်တရက် စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"သူငယ် ... မင်းဘာကြောင့် သည်လောက်တောင် ဝမ်းနည်းကြေကွဲနေရတာလဲ"

ကြည်လင်ပြီး ရင်ထဲအေးချမ်းသွားစေနိုင်လောက်သော စကားသံမျိုး ဖြစ်လေသည်။

"ဟင် ..."

ရှမ်းထင်း ရင်ထိတ်သွားသည်။

ချက်ခြင်း ခေါင်းထောင်ကြည့်လိုက်လေသည်၊

ထိုအခါ ... အမျိုးသမီးကြီးတစ်ယောက် လှမ်းလာနေသည်ကို တွေ့လိုက်ရလေသည်။

ဤနေရာသည် မြောက်ပိုင်းရှောင်လင်ကျောင်းခွဲနှင့် မနီးမဝေးရှိပြီး လူနေအိမ်ခြေများနှင့် အလှမ်းကွာဝေးသော နေရာတစ်နေရာဖြစ်ပါသည်။

ထိုနေရာသို့ လူသူအရောက်အပေါက်နည်းလှသည်။ အမျိုးသမီးကြီးတစ်ယောက်အား မမျှော်လင့်ဘဲ အမျိုးသမီးတစ်ယောက်အား မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် ရှမ်းထင်း အံ့ဩနေပါတော့သည်။ ထိုအမျိုးသမီးကြီးမှာ မည်သူဖြစ်ပါသနည်း။

အဘယ့်ကြောင့် ဤနေရာသို့ ရောက်လာရပါသနည်း။

ရှမ်းထင်းက ငေးကြည့်နေလိုက်မိသည်။ အမျိုးသမီးကြီးသည် ထူးခြားသူတစ်ယောက်ဖြစ်နေပြီး သစ်ခေါက်ဆိုး ဖန်ရေဆေးယောဂီဝတ်စုံ ဝတ်ဆင်ထားသည်။

တောမှီကာ တရားကျင့်နေသည့် ရသေ့မကြီး သို့မဟုတ် ယောဂီမယ်တစ်ယောက် ဖြစ်ပုံရလေသည်။

အမျိုးသမီးက အနီးသို့ရောက်လာသည်။ နှစ်လိုဖွယ်ကောင်းသောအံပြုံးမျိုးဖြင့် ရှမ်းထင်းကို ပြုံးပြလိုက်သည်။

"မင်း ... ဘာ့ကြောင့် မျက်ရည်ကျနေတာလဲ"

သူမသည် မြေပေါ် ချထားသော ရေပုံးကို ညွှန်ပြလိုက်သည်။

"ဘာလဲ ... ရေခပ်ရတာ ပင်ပန်းလို့လား"

ရှမ်းထင်းက ဘာပြန်ပြောရမှန်းမသိဖြစ်နေသည်။ အမျိုးသမီးကြီးကိုသာ ငေးမောကြည့်နေမိသည်။

အမျိုးသမီးကြီးက ရှမ်းထင်းကို မေးလိုက်ပြန်သည်။

"ဘာလဲ ... မင်း ပင်ပန်းလို့လား"



ရှမ်းထင်း ခေါင်းခါယမ်းလိုက်သည်။ သို့သော် စကားတော့ မပြောချေ။

အမျိုးသမီးကြီးသည် ရှမ်းထင်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ပြီး ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

"မင်းဟာ ... ရှောင်လင်ကျောင်းက ကျောင်းသားတစ်ယောက်ကိုး"

ရှမ်းထင်း ဝန်ခံလိုက်သည်။

"ဟုတ်ပါတယ်ခင်ဗျာ"

အမျိုးသမီးကြီးက ...

"ရှောင်လင်ကျောင်းက လူတွေဟာ အများရဲ့ကြည်ညိုလေးစားမှုကို ခံရသူတွေဘဲ၊ သူတို့ဟာ အရည်အချင်းရှိတဲ့လူတွေ၊ အများအကျိုး၊ သိုင်းလောကအကျိုး သယ်ပိုးဆောင်ရွက်ကြသူတွေဘဲ၊ ရှောင်လင်ကျောင်းကလူတွေက သည်လိုချီးကျူးခံရအောင်၊ ကြည်ညိုလေးစားခံရအောင် နှစ်ပေါင်းများစွာ ဇွဲ၊ လုံ့လ၊ ဝီရိယနဲ့ ကြိုးစားလာခဲ့ကြရတာမဟုတ်လား"

ရှမ်းထင်းက ငြိမ်ပြီးနားထောင်နေသည်။

အမျိုးသမီးကြီးက ဆက်ပြောသည် ...

"မင်း ... ပင်ပန်းဆင်းရဲတာကိုတွေးပြီး စိတ်ပျက်ဝမ်းနည်းနေမယ်ဆိုရင်၊ ဘယ်တော့မှအောင်မြင်မှာ မဟုတ်ဘူး၊ ရည်ရွယ်ချက်ပန်းတိုင်ကိုရောက်ဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး"

ရှမ်းထင်းမျက်နှာ ပျက်သွားသဖြင့် ချက်ချင်း ဣန္ဒြေဆယ်လိုက်ရလေသည်။

အမျိုးသမီးကြီး ပြုံးလိုက်ပြန်သည်။

"မင်းတို့လို လူငယ်လူရွယ်တွေဟာ ပိုပြီးကြိုးစားသင့်တယ်၊ တွေဝေငေးငိုင်ပြီး စိတ်ပျက်မနေသင့်ဘူး၊ အခက်အခဲ ဒုက္ခ ဆိုတာ ရင်ဆိုင်ဖြတ်ကျော်လို့ မရတယ့်အရာတွေမှ မဟုတ်တာဘဲကွယ်"

ရှမ်းထင်း၏ရင်ထဲ လှုပ်လှုပ်ရှားရှား ဖြစ်လာလေတော့သည်။

အမျိုးသမီးကြီး၏စကားသည် နားထဲသို့တိုင် စိမ့်ဝင်သွားသည်ဟု ခံစားလိုက်ရသည်။

သူမ၏စကားက ခွန်အားများဖြစ်ပေါ်လာစေသည်။

အပင်ပန်းခံ၊ အဆင်းခံနိုင်မှသာလျှင် အောင်မြင်မှုပန်းတိုင်သို့ အရောက်လှမ်းနိုင်လိမ့်မည် မဟုတ်ပါလား။

သူ၏ရည်ရွယ်ချက်အတိုင်း ဖြစ်မြောက်လိုလျှင် ဆတက်တံပိုးတိုး၍ ကြိုးစားရပေမည်။ ဆင်းရဲပင်ပန်းမှုကြောင့် စိတ်ဓာတ်ကျကာ ညည်းတွားပြီး မှိုင်တွေနေစရာ မလိုအပ်ချေ။

ရှမ်းထင်းသည် တစ်ယောက်ကိုတစ်ယောက် မသိကြသော်လည်း ဂရုဏာဖြင့် အားပေးစကားပြောလာသည့် အမျိုးသမီးကြီးအား ကျေးဇူးတင်သွားလေတော့သည်။

ချက်ချင်း လက်နှစ်ဖက်ဆုတ် ဦးညွှတ်ကာ

"ကျေး ... ကျေးဇူးတင်ပါ တယ်ခင်ဗျာ"

ဟု ပြောလိုက်သည်။

ရှမ်းထင်းပြောင်းလဲသွားသည်ကိုမြင်လျှင် အမျိုးသမီးကြီးလည်း ကျေနပ်သွားလေသည်။

စိတ်ဓာတ်ကျဆင်းနေသူတစ်ယောက်ကို အားပေးကူညီနိုင်ခဲ့ပြီဟု မှတ်ယူလိုက်လေသည်။

"မင်း ... ကြိုးစားတော့မယ် မဟုတ်လား"



ရှမ်းထင်းက ...

"ဟုတ်ကဲ့ ... ကျွန်တော်ကြိုးစားသွားမှာပါ"

"ဒါပေါ့ ...၊ မှိုင်တွေနေလို့ အကျိုးမရှိတဲ့အပြင် အကျိုးယုတ် နိုင်သေးတယ်"

"အားတင်းပြီးကြိုးစားတာ ဘယ်တော့မှ မမှားဘူးကွဲ့"

"ကျွန်တော်နားလည်သဘောပေါက်ပါပြီ၊ ကျေးဇူးတင်ပါတယ် ခင်ဗျာ"

"ကောင်းတယ် ... ကောင်းတယ် ..."

အမျိုးသမီးကြီး ပီတိဖြစ်နေ၏။

ရှမ်းထင်းကလည်း အချိန်မဖြုန်းတော့ပဲ ထိုင်ရာမှ ထလိုက်လေသည်။

အမျိုးသမီးကြီးက ...

"မင်းဟာ တစ်နေ့မှာ အောင်မြင်မှုကို ရရှိလိမ့်မယ်လို့ အဒေါ်ယုံကြည်ပါတယ်၊ ဇွဲ၊ လုံ့လ၊ ဝီရိယကို ဘယ်တော့မှ မလျှော့လေနဲ့"

"စိတ်ချပါခင်ဗျာ"

"ကဲ ... ကဲ ... မင်းလုပ်စရာရှိတာ သွားလုပ်လိုက်ပါဦး"

"ဟုတ်ကဲ့ ..."

ရှမ်းထင်းသည် ရေပုံးကိုဆွဲကာ ချောင်းထဲဆင်းသွား၏။ ရေခပ်ပြီး ကမ်းပေါ်ပြန်တက်လာသောအခါ အမျိုးသမီးကြီးအား မတွေ့ရတော့ချေ။

အမျိုးသမီးကြီး ထွက်သွားပြီဖြစ်ပါသည်။

ရှမ်းထင်းမှာ ရင်ထဲ ဟာသွားသလို ခံစားလိုက်ရ၏။

သို့သော် ...

သူတွင်တာဝန်များရှိနေသေးသဖြင့် ရှည်ရှည်ဝေးဝေးစဉ်းစား မနေတော့ဘဲ ရေပုံးထမ်းကာ တောင်ပေါ်တက်ခဲ့လေတော့သည်။

ရှမ်းထင်း၏နားထဲ၌ အမျိုးသမီးကြီးပြောသည့်စကားများ ပဲ့တင်ထပ်နေသည်။

“ငါ ... ကြိုးစားရမယ်၊ ဒါမှ ငါ့ရဲ့ရည်ရွယ်ချက် အောင်မြင်နိုင်လိမ့်မယ်၊ အပင်ပန်းမခံနိုင်ရင် ငါ ... ယောကျ်ားမဟုတ်တော့ဘူး”

ရှမ်းထင်းက အံကြိတ်ထားလိုက်လေသည်။

သူ၏စိတ်ဆန္ဒပြင်းပြနေသည် ဖြစ်ရကား တောင်ပေါ်သို့ရေခပ်ရသည်မှာ ခက်ခဲသောကိစ္စမဟုတ်သလို ဖြစ်သွား၏။ ပင်ပန်းသည်ဟု စိတ်ထဲ မထားတော့သဖြင့် အနည်းဆုံး စိတ်ပင်ပန်းမှုတော့သက်သာသွား၏။

ကြိုးစားအားထုတ်မှုရှိသဖြင့် အကျိုးကျေးဇူးဖြစ်ထွန်းရမည် ဖြစ်ပါသည်။

ရှမ်းထင်းက တောင်ပေါ် တက်လိုက်၊ ဆင်းလိုက်ဖြင့် ရေခပ်နေလိုက်သည်။

ခြေလက်များ မသယ်နိုင်လောက်အောင် ပင်ပန်းလာမှ ခေတ္တရပ်နားကာ အမောဖြေသည်။

အမောပြေသွားသည်နှင့် ဆက်ပြီးရေခပ်လိုက်လေသည်။ ရှမ်းထင်းကိုကြည့်ရင်း ချင်းစိန်နှင့် ဝမ်းရို့တို့ပင်လျှင် နောက်ပြောင်ကျီစယ်လိုစိတ်များ ပျောက်ကွယ်သွားကြ၏။

ရှမ်းထင်း၏ ကြိုးစားအားထုတ်မှုကို မကြိုးစားဘဲ မနေနိုင်အောင်ဖြစ်လာကြသည်။

တကယ်တမ်းတွင် ရှမ်းထင်း၏ ဇွဲကြီးမှုကို သူတို့ပင် မယုံနိုင်အောင် ဖြစ်သွားလေတော့သည်။



ရှမ်းထင်းသည် အုံ့ဩစရာကောင်းအောင်ပင် ချင်းစိန်တို့နှင့်ယှဉ်၍ ကျောက်စည် ငါးစည်ပြည့်အောင် ရေခပ်နိုင်ခဲ့လေသည်။

ရှမ်းထင်းကပင် အနည်းငယ်စောပြီး ရေပြည့်သွားခြင်းကြောင့် ချင်းစိန်နှင့် ဝမ်းရို့တို့မှာ နောက်ပြောင်ကျီစယ်ခြင်း မရှိတော့သည့်အပြင် ပါးစပ်အဟောင်းသား ဖြစ်ကုန်ကြသည်။

ထို့နောက် ရှမ်းထင်း၏ကြိုးစားအားထုတ်မှုကို ဝိုင်းဝန်းချီးကျူး လိုက်ကြလေတော့၏။

♣ ♣ ♣

ကျောက်စည် ငါးစီကား ရေပြည့်သွားချေပြီ။ ရေပုံးများ တံပိုးများကို နေရာတကျ သိမ်းဆည်းပြီးနောက် ရှမ်းထင်းအနားယူချိန်ရပြီဖြစ်သည်။

တစ်ချိန်လုံး အားတင်းကာ ဆောင်ရွက်ခဲ့စဉ်က မသိသာသော်လည်း အနားယူလိုက်သည့်အခါ ပင်ပန်းနွမ်းနယ်မှုတို့ကို ခံစားလာရလေတော့သည်။

တစ်ကိုယ်လုံး နာကျင်ကိုက်ခဲလာပြီး၊ မလှုပ်ရှားချင်လောက်အောင် ဖြစ်လာလေတော့သည်။

“အင့် ... ကျွတ် ... ကျွတ် ...”

ရှမ်းထင်း စုပ်သပ်ကာ ညီးညူလိုက်လေသည်။

ပခုံး၌ တံပိုးကြောင့် ပွန်းပဲ့ ပေါက်ပြဲနေပါသည်။ ခြေထောက်၌လည်း လေးလံသော ဖိနပ်ကြောင့် ပွန်းပဲ့ ပေါက်ပြဲနေလေ၏။

ဘယ်ကိုကြည့်ကြည့် သက်သာဘွယ်ရာ မမြင်ပါ။

ရှမ်းထင်း မည်သို့ပင် အားတင်းထားသည့်တိုင် ရေရှည်တွင်

လွယ်ကူမည် မဟုတ်ကြောင်း သဘောပေါက်ထားလေသည်။

ဤအတိုင်း သုံးလေးရက် ဆက်လုပ်သွားရလျှင် ပင်ပန်းသည့်ဒဏ်ကို ခန္ဓာကိုယ်က ခံနိုင်ရည်ရှိမည်မဟုတ်ဘဲ ဘုန်းဘုန်း လဲသွားနိုင်လောက်ပေသည်။

စိတ်အလိုကို ခန္ဓာကိုယ်က လိုက်နိုင်မည် မဟုတ်ကြောင်း နားလည်ထားသည်။

တာဝန်ခံဆရာ ခုံးမိန်က တစ်လတိတိ ရေသယ်ရမည်ဟု တာဝန်ပေးထားသည်။

ကျောင်းသားအများအပြားရှိသည့်အနက်မှ သူတို့ သုံးယောက်ကို ရွေးချယ်တာဝန်ပေးခြင်းဖြစ်သည်။

ခုံးမိန်သည် သူ၏အမိန့်ကို ပြန်လည်ရုပ်သိမ်းလိမ့်မည်မဟုတ်ပါချေ။

ရှောင်လင်ကျောင်းတော်သားတိုင်းကလည်း အမိန့်နာခံပြီး ပေးအပ်သော တာဝန်ဝတ္တရားများကို ကျေပွန်အောင် ထမ်းဆောင်ကြရမည် မဟုတ်ပါလား။

အမိန့်အတိုင်း လိုက်နာမည်ဆိုပါက ကျောက်စည် ငါးစည်ကို ပြည့်အောင်ခပ်နိုင်ဘို့သာ အဓိကထားပြီး ကြိုးစားရမည်ဖြစ်လေသည်။

ရှမ်းထင်းသည် နံနက်စောစောအချိန်မှပင်ထကာ ရေခပ်ဘို့ ဆုံးဖြတ်လိုက်လေသည်။

မြန်မြန် ရေပြည့်လျှင် မြန်မြန် အနားယူနိုင်လိမ့်မည်ဖြစ်ပါသည်။

ရှမ်းထင်းက အလျှော့မပေးပါ။



ငါဖြစ်အောင် လုပ်ရမယ်။

ကိုယ့်ကိုကိုယ် အားပေးလိုက်သည်။

ထိုစဉ် ... ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှမ်းထင်း လှည့်ကြည့်လိုက်၏။

တာဝန်ခံ ခုံးမိန်က ကိုရင်ငယ်နှစ်ပါးနှင့်အတူ လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုအချိန်တွင် ချင်းစိန်နှင့် ဝမ်းရို့တို့သည် နောက်ဆုံးအခေါက် ရေခပ်နေကြခြင်းဖြစ်သည်။

ခုံးမိန်သည် ရှမ်းထင်းက နားနေသည်ကိုမြင်လျှင် မျက်နှာတင်းမာသွားလေသည်။

ရှမ်းထင်း တာဝန်ယူရသည့် ကျောက်စည်ငါးလုံးကိုလှမ်းကြည့်လိုက်၏။

ကျောက်စည် ငါးလုံး ရေပြည့်နေသည်ကိုမြင်လျှင် အံ့ဩသွားလေသည်။

"ဟင် ! .."

အသံထွက်အောင်ပင် လွတ်ခနဲ ရေရွတ်လိုက်မိလေသည်။

ရှမ်းထင်းက ထိုင်ရာမှထကာ ဦးညွှတ်ဂါရဝပြုလိုက်လေသည်။

ခုံးမိန် မေးလိုက်သည်။

"မင်းရေခပ်ပြီးသွားပြီ မဟုတ်လား"

ရှမ်းထင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့"

အမှန်တော့ ရှမ်းထင်းက စကားပြောနေသော်လည်း သူ၏နှုတ်ဖျားမှ စကားသံထွက်ပေါ်လာသည် မဟုတ်ချေ။

သူကပြောလိုက်သည်။

စကားသံက လည်ချောင်းထဲ၌ တစ်ဆို့ပျောက်ကွယ်သွားသည်။

သူဆက်လက်စကားပြောမည်ဆိုလျှင် စကားသံမှာ အိုးအိုးအားအား မပီမသ ထွက်လာမည်သာဖြစ်ပါသည်။

ရှမ်းထင်းသည် စကားမပြောနိုင်သည့် လူငယ်တစ်ယောက်ပင် ဖြစ်နေပါတော့သည်။

သို့သော် ...

သူ၏အမူအရာနှင့် မသဲမကွဲ ထွက်ပေါ်လာသောအသံကို နားထောင်ရင်း သူဘာပြောလိုသည်ကို သိနိုင်ပေသည်။

ရှမ်းထင်း စကားမပြောနိုင်သည့် ချို့ယွင်းချက်ကိုမူ ချင်းစိန်တို့က နောက်ပြောင်ကျီစယ်ခြင်း မပြုကြချေ။

ရှမ်းထင်းကို သာမန်လူများကဲ့သို့ပင် အားလုံးက ဆက်ဆံကြသည်။

ခုံးမိန်က ...

"မင်း ... အနားယူနေတာပေါ့"

ရှမ်းထင်း ခေါင်းညိတ်လိုက်သည်။

သူ၏နှုတ်ခမ်းများ လှုပ်ရှားသွားသဖြင့် ဟုတ်ကဲ့ဟု ပြောလိုက်ကြောင်း ပေါ်လွင်နေသည်။

ခုံးမိန်၏မျက်နှာ တင်းမာသွားလေသည်။

ကျောက်စည် ငါးစည်ရေပြည့်အောင် ဇွဲနဘဲနှင့် ရေဖြည့်နိုင်



သည်ကို ချီးကျူးခြင်းမပြုသည့်အပြင် အပြစ်တင်လိုက်လေတော့သည်။

"မင်းက ကိစ္စတစ်ခုကို ဆောင်ရွက်ပြီးတာနဲ့ အလုပ်ပြီးပြီဆိုပြီးစိတ်လျှော့မယ်၊ အနားယူလိုက်မယ်ဆိုရင် မပြီးဆုံးနိုင်တဲ့ အခက်အခဲ၊ ဒုက္ခတွေနဲ့ ကြုံတွေလာရင် မင်းဘယ်လိုလုပ်မလဲ"

ရှမ်းထင်း ငိုင်သွားလေသည်။

ခုံးမိန်ပြောစကား မှန်နေသည် မဟုတ်ပါလား။

"ဟုတ်ပါတယ်ဆရာ"

"ကျွန်တော်မှားသွားပါတယ်"

"တကယ်ဆို ... ခုလို အနားယူမနေသင့်ပါဘူး"

သူကနှုတ်ခမ်းတလှုပ်လှုပ်ဖြင့် တောင်းပန်နေမိသည်။ သူ၏စကားသံထွက်ပေါ်လာခြင်းမရှိသော်လည်း သူပြောဆိုသည့်စကားကို ခုံးမိန်က နားလည်နေပါသည်။ ခုံးမိန်က ရှမ်းထင်းအား သနားဂရုဏာသက်မိသူဖြစ်သည်။

သို့သော် ...

သူက အမှန်တကယ်စေတနာထားရာ ကျရလေအောင် ပြင်းပြင်းထန်ထန် လေ့ကျင့်ပုံသွင်းရန် ဆုံးဖြတ်ထားပြီး ဖြစ်လေသည်။

ရှမ်းထင်းသည်လည်း အပင်ပန်းမခံချင်၍မဟုတ်ပဲ ဆရာ၏အမိန့်ကို လိုက်နာခြင်းမရှိဟု သတ်မှတ်ခံရမည်ကို မလိုလားပဲ စိတ်လှုပ်ရှားနေခြင်းဖြစ်လေသည်။

မည်သို့ဆိုစေ စောဒကတက်ဘို့ အခွင့်အရေး မရှိသဖြင့် ရှမ်းထင်း ငြိမ်နေလိုက်ရလေသည်။

ခုံးမိန်က ...

"စိတ်လျှော့တယ်ဆိုတာ ယောကျ်ားကောင်း တစ်ယောက်ရဲ့ လုပ်ရပ်မှမဟုတ်တာဘဲ၊ အဆောင်အနောက်ဘက်ကိုသွားစမ်း၊ ရဲတင်း တစ်လက်ယူပြီး ထင်းဆက်ခွဲစမ်း"

ဟု အမိန့်ပေးလိုက်လေသည်။

မမျှော်လင့်ဘဲ ကြားလိုက်ရသောစကားကြောင့် ရှမ်းထင်း မျက်လုံးပြူးသွားလေသည်။

ခုံးမိန်က အမိန့်ပေးလိုက်ပြီဖြစ်ရာ ငြင်းဆိုရနိုင်မည်မဟုတ် ပါ။ ခုံးမိန်က တချက်အကဲခတ်ကြည့်ပြီး ကိုရင်နှစ်ပါးနှင့်အတူ ဆက်၍ ထွက်ခွာသွားလေသည်။

ရှမ်းထင်း ပင့်သက်ရှိုက်လိုက်သည်။

ရဲတင်းတစ်လက်ကို ချက်ခြင်း သွားယူလိုက်သည်။

ခုံးမိန် အမိန့်ပေးသွားသည့်အတိုင်း ထင်းဆက်ခွဲရဦးမည် မဟုတ်ပါလား။

ရှမ်းထင်းသည် သူပုံပျော့ပြီး ကျန်းမာရေး ချူချာသူတစ်ဦး ကဲ့သို့ရှိလေသည်။

သို့သော် ...

သူ၏စိတ်ဓာတ်ကား မာကျောလှသော သံမဏိစိတ်ဓာတ် ဖြစ်နေပါသည်။

ရှမ်းထင်းသည် အဆောင်အနောက်ဘက်သို့သွားကာ ထင်း ခွဲနေလိုက်လေတော့သည်။

♣ ♣ ♣



"ခွပ် ... ခွပ်"

"ဒုတ် ..."

ရဲဒင်းက အပေါ်မြောက်တက်သွားပြီး အောက်ဘက်သို့ အရှိန်ကျသွားလျှင် ထင်းတုံးသည်လည်း ထက်ခြမ်းကွဲသွားလေတော့ သည်။

ရဲဒင်းဖြင့်ခုတ်ချသံ၊ ထင်းတုံးများ ထက်ခြမ်းကွဲသွားသော အသံများသည် စည်းချက် ဝါးချက်ကျကျ ထွက်ပေါ်နေလေသည်။

ရှမ်းထင်းက မြေပေါ်၌ အကျနေထိုင်ကာ ထင်းခွဲနေခြင်း ဖြစ်ပါသည်။

သူ၏တကိုယ်လုံး 'ချွေးရွှဲရွှဲ စိုနေ၏။

ပင်ပန်းနွမ်းနယ်မှုက ဖိစီးထားသော်လည်း ရှမ်းထင်းဘာမှ မခံစားရတော့ပါ'

စိတ်နှင့် ခန္ဓာကိုယ် ကင်းကွာနေသည့်အလား ...

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

နေရောင်ခြည်ပင် ပျောက်ကွယ်သွားကာ၊ အမှောင်ထုက အစားထိုး ဝင်ရောက်လာလေတော့သည်။

တစ်နေ့တာအချိန် ကုန်ဆုံးသွားပြီး တစ်ညတာအချိန် အစား ထိုးဝင်ရောက်လာပြီ ဖြစ်ပါသည်။

ကောင်းကင်ပေါ်၌လည်း ထွက်ပေါ်လာ၏။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး ကြည်လင်အေးမြနေပါ တော့သည်။

စိတ်နှင့် ခန္ဓာကိုယ် ကင်းကွာနေသော ရှမ်းထင်းသည် ပတ် ဝန်းကျင်ကိုလည်း မေ့လျော့နေလေသည်။

သူ၏လက်နှစ်ဘက်က ခပ်မှန်မှန် လှုပ်ရှားနေ၏။

ရဲဒင်းကို တင်းကြပ်စွာကိုင်ကာ ထင်းခွဲနေခြင်းဖြစ်လေသည်။

ရဲဒင်းမြောက်တက်သွားလေတိုင်း ထင်းတုံးများ ထက်ခြမ်းကွဲသွားမြဲ …

အမှန်ဆိုလျှင် …

ရေခပ်ထားရခြင်းကြောင့်၄င်း၊ ဘိနပ်ထူကြီး စီးထားရခြင်းကြောင့်၄င်း အနားမယူရပဲ ထင်းခွဲနေရခြင်းကြောင့်၄င်း ဖြစ်ပေါ်လာသော ပင်ပန်းနွမ်းနယ်မှုသည် မြေပေါ်သို့ ပုံလျက်သား လဲကျသွားစေနိုင်လောက်ပေသည်။

သို့သော် …

ရှမ်းထင်း လဲကျမသွားသေးခြင်းမှာ ထင်းခွဲနေရသော်လည်း သူ၏စိတ်အာရုံမှာ တခြားသို့ လွင့်ပျံ့နေခြင်းကြောင့်ဖြစ်ပါသည်။

သူ၏အတွေးထဲ၌ လူနှစ်ယောက် သူသေကိုယ်သေ တိုက်ခိုက်နေသည့် တိုက်ပွဲက နေရာယူထားသည်။

ခွာသံပေးသံများ၊ လက်နက်ချင်း ပြင်းထန်စွာ ထိတွေ့မိသောအသံများ တခဲနက် ထွက်ပေါ်နေ၏။

အိမ်ထောင်ပရိဘောဂပစ္စည်းများလည်း တဝုန်းဝုန်း တဒိုင်းဒိုင်း ပြိုလဲနေသည်။

ထိုအချိန်တွင် …

တိုင်တစ်လုံးနံဘေး၌ ခလေးတစ်ယောက် ပုန်းအောင်းရင်း တိုက်ပွဲကို ကြည့်နေ၏။

ကြောက်ရွံ့ထိတ်လန့်မှုကြောင့် မျက်နှာတခုလုံးဖြူဖတ်ဖြူရော်ဖြစ်နေသည်။



တိုက်ပွဲကားပါ၍ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်လာကာ နောက်ဆုံးတစ်ယောက် အရေးနိမ့်သွားလေတော့သည်။

"အား"

"ဝုန်း"

စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာကာ တစ်ယောက်မှာ ကြမ်းပြင်ပေါ်လဲကျသွားတော့သည်။

ထိုသူ၏ တကိုယ်လုံး သွေးချင်းချင်းနီရဲနေပါတော့သည်။

"ဟား … ဟား … ဟား …"

ကျန်တစ်ယောက်က ဟားတိုက်ရယ်မောလေသည်။

ထို့နောက် ဘာကိုမှ အမှုမထားပဲ ခြေသံပြင်းပြင်းနင်းကာ အိမ်ထဲမှ ထွက်သွားတော့သည်။

ထိုအခါမှ ချောင်းကြည့်နေသော ခလေးငယ်သည် ပုန်းကွယ်ရာမှ ပြေးထွက်လာလေသည်။

ခလေးသည် ကြမ်းပြင်ပေါ်လဲကျနေသူအား ငိုကြီးချက်မ ဖြင့် ထွေးပွေ့လိုက်သည်။

ထိုလူသည် ခလေးကိုမြင်လျှင် အားယူကာ ပြောလေသည်။

"သား … ဖေဖေပြောမယ်"

သူက အရုပ်ကလေးတစ်ရုပ် ထုတ်ပေးလိုက်သည်။

"သည်အရုပ်ကလေးကို သေသေချာချာသိမ်းထားပါ"

ထိုစကားသည် နောက်ဆုံးပြောသွားသောစကားဖြစ်လေသည်။ စကားဆုံးသည်နှင့် ဇက်ကျိုးကျကာ အသက်ပျောက်သွားလေတော့သည်။

ထိုမြင်ကွင်းသည် ရှမ်းထင်း ဘယ်တော့မှ မေ့ပျောက်သွား

တော့မည်မဟုတ်သော မြင်ကွင်းဖြစ်လေသည်။

ရှမ်းထင်းသည် တွေးတောစဉ်းစားယင်း သူ၏လည်ပင်းကို အမှတ်မထင် လက်ဖြင့်စမ်းသပ်ကြည့်လိုက်မိလေသည်။ လည်ပင်း၌ ပိုးကြိုးဖြင့်ပြုလုပ်ထားသော ဆွဲကြိုးလေးတစ်ကုံးရှိနေပါသည်။

ပိုးကြိုးလေး၌ လူရုပ်ပုံလေးတစ်ခု ချိတ်ထားသည်။ ထိုအရုပ်ကလေးမှာ ရွှေဖြင့်ပြုလုပ်ထားခြင်းဖြစ်သည်။ လူတစ်ယောက်က ကြိုးကကွက်အတိုင်း ကခုန်နေပုံမျိုးဖြစ်သည်။

ရှမ်းထင်းက ကကြိုးရွှေရုပ်ကလေးကို ငုံ့ကြည့်မိသည်။

သူဆက်ပြီး ထင်းမခွဲဖြစ်တော့ပါ။

ဝန်းကျင်တစ်ခုလုံးကိုလည်း မေ့လျော့နေပါတော့သည်။

ထိုစဉ် ...

"ဖျပ် ... ဖျပ် ..."

ခြေသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှမ်းထင်းသတိဝင်လာပြီး ကပျာကယာ ခေါင်းမော့ကြည့်လိုက်လေသည်။

ထိုအခါ တာဝန်ခံ ဆရာ ခုံးမိန်လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

"ဟာ ..."

ရှမ်းထင်း တအံ့တသြဖြစ်သွားလေသည်။

အသံကား ထုံးစံအတိုင်း လည်ချောင်းထဲ၌ တစ်စို့ပျောက်ကွယ်သွားကာ အပြင်သို့ ထွက်မလာချေ။

ခုံးမိန်က ရိုးရိုးတန်းတန်း လှမ်းလာနေခြင်း မဟုတ်ပါ။ လေးကွက်သိုင်းနင်းကာ ဒယီးဒယိုင်ဖြင့် လျှောက်လာနေခြင်းဖြစ်လေသည်။



ခုံးမိန် အရက်များနေပြီဖြစ်ပါသည်။

ရှမ်းထင်း ခေါင်းနပန်းကြီးသွား၏။

"ဟုတ်ပါပြီ၊ ဆရာခုံးမိန် အရက်မူးနေတာ သေချာနေပါပြီ"

ခုံးမိန်က လှမ်းလာရင်း အနီးသို့ရောက်လာလေလေ၊ ပိုပြီးဒယီးယဒိုင် ဖြစ်လာလေလေပင်။

အရက်များကာ လဲကျသွားတော့မည်ဟုပင် ထင်ရပါတော့သည်။

"ဒုက္ခပါပဲ ... အရက်တော်တော်မူးနေပြီထင်ပါရဲ့၊ တော်ကြာခြေချော်လဲသွားယင် ဒဏ်ရာအနာတရ ဖြစ်နေဦးမယ်"

ရှမ်းထင်း စိတ်ပူသွားလေသည်။

ခုံးမိန်ကိုသွားပြီး ဖေးမပေးရန်လည်း စိတ်ကူးလိုက်လေသည်။

ချက်ခြင်းပင် ခုံးမိန်ထံသို့ လှမ်းသွားလိုက်လေသည်။ ထိုစဉ် ခုံးမိန်၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"သည်ည အရက်သောက်လို့ တော်တော်ကောင်းတာပဲ"

"အရက်သောက်ယင် မူးမှာပဲ"

"ဒါပေမယ့် ... ကျုပ်က ဘယ်လောက်သောက်သောက်၊ ဘယ်လောက်မူးမူး တခါမှ မလဲဖူးဘူး"

"ကျုပ်ကို အရက်မူးပြီးလဲမယ်ထင်တဲ့လူဟာ ရူးသွပ်နေလို့ပဲဖြစ်ရမယ်"

ထိုစကားကြားလျှင် ရှမ်းထင်းခြေလှမ်း တုန့်ခနဲ ရပ်သွားလေတော့သည်။

သူက ခုံးမိန်အရက်မူးကာ လဲကျသွားမည်ဟု ထင်မိခဲ့သည် မဟုတ်ပါလား။

ခုံးမိန်က ဘယ်တော့မှ အရက်မူးပြီး လဲမည့်သူမဟုတ်ဟု ဆိုနေသည်။

လဲကျသွားမည်ဟုထင်မှတ်သူသည် ရှူးသွပ်နေသူဟုပင် ပြောဆိုနေသေး၏။

ခုံးမိန်က လဲကျမည့်သူမဟုတ်လျှင် သူကလည်း ရှူးသွပ်သူ အပြောမခံနိုင်ပါချေ။

ခုံးမိန်က အာလေး လျာလေးဖြင့် ဆက်ပြောနေသည်။

"ကျုပ်က အရက်မူးသိုင်းကို လေ့ကျင့်တယ်၊ လေ့ကျင့်ယင်းနဲ့ အရက်ကို တကယ်ကြိုက်သွားတယ်၊ ဟဲ ... ဟဲ ..."

"ဒါပေမယ့် ... အရက်မူးသိုင်းတော့ တတ်သွားတယ်"

သူ၏စကားများက ကဘောက်တိ ကဘောက်ချာဖြစ်နေ၏။

သို့သော် ...

အကြောင်းရှိ၍ ပြောခြင်းဖြစ်ကြောင်း ရှမ်းထင်းနားလည်လာလေတော့သည်။

ရှမ်းထင်းသည် ခုံးမိန်အား သေသေချာချာ အကဲခတ်ကြည့်နေမိလိုက်လေသည်။

"ဟေး ..."

ခုံးမိန်က ညာသံတချက်ပေးကာ ခြေလက်များ ဝှေ့ယမ်းလိုက်လေသည်။

သူ၏လှုပ်ရှားမှုက ပရမ်းပတာနိုင်လှသည်။

ရှောင်လင်ကျောင်းသို့ရောက်နေပြီဖြစ်၍ ရှမ်းထင်းက ထို



လှုပ်ရှားရှားမှုသည် သိုင်းပုံဟန်ဖြစ်နေကြောင်း ချက်ခြင်းသတိပြုမိလိုက်လေသည်။

ရှမ်းထင်း ကပျာကယာ နောက်ဆုတ်လိုက်သည်။

ခုံးမိန်ကို မျက်လုံးပြူးကာကြည့်နေလိုက်သည်။

ခုံးမိန်သည် လဲကျသွားမလိုလိုနှင့် တကိုယ်လုံး ယိမ်းယိုင်ကာ ခြေလက်များ လှုပ်ရှားနေသည်မှာ အရက်မူးပြီး ရန်သူနှင့် တိုက်ခိုက်နေပုံမျိုးဖြစ်လေသည်။

သူ၏လှုပ်ရှားတိုက်ခိုက်ပုံသည် လရောင်အောက်တွင်ကြည့်၍ပင် ကောင်းနေပါတော့သည်။

ခုံးမိန်သည် ဒယီးဒယိုင်ဖြစ်လိုက်၊ ခုန်လိုက်၊ ပေါက်လိုက် ခြေလက်များ ကွေးချည် ဆန့်ချည်ပြုလိုက်ဖြင့် အရက်မူးသိုင်းကွက်ဖော်ထုတ်နေသည်။

တဖန် ...

"ဟောဒါက ... အရက်မူး ကြက်ပေါင်ကိုက်"

ဟု အော်ပြောလိုက်သည်။

လက်တစ်ဘက်ဆန့်ထုတ်ကာ အပေါ်မြှောက်ပြီးမှ တံတောင်ဆစ်မှ ကွေးချလိုက်သည်။

လက်ငါးချောင်းက တစုံတခုကိုင်ထားပြီး ပါးစပ်အနီးသို့ ရွှေ့လျားလိုက်သည်။

ကြက်ပေါင်တစ်ချောင်းကိုက်စားနေပုံမျိုး ဖြစ်ပေသည်။ သူ၏ကြက်ပေါင်ကိုက်ဟန်မှာ အနီး၌တစ်ယောက်ယောက်ရှိနေလျှင်တံတောင်ဆစ်ဖြင့် ဆောင့်မိသွားလိမ့်မည်ဖြစ်သည်။

သူ၏သိုင်းကွက်များသည် ထိရောက်မှုရှိသော သိုင်းကွက်

များဖြစ်နေပါသည်။

ရှမ်းထင်းပိုပြီး စိတ်ဝင်စားသွားလေသည်။

ခုံးမိန်၏လှုပ်ရှားမှုများကို သေသေချာချာကြည့်နေလိုက်လေ တော့သည်။

"ဟောဒါက အရက်ဖိုးတောင်းတဲ့ သိုင်းကွက်"

ခုံးမိန်ကပြောယင်း ကွေးထားသောလက်ကို ဆန့်တန်းကာ မျက်နှာနှင့် တတန်းတည်း ထားလိုက်သည်။

လက်ချောင်းကလေးများ စုထားသော လက်ဝါးကို အပေါ် လှန်လိုက်လေသည်။

အနီးတွင် တစ်ယောက်ယောက် ရှိနေလျှင် လကဝါးလှ လိုက်ခြင်းကြောင့် ပါးရိုက်ခံရမည်မှာ သေချာနေပါတော့သည်။

ရှမ်းထင်းပြုံးလိုက်မိသည်။

ကိုးရိုးကားယားနိုင်လှသော ခုံးမိန်၏သိုင်းကွက်များသည် သဘောကျစရာကောင်းလှသည်။

အမှတ်မထင် သူ၏ခြေလက်များကို လှုပ်ရှားမိသည်။

ခုံးမိန်၏သိုင်းကွက်များကို အတုခိုးလိုက်ခြင်းဖြစ်သည်။ သူက ခုံးမိန်အပြစ်တင်ပြောဆိုမည်ကို သတိမထားနိုင်တော့ပါချေ။

ကြည့်ယင်း ... ကြည့်ယင်း ... စိတ်ပါလာပြီး စိတ်လွတ် ကိုယ်လွတ်ဖြင့် အတုခိုးလိုက်မိခြင်း ဖြစ်ပါသည်။

ခုံးမိန်ပြုလုပ်သကဲ့သို့ တသွေမတိမ်းတူအောင် လုပ်မိနေခြ ဖြစ်ပါသည်။

တစ်ကြိမ်၌ ခုံးမိန်က အော်ပြောလိုက်လေသည်။

"ဒါက အရက်သမား မူးလဲတဲ့သိုင်းကွက်"



ဒူးဆစ်မှကွေးကာ ခန္ဓာကိုယ်နောက်ပြန် လှန်ချလိုက်သည်။ အရှိန်ဖြင့်လှဲချလိုက်ရာ တကယ်ပင် လဲကျသွားတော့မည် ထင်ရလေသည်။

"ဟာ ..."

ရှမ်းထင်းသည် မထွက်သည့်အသံဖြင့် အော်လိုက်မိပြန်သည်။ သို့သော် ...

ခုံးမိန်သည် သိုင်းပညာမခေသော တာဝန်ခံဆရာတစ်ယောက် ဖြစ်ဖြစ်ရကား အဘယ်သို့သောအကြောင်းနှင့်မှ လဲကျစရာမရှိဟု တွေးမိကာ အရှိန်သပ်ထားလိုက်ရလေသည်။

လဲကျမည်ထင်မှတ်သူသည် ရူးသွပ်နေသူသာ ဖြစ်မည်ဟုလည်း ခုံးမိန်ပြောထားသည့်စကားရှိနေသည် မဟုတ်ပါလား။ သူက ဖေးမဖို့ ပြေးမသွားမိသည်ကပင် ကံကောင်းသွားသည်ဟု ဆိုရပေမည်။

ပြေးသွားမိလျှင် အရူးဖြစ်သွားရပေမည်။

ခုံးမိန်လုံးဝလဲကျမသွားခြင်းကြောင့်ဖြစ်သည်။ ဒူးကွေးကာ အလျားလိုက်အိပ်နေပုံမျိုးဖြင့် ဒူးဆစ်ကိုအားပြုကာ ခန္ဓာကိုယ်လှန်ချထားပြီး တတန်းတည်းပြုလုပ်ထားနိုင်သည်မှာ ချီးကျူးစရာကောင်းလှသည်။ အလွန်ခက်ခဲသော ကိုယ်နေဟန်ထားမျိုးပြုလုပ်ထားနိုင်ခြင်း ဖြစ်ပါတော့သည်။

အကယ်၍ ရန်သူနှစ်ယောက်က ရှေ့နောက်ညှပ်ကာ တိုက်ခိုက်လာသည်ဆိုပါလျှင် ရှေ့မှရန်သူ၏ တိုက်ခိုက်မှုကို နောက်ပြန်လှန်ချကာ ရှောင်တိမ်းယင်း အနောက်ဘက်မှ ရန်သူအပေါ် မှီချလိုက်ပုံမျိုးဖြစ်သည်။

ခုံးမိန်လှုပ်ရှားလုပ်ဆောင်သွားသည့် သိုင်းကွက်များကား ရှမ်း

ထင်း၏ မျက်လုံးထဲမှ မထွက်နိုင်တော့ချေ။

"ဟူး ..."

ခုံးမိန်က ခန္ဓာကိုယ်တပတ်လည်အောင် လေထဲကျွမ်းထိုး ယင်း မြေပေါ်ပြန်ရပ်လိုက်သည်။

တဖန် ...

"ဟား ... ဟား ... ဟား ... အရက်မူးသိုင်းကို သင်ယ အရက်သောက်ရမယ်၊ လူတွေအရက်သမား ဖြစ်ကုန်မှာကို ကျုပ်ကစိ ရိမ်လို့ ဘယ်သူ့ကိုမှ သင်မပေးတော့ဘူး၊ ကျုပ်တစ်ယောက်တည်း သောက်မယ်၊ လေ့ကျင့်မယ်"

တဟားဟား ရယ်မောကာ ပြောလိုက်လေသည်။

ထို့နောက် ဘာကိုမှ အမှုမထားပဲ ဒယီးဒယိုင်ဖြင့် ထွက်သွ တော့သည်။

ရှမ်းထင်းအား ကျောခိုင်းကာ ထွက်သွားခြင်းဖြစ်သည်။

ရှမ်းထင်းက မလှုပ်မယှက် ရပ်နေသည်။ သူ၏စိတ်ထဲ ဇဝေ ဇဝါဖြစ်နေ၏။

"သူက ငါ့ကို မံတွေ့ဘူးလား"

အတန်ကြာ စဉ်းစားပြီးမှ ခေါင်းခါယမ်းလိုက်သည်။

"အရက်မူးနေတာပဲ မြင်မှာမဟုတ်ဘူး၊ ငါ့ကိုမမြင်ဘဲ သူ့ အရက်မူးသိုင်းကို ထုတ်ဖော်သွားတာ ငါကံကောင်းတာပဲ"

ခုံးမိန်၏ အစွမ်းထက်သော အရက်မူးသိုင်းကို သေသေ ချာ တွေ့မြင်လိုက်ရခြင်းကြောင့် ၎င်းစိတ်ဝင်စားစွာကြည့်ရှုမိခဲ့ခြ ကြောင့်လည်း မှတ်မိသလို ရှိနေပါသည်။

"ရှောင်လင်ကျောင်းရဲ့ အရက်မူးသိုင်းဟာ နာမည်ကြီးတ



ငါလေ့ကျင့်ရမယ်"

ရှမ်းထင်းက အချိန်ဖြုန်းမနေတော့ပါ။ ချက်ခြင်းပင် မြေကွက် လပ်သို့ထွက်ကာ လေ့ကျင့်လိုက်သည်။ ရှမ်းထင်းသည် သိုင်းပညာ သင်ယူရန် ရှောင်လင်ကျောင်းသို့ ရောက်လာခဲ့ခြင်းဖြစ်ပါသည်။

သူ၏စိတ်ထဲ၌ သိုင်းပညာသင်ကြားဘို့ထက်ပိုပြီး ဘာမှ အရေးမကြီးဟု ခံယူထားသည်။

ထို့အပြင် ဉာဏ်ကောင်းသူတစ်ယောက်လည်းဖြစ်ရကား ခုံးမိန်၏ သိုင်းကွက်များကို မှတ်မိနေပြီး တသွေမတိမ်း တူညီအောင် လေ့ကျင့်နိုင်ခဲ့လေတော့သည်။

ရှမ်းထင်း၏စိတ်ထဲ ဖင်ပန်းနွမ်းနယ်မှုများ ပျောက်ကွယ်နေ ၏။ တကိုယ်လုံးနာကျင်ကိုက်ခဲမှုများလည်း မည်သည့်နေရာရောက် နေပြီမသိပါ။

သိုင်းပညာနှင့်ပတ်သက်လာလျှင် ရှမ်းထင်းအရူးအမူးဖြစ် နေပါတော့သည်။

လရောင်ဖြာကျနေသော မြေကွက်လပ်တွင် ခုံးမိန်၏ အရက် မူးသိုင်းကို အတုခိုးကာ လေ့ကျင့်နေမိလေတော့သည်။

သို့သော် ...

အရက်မူးသမားလဲကျသည့် သိုင်းကွက်ကို လေ့ကျင့်သော အခါ အခက်ကြုံလိုက်ရလေသည်။

ခုံးမိန်က ပေါ့ပေါ့ပါးပါးကလေး လုပ်သွားနိုင်ခဲ့သော်လည်း ရှမ်းထင်းကား လေ့ကျင့်ပြုလုပ်၍ မရနိုင်ပါချေ။ ဒူးကွေးကာ နောက် သို့ လှန်ချလိုက်သည်နှင့်

"ဝုန်း"

မည်သို့မျှ ထိန်းမရပဲ မြေပေါ် ပက်လက်လန်လဲကျသွားလေတော့သည်။

ရှမ်းထင်း လူးလိမ့်ထလိုက်သည်။

နောက်တစ်ကြိမ် ထပ်လုပ်ကြည့်လိုက်သည်။

"ဝုန်း ..."

နောက်တစ်ကြိမ်လဲကျသွားပြန်သည်။

ရှမ်းထင်းက လူးလိမ့်ထပြီး ထပ်မံကြိုးစားလိုက်သည်။

သူက အကြိမ်ကြိမ် ကြိုးစားသည်။ အကြိမ်ကြိမ် လဲကျသွားသည်။ အလွန်စိတ်ပျက်စရာကောင်းသော အခြေအနေဖြစ်သည်။

ရှမ်းထင်းက ဇွဲမလျှော့ပါ၊ မရမချင်း ကြိုးစားမည်ဟူသောစိတ်ဖြင့် ဆက်၍ကြိုးစား လေ့ကျင့်လေသည်။

ညသည် သာယာလှပကာ တိတ်ဆိတ်နေသည်။ပတ်ဝန်းကျင်၌ မည်သူမျှမရှိသဖြင့် ရှမ်းထင်းက လွတ်လွတ်လပ်လပ် လေ့ကျင့်နေနိုင်ခြင်းဖြစ်သည်။

သို့သော် ...

တစ်စုံတစ်ယောက်က သူ့အား ချောင်းမြောင်းကြည့်ရှုနေသည်ကိုသာ သိနိုင်ခဲ့မည်ဆိုပါလျှင် ...

ရှမ်းထင်းက ဘာမှမသိပဲ အရက်မူးသိုင်းကို လေ့ကျင့်နေလိုက်လေတော့သည်။

♣ ♣ ♣

## နွေးထွေးသော မေတ္တာ

မီးဖိုဆောင်နှင့် မလှမ်းမကမ်းတွင် အမြင့်ပိုင်းသို့တက်သည့်ကျောက်မှလှေကားထစ်များ ရှိနေသည်။

ရှောင်လင်ကျောင်းသည် တောင်ပေါ်၌ တည်ဆောက်ထားခြင်းဖြစ်၍ ကျောင်းထိုင်ဆရာတော်နှင့် ဝါစဉ်ကြီးသော ဆရာတော်များနေထိုင်သော အဆောက်အဦးများသည် တောင်၏အမြင့်ဆုံးအပိုင်း၌ရှိလေသည်။

ဧည့်ဆောင်၊ စာကြည့်ဆောင်များသည် ဒုတိယနေရာတွင်ရှိသည်။

အခြားသော အဆောင်များသည် အနိမ့်အမြင့် အစဉ်လိုက်ရှိနေပြီး ချက်ပြုတ်ကြော်လှော်ရသော မီးဖိုဆောင်ကား အနိမ့်ဆုံးအဆင့်၌ ရှိလေသည်။

ကျောက်လှေကားထစ်များနံဘေး၌ သစ်ပင်တစ်ပင်ရှိနေ၏။ ထိုသစ်ပင်၏နောက်ကွယ်၌ လူတစ်ယောက်ရှိနေသည်။ တာဝန်ခံဆရာခုံးမိန်ဖြစ်လေသည်။

ခုံးမိန်သည် မြေကွက်လပ်၌ အရက်မူးသိုင်းလေ့ကျင့်နေသည့်

ရှမ်းထင်းကို ချောင်းကြည့်နေခြင်းဖြစ်သည်။ ရှမ်းထင်းကား သိုင်းပညာကို လွန်စွာမက်မောသူဖြစ်ကြောင်း သူသိထားပါ၏။

ထို့ကြောင့် ကိုယ်ဖော့ပညာအတွက် ထိရောက်မှုရှိစေရန် ယူထဲသော ဖိနပ်ကိုစီးကာ ရေခပ်ခိုင်းရာ၌ ရှမ်းထင်းကို ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။

ရှမ်းထင်း ထိပ်တန်းသိုင်းပညာများ သင်ကြားတတ်မြောက်သွားစေလိုသော စေတနာရှိသည်။

ယခုလည်း ...

ရှမ်းထင်းတွေ့မြင်ရလေအောင် အရက်မူးချင်ဟန်ဆောင်ကာ အရက်မူးသိုင်းကို တမင်လေ့ကျင့်ပြခဲ့ခြင်းဖြစ်သည်။ သူမျှော်လင့်သည့်အတိုင်းပင် ရှမ်းထင်းသည် ထူးခြားသော အရက်မူးသိုင်းမှ သိုင်းကွက်များကို တွေ့ရသည်နှင့် သေသေချာချာ မှတ်သားကာ အတုခိုးလေ့ကျင့်နေပြီဖြစ်သည်။

ခုံးမိန် ဝမ်းသာသွားလေသည်။

"သည်ကောင်လေး မဆိုးဘူး"

ရှမ်းထင်းကို သဘောကျနေမိသည်။ သူကြာကြာ ဝမ်းမသာနိုင်ပါချေ။

ရှမ်းထင်းက တဝုန်းဝုန်း လဲကျနေပါတော့သည်။

"မဖြစ်သေးပါဘူး"

အရက်မူးသမားလဲသည့်သိုင်းကွက်၏ ကိုယ်နေဟန်ထားကခက်ခဲသည့် သဘောရှိသည်။

စံနစ်တကျ လေ့ကျင့်မှသာ တတ်မြောက်နိုင်မည်ဖြစ်သည်။ သူ ကိုယ်ဟန်ချက်ထိန်းသည့် နည်းစံနစ်ကို မသိလျှင် လေ့ကျင့်၍ရ



မည် မဟုတ်ပါ။

ခုံးမိန်သက်ပြင်းချလိုက်လေသည်။

"ဒုက္ခပဲ ... မဟန်ပါလား ... ငါကိုက ညံ့တာပါ"

"အခြေခံမပြည့်စုံသေးပဲ သည်ခန္ဓာကိုယ် ဟန်ချက်ညီအောင် ထိန်းရတဲ့ ပညာသားပါတဲ့သိုင်းကွက်မျိုးကို သွားပြမိတာမှားပြီ၊ သူ ဘယ်လိုမှ လေ့ကျင့်လို့ရမှာ မဟုတ်ဘူး၊ သည်ကောင်လေးက ဇွဲကြီးတယ်၊ မရမချင်း လေ့ကျင့်နေတော့မှာပဲ တစ်နေ့လုံးလည်း ပင်ပန်းလှပြီး၊ သည်အတိုင်းဆက်လုပ်နေယင် အရိုးတွေပါ ကျိုးကုန်လိမ့်မယ်။ မဖြစ်ဘူး ... သည်ကောင်လေးကို ငါဟန့်တားမှဖြစ်တော့မယ်"

ခုံးမိန်သည် ရှမ်းထင်းအား တားမြစ်ဘို့ ဆုံးဖြတ်လိုက်လေသည်။

ချက်ခြင်းပင် သစ်ပင်နောက်မှ လှမ်းထွက်လိုက်၏။

"အဟွတ် ... အဟွတ်"

ရှမ်းထင်း သတိထားမိသွားစေရန် ချောင်းသံလည်းပေးလိုက်လေသည်။

ထို့နောက် ကျောက်လှေကားထစ်များအတိုင်း အောက်ဘက်ဆင်းသွားလိုက်လေသည်။

ခုံးမိန်၏ အသံကြောင့် ရှမ်းထင်းသတိဝင်လာ၏။ သိုင်းလေ့ကျင့်မှုကို ရပ်တန့်လိုက်သည်။ ချက်ချင်းပင် ထင်းပုံအနီး၌ သွားရပ်နေလိုက်သည်။ ခုံးမိန်အနီးသို့ ရောက်လာပါသည်။

ရှမ်းထင်းအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။ ခုံးမိန်က မေးလိုက်သည်။

"မင်းဘာလုပ်နေတာလဲ"

ရှမ်းထင်းက နှုတ်ခမ်းတလှုပ်လှုပ်ဖြင့် အသံမထွက်ဘဲပြော၏။

"ထင်းခွဲနေတာပါဆရာ"

"ဘာကွ ... သည်လောက်မိုးချုပ်နေတာတောင် ထင်းခွဲနေသေးတယ်ဟုတ်လား၊ တစ်နေ့လုံးလဲ ပင်ပန်းနေပြီ၊ သွား ... သွား အနားယူတော့"

ခုံးမိန်သည် ရှမ်းထင်းနှုတ်ခမ်းလှုပ်ပုံကိုကြည့်ကာ သူ့အား ပြန်ပြောသည့်စကားကို နားလည်ထားလေသည်။

ရှမ်းထင်း ခေါင်းညိတ်လိုက်သည်။

ခုံးမိန်၏စကားကို တသွေမတိမ်း နားထောင်ရမည် ဖြစ်ပါသည်။

ခုံးမိန်က လှမ်းပြောလိုက်သည်။

"မနက်စောစောထပြီး ရေခပ်ရမယ်ဆိုတာ မမေ့နဲ့ဦး"

ရှမ်းထင်း ခေါင်းညိတ်လိုက်ပြန်သည်။ သူ၏ခြေလှမ်းများက လေးလံနေပါသည်။ မသွားချင်သွားချင်ဖြင့် ထွက်သွားခြင်းဖြစ်သည်။

ခုံးမိန်သည် ရှမ်းထင်း၏နောက်ကျောကိုကြည့်ယင်း သက်ပြင်းချလိုက်လေသည်။

"သည်ကောင်လေး မဆိုးဘူး၊ သူများထက်ပိုပြီး ဇွဲနဘဲကြီးတယ်၊ ဉာဏ်ရှိတယ်၊ ငါအုပ်ချုပ်ရတဲ့အဖွဲ့ထဲ ရောက်လာတာကံကောင်းတာပဲ၊ မင်းကို ကျုပ်က အတတ်နိုင်ဆုံး ပံ့ပိုးကူညီသွားမှာပါ၊ တစ်နေ့ ကျုပ်ရဲ့စေတနာကို မင်းနားလည်သဘောပေါက်ပါလိမ့်မယ်"

ဟုလည်း တီးတိုးပြောလိုက်လေသည်။

သူ၏စကားသံကို ရှမ်းထင်းကြားနိုင်တော့မည် မဟုတ်ချေ။ သူ၏အမိန့်အတိုင်း ကိုယ်လက်သန့်စင်ကာ စားသောက်ပြီး အိပ်ရာ



ဝင်ဘို့ ထွက်သွားပြီဖြစ်ပါသည်။

ခုံးမိန်က ထင်းပုံကိုကြည့်လိုက်၏။ ထင်းခွဲခြမ်းများက တောင်လိုပုံနေသည်။

ခုံးမိန် သက်ပြင်းချကာ ထင်းပုံကို ကျောခိုင်းလိုက်လေတော့သည်။

♣ ♣ ♣

အတော်ကလေး ညဥ့်နက်ပြီဖြစ်သည်။ အားလုံးထက်နောက်ကျပြီးမှ ရှမ်းထင်းက ရောက်ရှိလာ၏။ အိပ်ဆောင်အတွင်း၌ ကျောင်းသားများ စုံစုံညီညီရောက်ရှိကာ အိပ်စက်အနားယူနေကြပြီဖြစ်ပါသည်။

အဆောင်ထောင့်တစ်နေရာ၌ ပြတင်းပေါက်နှင့်ကပ်လျက်နေရာလွတ်တခုတော့ရှိနေပါသည်။ ထိုနေရာသည် ရှမ်းထင်း၏နေရာဖြစ်လေသည်။

ရှမ်းထင်း၏နံဘေး၌ ချင်းစိန်နှင့် ဝမ်းယို့တို့၏အိပ်ရာများရှိသည်။ ညဥ့်နက်နေပြီဖြစ်၍ ချင်းစိန်နှင့် ဝမ်းယို့တို့က အိပ်ရာပေါ်၌ လဲလျောင်းနေကြပြီဖြစ်ပါသည်။

ရှမ်းထင်းသည် အိပ်ရာကိုမြင်လိုက်သည်နှင့် အိပ်စက်အနားယူလိုစိတ်များ တဖွားဖွားပေါ်လာတော့သည်။

ထို့ကြောင့် သွက်သွက်ကလေးလျှောက်ကာ ဘိနပ်ချွတ်ပြီး အိပ်ရာထက်၌ လှဲချလိုက်သည်။

ဂွမ်းစောင်ကိုဆွဲယူခြုံကာ အိပ်စက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင် ...

"ဟော့ ... ပြတင်းပေါက်မပိတ်တော့ဘူးလား"

နံဘေးမှ ချင်းစိန်၏ စကားသံထွက်ပေါ်လာလေသည်။ ရှမ်းထင်း အိပ်မရနိုင်တော့ပါ။ လူးလိမ့်ထကာ ပြတင်းတံခါးကို ပိတ်လိုက်ရလေသည်။

ချင်းစိန်က မျက်လုံးဖွင့်ကြည့်လာသည်။ ရှမ်းထင်းအား သေသေချာချာ အကဲခတ်ကြည့်လိုက်ခြင်းဖြစ်သည်။

ပြီးလျှင် ...

"နေပါဦး ... မင်းက ဘယ်တွေလျှောက်သွားနေတာလဲ" ဟု ပြောလာလေသည်။

ရှမ်းထင်းက ထုံးစံအတိုင်း ဆိတ်ဆိတ်စွာ နေလိုက်လေသည်။

ချင်းမိန်က ...

"အိပ်ချိန်တန်လို့တောင် ပြန်ရောက်မလာသေးတာ တော်ကြာ အပြစ်ပေးခံနေရဦးမယ်"

ရှမ်းထင်းက လှဲချပြီး စောင်ခြုံလိုက်သည်။ စောင်ကိုခေါင်းမြီးခြုံလိုက်သည်။ ချင်းစိန်၏စကားကိုဆက်ပြီးနားမထောင်လိုတော့သည့်သဘောဖြစ်လေသည်။

"ဟင်း ... ဟင်း ..."

ချင်းစိန်က တီးတိုးရယ်မောလိုက်လေသည်။

"ကျုပ်က ... မင်းအတွက်ပြောနေတယ်ဆိုတာကို မင်းသဘောမပေါက်သေးဘဲကိုး၊ တို့တစ်တွေ တစ်နေ့လုံးဘယ်လောက်တောင်ပင်ပန်းခဲ့သလဲ၊ ညဘက်စားသောက်ပြီး အိပ်ရာဝင် အနားယူတာက အကောင်းဆုံးပဲ၊ ဒါမှဆုံးရှုံးသွားတဲ့ခွန်အားတွေ ပြန်ပြီးပြည့်ဖြိုး



လာမှာ၊ နေ့ဘက်အပင်ပန်းခံပြီး ညဘက် အနားမယူဘူးဆိုရင်တော့ သုံးလေးရက်လောက်နဲ့ မင်းအိပ်ရာထဲလဲသွားမှာ သေချာတာပေါ့ကွာ"

သူကရှင်းပြလိုက်သော်လည်း ရှမ်းထင်းက စောင်ခေါင်းမြီးခြုံထားပြီး တုတ်တုတ်မျှ မလှုပ်တော့ချေ။

ချင်းစိန် သက်ပြင်းချလိုက်သည်။

ရှမ်းထင်းက ဂရုဏာသက်စွာ ကြည့်လိုက်လေသည်။

"အင်း ... မင်းအိပ်ချင်ယင်လည်း အိပ်ပါတော့ကွာ၊ ကျုပ်က မင်းကို မနှောက်ယှက်တော့ပါဘူး၊ ဒါပေမယ့် ကျုပ်နဲ့ ဝမ်းရှို့က မင်းအတွက်ကို အမြဲတမ်းရှေ့ဆုံးက ကူညီချင်ကြသူတွေဆိုတာ မှတ်ထားပါ"

စကားဆုံးလျှင် သူကိုယ်တိုင်လည်း လှဲချကာ မျက်လုံးမှိတ်ထားလိုက်လေတော့သည်။

♣ ♣ ♣

ရှမ်းထင်းက စောင်ခေါင်းမြီးခြုံထားသော်လည်း ချင်းစိန်ပြောသည့်စကားများကို ကောင်းစွာကြားနေရပါသည်။ ချင်းစိန်၏စကားများကို နားထောင်ယင်း ရင်ထဲဖော်မပြနိုင်သော ခံစားချက်များဖြစ်ပေါ်လာလေသည်။

သူ၏မျက်နှာကို တွေ့မြင်နိုင်မည်ဆိုပါက ဝမ်းနည်းကြေကွဲမှုများ လွှမ်းမိုးနေရာယူထားသည်ကို တွေ့မြင်ရမည်ဖြစ်လေသည်။

သူ၏ဘဝတလျှောက်လုံး၌ သူနှင့်ပတ်သက်၍ အများသူငါ ပြောဆိုခဲ့ကြသော စကားလုံးပေါင်း ထောင်သောင်းချီကာ ကြားခဲ့ရပြီးဖြစ်ပါသည်။ ကြားရသောစကားတိုင်းသည် ခါးသီးပူလောင်လှသည်။ ပို၍ဝမ်းနည်းကြေကွဲရသည်။

ရှောင်လင်ကျောင်းသို့ရောက်လာပြီးမှ အေးချမ်းတည်ငြိမ်မှုရရှိလာခဲ့ခြင်းဖြစ်ပါသည်။

သူ၏ဘဝအတွက် နွေးထွေးသော မေတ္တာအငွေ့အသက်များကိုလည်း ခံစားလာခဲ့ရလေသည်။ သူ၏ဘဝအဖြစ်အပျက်များသည် ခါးသီးပြီး ဝမ်းနည်းကြောက်ရွံ့စရာ ကောင်းလှသည်။

ထို့ကြောင့် ...

သူ၏စိတ်ဓာတ်သည် အခြားသူများနှင့်မတူနိုင်တော့ပါ။ စိတ်ဓာတ်ကျဆင်းကာ မှိုင်တွေငေးမောနေတော့သည်။ ပတ်ဝန်းကျင်နှင့်လည်း ကင်းကွာပြီး အထီးကျန်ဖြစ်ခဲ့ရသည်။ မည်သူနှင့်မျှမပတ်သက်လိုတော့ပါ။

တစ်စုံတစ်ယောက်နှင့်ပတ်သက်မိလျှင် ထိုလူက သူ့အားဒုက္ခပေးလိမ့်မည်။ ဝမ်းနည်းကြေကွဲစေလိမ့်မည်ဟူသော အစွဲက ဖျောက်မရအောင်ဖြစ်နေတော့သည်။ မည်သူနှင့်မျှ အပေါင်းအသင်းမပြုလုပ်လိုပဲ ဝေးဝေးရှောင်နေချင်သည်။

ထိုအကျင့်သည် ရှောင်လင်ကျောင်းသို့ရောက်လာသည့်တိုင်အောင် ဖျောက်ဖျက်ပစ်၍ မရတော့ပေ။ ရှောင်လင်ကျောင်းကားအထင်ကရ နေရာတခုဖြစ်ပါသည်။ ရှောင်လင်ကျောင်းတော်သားများသည် တင်းကြပ်သော စည်းကမ်းများကို လိုက်နာကြရပြီး ကျောင်းတော်သားအချင်းချင်း ညီရင်းအစ်ကိုပမာ ဆက်ဆံကြရသည်။ အတူအိပ်၊ အတူစား၊ အတူသိုင်းပညာလေ့ကျင့်ယင်း တစ်ဦးကိုတစ်ဦး ဖေးမကူညီကြသည်။

ရှောင်လင်ကျောင်းသို့ရောက်လာမှ နွေးထွေးသော မေတ္တာတရားကို ခံစားရသော်လည်း အထီးကျန်နေတတ်သည်။ အကျင့်ကို



ကား ရုတ်တရက် ပျောက်မကုန်အောင် ဖြစ်နေခဲ့ပါသည်။

ထို့ကြောင့်လည်း ခပ်ကင်းကင်း ဘာသိဘာသာနေမိခဲ့ခြင်းဖြစ်သည်။

ရှမ်းထင်းတွင် ဘဝပေးကုသိုလ်ကြောင့် သူများနှင့်မတူသောထူးခြားမှုများရှိနေသည်ကို ဝါစဉ်ကြီးသည့် ချင်းစိန်နှင့် ဝမ်းရှိုကို သတိပြုမိခဲ့ကြပါသည်။

ရှမ်းထင်းအား ညီငယ်တစ်ယောက်ပမာ သဘောထားမိကြသည်။

သနားဂရုဏာသက်မိကြသည်။

ရှမ်းထင်းပျော်ရွှင်လာအောင် အမျိုးမျိုးကြိုးစားခဲ့ကြသည်။ ရှမ်းထင်းအား လူ့အသိုင်းအဝိုင်းထဲပြန်ရောက်အောင် ကြိုးစားကြသည်။ အော်ငေါက်ခြင်း၊ လှောင်ပြောင်ခြင်း၊ ဂရုဏာစကားဆိုခြင်း၊ ချော့ခြင်း၊ ခြောက်ခြင်းများဖြင့် နည်းမျိုးစုံ အသုံးပြုကာ ကြိုးစားခဲ့ကြခြင်းဖြစ်ပါသည်။

သို့သော် ...

ရှမ်းထင်း လုံးလုံးလျားလျား ပြောင်းလဲသွားအောင် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့ကြပါချေ။ ကြာသော် ချင်းစိန်တို့ လက်လျော့သွားကြလေတော့သည်။ ချင်းစိန်နှင့် ဝမ်းရှိုတို့က သူ့အပေါ်၌ စိတ်ကောင်းထားကြသည်ကို ရှမ်းထင်း မသိမဟုတ် သိပါသည်။

သူကလည်း ချင်းစိန်တို့နှင့် ခင်ခင်မင်မင် ရင်းရင်းနှီးနှီးနေလိုသည်။ အခြားသော သိုင်းပညာသင် ကျောင်းသားများကဲ့သို့ ပျော်ပျော်ရွှင်ရွှင် နေလိုသည်။

ထိုသို့ဖြစ်လာအောင် သူကအကြိမ်ကြိမ် ကြိုးစားကြည့်ခဲ့ပြီး

ဖြစ်သော်လည်း လက်တွေ့၌ အောင်မြင်မှုမရခဲ့ပါ။ မည်သို့ကြိုးစားသည်ဖြစ်စေ ပျော်ပျော်ရွှင်ရွှင်နေနိုင်ခြင်းမရှိသည်မှာ သူ၏အားနည်းချက်သာဖြစ်ပါသည်။ ပျော်ရွှင်လန်းဆန်းစွာနေရခြင်းထက် မှိုင်တွေငေးမောနေရခြင်းကိုပို၍ အားသန်သလိုဖြစ်နေသည်။

ရှမ်းထင်းသည် ခေါင်းမြီးခြုံအတွင်းမှ သက်ပြင်းအခါချချမိတော့သည်။

ချင်းစိန်နှင့် ဝမ်းရို့တို့အကြောင်းကို သူ့ခေါင်းထဲမှ ဖျောက်ကာ တာဝန်ခံခုံးမိန်၏ အရက်မူးသိုင်းကွက်ကို ပြန်စဉ်းစားလိုက်လေသည်။

အရက်မူးသိုင်း ...

ရှောင်လင်ကျောင်းမှ အရက်မူးသိုင်းကား နာမည်ကျော်သိုင်းပညာတစ်မျိုးဖြစ်လေသည်။

ရှမ်းထင်းသည် အရက်မူးသိုင်းကွက်များကို တွေးတောစဉ်းစားယင်း မျက်ခွံများ လေးလံလာပြီး တဖြည်းဖြည်း အိပ်ပျော်သွားလေတော့သည်။

♣ ♣ ♣

## အကျဉ်းသား

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားလေသည်။ ရှမ်းထင်းသည် ထူထဲလေးလံသော ဘိနပ်ကိုစီးကာ တောင်အောက်သို့ဆင်းပြီး ရေခပ်ရသည်မှာ ရက်အတန်ကြာခဲ့ပြီဖြစ်ပါသည်။

တစ်နေ့ပြီးတစ်နေ့၊ တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးသွားပြီးနောက် ရှမ်းထင်းသည်လည်း ရေခပ်ရသည်မှာ တဖြည်းဖြည်းကျင့်သားရလာလေတော့သည်။

ကျင့်သားရလာသကဲ့သို့ အမောအပန်းခံနိုင်လာသည်။ ရေခပ်ရသည်ကို ပင်ပန်းသည်မထင်တော့ပါ။ မလျော့သော ဇွဲ၊ လုံ့လ၊ ဝီရိယကြောင့် အောင်မြင်လာခဲ့ခြင်း ဖြစ်ပါတော့သည်။ တောင်ပေါ်မှ တောင်အောက်တချက်ကလေး မနားပဲ ရေသယ်နိုင်ခဲ့သည်။

နေ့တစ်ဝက် မကျိုးမီ ကျောက်စည် ငါးလုံးကို ရေပြည့်အောင် ဖြည့်နိုင်လာသည်။ ခန္ဓာကိုယ် သေးသေးသွယ်သွယ်လေးဖြစ်သော်လည်း ခါတိုင်း ပိုးဟပ်ဖြူတစ်ကောင်ကဲ့သို့ မဟုတ်တော့ပဲ အသား

အရည် မှန်လာကာ ကျစ်ကျစ်လစ်လစ် ဖြစ်လာလေသည်။

တော်ရုံပင်ပန်းနွမ်းနယ်မှုများကို ရှမ်းထင်း မမှုတော့ပါ။ ကျန်း
မာသန်စွမ်းသော ရှောင်လင်ကျောင်းတော်သားတစ်ယောက်အသွင် သို့
တဖြည်းဖြည်း ကူးပြောင်းလာခြင်းဖြစ်ပါတော့သည်။

တောင်ပေါ် တောင်အောက်ကို အလေးအပင် သယ်ပိုး၍
ဆင်းရတက်ရခြင်းကြောင့် ခြေသလုံး ကြွက်သားများ တောင့်တင်း
သန်မာလာလေသည်။

ထူထဲလေးလံသော သံဘိနပ်စီးကာ ရုန်းကန်ခဲ့ရခြင်းကြောင့်
ခန္ဓာကိုယ်အောက်ပိုင်း ကြံ့ခိုင်မှုရှိလာသကဲ့သို့ ရေထမ်းခဲ့ရခြင်းကြောင့်
ပခုံးနှင့် လက်မောင်းကြွက်သားများ တောင့်တင်းသန်မာလာလေသည်။

ရှမ်းထင်းမသိမသာ ပြောင်းလည်းလာသည်ကို တာဝန်ခံ
ဆရာခုံးမိန်က သတိပြုမိခဲ့လေသည်။ သူက ရှမ်းထင်းအား တိုးတက်
လာစေရန် လမ်းပြနိုင်ခဲ့ပြီဟူ၍ ဝမ်းသာနေ၏။

ရှမ်းထင်းက ကျောက်စည်ငါးလုံးပြည့်အောင် ရေခပ်ပြီးချိန်၌
အားလပ်သွားသည်ဖြစ်ရာ အချိန်ကို မဖြုန်းတီးပဲ သိုင်းပညာလေ့ကျင့်
နေသည်ကို မြင်ရပြန်လျှင်လည်း မသိကျိုးကျင်ဖြင့် လွှတ်ပေးထား
လိုက်လေသည်။

အကယ်၍ ...

ရှမ်းထင်း လုပ်ကိုင်ဆောင်ရွက်ရမည့်အလုပ်များရှိနေလျှ
ပင် အခြားတစ်ယောက်ကို အစားထိုးခိုင်းစေကာ ရှမ်းထင်းလွတ်လွ
လပ်လပ် သိုင်းလေ့ကျင့်နိုင်အောင် လွှတ်ပေးထားခဲ့ခြင်းဖြစ်လေသည်

ရှမ်းထင်းက သူလမ်းပြခဲ့သည့် အရက်မူးသိုင်းကို လေ့ကျ

နေခြင်း မဟုတ်ပါလား ...။

ခုံးမိန်က မသိမသာ အခွင့်အရေးပေးထားသဖြင့် ရှမ်းထင်း
လည်း သိုင်းပညာလေ့ကျင့်ဘို့ အချိန်ပိုရခဲ့သည်ဟု ဆိုနိုင်ပါတော့
သည်။

ရှမ်းထင်းသည် ပျင်းရိနေခြင်းမရှိပဲ ကြိုးစား၍ ဖိဖိစီးစီးလေ့
ကျင့်ခဲ့သည်။

ထို့ကြောင့် ...

သူ၏သိုင်းပညာမှာ တစ်စထက်တစ်စ တိုးတက်လာလေ
တော့သည်။

♣ ♣ ♣

တစ်နေ့ ...

ထိုတစ်နေ့သည် ရှမ်းထင်း၏ဘဝကို ပြောင်းလဲသွားစေမည်
ဖြစ်လေသည်။

ထိုတစ်နေ့ကို ရှမ်းထင်း မမျှော်လင့်ခဲ့ပါ။ သူ၏ဘဝတွင်
မမျှော်လင့်သောကိစ္စများနှင့် မကြာခဏကြုံတွေ့ခဲ့ရသည် မဟုတ်ပါ
လား ...။

ထိုနေ့က ရှမ်းထင်းသည် လွတ်လွတ်လပ်လပ် သိုင်းလေ့ကျင့်
နိုင်ရန် မီးဖိုဆောင်၏ ဝဲဘက်တစ်နေရာရှိ ချိုင့်ဝှမ်းထဲသို့ဆင်းလာခဲ့
လေသည်။

တစ်နေ့တာတာဝန်အဖြစ် ကျောက်စည်ငါးစည်ပြည့်အောင်
ရေခပ်ပြီးသွားပြီဖြစ်၍ အားလပ်နေပြီဖြစ်ပါသည်။ သူကအားလပ်

သည်နှင့် ချိုင့်ဝှမ်းထဲဆင်းလာကာ တိတ်တဆိတ် သိုင်းလေ့ကျင့်နေခြင်းဖြစ်လေသည်။

သူရွေးချယ်ထားသောနေရာမှာ လူသူအရောက်အပေါက်နည်းပါးပြီး တိတ်တိတ်ဆိတ်ဆိတ်ရှိသော နေရာတစ်ခုဖြစ်လေသည်။ ဤနေရာသို့ သူသွားပြီး သိုင်းလေ့ကျင့်သည်ကို တာဝန်ခံ ဆရာခုံးမိန်မှလွဲပြီး အခြားမည်သူမျှ မသိကြချေ။

ယနေ့ ...

ရှမ်းထင်းသည် အေးချမ်းသော လျှို့ဝှက်နေရာလေးသို့လာကာ သိုင်းလေ့ကျင့်ခဲ့သည်။ သူက ခုံးမိန်၏ အရက်မူးသိုင်းကို နှစ်သက်သဘောကျကာ ကြိုးကြိုးစားစား လေ့ကျင့်ခဲ့ပြီးဖြစ်သည်။

သို့သော် ...

အပြင်းအထန်ကြိုးစားခဲ့သည့်တိုင်အောင် အရက်သမား မူးလဲသည့်သိုင်းကွက်ကို အောင်မြင်အောင် လေ့ကျင့်ခြင် မပြုနိုင်သေးချေ။

သိုင်းလေ့ကျင့်လေတိုင်း များသောအားဖြင့် ထိုသိုင်းကွက်ကို အဖန်ဖန် တလဲလဲ လေ့ကျင့်ရသည်ကများလေသည်။ ရှမ်းထင်းက ကြိုးစားအားထုတ်ကာ လေ့ကျင့်ပါသော်လည်း အကျိုးဖြစ်ထွန်းမလာ၍ စိတ်ဓာတ်ကျလာလေသည်။ ရှမ်းထင်းသည် သိုင်းလေ့ကျင့်ယင်း တဖြည်းဖြည်း ရပ်တန့်သွား၏။

သူ၏စိတ်ထဲ တွေးမိလိုက်သည်။

"ငါက ... သိုင်းလေ့ကျင့်နေလို့ကော ဘာထူးတော့မှာလဲ တတ်မြောက်နိုင်မှာမှ မဟုတ်တာ"



မြေပေါ်၌ ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်။

ထိုစဉ် ...

မလှမ်းမကမ်းမှ စကားပြောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှမ်းထင်း အံ့ဩသွားသည်။

"စကားသံတွေပါလား၊ သည်နေရာကို တော်ရုံတန်ရုံ လူမလာပါဘူး၊ လူရှင်းတဲ့နေရာကို ငါရွေးထားတာပဲ၊ ရောက်လာတာဘယ်သူတွေပါလိမ့်"

ရှမ်းထင်းက တွေးယင်း ထိုင်ရာမှထလိုက်သည်။ လှမ်းကြည့်လိုက်ရာ သစ်ပင်များကြားမှ လျှောက်လာနေသူနှစ်ယောက်ကို တွေ့လိုက်ရလေသည်။

ရှောင်လင်ကျောင်းမှ ကိုရင်နှစ်ပါးဖြစ်ပါသည်။ ရှမ်းထင်းသည် သစ်ပင်တစ်ပင်နောက်ကျောသို့ ကပျာကယာ ပုန်းနေလိုက်သည်။

ကိုရင်နှစ်ပါးကိုလည်း ချောင်းကြည့်အကဲခတ်နေလိုက်၏။ ကိုရင်နှစ်ပါးသည် စကားတပြောပြောဖြင့် လျှောက်လာနေခြင်းဖြစ်ပါသည်။

"ဒုက္ခပါပဲကွာ ... သည်လူကြီးစီကို သတင်းသွားပို့ရတာထက် ကျားမြီးဆွဲရတာကမှ ပိုကောင်းဦးမယ်၊ နောက်တော့ သည်လူကြီးက အတော်ဒေါသကြီးတာပဲ၊ ကျောင်းထိုင်ဆရာတော်က သူ့ကို ဂရုစိုက် စောင့်ကြည့်ရမယ်၊ အခြေအနေထူးယင် သတင်းပို့ရမယ်လို့ မှာထားတယ်၊ ဘယ်လိုအကြောင်းကြောင့်မှန်း မသိပါဘူး၊ တို့ ဒီတာဝန်ကိုယူထားတာကြာပြီ၊ သည်အကြောင်း လျှို့ဝှက်ထားရမယ်လို့လဲ မှာ

ထားသေးတယ်"

"အေးပေါ့ သည်အကြောင်း သတင်းပေါက်ကြားသွားရင် ဘာဖြစ်လာမယ် မဆိုနိုင်ဘူး၊ ရှောင်လင်ကျောင်းရဲ့ သိက္ခာကျသွားမှာ တော့ သေချာတယ်၊ နောက်ထပ်ပေါ် ပေါက်လာမယ့် အကျိုးဆက်တွေ စဉ်းစားလို့တောင် မရဘူး"

ကိုရင်ကြီးနှစ်ပါး စိတ်ပျက်ညည်းညူစွာ ပြောဆိုနေကြသည့် စကားများကို ရှမ်းထင်းအတိုင်းသား ကြားနေရလေတော့သည်။

တစ်စထက်တစ်စ နီးကပ်လာလေသောကြောင့် ကိုရင်ကြီး နှစ်ပါးအား ကောင်းစွာတွေ့နေရလေသည်။

တစ်ပါးသောကိုရင်ငယ်လက်ထဲ၌ ကြိမ်ခြင်းတောင်းကြီးတစ် လုံး ဆွဲထား၏။

ကျန်ကိုရင်ကြီး၏လက်ထဲ၌ မီးအိမ်တစ်လုံးရှိနေသည်၊ ကိုရင်ကြီးနှစ်ပါးသည် ရှမ်းထင်းအား လုံးဝသတိမပြုမိကြပါချေ။

ရှမ်းထင်း အသက်ပြင်းပြင်း မရှူရဲချေ။

"ငါ့ကိုတွေ့သွားလို့တော့ မလွယ်ဘူး၊ ဆရာခုံးမိန်ကို သွားတိုင် ပြောယင် အပြစ်ပေးခံရမှာ သေချာနေပြီ"

ကိုရင်ကြီးနှစ်ပါးကျော်ဖြတ်သွားလျှင် သူသည် အပေါ်သို့ ထွက်သွားရန် ဆုံးဖြတ်လိုက်လေသည်။

သို့သော် ...

ကိုရင်ကြီးနှစ်ပါးပြောဆိုခဲ့သည့်စကားများကြောင့် ရုတ်တရက် ထွက်မသွားဖြစ်တော့ချေ။

သူတို့ပြောသည့်စကားများက စိတ်ဝင်စားစရာကောင်းနေ



သည် မဟုတ်ပါလား။

"လူတွေသိသွားယင် ရှောင်လင်ကျောင်းရဲ့ ဂုဏ်သိက္ခာကို ထိခိုက်မယ်လို့ပြောတယ် မဖြစ်သေးပါဘူး၊ ဘယ်လိုများလဲဆိုတာ စုံစမ်းကြည့်ယင် ကောင်းလိမ့်မယ်"

လူတို့၏စိတ်သဘောကား မသိစေလိုသည့်အရာကိုမှ သိလို တတ်ကြသည်။

ရှောင်လင်ကျောင်း၏ ဂုဏ်သိက္ခာနှင့်ပတ်သက်နေခြင်း ကြောင့် ရှမ်းထင်း ဂဏာမငြိမ်ဖြစ်လာတော့သည်။

"ဂုဏ်သိက္ခာထိခိုက်ကျဆင်းရမယ်ဆိုတာ မကောင်းတာ တစ်ခုခုလုပ်ထားလို့များလား"

ရှမ်းထင်း မနေနိုင်တော့ပါ။

ကိုရင်ကြီးနှစ်ပါးနောက်သို့ တိတ်တဆိတ်လိုက်သွားမိလေ တော့သည်။

ကိုရင်ကြီးနှစ်ပါးသည် သစ်ပင်များကြားမှဖြတ်ကာ အနောက် ဘက်စူးစူးကို သွားကြလေသည်။ အနောက်ဘက်တွင် တောင်ကုန်း တောင်ကမူများ၊ ချုံနွယ်ပိတ်ပေါင်းများ ထူထပ်လျက်ရှိလေသည်။ထို နေရာသို့ ရှမ်းထင်း တစ်ကြိမ်တစ်ခါမှ မရောက်ခဲ့ဘူးချေ။ ချုံနွယ် ပိတ် ပေါင်းများကြားမှတိုးကာ ကိုရင်ကြီးနှစ်ပါးနောက်သို့ လိုက်သွားမိလေ သည်။

"သည်နေရာမှာ ငါလာပြီး သိုင်းလေ့ကျင့်နေတာ ဆယ်ရက် လောက်ရှိနေပြီ၊ သည်ဘက်ကို တစ်ခါမှမရောက်ဖူးသေးဘူး၊ ထူးခြား တဲ့နေရာတစ်ခုဆိုတာ ငါမသိခဲ့ရပါလား"

ချုပုတ်ကြီးများ၏တဖက်၌ လူသွားလမ်းကလေးတခုရှိနေသည်။

"သည်နေရာမှာ လမ်းကလေးတစ်ခုရှိနေတာကိုး"

ထူးခြားမှုကြောင့်ပို၍ စိတ်ဝင်စားလာသကဲ့သို့ စိတ်လှုပ်ရှားလာလေသည်။

ချုဖုတ်ကြီးအနီးမှ ထွက်မသွားခဲ့ပဲ အခြေအနေ အကဲခတ်နေလိုက်သည်။ ကိုရင်ကြီးနှစ်ပါးသည် စကားတပြောပြောဖြင့် လှမ်းသွားကြပြီး၊ မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

ရှမ်းထင်းက လူသွားလမ်းကလေးအတိုင်း အရှေ့ဘက်သို့ မျှော်ကြည့်လိုက်သည်။

လမ်းကလေးသည် အောက်ဘက်သို့ နိမ့်ဆင်းသွားခြင်း ဖြစ်ပြီး တောင်ကုန်း၊ တောင်ကမူများဆီသို့ ဦးတည်နေသည်ကို တွေ့ရ၏၊

ကိုရင်ကြီးနှစ်ပါး၏ အရိပ်အယောင်ကို ပင် မတွေ့မမြင်ရတော့ပါချေ။

"ငါ ... ဘာလုပ်ရမလဲ"

ဆက်၍လိုက်သွားမည်လော၊ နောက်ကြောင်းလှည့်ပြန်မည်လော"

ရှမ်းထင်းစိတ်ဒုန်းဒုန်းချလိုက်သည်။

"လိုက်လာပြီးမှတော့ အခြေအနေသိရအောင် ဆက်ပြီးလိုက်သွားတာပဲ ကောင်းပါလိမ့်မယ်"

ချုပုတ်နံဘေးမှ ထွက်ကာ လူသွားလမ်းကလေးအတိုင်းပြေးသွားလိုက်လေသည်။



မကြာပါချေ လမ်းကလေးသည် ကျောက်တောင်ကြီးတစ်ခုသို့ ဦးတည်နေသည်ကိုငှင်း၊ ကျောက်တောင်အောက်ခြေသို့ လိုဏ်ဂူကြီးတစ်ခုရှိ နေသည်ကို ၄င်းတွေ့လိုက်ရလေသည်။

ကိုရင်ကြီးနှစ်ပါးမှာ လိုဏ်ဂူကြီးရှေ့၌ ရောက်ရှိနေကြပြီဖြစ်ပါသည်။ ကြီးမားလှသော လိုဏ်ဂူပေါက်ကြီး၌ သံမဏိတံခါးတချပ်တပ်ဆင်ထားသည်။ကိုရင်ကြီးနှစ်ပါးသည် အသင့်ယူလာသော သော့တံများဖြင့် သံမဏိတံခါးကြီးအား ဖွင့်လိုက်လေသည်။

"ဂျိမ်း ..."

တံခါးပွင့်သွားလျှင် နှစ်ယောက်သား အတွင်းဘက်ဝင်ကာ မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေတော့သည်။

♣ ♣ ♣

ကိုရင်ကြီးနှစ်ပါးသည် ကျောက်လိုဏ်ဂူကြီးထဲဝင်သွားကြပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားကြပြန်လေသည်။

ရှမ်းထင်းက ကျောက်တုံးတစ်တုံးနောက်ကွယ်၌ ပုန်းအောင်းကာ စောင့်ကြည့်နေလိုက်၏။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။ ကိုရင်ကြီးနှစ်ပါး ပြန်ထွက်မလာကြချေ။ စကားပြောဆိုသံများလည်း မကြားရပါ။

လိုဏ်ဂူထဲ ဝင်သွားကြပြီး ပျောက်ချင်းမလှ ပျောက်ကွယ်သွားကြခြင်းဖြစ်လေသည်။

"သူတို့ဘာကြောင့် လိုဏ်ဂူထဲဝင်သွားရတာလဲ၊ ဘာကြောင့်သည်လောက်ကြာတာတောင် ပြန်ထွက်မလာကြသေးတာလဲ"

ရှမ်းထင်းက ဆက်၍စောင့်ကြည့်နေသော်လည်း ကိုရင်ကြီးနှစ်ပါး၏ အရိပ်အရောင်ကိုပင် မတွေ့ရပါချေ။ ရှမ်းထင်း ပုန်းကွယ်ရာမှ ထွက်လိုက်ကာ အချို့သော လိုဏ်ဂူ များက ဝင်ပေါက်ရှိသကဲ့သို့ အခြားတဘက်၌လည်း ထွက်ပေါက်တစ်ခု ရှိနေတတ်သည် မဟုတ်ပါလား။

ကိုရင်ကြီးနှစ်ပါးသည် လှိုဏ်ဂူထဲဝင်သွားပြီး အခြားသောထွက်ပေါက်တစ်ခုမှ ထွက်သွားကြပြီဟုထင်နေမိသည်။ ထို့ကြောင့် ရဲရဲတင်းတင်း ထွက်လာခဲ့ခြင်းဖြစ်သည်။ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေပါသည်။ တစ်ခါတစ်ရံမှသာ လေတိုးသဖြင့် သစ်ရွက်များလှုပ်ရှားသွားသံကို ကြားရသည်။

ရှမ်းထင်းက ပတ်ဝန်းကျင်ကို အမှုမထားနိုင်ပါတော့ချေ။ ကျောက်ဂူကြီးအား စိတ်ဝင်စားနေပြီဖြစ်ပါသည်။ ခပ်သွက်သွက်လှမ်းသွားယင်း ကျောက်ဂူကြီးအနီးသို့ ရောက်မှန်းမသိ ရောက်ရှိသွားလေသည်။ ကျောက်ဂူကြီးကား တံခါးဖွင့်ထားသဖြင့် ဂူပေါက်ဟာလာဟင်းလင်းဖြစ်နေပါသည်။

ရှမ်းထင်းက စောင်းငဲ့ကြည့်လိုက်သည်။ ကျောက်ဂူအတွင်းပိုင်း၌ မှောင်မည်းနေကာ ဘာကိုမှ မတွေ့ရပါချေ။

ကိုရင်ကြီးနှစ်ပါး၏ အရိပ်အရောင်ကိုလည်း မတွေ့ရပါ။

"သူတို့ တဖက်ထွက်ပေါက်ကထွက်သွားကြပြီထင်ပါရဲ့"

ရှမ်းထင်းလည်း ကျောက်ဂူကြီးထဲလှမ်းဝင်လိုက်လေသည်။ ဂူထဲ၌ တိတ်ဆိတ်နေသည်။ ရှမ်းထင်းက ခြေသံမကြားရအောင် ဂရုစိုက်ကာဝင်လာခဲ့သည်။

သို့ဖြင့် ...



ကျောက်ဂူအတွင်းပိုင်းသို့ ရောက်မှန်းမသိ ရောက်ရှိလာလေတော့သည်။ ကျောက်ဂူသည် ကြီးမားကျယ်ဝန်းပြီး အတွင်းဘက်၌ ကွေ့ကွေ့ကောက်ကောက်ရှိနေ၏။

အချိုးအကွေ့တစ်ခုကို ကျော်ဖြတ်လိုက်မိသည်နှင့် ရှမ်းထင်း ထိတ်လန့်သွားရလေတော့သည်။

အကြောင်းကား ကျောက်ဂူတစ်ဆစ်ချိုးတဘက်၌ မီးရောင်များ ထိန်ထိန်လင်းနေသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

ဂူနံရံ၌ မီးအိမ်တစ်လုံး ချိတ်ဆွဲထားလေသည်။

ကိုရင်ကြီးနှစ်ပါး သယ်ဆောင်သွားကြသော မီးအိမ်ဖြစ်ပါလေသည်။

ရှမ်းထင်းသည် အလင်းရောင်ကြောင့် ထိတ်လန့်ကာ ကျောက်ဂူနံရံအနီး အမှောင်ရိပ်ကျနေသော နေရာတစ်ခုသို့ ကပျာကယာပြေးသွားပြီး ပုန်းအောင်းနေလိုက်လေသည်။ ရှမ်းထင်းပုန်းအောင်းလိုက်စဉ်မှာပင် လှိုဏ်ဂူတစ်ခုလုံး ဟိန်းထွက်အောင် ကျယ်လောင်သောအသံကြီးထွက်ပေါ်လာလေသည်။

ထိုအသံကား

"ထွက်သွားကြစမ်း"

တစ်စုံတစ်ယောက်အား မောင်းထုတ်လိုက်သည့် အသံဖြစ်နေပါသည်။ မည်သူက မည်သူ့အား မောင်းထုတ်နေပါသနည်း။

ရှမ်းထင်း၏ ခန္ဓာကိုယ် ဆတ်ခနဲတုန်သွား၏။ အော်ငေါက်သံက ထိတ်လန့်စရာကောင်းလှသည် မဟုတ်ပါလား။

ရှမ်းထင်းသည် ချက်ခြင်းပင် ဂူထဲမှ ထွက်ပြေးသွားလိုစိတ်များဖြစ်ပေါ်လာလေတော့သည်။

"ဒုက္ခပဲ ငါဂူထဲဝင်လာတာကို သိသွားလို့ မောင်းထုတ်လိုက်တာများလား"

သူ့အကြောင်းသိသွားကာ မောင်းထုတ်ခြင်းလေလား သံသယများကာ ဟိုဟိုသည်သည်ကြည့်မိ၏။ မီးရောင်များ ထွက်ပေါ်နေသော်လည်း ဂူထဲ၌ မည်သူတစ်ဦးတစ်ယောက်ကိုမှ မတွေ့ရပါချေ။

ကျောက်ဂူအတွင်းပိုင်း၌ ကွေ့ကွေ့ကောက်ကောက်ရှိနေခြင်းကြောင့်ဖြစ်သည်။ ကြားလိုက်ရသော အော်ငေါက်သံမှာ ကိုရင်ကြီးနှစ်ပါး၏အသံ မဟုတ်ပါချေ။

အခြားလူတစ်ယောက်၏ အသံဖြစ်သည်။

ကျောက်လိုဏ်ဂူကြီးအတွင်း၌ တစ်စုံတစ်ယောက်ရှိနေကြောင်း ထင်ရှားသည်။

ရှောင်လင်ကျောင်း၌ လျှို့ဝှက်ချက်တစ်ခုရှိနေသည်မှာ ထင်ရှားနေချေပြီ။ ထိုလျှို့ဝှက်ချက်ကို သူမကြာခင် တွေ့ရတော့မည်ဟု ရှမ်း ထင်း ယုံကြည်မိလေသည်။ ရှမ်းထင်း တွေးတောနေစဉ် စကားသံအချို့ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဒုက္ခပဲ ဘယ်လိုလုပ်ကြမလဲ"

ရှမ်းထင်းခေါင်းထောင်လာသည်။ ကိုရင်ကြီးတစ်ပါး၏အသံဖြစ်ကြောင်း ရိပ်မိလိုက်၏။

သူတို့ ကျောက်ဂူထဲမှာရှိနေကြသေးတာကိုး၊ ကိုရင်ကြီးနှစ်ပါး ကျောက်ဂူထဲ၌ပင် ရှိနေကြသေး၏။



"ဘယ်လိုလုပ်ရမလဲ ကျွေးစရာရှိတာ ကျွေးရမှာပေါ့၊ တို့တာဝန်ပဲ"

"သူကမှ မစားတာ"

"သူမစားလည်း တို့တာဝန်အရ ကျွေးရမှာပဲ"

ကြိမ်ခြင်းတောင်း မြေပေါ်ချသံ၊ ချိုင့်များ၊ ခွက်များဖွင့်သောအသံများ ထွက်ပေါ်လာသည်။

"လက်စသပ်တော့ ကိုရင်ကြီးနှစ်ပါးဟာ သည်ကျောက်ဂူထဲကလူကို အစာရေစာ လာကျွေးတာကိုး"

ရှမ်းထင်းသည် ကိုရင်ကြီးနှစ်ပါး၏တာဝန်ကို သိသွား၏။ ကိုရင်ကြီးနှစ်ပါး၏ စကားသံများ ထွက်ပေါ်လာ၏။

"ကောင်းပြီး ... တာဝန်ရှိတော့လည်း ကျွေးရမှာပေါ့"

"ကျွေးကွာ"

"ကဲ ... စားလိုက်ပါဗျာ"

သူတို့၏ စကားသံနှင့် မရှေးမနှောင်းမှာပင် ...

"ဟော့ ... ပြောနေတယ် မကြားဘူးလား၊ ထွက်သွားကြစမ်း၊ အခုထွက်သွားကြ"

ဒေါသတကြီး အော်ငေါက်သံက ကျယ်လောင်စွာ ဟိန်းထွက်လာလေတော့သည်။

ကိုရင်ကြီးနှစ်ပါးသည် ကျောက်ဂူထဲမှလူအား လာရောက်ကျွေးမွေးနေခြင်းဖြစ်ပြီး ထိုလူကမစားပဲ ငြင်းဆန်ကာ အော်ငေါက်မောင်းထုတ်နေခြင်းဖြစ်ကြောင်း ထင်ရှား၏။

"ထွက်သွားကြစမ်း၊ မင်းတို့အစားအစာတွေကို ငါမစားချင်

ဘူး၊ သွားဆိုယင် ခုချက်ခြင်း ထွက်သွားကြစမ်း"

လိုဏ်ဂူထဲ၌ အသံဩဩကြီးက ဟိန်းထွက်နေသည်။

ရှမ်းထင်းက အမှောင်ထဲမှ ခေါင်းပြူကြည့်လိုက်၏။

"ခွမ်း"

ကျယ်လောင်သော အသံထွက်ပေါ်လာ၏။

ပန်းကန်များ ခွက်များကို ပေါက်ခွဲပစ်လိုက်ကြောင်း ပေါ်လွင်နေသည်။

ကိုရင်ကြီးနှစ်ပါး၏ စကားသံ ထွက်ပေါ်လာသည်။

"သည်လူ တော်တော်ဆိုးပါလား"

"သူမစားချင်ယင်လည်း နေပါစေတော့"

"သူ့ကို ဘာမှမကျွေးပဲ သွားမလား"

"ဟုတ်တယ်လေ ... သူမှမစားတာပဲ ..."

ကိုရင်ကြီးနှစ်ပါးသည် ကျောက်ဂူထဲမှလူကြောင့် အခက်ကြုံနေကြပုံရှိလေသည်။

"သူ့ကို လျစ်လျူရှုပြီး ထွက်သွားတာက အရေးမကြီးဘူး၊ တော်ကြာ ကျောင်းထိုင်ဆရာတော်က ကျုပ်တို့တာဝန်မကျေဘူးဆိုပြီး အပြစ်တင်နေဦးမယ်"

"ဒါတော့ ဘယ်တတ်နိုင်ပါ့မလဲ၊ ကျုပ်တို့က ကျွေးတာပဲ၊ သူကမှ မစားတာ"

"အင်း ... ဒါလည်းဟုတ်တာပဲ"

"ကဲ ... ထားလိုက်ပါ၊ ကျုပ်တို့သွားကြပါစို့"

"ကောင်းပြီလေ"



ကိုရင်ကြီးနှစ်ပါးသည် ကျောက်ဂူထဲမှလူကို အလျှော့ပေးကာ ထွက်သွားဘို့ ဆုံးဖြတ်လိုက်လေသည်။

စကားသံများဆုံးလျှင် ခြေသံများထွက်ပေါ်လာလေတော့သည်။

အော်ငေါက်သံ၊ ကျယ်လောင်စွာ ဟားတိုက်ရယ်မောသံများလည်း ဟိန်းထွက်လာလေသည်။

"ဟား ... ဟား ... ဟား ..."

"သွားကြ ... မြန်မြန် ထွက်သွားကြစမ်း"

ရှမ်းထင်း ထိတ်လန့်သွား၏။

အမှောင်ရိပ်ထဲပို၍ တိုးဝင်ကာ ခန္ဓာကိုယ်ကျုံ့ထားလိုက်သည်။

ကိုရင်ကြီးနှစ်ပါးပြန်ထွက်လာသည့် ခြေသံများကိုကြားနေရပြီမဟုတ်ပါလား။

ခြေသံများက တစ်စထက်တစ်စ ကျယ်လောင်လာလေသည်။ ကိုရင်ကြီးနှစ်ပါး ပြန်ထွက်လာသည့် ခြေသံများကိုကြားနေရပြီ မဟုတ်ပါလား။

ခြေသံများက တစ်စထက်တစ်စ ကျယ်လောင်လာလေသည်။ မီးရောင်ဖြင့် ကိုရင်ကြီးနှစ်ပါးက စိတ်ပျက်လက်ပျက် ပြန်ထွက်လာကြသည်ကို တွေ့ရလေသည်။

ရှမ်းထင်း ကံကောင်းသွားပါသည်။

ကိုရင်ကြီးနှစ်ပါးသည် ကိုယ့်အပူနှင့်ကိုယ်မို့ ရှမ်းထင်းကို သတိမပြုမိပဲ နံဘေးမှ ဖြတ်ကျော်ကာ ကျောက်ဂူအပြင်ဘက်သို့ ထွက်

သွားကြလေသည်။

တခဏအကြာတွင် လူလုံးပျောက်ကွယ်သွားသလို ခြေသံများလည်း ပျောက်ကွယ်ကာ ကျောက်ဂူတစ်ခုလုံး ပြန်လည်တိတ်ဆိတ်သွားလေတော့သည်။

♣ ♣ ♣

ကိုရင်ကြီးနှစ်ပါးထွက်သွားကြပြီဖြစ်သည်။

ရှမ်းထင်းက အမှောင်ရိပ်ထဲ ငြိမ်နေဆဲ ... အတွင်းဘက်မှ လှုပ်ရှားသံ၊ အော်ငေါက်သံများကိုလည်း မကြားရတော့ပါ။

"ကျောက်ဂူထဲမှာ တစ်ယောက်ယောက် ရှိနေတယ်"

"ဘယ်သူများပါလိမ့် ... "

"သူစားဘို့ အစာရေစာတောင် လာပို့ပေးရတယ်ဆိုတော့ သည်လူဟာ အကျဉ်းချခံထားရတဲ့လူတစ်ယောက်ဖြစ်ဘို့များနေပြီ"

"လူတစ်ယောက်ကို မတရားဖမ်းဆီး အကျဉ်းချထားတာ ရှောင်လင်ကျောင်းရဲ့ လျှို့ဝှက်ချက်တစ်ခုလား"

ရှမ်းထင်း အမျိုးမျိုးတွေးမိလေသည်။

အကယ်၍ တစ်စုံတစ်ယောက်သာ မတရားဖမ်းဆီးချုပ်နှောင်ထားခြင်းခံရသည်ဆိုပါလျှင် ထိုလူအား ကူညီလိုစိတ်များ ရှမ်းထင်း၏ရင်ထဲ ဖြစ်ပေါ်လာ၏။

သူကမတရားမှုကို လွန်စွာမုန်းတီးစက်ဆုပ်သည် မဟုတ်ပါလား။



ဒုက္ခရောက်နေသူဆိုလျှင် အကူအညီပေးလိုစိတ်များလည်း ဖြစ်ပေါ်လာလေတော့သည်။

ထို့ကြောင့် ပုန်းကွယ်ရာမှ ထွက်ကာ သတိဖြင့် ရှေ့တိုးသွားလိုက်မိလေသည်။

မီးရောင်များ ထွက်ပေါ်နေဆဲ ...

ကိုရင်ကြီးနှစ်ပါးက မီးအိမ်ပြန်မယူသွားခြင်းကြောင့် ကံကောင်းသည်ဆိုနိုင်ပါသည်။

"ဘယ်သူမှလဲ မရှိပါလား ... "

ရှမ်းထင်းက ပတ်ဝန်းကျင်ကို အကဲခတ်ယင်း အံ့ဩနေ၏ နေယင်ထက်ခြေသံလေးလှမ်းမျှ ရှေ့တိုးသွားမိလျှင်

"ဟိတ် ... မင်းတို့ ပြန်လာပြန်ပြီလား"

ကျယ်လောင်သော အော်ငေါက်သံကြီးက လိုဏ်ဂူထဲ ဟိန်း၍ထွက်ပေါ်လာလေတော့သည်။

ရှမ်းထင်း ထိတ်လန့်ကာ ကပျာကယာ နောက်ဆုတ်လိုက်မိ၏။

"ထွက်သွားလို့ ပြောနေတယ် မကြားဘူးလား"

အော်ငေါက်သံကား ကျောက်ဂူနံရံတဘက် အမှောင်ရိပ်ကျနေသောနေရာမှ ထွက်ပေါ်လာခြင်းဖြစ်ပါသည်။

ရှမ်းထင်းက အထိတ်တလန့်ကြည့်လိုက်လျှင် ထိုအမှောင်ရိပ်ထဲ၌ လူတစ်ယောက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။ ထိုလူသည် မားမားမတ်မတ်ရပ်ကာ ဝင်းလက်သော မျက်လုံးများဖြင့် စိုက်ကြည့်နေ၏။

ရှမ်းထင်းသည် လူတစ်ယောက်ရှိနေမှန်း သိထားသော်လည်း ရုတ်တရက်တွေ့လိုက်ရသဖြင့် တကိုယ်လုံး တောင့်တင်းကာ ကြက်သေသေကြီးဖြစ်သွားရလေတော့သည်။

♣ ♣ ♣

လိုဏ်ဂူအတွင်းပိုင်း၌ဖြစ်သည်။

ကျောက်သားနံရံနှင့်ကပ်လျက် အမှောင်ရိပ်ကျနေသောနေရာ၌ လူတစ်ယောက် မားမားမတ်မတ် ရပ်နေသည်။

ထိုလူ၏ ပုံပန်းသဏ္ဌာန်ကိုကြည့်ခြင်းဖြင့် အဘိုးအိုတစ်ယောက်ဖြစ်ကြောင်း ရှမ်းထင်းသတိပြုမိလိုက်လေသည်။

အမှောင်ရိပ်ထဲ၌ရှိသဖြင့် မျက်နှာကို သဲသဲကွဲကွဲ မတွေ့ရပါချေ။

မည်သူမည်ဝါဖြစ်ကြောင်းလည်း မသိနိုင်ပါ။

ရှမ်းထင်းသည် အဘိုးအိုကိုကြည့်ယင်း ငေးငိုင်နေမိသည်။ အဘိုးအိုက ငေါက်လိုက်လေသည်။

"ဟိုတ် ... မင်းဘာလုပ်နေတာလဲ၊ ငါ့ရှေ့က မြန်မြန်ထွက်သွားစမ်း"

သူကလှုပ်ရှားလိုက်လျှင် တချွင်ချွင်မြည်သံများ ထွက်ပေါ်လာလေသည်။ သံသံချင်းထိခိုက်မိခြင်းကြောင့် ထွက်ပေါ်လာသောအသံများဖြစ်လေသည်။

ရှမ်းထင်းပိုပြီး အံ့ဩသွား၏။

အဘိုးအိုအား သံကြိုးများဖြင့် တုတ်နှောင်ထားကြောင်း



သတိပြုမိသွား၍ဖြစ်သည်။

ပို၍သေချာစေရန် ရှေ့တိုးကာ ကြည့်လိုက်လေသည်။ အဘိုးအို ဒေါပွသွားလေသည်။

"တောက် ... ထွက်သွားပါဆိုမှာ ရှေ့တိုးလာသေးတယ်၊ သေချင်ပြီထင်တယ်"

သူ၏လက်များကို ဝှေ့ယမ်းကာ ရိုက်ပုတ်ရန် ဟန်ပြင်လိုက်လေသောအခါ

" ချွင် ... ချွင် ... "

သံကြိုးများ၏ တချွင်ချွင် မြည်သံများ ထွက်ပေါ်လာလေတော့သည်။

ရှမ်းထင်းမှာ စိုးရွံ့နေသော်လည်း နောက်မဆုတ်သည့်အပြင် ရှေ့တိုးကာ သေသေချာချာကြည့်လိုက်၏။ အသက်ငါးဆယ်ကျော်ခန့်ရှိသော အဘိုးအိုတစ်ဦးဖြစ်ကြောင်း တွေ့ရလေသည်။

ဟောင်းနွမ်းပြီး ချေးညှော်အလိမ်းလိမ်းကပ်ငြိကာ နံစော်နေသော အဝတ်အစားများ ဝတ်ဆင်ထား၏။ ဆံပင်များကလည်း ငှက်သိုက်ပမာ ပွယောင်းယောင်းဖြစ်ကာ ရှည်လျားပြီး ဖားလျားကျနေသည်။

မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများကလည်း ပရပျစ်ရှိနေခြင်းကြောင့် သူ၏မျက်နှာသွင်ပြင်ကို သဲသဲကွဲကွဲ တွေ့မြင်ရဘို့ မဖြစ်နိုင်တော့ချေ။ ထူးခြားသည်မှာ ထိုလူ၏ မျက်လုံးများ ဖြစ်လေသည်။ သူ၏မျက်လုံးများသည် စူးရှတောက်ပကာ အရောင်တဖိတ်ဖိတ်လင်းလက်နေပါတော့သည်။

အဘိုးအို၏လက်နှစ်ဘက်ကို လက်ကောက်တ်မှ သံကွင်းဖြင့်စွပ်ကာ သံကြိုးရှည်ဖြင့် တဆက်တည်း ချည်နှောင်ထားလေသည်။

ခြေထောက်နှစ်ဘက်ကိုလည်း သံကြိုးကွင်းနှစ်ချောင်းဖြင့် ချည်နှောင်ထား၏။

အဘိုးအိုအား ချည်နှောင်ထားခြင်း ဖြစ်ပါတော့သည်။ သံကြိုးများကို ကျောက်နံရံ၌ သံငုတ်ဖြင့် အသေရိုက်ထားရာ မည်နည်းနှင့်မျှ ကြိုးပြတ်ပြီးလွတ်မြောက်သွားနိုင်စရာမရှိတော့ချေ။

အဘိုးအိုကား ဒေါသတကြီး အော်ငေါက်နေသည့်တိုင်အောင် သံကြိုးများဖြင့် ချည်နှောင်ကာ ဖမ်းဆီးချုပ်နှောင်ထားခြင်းခံနေရသူ (ဝါ) အကျဉ်းသားတစ်ယောက် ဖြစ်နေပါတော့သည်။ ကျောက်ဂူထဲ၌ ချည်နှောင်ခံရကာ အကျဉ်းကျခံနေရသူ၏ ဘဝကားဆိုးရွားလှပေသည်။

ရှမ်းထင်းသည် ထိုအဘိုးအိုကို ငေးမောကြည့်နေမိတော့သည်။ အဘိုးအိုသွားချင်း တကျိကျိမြည်အောင် အံကြိတ်လိုက်ပြီး ဒေါသတကြီး အော်ပြောလိုက်ပြန်သည်။

“ငါသာ ချုပ်နှောင်ထားတဲ့နေရာက လွတ်မြောက်ကြည့်စမ်းပါ၊ ရှောင်လင်ကျောင်းကို ပြာပုံဖြစ်အောင် မီးရှို့ပစ်လိုက်မယ်”

ရှမ်းထင်း မျက်လုံးပြူးသွားသည်။

အဘိုးအိုက ကျိတ်မနိုင် ခဲမရဖြစ်နေပါသည်။

“ရှောင်လင်ကျောင်းရဲ့ ကျောင်းထိုင်ကစလို့ ငယ်သားပါတစ်ယောက်မကျန်အောင် သတ်ပစ်မယ်ကွ၊ ငါ့ကိုခုလို ဖမ်းဆီးချုပ်နှောင်ထားတာကို ကျေမယ်များထင်နေကြသလား”

---



ရှောင်လင်ကျောင်းအား အမုန်းကြီး မုန်းနေကြောင်းထင်ရှားနေပါတော့သည်။

မကျေမည့်ဒေါသတကြီး ကျူးဝါးနေသည်မှာ ကြက်သီးထစရာကောင်းလှပေသည်။

ယခုနေ အဘိုးအိုသာ အနှောင်အဖွဲ့မှလွတ်မြောက်သွားပါလျှင် မိမိကို ချမ်းသာပေးမည်မဟုတ်ပဲ သတ်ပစ်လိမ့်မည်ဖြစ်ကြောင်း ရှမ်းထင်း တွေးမိသည်။

ထို့ကြောင့် ကပျာကယာ နောက်ဆုတ်မိလိုက်လေတော့သည်။

“ထွီ ...”

အဘိုးအိုက မြေပေါ်တံတွေး ထွေးချလိုက်လေသည်။

“ရှောင်လင်ကျောင်းကလူတွေ ဘာများအထင်ကြီးစရာရှိလို့လဲ၊ သွား ... ထွက်သွားစမ်း၊ ကျုပ်ကိုမသေရုံကျွေးပြီး ချုပ်နှောင်ထားတာကို ကျုပ်လုံးဝမကျေနပ်ဘူး၊ မင်းတို့ ရှောင်လင်ကျောင်းကို မီးလောင်တိုက်သွင်းပစ်မယ်ကွ”

ရှမ်းထင်း ခေါင်းခါယမ်းလိုက်သည်။

အဘိုးအိုအား ရှောင်လင်ကျောင်းမှ ဖမ်းဆီးကာ အကျဉ်းချထားသည်မှာ အကြောင်းတစ်ခုခုတော့ ရှိရပေမည်။

အကျဉ်းချသူခံရသည်မှာ ယခုမှမဟုတ်ပဲ နှစ်ပေါင်းအတန်ကြာပြီဖြစ်ကြောင်း ထင်ရှားလေသည်။

အဆက်မပြတ် ကြိမ်းမောင်း အော်ငေါက်နေခြင်းကြောင့် ရှမ်းထင်းစိုးရွံ့လာသည်။

နောက်သို့ တဖြည်းဖြည်း ဆုတ်လိုက်လေသည်။

အဘိုးအိုက မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့် စိုက်ကြည့်နေပါသည်။

ရှမ်းထင်းသည် နောက်ဆုတ်သွားယင်း မလှမ်းမကမ်းသို့ရောက်လျှင် ရှည်ရှည်ဝေးဝေးစဉ်းစားမနေပဲ ချာကနဲ လှမ်းကာထွက်ပြေးသွားလေတော့သည်။

♣ ♣ ♣

## ဒုတိယအကျဉ်းသား

ရှမ်းထင်းချာကနဲ လှည့်ထွက်ပြေးလာခဲ့လေသည်။ အဘိုးအိုနှင့်ဝေးအောင် ထွက်ပြေးလာယင်း ကျောက်ဂူကြီး၌ ထူးခြားမှုများရှိနေကြောင်း သတိပြုမိလိုက်လေသည်။ ကျောက်ဂူကြီးမှာ ဂူပေါက်တစ်ပေါက်ထဲသာရှိနေခြင်းမဟုတ်ပဲ အခြားဂူပေါက်အမွှာကလေးများ ဂူပေါက်ငယ်ကလေးများ ရှိနေခြင်းဖြစ်သည်။

ထိုဂူပေါက်ကလေးများသည် ပင့်ကူအိမ်သဘွယ် ရှုပ်ထွေးပွေလီလျက်ရှိလေသည်။ ရှမ်းထင်းသည်ဂူပေါက်ဝသို့ ပြေးသွားယင်း တစ်ကိုယ်လုံး ဇောချွေးများစိုးရွှဲနေလေတော့သည်။

ဂူပေါက်ဝအနီးသို့ရောက်သွားမှ အသက်ရှူချောင်သွား၏။ သက်ပြင်းချယင်း အပြင်ဘက်ထွက်သွားဘို့ ဟန်ပြင်လိုက်သည်။

သို့သော် ...

ရှမ်းထင်း အပြင်ထွက်၍ မရတော့ပါ။

ဂူပေါက်တံခါးပိတ်ထားပြီးဖြစ်နေသည် မဟုတ်လား။ ရှမ်းထင်းထိတ်လန့်သွားလေသည်။

"ဒုက္ခပဲ ... ကိုရင်ကြီးတွေ တံခါးပိတ်သွားပြီ၊ ငါအပြင်ထွက် လို့မရတော့ဘူး"

တံခါးပိတ်နေပြီဖြစ်ရကား အပြင်ဘက်ထွက်ဘို့ မဖြစ်နိုင်တော့ ပါချေ။

ရှမ်းထင်းသည် ပါးစပ်အဟောင်းသားဖြင့် ဂူတံခါးကြီးကို ငေး ကြည့်နေမိလေတော့သည်။

တံခါးကြီးက အခိုင်အမာပိတ်ဆီးထားလိုက်ပြီဖြစ်သည်၊ ရှမ်းထင်းသည် အတန်ကြာငေးကြည့်နေပြီးမှ သတိဝင်လာကာ ပြော၍ တွန်းဖွင့်လိုက်လေသည်။

"ဒုန်း ..."

တံခါးကြီး တုတ်တုတ်မျှ မလှုပ်ပါချေ။

ကိုရင်ကြီးနှစ်ပါးသည် သူလိုဏ်ဂူထဲ၌ရှိနေသည်ကို မသိ အပြင်ဘက်မှ ပိတ်ထားခြင်းဖြစ်ကြောင်း ထင်ရှားလေသည်။

တံခါးဖွင့်ဘို့ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်တော့ပါ။

"ငါ ... ထွက်လို့မရတော့ဘူး"

ရှမ်းထင်း စိတ်ဓာတ်ကျဆင်းသွားတော့သည်။ ကျောက် လှိုဏ်ဂူထဲ ပိတ်မိလိုက်ခြင်းကြောင့် သူလည်း အကျဉ်းသားတစ်ယောက် ဖြစ်သွားပြီ မဟုတ်ပါလား။

"ဒုက္ခပါပဲ"

ရှမ်းထင်းသည် တံခါးမကြီးအနီး၌ ခြေပစ်လက်ပစ် ထိုင်ချ လိုက်တော့သည်။

ယနေ့အဖို့ ကိုရင်ကြီးနှစ်ပါး ပြန်လာကြတော့မည် မဟုတ် ချေ။



နောက်တစ်နေ့ နံနက်စာပို့ချိန်ရောက်မှ လာကြမည်ဖြစ်သည်။ ကိုရင်ကြီးနှစ်ပါးရောက်လာသည်အထိ စောင့်နေရမည်ဆိုပါလျှင် သူ ပျောက်ဆုံးနေသည်ကို တာဝန်ခံ ဆရာခုံးမိန် သိသွားတော့မည် ဖြစ် လေသည်။

ထိုအခါ ပင်ပန်းဆင်းရဲမှုဒဏ်ကို မခံနိုင်သဖြင့် ထွက်ပြေးသွား ပြီဟု ထင်မှတ်သွားပေလိမ့်မည်။

ရှောင်လင်ကျောင်း၌ သိုင်းပညာ ဆက်လက်သင်ကြားခွင့်ရ တော့မည်မဟုတ်ပဲ လမ်းဆုံးသွားတော့မည်ဖြစ်ပါသည်။ သို့မဟုတ်ပဲ တစ်ညလုံး ပျောက်ဆုံးနေခြင်းကြောင့် သူပြန်ရောက်လာလျှင် စစ်ဆေး မေးမြန်းကြပေလိမ့်မည်။

ဤနေရာသို့ရောက်ရှိနေပြီး ကျောက်ဂူတံခါးပိတ်သွားသဖြင့် အထဲ၌ပိတ်မိနေကြောင်း အမှန်အတိုင်းပြောလျှင် ရှောင့်လင်ကျောင်း ၏ လျှို့ဝှက်ချက်ကို သိသွားပြီဖြစ်၍ သူ့အား အပြစ်ပေးအရေးယူ မည်ဖြစ်ပေသည်။

ရှမ်းထင်းတွေးယင်း တွေးယင်း ပိုပြီး စိတ်ဓာတ်ကျဆင်းလာ လေတော့သည်။

"ငါဘာလုပ်ရမလဲ"

စိတ်ညစ်လွန်းသဖြင့် အော်ဟစ်ငိုယိုလိုစိတ်များပင် ဖြစ်ပေါ် လာလေတော့သည်။

ရုတ်တရက် ...

သူ၏နားထဲ၌ ထူးခြားစကားသံများ ကြားလာရလေသည်။ စမ်းချောင်းလေးအနီး၌ မမျှော်လင့်ပဲ တွေ့ခဲ့ရသော အမျိုးသမီးကြီး၏ စကားသံဖြစ်လေသည်။

"လူငယ်လူရွယ်တစ်ယောက်ဟာ ဘယ်တော့မှ မှိုင်တွေငေးမောမနေသင့်ဘူး၊ တိုးတက်ရာလမ်းကြောင်းကို အမြဲတစေရှာဖွေနေရမယ်၊ အခက်အခဲ ဘေးဒုက္ခတွေ့လာယင်လည်း ညည်းညူနေရုံနဲ့မပြီးဘူး၊ ရင်ဆိုင်ကျော်လွှားနိုင်အောင် ကြိုးစားရလိမ့်မယ်"

သူမ၏ဆုံးမစကားမှာ ရှမ်းထင်းအတွက် အဘိုးတန်လှပါတော့သည်။

ရှမ်းထင်းကိုယ်တိုင်လည်း ငယ်စဉ်ကပင် အခက်အခဲဘေးဒုက္ခအမျိုးမျိုး ကြုံတွေ့ခဲ့ရပြီး ရင်ဆိုင်ကျော်ဖြတ်နိုင်ရန် အမြဲတမ်းကြိုးစားနေခဲ့ရသူဖြစ်ပါသည်။

ရှမ်းထင်းက စိတ်အာရုံတည်ငြိမ်အောင် စုစည်းလိုက်၏။ မှိုင်တွေညှိုးငယ်နေခြင်းထက် အခက်အခဲမှ လွတ်မြောက်ရလေအောင်နည်းလမ်းရှာကာ ကြိုးစားရမည် မဟုတ်ပါလား။

"ငါ ... ကြိုးစားရမယ်"

ရှမ်းထင်း ကိုယ့်ကိုကိုယ် အားပေးလိုက်လေသည်။

ချက်ခြင်းပင် ထိုင်ရာမှထကာ လွတ်မြောက်နိုင်မည့်နည်းလမ်းရှာဖွေလိုက်လေသည်။

ဂူပေါက်ဝ၌ တံခါးမကြီးပိတ်ထားပြီဖြစ်၍ ထွက်သွားဘို့ဆိုသည်မှာ မဖြစ်နိုင်တော့ပါ။

ထို့ကြောင့် ဂူအတွင်းဘက်သို့ ပြန်ဝင်လာခဲ့ပြီး ရှာဖွေကြည့်လိုက်လေသည်။

မှောင်မည်းနေသော ဂူပေါက်ကလေးများကို တွေ့ရသော်လည်း ရှမ်းထင်း ဝင်မသွားဝံ့ပါချေ။

ထိုဂူပေါက်ကလေးများမှာ ရှုပ်ထွေးပွေလီနေခြင်းကြောင့်



မျက်စိလည်လမ်းမှားသွားမည်ဆိုလျှင် ဘယ်တော့မှ ထွက်ပေါက်ရှာတွေ့နိုင်တော့မည် မဟုတ်ပဲ ကျိန်းသေ ဒုက္ခရောက်ရလိမ့်မည်မဟုတ်ပါလား ... ။

ရှမ်းထင်းသည် ထွက်ပေါက်ဖြစ်နိုင်မည့်နေရာကို မှန်းဆကာရှာဖွေလိုက်သော်လည်း အတန်ကြာသည့်တိုင်အောင် ထွက်ပေါက်နှင့်တူသည်ကို မတွေ့ရချေ။

ကြိုးစားရှာဖွေပါသော်လည်း ထွက်ပေါက်မတွေ့ရသဖြင့်ရှမ်းထင်းစိတ်ဓာတ် ကျဆင်းလာပြန်တော့သည်။

ရှမ်းထင်း အံကြိတ်လိုက်သည်။

"ခုမှတော့ မထူးဘူး၊ မီးအိမ်တစ်လုံးယူသွားပြီး ဂူပေါက်တခုထဲဖင်သွားမယ်၊ ဖြစ်ချင်ရာဖြစ်စေတော့၊ မတော်တဆ ထွက်ပေါက်တွေ့ရင် အမြတ်ပဲ"

နံရံ၌ ချိတ်ထားသော မီးအိမ်ကို ဖြုတ်ယူလိုက်၏။ ကိုရင်ကြီးနှစ်ပါး ကတိုက်ကရိုက်ထွက်သွားခြင်းကြောင့် မီးအိမ်မေ့ကျန်ခဲ့သည်မှာ ရှမ်းထင်းအတွက် ကံကောင်းခြင်းဖြစ်ပါတော့သည်။

ရှမ်းထင်းသည် မီးအိမ်ကိုဆွဲကာ ဂူပေါက်တစ်ခုထဲလှမ်းဝင်ရန်ဟန်ပြင်လိုက်စဉ်မှာပင် အကျဉ်းသားအဘိုးအို၏ အော်ငေါက်သံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

"ဟေ့ကောင် ... မသွားသေးဘူးလား၊ သည်လောက်တောင်ဖြစ်လှတာ ငါ့ဆီကိုလာခဲ့စမ်း"

မည်သူ့ကိုမဆို အော်ငေါက်မောင်းတတ်နေသော အဘိုးအိုကသူ့အနီးသို့လာဘို့ လှမ်းခေါ်နေပြီဖြစ်ပါသည်။

ရှမ်းထင်း တွေဝေသွား၏။

အတန်ကြာအောင် စဉ်းစားပြီးမှ အဘိုးအိုထံသွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

♣ ♣ ♣

ရှမ်းထင်းသည် အကျဉ်းစံအဘိုးအိုနှင့် မလှမ်းမကမ်းသို့ ရောက်သွားပြီဖြစ်လေသည်။

အဘိုးအိုက အရောင်တဖိတ်ဖိတ် ဝင်းလက်နေသော မျက်လုံးများဖြင့် ရှမ်းထင်းအား စိုက်ကြည့်နေ၏။

ရှမ်းထင်းကလည်း မကြောက်မရွံ့ ခပ်တည်တည်ပင်ပြန်ကြည့်လိုက်လေသည်။

နှစ်ယောက်သား အကြည့်ချင်းပြိုင်နေကြပြီး အတန်ကြာမှ အဘိုးအိုက မေးလာလေသည်။

"မင်း ... ဘာကြောင့် ထွက်မသွားသေးတာလဲ"

ရှမ်းထင်းဘာမှ မပြောပါ။ သူပြောလျှင်လည်း စကားသံထွက်လာမည် မဟုတ်ပါ။ သူစိတ်ထဲကပြောသည်ကိုလည်း အဘိုးအို ကြားနိုင်လိမ့်မည် မဟုတ်ပါချေ။

အဘိုးအိုက အော်ငေါက်လိုက်သည်။

"ဟေ့ ... မေးနေတာမကြားဘူးလား၊ မင်းဘာကြောင့် ထွက်မသွားသေးတာလဲ"

ရှမ်းထင်းဘာမှမပြောဘဲ ရှိနေဆဲ ...

အဘိုးအိုက မျက်လုံးပြူးကာ ရှမ်းထင်းအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်လေသည်။

"မင်းက ကိုရင်းလည်း မဟုတ်ပါလား"



ရှမ်းထင်း ခေါင်းညိတ်ပြလိုက်သည်။

အဘိုးအိုက ...

"ဒါဖြင့် ... ရှောင်လင်ကျောင်းသားတစ်ယောက်ပေါ့၊နေစမ်းပါဦး၊ မင်းက သည်နေရာကို ဘာကြောင့်ရောက်လာရတာလဲ"

ရှမ်းထင်းထံမှ ဘာအသံမှ ထွက်ပေါ်မလာချေ။ အဘိုးအိုကောက်ကာငင်ကာ ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား ... ရှောင်လင်ကျောင်းသားတွေဟာ ကိုယ့်ကိုကိုယ် အစေခံအိမ်ဖော်လုလင်ဖြစ်လို့ဖြစ်မှန်းမသိကြဘူး၊ ထင်းခွဲရေခပ်၊ တံမြက်လှည်း၊ အောက်ခြေသိမ်းအလုပ်တွေလုပ်ရတယ်၊ ဟား ... ဟား ... ဟား ... သိုင်းပညာသင်ဘို့လာတယ်ဆိုပြီး၊ အောက်ကျနောက်ကျအလုပ်တွေကို နှစ်ပေါင်းများစွာကြာအောင် ရှောင်လင်ကျောင်းက လိမ်ညာခိုင်းစေနေတာကို အဟုတ်မှတ်ပြီး လိုက်လုပ်နေတဲ့လူတုံး လူအတွေပဲ"

ထိုစကားကြောင့် ရှမ်းထင်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

အဘိုးအိုက ဆက်ပြောသည်။

"ရှောင်လင်ကျောင်းကလူတွေဟာ အတော်ကို လူလည်ကျတာ၊ သိုင်းသင်ပေးမယ်ဆိုပြီး သူတို့ရဲ့ ဝေယျာဝစ္စကိစ္စတွေကို ညာပြီးခိုင်းစေနေကြတာပဲ၊ ငါကတော့ သိုင်းသင်ပေးမယ်ဆိုယင် တခါထဲသင်ပေးလိုက်မှာပဲ၊ ဘာမှ လိမ်ညာနေမှာ မဟုတ်ဘူး"

ရှောင်လင်ကျောင်းအား မုန်းတီးနေသူပီပီ ပုတ်ခတ်ပြောဆိုလိုက်လေသည်။

ရှမ်းထင်းက ကျောက်ရုပ်တစ်ရုပ်ပမာ မလှုပ်မယှက်ရပ်နေ

ပါသည်။ အဘိုးအိုက ရှမ်းထင်းအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြန်သည်။

ရှမ်းထင်းရုပ်နေပုံမှာ မထုံတတ်တေးရှိနေ၏။ ပေကပ်ကပ်လူငယ်တစ်ယောက်ဟုလည်း ထင်စရာရှိနေပါသည်။

အဘိုးအို၏မျက်ဝန်း၌ ထူးခြားသော အရိပ်အရောင်များဖြစ်ပေါ်လာ၏။

ရှောင်လင်ကျောင်းမှ တာဝန်ခံများသည် မထုံတက်တေးပေကပ်ကပ်ရှိသော ကျောင်းသားများကို ဘယ်တုန်းကမှ သဘောမကျခဲ့ကြပေ။

ထုံပေပေရှိသူများအား လျစ်လျူရှုကာ ချောင်ထိုးထားတတ်ကြလေသည်။

ထိုကျောင်းသားမျိုးသည် ရှောင်လင်ကျောင်း၌ နှစ်ပေါင်းတစ်ရာကြာအောင် နေထိုင်သည့်တိုင် သိုင်းပညာ ဟုတ္တိ ပတ္တိတတ်မြောက်နိုင်တော့မည် မဟုတ်ချေ။

အဘိုးအို ပြုံးလိုက်သည်။

“မင်းကရှောင်လင်ကျောင်းသားတစ်ယောက်ပဲ မဟုတ်လား၊ က ... ရှေ့တိုးလိုက်စမ်းပါဦး”

သူ၏လေသံ ပြောင်းလည်းသွားသည်ကို ရှမ်းထင်း သတိပြုမိလိုက်လေသည်။

ရန်လိုသည့်အသွင်မျိုး မရှိတော့ပါ။

သူ့အား စိတ်ဝင်စားပြီး ရင်းရင်းနှီးနှီးရှိလိုသော လေသံမျိုးဖြစ်ကြောင်း ရှမ်းထင်းဆင်ခြင်မိလေသည်။

သို့သော် ...



အဘိုးအိုအနီးသို့ ချဉ်းကပ်မသွားပဲ မလှုပ်မယှက်ပင်နေလိုက်၏။ အဘိုးအိုထံမှ ဟင်းခနဲ သက်ပြင်းချသံထွက်ပေါ်လာ၏။

“ငါက ... ရှောင်လင်ကျောင်းက ဘုန်းကြီးတွေကိုသာ မုန်းတီးနေတာပါကွာ၊ မင်းတို့လို မအူမလည်ကျောင်းသားလေးတွေကိုတော့ မုန်းစရာအကြောင်းမရှိပါဘူး၊ စောစောက ငါ ... အော်ငေါက်ခြိမ်းခြောက်ခဲ့တာတွကြောင့် မင်းကြောက်နေတာလား၊ မကြောက်နဲ့၊ မကြောက်နဲ့၊ မင်းကိုငါဘာမှ မလုပ်ဘူး၊ ငါ့အနားတိုးလာခဲ့စမ်းပါ။

သူ၏လေသံက ရန်မူမည့်သဘောမရှိပဲ ကောင်းကောင်းမှန်မှန်ဖြစ်နေပါသည်။

ရှမ်းထင်းသည် အတန်ကြာအောင် ငေးမောကြည့်ပြီးမှရှေ့တိုးသွားလိုက်လေသည်။

အဘိုးအိုသည် ရှမ်းထင်းအား ခြေဆုံးခေါင်းဆုံးအကဲခတ်ကြည့်လိုက်လေသည်။

ပြီးလျှင် ...

“မင်းကငါ့ကို ဒုက္ခမပေးဘူးမဟုတ်လား” ဟု မေးလာ၏။

ရှမ်းထင်းခေါင်းညိတ်ပြလိုက်သည်။

အဘိုးအိုက

“အေး ... မင်းကငါ့ကို ဒုက္ခမပေးယင် ငါကလည်းမင်းကိုဒုက္ခပေးစရာအကြောင်းမရှိပါဘူး၊ ငါ ... ဒုက္ခရောက်နေတယ်၊ ငါ့ကိုမင်းကူညီလိမ့်မယ်ထင်မိတယ်”

ရှမ်းထင်း၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များဖြစ်ပေါ်လာလေသည်။

အဘိုးအိုမှာ မည်သူမည်ဝါဖြစ်စေ၊ အကျဉ်းချခံထားရသည်

မှာ ကရုဏာသက်စရာကောင်းနေသည် ထင်မိ၏။ ထို့ကြောင့် အဘိုးအိုအား ကူညီလိုစိတ်များ ဖြစ်ပေါ်လာတော့သည်။

အဘိုးအိုကိုကြည့်လိုက်သောအခါ သူ့အားပြုံးပြနေသည်ကို တွေ့ရလေသည်။

ရှမ်းထင်းလည်း ပြုံးလိုက်လေသည်။ ထို့နောက် ကြမ်းပြင်ပေါ်မှစားသောက်ဘွယ်ရာများထည့်ထားသည့် ကြိမ်ခြင်းတောင်းအနီးသို့လှမ်းသွားလိုက်လေသည်။

♣ ♣ ♣

ရှမ်းထင်းက ကြိမ်ခြင်းတောင်းမှ ပေါက်စီနှစ်လုံးကို နှိုက်ယူလိုက်လေသည်။

ထိုပေါက်စီမှာ မန်ထိုခေါ် အသားလွတ်ပေါက်စီဖြစ်သည်။ အဘိုးအို မျက်မှောင်ကုပ်သွားသည်။

"ဘာလဲ ... မင်းကင့်ကို ကျွေးမလို့လား"

ရှမ်းထင်း ခေါင်းညိတ်လိုက်လေသည်။

အဘိုးအိုက ...

"တော်တော် မသတီစရာကောင်းတဲ့အစားအစာတွေကွ၊ ကျုပ်မစားဘူး၊ အသားလဲမပါ၊ အရက်လဲမပါ၊ ဘယ်လိုလုပ်စားရမှာလဲ"

"ထို ..."

ဒေါသတကြီးပြောယင်း ကြမ်းပြင်ပေါ် တံတွေးထွေးချလိုက်သည်။

"သည်ပေါက်စီထဲမှာ အဆိပ်ခတ်ထားမှာကိုတောင်ကြောက်



ရသေးတယ်၊ ရှောင်လင်ကျောင်းကလူတွေအားလုံး ကျုပ်ကိုသေစေချင်နေကြတယ်ဆိုတာ ကျုပ်မသိဘူးမှတ်နေသလား"

ဒေါသလည်းဖြစ်၊ စိတ်လည်းပျက်နေပုံရှိလေသည်။ ရှမ်းထင်း ငိုင်သွားလေသည်။

မည်သို့ဆိုစေ ...

အဘိုးအိုမှာ ဆာလောင်မွတ်သိပ်နေပြီဖြစ်ကြောင်း ရိပ်မိထားလေသည်။

ဒေါသဖြင့် စားသောက်ခြင်းမပြုပဲ ကြာကြာနေမည်ဆိုပါလျှင် ကျိန်းသေဒုက္ခရောက်ရမည်ဟု ရှမ်းထင်းနားလည်ထားလေသည်။ အဘိုးအိုအား စားသောက်စေလိုသောစိတ်ဆန္ဒများ ဖြစ်ပေါ်လာလေသည်။

ထို့ကြောင့် ပေါက်စီတစ်လုံးကိုယူကာ ပါးလုပ်ပါးလောင်းစားသောက်ပြလိုက်လေသည်။

ရှမ်းထင်း၏အပြုအမူကြောင့် အဘိုးအိုကြောင်အမ်းအမ်းဖြစ်သွားလေသည်။

သို့သော် ... ရှမ်းထင်း၏သဘောထားကို ချက်ခြင်းနားလည်သွားလေသည်။

အစားအစာများ၌ အဆိပ်မပါကြောင်း လက်တွေ့စားပြလိုက်ခြင်း မဟုတ်ပါလား။

ရှမ်းထင်းက နောက်ထပ်ပေါက်စီတစ်လုံးကိုယူကာ အဘိုးအိုအား လှမ်းပေးလိုက်လေသည်။

အဘိုးအို မျက်နှာလွှဲထားလိုက်သည်။

ရှမ်းထင်း စိတ်မကောင်းဖြစ်သွားလေသည်။

ရှေ့တိုးပြီး ပေါက်စီကို ပေးလိုက်သည်။

"ဝူး ... ဝူး ..."

စိတ်ပါလက်ပါရှိနေခြင်းကြောင့် သူ၏ပါးစပ်မှ အသံထွက်သွား၏။

သူ၏သဘောက စားပါ ... စားပါဟု ပြောလိုက်ခြင်းဖြစ်သည်။ သို့သော် ထွက်ပေါ်လာသော အသံကား ဝူးဝူးဝါးဝါးဖြစ်နေ၏။ ရှမ်းထင်းမှာ စကားမပြောနိုင်သူဖြစ်ကြောင်း ချက်ခြင်းပေါ်ပေါက်သွားလေတော့သည်။

အဘိုးအို မျက်လုံးပြူးသွားလေသည်။

"မင်း ... စကားမပြောတတ်ဘူးဟုတ်လား"

ရှမ်းထင်း သတိဝင်လာသည်။

ရှက်ရွံ့ကာ မျက်နှာနီရဲသွားသော်လည်း ခေါင်းညိတ်ကာ အမှန်အတိုင်း ဝန်ခံလိုက်လေသည်။

အဘိုးအို ငိုင်သွားလေသည်။

"တော်တော်သနားစရာကောင်းပါလား ... နေပါဦး မင်းက ဘယ်လိုလုပ်ပြီး ရှောင်လင်ကျောင်းကို ရောက်လာရတာလဲ"

ရှမ်းထင်း ခေါင်းငုံ့ထားလိုက်လေသည်။

အဘိုးအို သက်ပြင်းချလိုက်သည်။

"မင်း ... စကားမပြောတတ်တော့ ပိုကောင်းတာပေါ့"

ပြောယင်း ရှမ်းထင်းပေးသောပေါက်စီကိုယူကာ ပါးလုပ်ပါးလောင်း စားလိုက်လေသည်။

ရှမ်းထင်း ဝမ်းသာသွား၏။

သူ၏စေတနာကို အဘိုးအိုက အသိအမှတ်ပြုလိုက်ပြီ



မဟုတ်ပါလား။

ချက်ခြင်းပင် နောက်ထပ်စားသောက်ဘွယ်ရာများ ယူပေးလိုက်သည်။

ရှမ်းထင်းကိုယ်တိုင် စားပြထားသည်ဖြစ်ရာ အဆိပ်မရှိကြောင်း ထင်ရှားနေသဖြင့် အဘိုးအိုလည်း စိတ်ချလက်ချစားသောက်လိုက်လေတော့သည်။

♣ ♣ ♣

အဘိုးအိုအားရပါးရ စားသောက်နေသည်ကိုကြည့်ယင်း ရှမ်းထင်း ဝမ်းသာနေမိလေသည်။

အဘိုးအိုမှာ အလွန်ပင် ဆာလောင်နေကြောင်း ထင်ရှားနေပါသည်။

စားသောက်စရာများမှာ တခဏအတွင်းမှာပင် တက်တက်စင်ပြောင်သွားသည် မဟုတ်ပါလား ...။

စားသောက်ပြီးလျှင် အဘိုးအိုက အင်္ကျီစဖြင့် ပါးစပ်ကိုသုတ်လိုက်လေသည်။

"အင်း ... ခုမှပဲ နေသာထိုင်သာရှိသွားတော့တယ်၊ ကျုပ်က တော်တော်လေးဆာနေတာ၊ ရှောင်လင်ကျောင်းကလူတွေကို မယုံတာနဲ့ ဘာမှမစားပဲ နေခဲ့တဲ့ရက်တွေ မနည်းဘူး၊ တခါတလေ ကြွက်တွေစားတာတွေ့လို့ ဘာမှမဖြစ်မှ ယူစားခဲ့တာ၊ ကြွက်တစ်ဝက် လူတစ်ဝက်ပေါ့၊ တခါတလေတော့လည်း ကြွက်တွေစားသွားတာ မသိလို့ မစားလိုက်ရဘူး"

ထိုစကားကြားလျှင် ရှမ်းင်းပိုပြီး ကရုဏာသက်သွားလေတော့

သည်။

အဘိုးအိုအား အကူအညီပေးလိုစိတ်များလည်း ဖြစ်ပေါ် လာလေတော့သည်။

အဘိုးအိုက

"မင်းကို ကျေးဇူးတင်တယ်၊ မင်းက ကျုပ်အပေါ်ကောင်း တယ်၊ နောက်နေ့တွေကျယင်လည်း မင်းလာဦးမယ် မဟုတ်လား" မေးလေသည်။

ရှမ်းထင်း ခေါင်းညိတ်ပြလိုက်သည်။

"ဟား ... ဟား ... ဟား ..."

အဘိုးအိုက သဘောကျစွာ ရယ်မောလိုက်လေသည်။

"မင်းက ကျုပ်ကို ခုလိုကျွေးမွေးတာကို ရှောင်လင်ကျောင်း ကလူတွေသိယင် ကျိန်းသေအပြစ်ပေးကြမှာပဲ၊ ကျုပ်ကဘယ်သူ့ကို ပြန်မပြောဘူး၊ မင်းလည်းဘယ်သူမှမသိအောင် လာခဲ့ ... ဟုတ် လား"

ရှမ်းထင်း ခေါင်းညိတ်လိုက်လေသည်။

အဘိုးအိုက ...

"အတော်ညဉ့်နက်ပြီထင်တယ်၊ မင်းပြန်ချင်ယင်ပြန်တော့ လေ။ တော်ကြာ မင်းပျောက်နေတာကို ရှောင်လင်ကျောင်းကလူ ရိပ်မိသွားကြလိမ့်မယ်"

ရှမ်းထင်းခေါင်းညိတ်လိုက်သည်။

အဘိုးအိုက သံကြိုးများ တချွမ်းချွမ်းမြည်သွားအောင် လ ဇော့ယမ်းပြလိုက်လေသည်။

"ကဲ ... မင်းသွားပေတော့"



ရှမ်းထင်းလည်း အဘိုးအိုရှေ့မှ ထွက်လာခဲ့လေတော့သည်။

အဘိုးအိုသည် အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီဖြစ်ပါသည်။ ရှမ်းထင်းက ထွက်လာခဲ့ပြီးမှ တံခါးမကြီးပိတ်နေသည်ဖြစ်၍ ဂူအပြင် ဘက်သို့ ထွက်နိုင်တော့မည် မဟုတ်ကြောင်း သတိရလာကာစိတ်ပျက် သွား၏။

သူ၏ခြေလှမ်းများလည်း ရပ်တန့်သွားတော့သည်။

ဂူပေါက်ကလေးများစွာရှိနေသည့်အနက် ဂူပေါက်ငယ်တစ်ခု ရှေ့၌ ရပ်တန့်လိုက်မိခြင်းဖြစ်ပါသည်။

"ငါဘယ်လိုလုပ်ပြီး လိုဏ်ဂူအပြင်ဘက်ကို ထွက်ရပါ့မလဲ"

ဂူထဲ ပိတ်မိနေပြီး အချိန်တန်၍ ပြန်မသွားနိုင်လျှင် အခက်ကြုံ ရပေတော့မည်။

"ဒုက္ခပဲ ..."

**ရှမ်းထင်း စိတ်ဓာတ်ကျသွားလေသည်။**

လိုဏ်ဂူကြီးအတွင်း၌ အခြားထွက်ပေါက် ရှိ/မရှိ အဘိုးအို အား သွားမေးကြည့်လျှင် ကောင်းမည်ဟု အတွေးဝင်လာသည်။ နောက်ကြောင်းပြန်လှည့်ရန် ဟန်ပြင်လိုက်စဉ် မြေပေါ်မှ သစ်ရွက် ခြောက်တစ်ခုကို နင်းမိလိုက်လေသည်။

ရှမ်းထင်း အံ့ဩသွား၏။

"သစ်ရွက်ခြောက်လေးပါလား"

ကျောက်ဂူထဲသို့ သစ်ရွက်ခြောက်များ ဝင်လာစရာအကြောင်း ရှိပါချေ။ တဆက်တည်းပင် အေးစိမ့်သောလေများ တိုက်ခတ်နေ ကြောင်းလည်း ရှမ်းထင်း သတိပြုမိလိုက်လေသည်။

"လေတိုက်နေပါလား"

ဂူထဲသို့ အပြင်ဘက်မှ အေးမြလတ်ဆတ်သောလေက တို့ ဝင်တိုက်ခတ်နိုင်ပါလျှင် လေဝင်ပေါက်ရှိရပေမည်။ ထိုလေဝင်ပေါက် သစ်ရွက်ခြောက်ကလေး လွင့်ပါလာခြင်းလည်း ဖြစ်ရပေမည်။

"ထွက်ပေါက် ..."

ရှမ်းထင်း ဝမ်းသာအားရဖြစ်သွားလေသည်။

ရှမ်းထင်းသည် အေးစိမ့်သောလေများ တိုက်ခတ်နေသည့် ဂူပေါက်လေးထဲဝင်လိုက်လေသည်။ သတိထား၍ ဝင်သွားပြီးခြေလှမ်း သုံးဆယ်ခန့်လှမ်းသွားမိလျှင် အပေါ်ဘက်၌ အလင်းရောင်မသဲမကွဲ ထွက်ပေါ်နေသော အပေါက်တစ်ပေါက်ရှိနေသည်ကို တွေ့လိုက်ရလေ သည်။

ဂူအမိုး၌ အပေါက်တစ်ပေါက် ရှိနေခြင်းဖြစ်သည်။ ရှမ်းထင်း သည် ခြေလက်များ အသုံးပြုကာ ဂူနံရံကို ကုပ်ကပ်တွယ်တက်ယင်း အပေါ်တက်ရောက်သွား၏။ လေဝင်ပေါက်ကလေးသည် ကျောက် သားပတ်ကြားအက်ကြားမှ ဖြစ်ပေါ်နေခြင်းပင်။

ရှမ်းထင်းတံကောင်းသည်မှာ လူတစ်ကိုယ်စာ ဝင်နိုင်ထွက် နိုင်အောင် ကျယ်ဝန်းနေခြင်းဖြစ်သည်။

ရှမ်းထင်းပင်ပင်ပန်းပန်း မကြိုးစားလိုက်ရပါပဲ ထိုပတ်ကြား အက် အပေါက်မှတဆင့် အပြင်ဘက် ထွက်နိုင်ခဲ့လေတော့သည်။

ကောင်းကင်ပေါ်၌ လဝန်းရှိနေ၏။

ညသည် အေးမြကာ တိတ်ဆိတ်ငြိမ်သက်နေလေသည်။ ရှမ်းထင်းမှာ လွတ်မြောက်လာသည်နှင့် လျှို့ဝှက်ဝင်ပေါက်၊ ထွက်ပေါက်



ပမာရှိနေသော ပတ်ကြားအက်လေးကို သေသေချာချာ မှတ်သား ထားပြီး ပြေးထွက်လာခဲ့လေတော့သည်။

♣ ♣ ♣

ရှမ်းထင်းသည် ကျောက်ဂူထဲမှ လွတ်မြောက်လာသည်နှင့် အိပ်ဆောင်ဆီသို့ ကပျာကယာပြေးသွားလိုက်လေသည်။

၏ပိုးကောင် မွှားကောင်လေးများ၏ အော်မြည်သံမှတစ်ပါး ညမှာ တိတ်ဆိတ်ပြီးငြိမ်သက်နေလေသည်။

ရှမ်းထင်းအိပ်ဆောင်သို့ပြန်ရောက်သွားသောအခါ မှောင်နှင့် မည်းမည်းရှိနေပြီး ရှောင်လင်ကျောင်းတော်သားများ အိပ်စက်နေပြီဖြစ် သည်ကို တွေ့ရလေသည်။

အပြင်ဘက်၌ လရောင်ဖြာကျနေသဖြင့် အိပ်ဆောင်ထဲ၌ မသဲမကွဲ အလင်းရောင်ရှိနေပါသည်။

ရှမ်းထင်းက ခြေဖော့နင်းကာ သူ၏နေရာသို့ တိတ်တဆိတ် သွားလိုက်သည်။

ထို့နောက် ဖိနပ်ချွတ်ကာ အဝတ်အစားပင် မလဲနိုင်ပဲအိပ်ရာ ထက် လှဲချလိုက်လေသည်။

အိပ်ရာတွင် ကျောခင်းမိမှ တကိုယ်လုံး မလှုပ်ရှားချင်လောက် အောင် ပင်ပန်းနွမ်းနယ်နေသည်ဟု ခံစားလိုက်ရလေသည်။

အသက်ပြင်းပြင်း ရှူရှိုက်ပြီး အိပ်စက်အနားယူရန် ဟန်ပြင် လိုက်၏။

ထိုစဉ် ...

"မင်း ... ဘယ်တွေ လျှောက်သွားနေတာလဲ"

စကားသံတစ်ချက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၍ ရှမ်းထင်း ထိတ်လန့်သွားသည်။

တီးတိုးမေးမြန်းသံများ သူ၏နံဘေးမှကပ်လျှက် ထွက်ပေါ်လာသည် မဟုတ်ပါလား ...။

ရှမ်းထင်း မျက်လုံးကျယ်သွားပြီး ငေါက်ခနဲ ထထိုင်မိလိုက်လေသည်။

ထိုအခါ သူ့အား ပြုံးပြုံးကြီးကြည့်နေသော ချင်းစိန်နှင့် ဝမ်းရှိတို့အား တွေ့လိုက်ရလေတော့သည်။

ရှမ်းထင်း ထိတ်ထိတ်ပျာပျာဖြစ်သွားလေသည်။

ချင်းစိန်က ...

"မင်း ... ဘယ်တွေလျှောက်သွားနေတာလဲကွ၊ ညတိုင်း မိုးချုပ်မှ ပြန်လာတယ်၊ ငါတို့နှစ်ယောက်လိုက်ရှာခဲ့ကြသေးတယ်၊ ဘယ်မှာမှ ရှာလို့မတွေ့ဘူး"

ရှမ်းထင်း ဘာမှမပြောပါ။

ဝမ်းရှိက ...

"မင်းကငါတို့ထက်သာအောင် ဘယ်သူ့ကိုမှ အသိမပေးဘဲ တိတ်တဆိတ် သိုင်းလေ့ကျင့်နေတာ မဟုတ်လား၊ မင်းကို အပြစ်မပြောချင်ပါဘူးကွာ၊ ဒါပေမယ့်သိပ်ပြီး အပင်ပန်းခံဘို့ မကောင်းဘူး သွေးနဲ့ကိုယ် သားနဲ့ကိုယ်၊ လူခန္ဓာကိုယ်ကြီးဟာ စိတ်သွားတိုင်းမလိုက်နိုင်ဘူးဆိုတာ ဆင်ခြင်ဦး"

ရှမ်းထင်းသည် ငြိမ်၍ နားထောင်နေလိုက်သည်။

ချင်းစိန်ကား ရှမ်းထင်းအား အကဲခတ်လိုက်သည်။



"နေပါဦး ... မင်းကရေခပ်တော့လည်း ငါတို့ထက်အလျင်ပြီးတယ်၊ မင်းသည်လိုရေခပ်နိုင်တာပဲအတော့်ကို အံ့ဩဘို့ကောင်းနေပြီ၊ မင်းကိုတစ်ယောက်ယောက်က ကူညီပြီး ရေခပ်ပေးနေတာမဟုတ်လား"

ရှမ်းထင်းမျက်လုံးပြူးသွားလေသည်။

ခေါင်းခါယမ်းကာ လက်ဖြင့်သူ၏ရင်ဝကိုပုတ်ပြလိုက်လေသည်။

ချင်းစိန်နှင့်ဝမ်းရှိတို့ မယုံနိုင်ကြပါချေ။

ယခုရက်ပိုင်းအတွင်း ရှမ်းထင်းသည် အပြောင်းလဲကြီးပြောင်းလဲသွားကာ သန်သန်မာမာဖြစ်နေသည်မဟုတ်လား။

ဝမ်းယို့က-

"မင်းရေခပ်တာတော်တော်မြန်တယ်"

ကျင်းစိန်က-

"ဟုတ်တယ် ဆရာခုံးမိန်ကတောင် ကျုပ်တို့ကူပြီးခပ်ပေးနေတာလားလို့ မေးသေးတယ်"

ဝမ်းရှိက

"ငါတို့ကငြင်းလိုက်ပါတယ်၊ သည်ကနေ့ညနေတောင် မင်းကို လာမေးသေးတယ်"

ရှမ်းထင်း ထိတ်လန့်သွားလေသည်။

သူ၏မျက်နှာတွင် စိုးရိမ်ပူပန်သော အရိပ်အရောင်များဖြစ်ပေါ်လာလေသည်။

ချင်းစိန်က

"ဆရာ ခုံးမိန်က တို့တတွေရဲ့အခြေအနေကိုလာပြီး အကဲခတ်တာကွ၊ မင်းကိုမတွေ့တော့ မိုးချုပ်ပြီ၊ ဘယ်သွားနေသလဲလို့

တောင် မေးသေးတယ်"

ဝမ်းရှိ ခေါင်းညိတ်လိုက်သည်။

"မင်းမရှိတာကို သိလို့မေးတာကွ"

သူပျောက်နေသည့်အကြောင်းကို ဆရာခုံးမိန် သတိပြုမိနေပြီဖြစ်လေသည်။

ရှမ်းထင်းသည် ချင်းစိန်တို့ကို အားကိုးတကြီးကြည့်လိုက်လေသည်။

ခုံးမိန်သည် တာဝန်ရှိသည့်အတိုင်း ကျောင်းသားများ၏အိပ်ဆောင်သို့ ဝင်ရောက်စစ်ဆေးလေ့ရှိပါသည်။

သူ၏လက်အောက်မှ ကျောင်းသားများ၏အခြေအနေကို မျက်ခြည်ပြတ်မခံပဲ အမြဲစောင့်ကြည့်နေတတ်သူဖြစ်လေသည်။

ချင်းစိန်နှင့် ဝမ်းရှိတို့အချင်းချင်းကြည့်လိုက်ကြသည်။ သူတို့၏မျက်နှာများ ပြုံးနေသည်။

တဖန် ရှမ်းထင်းဘက်သို့ ပြန်လှည့်လိုက်ကြ၏။

ချင်းစိန်ကမေးသည်။

"ဘာလဲ ... မင်း ဘော်တော်စိုးရိမ်သွားတယ်မဟုတ်လား"

ရှမ်းထင်းက ခေါင်းညိတ်ဝန်ခံလိုက်လေသည်။

ဝမ်းရှိ လက်ကာပြလိုက်သည်။

"ဘာမှမပူပါနဲ့ကွာ ... ငါတို့ရှိပါတယ်"

"ဟုတ်တယ် ... ဟုတ်တယ် ... ငါတို့က ဆရာခုံးမိန်ကို လိမ်ပြောလိုက်တယ်"

ရှမ်းထင်း၏မျက်လုံးများ အရောင်တောက်ပလာ၏။

ချင်းစိန်က ...



"မစိုးရိမ်ပါနဲ့ကွာ၊ မင်းဗိုက်မကောင်းလို့ ဝမ်းခဏခဏသွားနေတယ်ဆိုပြီး ငါတို့လိမ်ပြောလိုက်ကြတာ"

"ဟုတ်တယ်လေ၊ အိမ်သာသွားတယ်ဆိုတော့ သူလည်းမင်းကို ဘယ်လိုက်ရှာတော့မလဲ၊ မင်းဗိုက်နာနေတယ်ဆိုယင်သောက်ဘို့ ဆေးတောင်ပေးသွားသေးတယ်"

ချင်းစိန်က အနီရောင်ဆေးလုံး သုံးလုံးအား ထုတ်ပေးလေသည်။ ဝမ်းပိတ်ဆေးဖြစ်ပါသည်။

ရှမ်းထင်းက လှမ်းယူလိုက်ရသော်လည်း တကယ်တမ်းဝမ်းသွားခြင်းမဟုတ်၍ သောက်စရာမလိုသဖြင့် အခက်ကြုံကာ ခေါင်းကုပ်လိုက်လေသည်။ တကယ်တမ်းဝမ်းသွားခြင်းမဟုတ်သဖြင့် ဝမ်းပိတ်ဆေးသောက်စရာလိုမည် မဟုတ်ချေ။

ရှမ်းထင်းအခက်ကြုံနေသည်ကိုကြည့်ကာ ဝမ်းရှိနှင့် ချင်းစိန်တို့ရယ်မောလိုက်ကြလေသည်။

"သောက်စရာမှမလိုတာ သိမ်းထားလိုက်ပေါ့ကွာ၊ နောက်တစ်ခါသူလာရှာယင် အိမ်သာသွားတက်တယ်လို့ပြောယင် သူကယုံတော့မှာမဟုတ်ဘူး၊ သည်တော့ မင်းဆင်ခြင်ဘို့ကောင်းပြီ"

ရှမ်းထင်း ခေါင်းညိတ်လိုက်သည်။

လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်အရိုအသေပေးလိုက်၏။ သူ၏အမူအရာမှာ ကျေးဇူးတင်ကြောင်း ထင်ရှားပေါ်လွင်နေသည်။

ချင်းစိန်နှင့် ဝမ်းရှိတို့က ဘာမှမပြောကြတော့ပဲ လှဲချလိုက်ကြသည်။

ရှမ်းထင်း သက်ပြင်းချလိုက်လေသည်။

နောက်နောင် ဆင်ခြင်ရမည်ဟုလည်း ကိုယ့်ကိုကိုယ် သတိ

ပေးလိုက်သည်။

သူလည်း အိမ်ရာထက် လှဲချလိုက်၏။

သို့သော် ... ချက်ခြင်းအိပ်မပျော်နိုင်သေးဘဲ အတွေးများဖြင့် ချာချာလည်နေသည်။ ဟိုလိုမှ့် သည်လိုမှ့်ဖြင့် ညဉ့်အတော်နက်တော့မှပင် အိပ်ပျော်သွားတော့သည်။

ဆူဆူညံညံ အသံများ နားထဲဝင်လာတော့မှ လန့်နိုးလာလေသည်။

မျက်လုံးဖွင့်ကြည့်လိုက်သောအခါ မိုးစင်စင်လင်းနေပြီဖြစ်ကြောင်း တွေ့လိုက်ရလေတော့သည်။

♣ ♣ ♣

## ဆရာ

တစ်လ ...

တစ်လဟူသောအချိန်မှာ လျင်မြန်စွာကုန်ဆုံးသွားသည်ထင်ရလေသည်။ တစ်လအတွင်း တာဝန်ခံဆရာခုံးမိန် ရွေးချယ်ခဲ့သောရေခပ်ဖို့တာဝန်ကျသူသုံးယောက်မှာ အံ့ဩစရာကောင်းအောင်ပင် ခန္ဓာကိုယ်ကြံ့ခိုင်သန်စွမ်းမှု တိုးတက်လာလေသည်။ တစ်လပြည့်သောနေ့နံနက်၌ တာဝန်ခံခုံးမိန်က ရှမ်းထင်းတို့သုံးယောက်အား သီးသန့်ခေါ်ယူကာ တွေ့ဆုံခဲ့လေသည်။ ရှမ်းထင်းတို့သုံးယောက်သည် ရင်ဘောင်တန်းကာ မလှုပ်မယှက် ရပ်နေလိုက်ကြသည်။

ခုံးမိန်က သူတို့အား စစ်ဆေးကြည့်လိုက်လေသည်။

ရှမ်းထင်းတို့၏ရှေ့၌ လက်နှစ်ဘက်နောက်ပစ်ကာ ခေါက်တုန့်ခေါက်ပြန်လျှောက်ယင်း စစ်ဆေးကြည့်ရှုနေခြင်းဖြစ်သည်။

ရှမ်းထင်းတို့က ခုံးမိန်ကို မကြေညာဝံ့ကြပါချေ။ ရှေ့တည့်တည့်သို့သာ မျက်တောင်မခတ်စူးစိုက်ကြည့်နေကြရလေသည်။ အသက်ဖြင်းပြင်းရှူကာ ရင်ကော့ပြီး မားမားမတ်မတ် ရပ်နေကြရလေသည်။

အတော်ကလေးကြာတော့မှ ခုံးမိန်က ခြေလှမ်းရပ်လိုက်လေသည်။

ချောင်းတချက်ဟန့်ပြီး စကားစလိုက်သည်။

"မင်းတို့သုံးယောက်ဟာ အတော်သဘောကျဘို့ကောင်းတာပဲ"

ချီးကျူးခြင်းဖြင့် အစချီလိုက်ခြင်းဖြစ်သည်။

ရှမ်းထင်းတို့ ဝမ်းသာသွားကြသည်။

ခုံးမိန်သည် တပည့်များအပေါ် သံယောဇဉ်ရှိသော်လည်း ထုတ်ဖော်ချီးကျူးဘို့ အလွန်ဝန်လေးသူဖြစ်ပါသည်။ ယခုကဲ့သို့ထုတ်ဖော်ချီးကျူးနေသည်မှာ အကြောင်းရှိရမည်ဟု ရှမ်းထင်းတို့နားလည်ထားကြပါတော့သည်။

ခုံးမိန်က ...

"ကဲ ... ကျောင်းသားအများကြီးရှိတဲ့ကြားထဲက ရေခပ်ဘို့ မင်းတို့သုံးယောက်ကိုဘာကြောင့် ရွေးထုတ်လိုက်ရသလဲဆိုတာ မသိချင်ကြဘူးလား၊ မင်းတို့စိတ်ဝင်စားကြမယ်လို့ ငါထင်တယ်"

ချင်းစိန် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဆရာ တီထွင်စမ်းသပ်မှုတစ်ခုပြုလုပ်ထားတာကြောင့် ကျွန်တော်တို့ကို အသုံးပြုခဲ့တာလို့ ထင်မိပါတယ်"

ခုံးမိန်က ...

"ဘိနပ်အလေးကြီးစီးပြီး ရေခပ်ခိုင်းတဲ့ကိစ္စဟာ မင်းပြောသလိုစမ်းသပ်တီထွင်လိုက်တာပါပဲ၊ သည်လိုအလေ့အကျင့်လုပ်လိုက်မယ်ဆိုယင် ဘယ်လိုအကျိုးကျေးဇူးခံစားရမယ်ဆိုတာကို မင်းတို့သိလာကြရမှာပါ ..."



ရှမ်းထင်းသည် ခုံးမိန်ပြောသည့်စကားများကို စိတ်ဝင်စားစွာနားထောင်နေလေသည်။

ချင်းစိန်နှင့် ဝမ်းရိုတို့ကလည်း ရှေ့ဆက်ပြောလာမည့်စကားကို နားစွင့်နေကြလေသည်။

ခုံးမိန်က ဆက်ပြောသည်။

"ကျုပ်တာဝန်ယူထားတဲ့အဖွဲ့မှာ ကျောင်းသားဆယ်ယောက်ကျော်ရှိပေမယ့် မင်းတို့သုံးယောက်ဟာ အလားအလာအကောင်းဆုံးကျောင်းသားတွေဖြစ်တယ်လို့ ကျုပ်ယူဆပါတယ်၊ ဒါကြောင့် သိုင်းပညာနဲ့ပတ်သက်လို့ ကျုပ်တီထွင်ထားတဲ့ကိစ္စမှာ မင်းတို့ကို ဦးဆုံးလေ့ကျင့်ခိုင်းဘို့ ဆုံးဖြတ်ခဲ့တာပဲ"

သူတို့သုံးယောက်ကို ဦးစားပေးလျှင် ကျန်ကျောင်းသားများအတွက် မည်သို့ရှိမည်နည်း။

ခုံးမိန်က ရှင်းပြလေသည်။

"မင်းတို့ကို ဦးစားပေးပြီး ကျန်တဲ့ကျောင်းသားတွေကိုတော့ မသင်ပေးဘူးလားဆိုတော့ မဟုတ်ဘူး၊ ကျန်တဲ့ကျောင်းသားတွေကိုလည်း ကျုပ်ကဆက်ပြီး သင်ကြားပေးသွားမှာပါပဲ"

ရှမ်းထင်း ကျေနပ်သွားလေသည်။

ခုံးမိန်သည် ကျောသား ရင်သားမခွဲခြားပဲ မျှတမှုရှိသူ တစ်ယောက်ဖြစ်လေသည်။

ခုံးမိန်က ...

"တခြားကျောင်းသားတွေကိုလည်း မင်းတို့ကိုပဲ သုံးယောက်တတွဲအဖွဲ့လေးတွေခွဲပြီး လေ့ကျင့်ခိုင်းမှာပါ၊ ဦးဆုံး မင်းတို့သုံးယောက်နဲ့ စမ်းသပ်ထားတဲ့လေးလံတဲ့ ဘိနပ်ထူကြီးစီးပြီး တောင်ပေါ်တက်

လိုက် ဆင်းလိုက် ရေခပ်ရတဲ့ အကျိုးကျေးဇူး ဘယ်လိုရှိတယ်ဆိုတာ သိရအောင် စမ်းသပ်ကြည့်ခဲ့တာပဲ"

ခုံးမိန်က လက်ဝှေ့ယမ်းပြသည်။

"တစ်လလုံးလုံး အပင်ပန်းခံထားတာ အကျိုးကျေးဇူးဖြစ်ထွန်းရမှာပေါ့၊ ကဲမင်းတို့ သုံးယောက်တောင်အောက်ကို ပြေးဆင်းသွားကြပေတော့"

ခုံးမိန်က လက်ဝှေ့ယမ်းပြသည်။

တစ်လလုံးလုံး အပင်ပန်းခံထားတာ အကျိုးကျေးဇူးဖြစ်ထွန်းရမှာပေါ့၊ ကဲ ... မင်းတို့ သုံးယောက် တောင်အောက်ကို ပြောဆင်းသွားကြပေတော့"

ရှမ်းထင်းတို့ ရုတ်တရက်မို့ ကြောင်အမ်းအမ်းဖြစ်သွားကြလေသည်။

ခုံးမိန်က ...

"တောင်အောက်ကိုရောက်တာနဲ့ တောင်ပေါ်ကိုချက်ခြင်းပြန်ပြီး ပြေးတက်လာရမယ်"

ရှမ်းထင်းတို့ကောင်းစွာနားမလည်ကြသည့်တိုင် စောဒကမတက်ခဲ့ကြပေ။ ဆရာခိုင်းသည့်အတိုင်း တသေမတိမ်း လိုက်နာဆောင်ရွက်ကြရမည် မဟုတ်ပါလား။

"ကဲ ... သွားကြပေတော့"

ခုံးမိန်ကပြောလျှင် ရှမ်းထင်းတို့သည် သူ့ထက်ငါအလုအယက် တောင်အောက်သို့ပြောဆင်းသွားကြလေတော့သည်။

ခုံးမိန်က တောင်ပေါ်၌နေခဲ့သည်မဟုတ်ပါ။ ရှမ်းထင်းတို့နှင့်အတူ တောင်အောက်သို့ပြောဆင်းပြီး အတူလုပ်လာခဲ့လေသည်။



ခုံးမိန်ကိုယ်တိုင် လိုက်လာခြင်းကြောင့် ရှမ်းထင်းတို့ လုံးဝမပေါ့ဆဝံ့ကြပါချေ။

မင်းဒုန်းစိုင်းပြေးသည့်အလား အားသွန်ခွန်စိုက် ပြေးဆင်းသွားကြလေသည်။

ယခု ...

သူတို့၏ခြေထောက်၌ ထူထဲလေးလံသောဘိနပ်ကို စီးမထားရချေ။

ရေပုန်းနှင့် ထမ်းပိုးလည်း မပါချေ။ သည်အတိုင်းလွတ်လွတ်လပ်လပ်ပြေးဆင်းသွားကြရခြင်းဖြစ်ပါသည်။ ထို့ကြောင့်အားလုံး ပေါ့ပါးလန်းဆန်းကာ အလွန်ပင် သွက်လက်ဖျတ်လပ်နေကြလေတော့သည်။တောင်အောက်သို့အယင်ဆုံးရောက်ရှိသွားသူမှာ ရှမ်းထင်းဖြစ်ပါသည်။

ရှမ်းထင်းသည် ဝီရိယစိုက်ကာ ကြိုးစားဆောင်ရွက်တတ်သူဖြစ်ကြောင်း အထင်းသားပေါ်လွင်လာလေသည်။ ချင်းစိန်နှင့် ဝမ်းရှိတို့ကလည်း မရှေးမနှောင်းရောက်လာကြလေသည်။

တောင်အောက်သို့ရောက်သော်လည်း ရပ်နားခြင်းမပြုရပါချေ။

ခုံးမိန်က အော်ပြောလိုက်သည်။

"ကဲ ... တောင်ပေါ်ပြန်တက်ကြမယ်ဟေ့"

ပြောပြီးရှေ့ဆုံးမှ ပြေးတက်သွားလေသည်။ ချင်းစိန်၊ ဝမ်းရှိနှင့် ရှမ်းထင်းတို့လည်း နောက်က ထက်ကြပ်မကွာ ပြေးလိုက်သွားကြလေသည်။ သုံးယောက်သား သူ့ထက်ငါဦးအောင် ပြောလိုက်သွားကြခြင်းဖြစ်ပါသည်။

သူတို့သည် လေးလံသောဘိနပ်စီးကာ ရေပုန်းထမ်းပြီး တောင်ပေါ် တောင်အောက် အကြိမ်ပေါင်းများစွာ တက်လိုက်ဆင်းလိုက်လုပ်ခဲ့ကြရလေသည်။

ထို့ကြောင့် ...

တောင်ပေါ် အတက်အဆင်းလုပ်ရသည်မှာ ကျောင်းသားနေကြပြီဖြစ်သည်။ အလေးအပင်များနှင့်ပင် တက်နိုင်ဆင်းနိုင်ကြသေးရာ အလေးအပင်မပါသောအခါ အတက်အဆင်းကပို၍ လွယ်ကူပြီး ပေါ့ပါးသွက်လက်ကာ လျင်မြန်နေပါတော့သည်။

တောင်အောက်သို့ တခဏအတွင်း ပြေးဆင်းသွားနိုင်ကြသကဲ့သို့ တောင်ပေါ်သို့လည်း တခဏအတွင်း ပြေးတက်နိုင်ခဲ့ကြလေတော့သည်။

သုံးယောက်သား တောင်ဆင်း တောင်တက်ပြုလုပ်လိုက်ကြသော်လည်း ချွေးတစက်ကလေး မထွက်သလို မောပန်းခြင်းလည်း မဖြစ်ခဲ့ကြချေ။

တောင်အောက်မှ တောင်ပေါ်သို့ ပြန်တက်လာကြသောအခါ၌လည်း တောင်ပေါ်သို့ ဦးဆုံးရောက်လာသူမှာ ရှမ်းထင်းပင်ဖြစ်နေပါတော့သည်။

"ဟား ... ဟား ... ဟား ..."

ခုံးမိန်သဘောကျစွာ ရယ်မောလိုက်သည်။

ရှမ်းထင်းတို့သုံးယောက်အား ဝေ့ကြည့်လိုက်သည်။

"ကဲ ... မင်းတို့သဘောပေါက်ကြပြီမဟုတ်လား" ဟု မေးလိုက်သည်။

ရှမ်းထင်းတို့ အချင်းချင်း ကြည့်လိုက်ကြသည်။



ခုံးမိန်မေးလိုက်သည့်စကား အဓိပ္ပာယ်ကို သူတို့နားလည်သဘောပေါက်ထားကြလေသည်။ ရေခပ်ခဲ့ရခြင်းသည် ပြင်းပြင်းထန်ထန် လေ့ကျင့်ရခြင်းတစ်မျိုးဖြစ်လေသည်။ ထိုသို့လေ့ကျင့်ခဲ့ရခြင်းကြောင့်လည်း သူတို့၏ အခြေအနေ တိုးတက်လာခြင်းဖြစ်လေသည်။

ရှမ်းထင်းတို့ ပြိုင်တူ ခေါင်းညိတ်လိုက်ကြလေသည်။

ခုံးမိန်က ...

"ကဲ ... ဘယ်လိုသဘောပေါက်တာလဲ ပြောစမ်းပါဦး" ဟု မေးလိုက်သည်။

ဝမ်းရှိုက ...

"ကျွန်တော်တို့နားလည်သဘောပေါက်ပါပြီဆရာ၊ အပင်ပန်းခံပြီး ခန္ဓာကိုယ်ကြံ့ခိုင်စွမ်းအားရအောင်လေ့ကျင့်ခဲ့လို့ တော်ရုံတန်ရုံပင်ပန်းမှုဒဏ်ကို ခံနိုင်ပါပြီ၊ ပြီးတော့ အလျင်ကထက်ပိုပြီး သွက်သွက်ကလေး လှုပ်ရှားသွားလာနိုင်ပါပြီ"

ခုံးမိန် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်..အပင်ပန်းခံနိုင်သလို သွက်သွက်လက်လက်ရှိဘို့လည်း လိုအပ်တယ်၊ ဒါမှအပြင်အား၊ အတွင်းအားနဲ့ သက်ဆိုင်တဲ့ သိုင်းပညာရပ်တွေ လေ့ကျင့်တဲ့အခါ အများကြီး အထောက်အကူပြုမှာပဲ"

ရှမ်းထင်းတို့သည် ဆရာဖြစ်သူ၏စကားကို အလေးအနက် မှတ်သားနာယူနေကြလေသည်။

ခုံးမိန်က ဆက်ပြောသည်။

"မင်းတို့ ... သည်ကနေ့ကစပြီး ရေခပ်စရာမလိုတော့ဘူး၊ တခြားအလုပ်တွေလည်း လုပ်စရာမလိုတော့ဘူး၊ သိုင်းပညာတစ်မျိုး

ထဲကိုပဲ အထူးဝီရိယစိုက်ပြီး လေ့ကျင့်သင်ကြားရလိမ့်မယ်"

ရှမ်းထင်းတို့ ဝမ်းသာပျော်ရွှင်သွားကြလေတော့သည်။ သူတို့သည် သိုင်းပညာသင်ကြားဖို့ ရှောင်လင်ကျောင်းသို့ လာခဲ့ကြခြင်းဖြစ်သည်။

ရှောင်လင်ကျောင်းသို့ရောက်လာခဲ့သော်လည်း ရုတ်တရက် သိုင်းပညာမသင်ရသေးပဲ ထင်းခွဲရေခပ် အောက်ခြေသိမ်းအလုပ်များ လုပ်ကိုင်ခဲ့ရသည်။

ယခုတော့ ...

သူတို့မျှော်လင့်စောင့်စားခဲ့သည့်အတိုင်း သိုင်းပညာသင်ကြားခွင့်ရတော့မည် ဖြစ်လေသည်။

ရှောင်လင်ကျောင်းမှ သိုင်းပညာသင်ကြားခွင့်ရမည်ဆိုပါလျှင် သူတို့သည် မကြာသေးမီက ရှောင်လင်ကျောင်း၏ ရိုးရိုးကျောင်းသားများ ဖြစ်ခဲ့ကြသည်။

မျက်စိတမှိတ် လျှပ်တပြက်အချိန်လေးမှာပင် သူတို့၏အခြေအနေက ပြောင်းလည်းသွားခဲ့ပြီဖြစ်သည်။ ရှောင်လင်ကျောင်း၏ သိုင်းပညာရပ်များ သင်ကြားရမည့် အထူးကျောင်းသားများ ဖြစ်သွားကြပြီမဟုတ်ပါလား

ရှမ်းထင်းတို့ ဝမ်းသာပျော်ရွှင်မဆုံးအောင် ဖြစ်သွားကြလေတော့သည်။

ခုံးမိန်က ...

"မင်းတို့သုံးယောက် သိုင်းပညာသင်ရတော့မယ် ဆိုပေမယ့် တခြားကျောင်းတော်သားတွေနဲ့ရောနှောပြီး လေ့ကျင့်ရမှာ မဟုတ်ဘူး။ လေ့ကျင့်ကွင်းကို မသွားရသေးဘူး" ဟု ပြောလေသည်။



ရှောင်လင်ကျောင်း၏ သိုင်းပညာအမွေကို ဆက်ခံကြသည်။ ကျောင်းသားများသည် လေ့ကျင့်ရေးကွင်း၌ သွားရောက်စုရုံးကာ သိုင်းလေ့ကျင့်သင်ကြားကြရလေသည်။

ဤတွင် ရှမ်းထင်းတို့သည် အခြားတာဝန်ခံများ တာဝန်ယူခဲ့သည့် ရှောင်လင်ကျောင်းတော်သားများနှင့်အတူ ရောနှောကာ သိုင်းသင်ကြရမည်ဖြစ်ပါသည်။

ခုံးမိန်က လေ့ကျင့်ကွင်းသို့သွားရောက်ခွင့်မပြုသည်မှာ အဘယ်ကြောင့်ဖြစ်ပါသနည်း။

ခုံးမိန်က ဆက်ပြောလေသည်။

"ကျုပ်ရဲ့အဖွဲ့ကလူတွေဟာ တခြားအဖွဲ့ကလူတွေထက် ပိုပြီး အရည်အချင်းပြည့်ဝရမယ်ဆိုတာ ကျုပ်ရဲ့ခံယူချက်ပဲ၊ ဒါကြောင့် လေ့ကျင့်ကွင်းကိုမသွားခင် ပညာစုံနေအောင် သီးခြားသင်ပေးဘို့ ကျုပ်စိတ်ကူးထားတယ်"

ချင်းစိန်နှင့် ဝမ်းရှိတို့၏ သဘောထားကို မသိရသော်လည်း ရှမ်းထင်းကမူ ခုံးမိန်၏အစီအစဉ်ကို သဘောကျသွားလေသည်။ အခြားသာ ကျောင်းသားများနှင့် ရောနှောကာ လေ့ကျင့်ရသည်ထက် သီးသန့် လေ့ကျင့်ရခြင်းကို ပို၍ နှစ်ခြိုက်မိလေသည်။

ခုံးမိန်က ...

"အနောက်ဆောင်ပတ်ဝန်းကျင်မှာပဲ နေရာရွေးချယ်ပြီး မင်းတို့ကို သိုင်းသင်ပေးမယ်၊ ကျုပ်ကိုယ်တိုင် လက်တွေ့သင်ကြားပြသပေးမယ်၊ သူကိုယ်တိုင် တာဝန်ယူကာ ဖိဖိစီးစီး သင်ကြားပေးတော့မည်ဖြစ်ကြောင်း ထင်ရှားနေပါသည်။

ရှမ်းထင်းက ချင်းစိန်တို့အား မသိမသာ အကဲခတ်လိုက်၏။

ချင်းစိန်တို့၏မျက်နှာ ပြုံးရွှင်နေ၏။

သူတို့လည်း ခုံးမိန်၏အစီအစဉ်ကို သဘောကျနေကြပုံရှိသည်ကိုတွေ့ရမှ ရှမ်းထင်းစိတ်သက်သာရာရသွားလေတော့သည်။ သုံးယောက်သား မြေပေါ် ဒူးထောက်ချကာဂါရဝပြုလိုက်ကြလေသည်။

"ကဲ ... ကျုပ်နောက်လိုက်ခဲ့"

ခုံးမိန်က လက်ဝှေ့ယမ်းပြပြီး ခေါင်းဆောင်သွားလေသည်။ ရှမ်းထင်းတို့လည်း လိုက်သွားကြ၏။ သိုင်းသင်ကြားရန် အနောက်ဘက်အဆောင်နှင့် မနီးမဝေးရှိ မြေကွက်လပ်တစ်ခုကို ရွေးချယ်လိုက်လေသည်။

ထို့နောက် ...

"ကဲ ... ကျုပ်က မင်းတို့ကို သိုင်းကွက်တွေ လက်တွေ့လေ့ကျင့်ပြမယ်၊ မင်းတို့ သေသေချာချာကြည့်ထား၊ မှတ်ထားကြ၊ ကျုပ်လေ့ကျင့်ပြတဲ့အတိုင်း တသွေမတိမ်း ထပ်တူညီအောင် လေ့ကျင့်ရလိမ့်မယ်၊ အမှားအယွင်းရှိယင် ကျုပ်ကပြုပြင်ပေးမယ် ဟုတ်ပြီလား" ဟု မှာကြားလိုက်လေသည်။

"ကောင်းပါပြီဆရာ"

ချင်းစိန်တို့ ဦးညွှတ်လိုက်ကြလေသည်။

"ကဲ ... ကြည့်ထား"

ခုံးမိန်က မြေကွက်လပ်အလယ်သို့ လှမ်းထွက်လိုက်၏။

သူ၏မျက်နှာ တည်ကြည်လေးနက်နေသည်။ မြေကွက်လပ်၌ ခြေနှင့်လက် ခွဲကာ မားမားမတ်မတ်ရပ်ပြီး အသက်ပြင်းပြင်း ရှူရှိုက်လိုက်သည်။

တဖန် ...



"ယား ..."

ညာသံပေးကာ မာန်သွင်းပြီး ရှောင်လင်သိုင်းကွက် အချို့ကို ဖော်ထုတ်လိုက်လေသည်။ ရှမ်းထင်းတို့သည် သိုင်းပညာသင်ကြားရတော့မည်ဖြစ်ရာ ဝမ်းသာပီတိဖြစ်နေပြီး စိတ်ဝင်စားစွာဖြင့် စောင့်ကြည့်နေကြလေသည်။

ခုံးမိန်က သိုင်းကွက်များအား လေ့ကျင့်ပြရာ၌ ပထမဦးဆုံး ရှမ်းထင်းတို့ သေသေချာချာမှတ်သားနိုင်ရန် ဖြည်းဖြည်းချင်းလေ့ကျင့်ပြလိုက်ခြင်းဖြစ်သည်။ စိတ်ရှည်လက်ရှည်ဖြင့် သုံးလေးခေါက်မျှ အမြန်ပြန်အလှန်လှန် လေ့ကျင့်ပြလိုက်သည်။

ထို့နောက် ...

"သေသေချာချာ ကြည့်ထား" ဟု မှာကြားကာ သိုင်းကွက်လေ့ကျင့်ရာ၌ လျင်မြန်မှုကို တစထက်တစ ပို၍တိုးလိုက်၏။ သုံးလေးကြိမ်မျှ ဖြည်းဖြည်းချင်းနင်း၊ သွက်လက်မြန်ဆန်စွာဖြင့် ၄င်း၊ ဖော်ထုတ်ပြလိုက်ခြင်းဖြစ်လေသည်။

ပြီးမှ ...

ခုံးမိန်က ... မြေကွက်လပ်ဘေးသို့ ထွက်လိုက်သည်။ ရှမ်းထင်းတို့သုံးယောက်အား လက်ဝှေ့ယမ်းပြလိုက်လေသည်။

ငါ ... လေ့ကျင့်ပြတဲ့ သိုင်းကွက်ကို မင်းတို့မှတ်မိကြတယ် ဟုတ်လား။

ရှမ်းထင်းတို့ ဦးညွှတ်လိုက်ကြသည်။

ချင်းစိန်က

"မှတ်မိပါတယ်ဆရာ"

ခုံးမိန်က ...

"ကောင်းပြီ ... မင်းတို့မှတ်မိတယ်ဆိုယင် မြေကွက်လပ်ကို ထွက်ပြီး လေ့ကျင့်ကြပေတော့"

ရှမ်းထင်းတို့အား လက်တွေ့လေ့ချင်းခိုင်းလေတော့သည်၊ ရှမ်းထင်း၊ ချင်းစိန်နှင့် ဝမ်းရှိတို့က မြေကွက်လပ်သို့ထွက်ကာ ရပ်လိုက်ကြသည်။

ခုံးမိန်ကို ဦးညွှတ်ဂါရဝပြုလိုက်လေသည်။

တဖန် ...

"ယား ..."

ညာသံများပေးကာ ခုံးမိန်သင်ပေးသည့် သိုင်းကွက်များကို လက်တွေ့လေ့ကျင့်လိုက်ကြလေသည်။ခုံးမိန်က မျက်ခြေမပြတ်စောင့်ကြည့်နေ၏။ ရှမ်းထင်းတို့ လေ့ကျင့်ရာ၌ လိုအပ်ချက်ရှိလျှင် ချက်ချင်းထောက်ပြသည်။ ပြုပြင်ပေးသည်။

သိုင်းကွက်၏ပုံသဏ္ဌာန်နှင့် ဦးတည်ချက်ကို အသေးစိတ်ရှင်းပြသည်။

ရှမ်းထင်းတို့သုံးယောက်အား အနီးကပ် လက်ထပ်သင်ပေးလိုက်ခြင်းဖြစ်ပါသည်။

ရှမ်းထင်း ဝမ်းသာနေသည်။ သူအလွန်ပင်လိုချင်တောင့်တနေသော သိုင်းပညာကို စတင်သင်ကြားလိုက်ရပြီဖြစ်လေသည်။

♣ ♣ ♣

# အတိတ်ဆိုး

တစ်ရက် ...

နှစ်ရက် ...

သုံးရက် ...

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။ ရှမ်းထင်းသည် ချင်းစိန်၊ ဝမ်ရှိတို့နှင့်အတူ ခုံးမိန်သင်ကြားပေးသော သိုင်းကွက်များကို အပတ်တကုတ် ကြိုးစားလေ့ကျင့်ခဲ့လေသည်။

နဂိုရ်ကပင် သိုင်းပညာသင်ယူလိုသဖြင့် ရှောင်လင်ကျောင်းသို့ရောက်လာခဲ့ခြင်းဖြစ်သည်။ ယခုလို ရှောင်လင်ကျောင်းမှ ပညာများသင်ကြားဖို့ အခွင့်အရေးရလာသောအခါ အခိုမကပ်ဘဲ အားကျိုးမာန်တက် ကြိုးစားလေ့ကျင့်ခဲ့လေတော့သည်။

ချင်းစိန်နှင့် ဝမ်းရှိတို့သည် လည်း ဇွဲနဘဲကြီးသော ကျောင်းသားများဖြစ်ကြလေသည်။သူတို့သည်လည်း ရှောင်လင်ကျောင်း မှ သိုင်းပညာများကို လိုလားတောင့်တနေကြသူများဖြစ်သည်။ခုံးမိန်ကိုယ်တိုင် အနီးကပ်ကြီးကြပ်ကာ သင်ကြားပေးလေ သောအခါ အားကြိုးမာန်တက် သင်ယူကြလေသည်။

သုံးယောက်သား မခိုမကပ်ပဲ တက်ညီလက်ညီ ကြိုးစားကြလေသောကြောင့် ခုံးမိန်လည်း ကျေနပ်သွားလေသည်။

သူတာဝန်ယူထားရသော ကျောင်းသားများအနက် ရှမ်းထင်းတို့သုံးယောက်အား လက်ရွေးစင် ရွေးချယ်မိသည်မှာလည်း မှန်ကန်နေပြီဖြစ်ကြောင်း သဘောပေါက်လိုက်၏။ ရှမ်းထင်းတို့သုံးယောက်အား ပညာကုန်သင်ကြားပေးရန်လည်း ဆုံးဖြတ်ထားလေသည်။

အထူးသဖြင့် ...

ရှမ်းထင်းကို ခုံးမိန်ကပိုပြီး သဘောကျမိလေသည်။ ရှမ်းထင်းသည် လူပုံပျော့ညံ့ညံ့လေးဖြစ်သော်လည်း ဇွဲကြီးလှသူဖြစ်ပါသည်။ သိုင်းပညာသင်ကြားရဘို့ မလျော့သော ဇွဲလုံ့လဖြင့် ကြိုးစားခဲ့သူဖြစ်သည်။

ချင်းစိန်နှင့် ဝမ်းရှိတို့ထက်ပိုပြီး ပြင်းပြင်းထန်ထန် ကြိုးစားခဲ့သူလည်း ဖြစ်လေသည်။

ရှမ်းထင်းအား မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့သဖြင့် ရှမ်းထင်း၏ ဇွဲလုံ့လကို တွေ့ရလျှင် သဘောကျခဲ့ရသည်။ ရှမ်းထင်းမှာ သူတစ်ပါးနှင့်မတူပဲ ချို့ယွင်းချက် ရှိနေပါသည်။

ဆွံ့အနေသော ဒုက္ခိတလေးတစ်ယောက် မဟုတ်ပါလား။ ထိပ်တန်းသိုင်းပညာတတ်မြောက်ထားမှသာလျှင် သူတစ်ပါး၏ စော်ကားမှုမှ လွတ်ကင်းနိုင်လိမ့်မည်ဖြစ်ပေသည်။

ရှောင်လင်ကျောင်းတော်သားကောင်းတစ်ယောက်ဖြစ်လာလျှင် အများမစော်ကားဝံ့သည့်အပြင် ကြည်ညိုလေးစားခြင်းခံရမည်ဖြစ်လေသည်။

ရှမ်းထင်းမှာ စကားမပြောတတ်သည်မှအပ နှစ်လိုဘွယ်



ကောင်းသော ရုပ်သွင်ပိုင်ရှင်ဖြစ်လေသည်။စိတ်ထားဖြူစင်ပြီး သဘောမနောကောင်းသူတစ်ယောက်လည်းဖြစ်သည်။

သို့သော် ...

ရှမ်းထင်းက ညှိုးငယ်သောမျက်နှာထားဖြင့် အမြဲနေလေ့ရှိသည်။ နောက်ထပ် ချို့ယွင်းချက်တစ်ခုအလား ဖြစ်နေပြန်သည်။ ရှမ်းထင်းသည် တစ်ယောက်ထဲ သီးခြားနေထိုင်လေ့ရှိပြီး လူစည်ကားသောအရပ်ကို ဝေးဝေးမှ ရှောင်လေသည်။ ဆွေးမြေ့ကြေကွဲနေခြင်းနှင့် မှိုင်တွေနေခြင်းသည် ရှမ်းထင်း၏ပြယုဂ်များ ဖြစ်နေသည်။

ရှမ်းထင်း ထိုကဲ့သို့ဖြစ်နေခြင်းမှာ အကြောင်းတစ်ခုခုရှိရမည်ဟု ခုံးမိန်နားလည်ထားသည်။

ရှမ်းထင်းသည် ဆိုးဝါးသော အတိတ်မှဖြစ်ရပ်များကြောင့် မှိုင်တွေကြေကွဲနေသူဖြစ်ရမည်ဟု နားလည်မိသည်။ ရှမ်းထင်းအား ချင်းစိန်နှင့် ဝမ်းရှိတို့က ပျော်ပျော်ရွှင်ရွှင် ရှိစေချင်ကြသည့်နည်းတူ ခုံးမိန်သည်လည်း ထိုဆန္ဒမျိုးရှိလေသည်။

ရှမ်းထင်းသိုင်းပညာရှိလာပြီး ကိုယ့်ကိုကိုယ် ယုံကြည်မှုရှိလာလျှင် ဝမ်းနည်းပူဆွေးမှုများ ပျောက်ကွယ်ကာ ပျော်ရွှင်လာလိမ့်မည်ထင်မိသည်။ ခုံးမိန်သည် ရှမ်းထင်းကို ကရုဏာသက်ကာ သူ၏စမ်းသပ်သည့် အစီအစဉ်တွင် ချင်းစိန်တို့နှင့်အတူ ရွေးချယ်လိုက်ခြင်းဖြစ်တော့သည်။

ခုံးမိန်က ဂရုစိုက်သင်ကြားပေးသကဲ့သို့ ရှမ်းထင်းတို့ကလည်း အားကြိုးမာန်တက် ကြိုးစားလေ့ကျင့်ကြလေသည်။

ဆရာကော တပည့်များပါ သိုင်းပညာသင်ကြားသည့်ကိစ္စတွင် အာရုံနစ်မျောသွားကြလေတော့သည်။

ခုံးမိန်၏ မျက်နှာပြုံးရွှင်နေသည်။

တပည့်များက ကြိုးစားကြလေသောကြောင့် သိုင်းပညာသင်ကြားပေးရသည်ကို နှစ်ထောင်းအားရ ဖြစ်မိလေသည်။ သုံးလေးရက်အတွင်း သူသင်ကြားပေးသည့် သိုင်းကွက်များအား ရှမ်းထင်းတို့တတ်မြောက်သွားကြသဖြင့် ခုံးမိန်မှာ အကျေနပ်ကြီး ကျေနပ်နေတော့သည်၊

"မင်းတို့ကို နောက်တဆင့်တက်ပြီး သင်ပေးရမယ်"

ပထမအဆင့်ကို ကျေနပ်နိုင်ပြီဖြစ်၍ နောက်တစ်ဆင့်တက်ကာ သင်ကြားပေးလေသည်။ အခြေခံသိုင်းကွက်များမှ ဆင့်ပွားကာ အဆင့်မြင့်သော သိုင်းကွက်များသို့ ကူးပြောင်းသည့် ကြားခံသိုင်းကွက်များဖြစ်လေသည်။

သိုင်းကွက်များမှာ အဓိပ္ပာယ်လေးနက်ပြီး လွယ်မယောင်နှင့်ခက်သော သိုင်းကွက်များသို့ ကူးပြောင်းသည့် ကြားခံသိုင်းကွက်များဖြစ်လေသည်။ ထိုသိုင်းကွက်များမှာ အဓိပ္ပာယ်လေးနက်ပြီး လွယ်မယောင်နှင့်ခက်သော သိုင်းကွက်များဖြစ်သည်။ သိုင်းတစ်ကွက်ချင်း၏ အနှစ်သာရကို သိထားနိုင်မှသာ လေ့ ကျင့်တတ်မြောက်နိုင်မည်ဖြစ်လေသည်။

ပြီးလျှင် ...

"မင်းတို့ရှင်းရဲ့လား၊ ဘာမေးစရာရှိသလဲ" ဟု လမ်းဖွင့်မေးလိုက်သည်။

ခုံးမိန်က အသေးစိတ်ရှင်းပြသည့်အပြင် သုံးလေးကြိမ်မကလက်တွေ့လေ့ကျင့်လေသောကြောင့် ရှမ်းထင်းတို့ကောင်းစွာသဘောပေါက်နေကြပြီဖြစ်ပါသည်။

မရှိပါဘူးဆရာ"



"ဒါဖြင့် မင်းတို့လေ့ကျင့်လိုက်ကြပေတော့"

"ကောင်းပါပြီ"

ရှမ်းထင်းတို့သုံးယောက် တက်ညီလက်ညီ လေ့ကျင့်လိုက်ကြပြန်လေတော့သည်။

♣ ♣ ♣

ငါးရက် ...

ငါးရက်ဟူသောအချိန်ကုန်ဆုံးသွားပြီဖြစ်ပါသည်။ ထိုငါးရက်အတွင်း၌ ခုံးမိန်က သိုင်းကွက်အတော်များများ သင်ကြားပေးခဲ့လေသည်။

ရှမ်းထင်းတို့လည်း ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်ခဲ့ကြလေသည်။ သူတို့အားကြိုးမာန်တက် ကြိုးစားလေ့ကျင့်ခဲ့ကြခြင်းကြောင့် သင်ပေးသမျှ တတ်မြောက်သွားကြသည်ဟု ဆိုနိုင်ပါတော့သည်။

တပည့်ကောင်းများရထားသဖြင့် ခုံးမိန်ပျော်ရွှင်နေမိလေသည်။

သူတာဝန်ယူရသည့်အဖွဲ့မှ အရည်အချင်းရှိပြီး ထက်မြက်သော ရှောင်လင်ကျောင်းသားများ ထွက်ပေါ်လာတော့မည် မဟုတ်ပါလား။

ခုံးမိန်သည် ငါးရက်လုံးလုံး ကိုယ်တိုင်ကိုယ်ကျ အနီးကပ်လေ့ကျင့်သင်ကြားပေးခဲ့လေသည်။

ခြောက်ရက်မြောက်သောနေ့တွင် ...

ခုံးမိန်က တည်ကြည်သောမျက်နှာထားဖြင့်ပြောသည်။

"တပည့်တို့ ... မင်းတို့ကို ဆရာသိုင်းသင်ပေးခဲ့တာ ငါးရက်ရှိသွားပြီ၊ မင်းတို့ရဲ့ ကြိုးစားအားတက်မှုကို တွေ့ရလို့ ဆရာကျေနပ်တယ်၊

ဆရာက အနီးကပ်စောင့်ကြည့်မနေဘူးဆိုယင်လည်း မင်းတို့အသိနဲ့ မင်းတို့ ဆက်ပြီးကြိုးစားသွားကြလိမ့်မယ်လို့ ဆရာယုံကြည်ထားတယ်"

ရှမ်းထင်တို့ ဦးညွှတ်လိုက်ကြလေသည်။

ချင်းစိန်က ...

"စိန်ချပါဆရာ၊ ကျွန်တော်တို့အစွမ်းကုန် ကြိုးစားလေ့ကျင့်သွားကြမှာပါ"

ခုံးမိန်ပြုံးလိုက်သည်။

"ကောင်းတယ် ... ကောင်းတယ်"

သူက ရှေ့ဆက်လေ့ကျင့်ရမည့် အစီအစဉ်ကို ပြောပြလိုက်လေသည်။

"သည်ကနေ့ကစပြီး တပည့်တို့ ကိုယ့်ဘာသာ လေ့ကျင့်ရတော့မယ်၊ ဒါပေမယ့် ဆရာ့မှာ တခြားတာဝန်ဝတ္တရားတွေရှိနေတာကြောင့် ခုလိုအနီးကပ်ကြီးကြပ်ပေးနိုင်တော့မှာ မဟုတ်ဘူး"

ရှမ်းထင်းတို့အချင်းချင်း ကြည့်လိုက်ကြ၏။

ခုံးမိန်တွင် ဆောင်ရွက်စရာ တာဝန် ဝတ္တရားများရှိနေသေးသဖြင့် သူတို့အား တချိန်လုံး အနီးကပ်စောင့်ကြည့်ဘို့ဆိုသည်မှာ မဖြစ်နိုင်ကြောင်း နားလည်ထားကြလေသည်။

ခုံးမိန်က

"မင်းတို့ဘာသာကြိုးစားကြရလိမ့်မယ်၊ ဆရာမရှိဘူးဆိုပြီး မပေါ့ဆရဘူး"

"စိတ်ချပါဆရာ"

"တပည့်တို့ကို ဆရာယုံကြည်ပါတယ်၊ နံနက်စောစောထပြီး လေ့ကျင့်ပါ၊ နံနက်စာစားချိန်မှာ ခဏနားမယ်၊ ပြီးယင်မိုးချုပ်တဲ့အထိ



ဆက်ပြီးလေ့ကျင့်ကြရလိမ့်မယ်"

ခုံးမိန်သည် လေ့ကျင့်ရမည့်အချိန်နှင့် သိုင်းကွက်များကိုရှင်းလင်းပြောပြခဲ့လေသည်။

ရှမ်းထင်းတို့လည်း ဆရာအနီးတွင်မရှိသည့်တိုင် ပေါ့ဆမနေဘဲ ကြိုးစားလေ့ကျင့်ကြလေသည်။

သို့ဖြင့် ...

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်နှင့်အမျှ သူတို့၏ သိုင်းပညာအရည်အချင်းမှာလည်း တိုးတက်မြင့်မားလာလေတော့သည်။

♣ ♣ ♣

ညအချိန် ...

ညစာ စားသောက်ပြီးလျှင် ရှောင်လင်ကျောင်းတော်သားတိုင်း ဘုရားဝတ်ပြုကြရလေသည်။ ရှောင်လင်ကျောင်းသည် လောကုတ္တရာ တရားကျင့်ကြံ အားထုတ်ရာနေရာတစ်ခုလည်းမဟုတ်ပါလား။ ဘုရားဝတ်ပြုပြီး အားလပ်ချိန်ကလေး၌ အချင်းချင်းစကားစမြည်ပြောဆိုနိုင်ကြလေသည်။ ပြီးမှ အိပ်ရာဝင်ကြရသည်။

ရှောင်လင်ကျောင်းတော်ကြီး၏ ညဘက်လုံခြုံရေးတာဝန်ကျသူများမှအပ ကျန်လူအားလုံးအနားယူအိပ်စက်နိုင်ကြလေသည်။

ယနေ့ည ...

ချင်းစိန်နှင့် ဝမ်းရှိုတို့သည် အခြားသောကျောင်းသားများနှင့်အတူ စကားလက်ဆုံကျနေကြလေသည်။

အမှန်တော့ ... အခြားကျောင်းသားများသည် ချင်းစိန်တို့က အဆင့်မြင့် သိုင်းပညာများ သင်ကြားနေရပြီဖြစ်၍ စိတ်ဝင်စားစွာ

မေးမြန်းကြခြင်းဖြစ်လေသည်။

ချင်းစိန်နှင့် ဝမ်ရှိတို့ကား မျက်နှာတပြုံးပြုံးဖြစ်နေကြပါသည်။ အခြားသောကျောင်းသားများအလယ်တွင် ဂုဏ်ယူဝင့်ကြွားနေပြီမဟုတ်ပါလား။

သူတို့အပင်ပန်းခံဆောင်ရွက်ပြီး အဆင့်မြင့်သိုင်းပညာများ သင်ကြားရပုံကို အာဘောင်အာရင်းသန်သန်ဖြင့် ပြောပြနေကြလေသည်။

ကျောင်းသားများကလည်း ပါးစပ်အဟောင်းသားဖြင့် စိတ်ဝင်စားစွာ နားထောင်နေကြလေသည်။

ထိုအချိန်တွင်

ရှမ်းထင်းကား အိပ်ဆောင်ထဲ၌ ရောက်ရှိနေပြီဖြစ်ပါသည်။ ထုံးစံအတိုင်း လူများများနှင့်မနေတတ်ခြင်းကြောင့်ဖြစ်သည်။ ထိုအကျင့်ကို သူမဖျောက်နိုင်သေးပါချေ။

ရှမ်းထင်းသည် ပြတင်းပေါက်နှင့်ကပ်လျက်ရှိသော သူ၏နေရာ၌ သက်တောင့်သက်သာ လဲလျောင်းနေသည်။ ပြတင်းပေါက်နှင့်ထားသည်ဖြစ်ရာ ကောင်းကင်ပေါ်မှ လဝန်းနှင့်ကြယ်စင်လေးများကို တွေ့မြင်နေရသည်။

ရင်ထဲအေးမြကြည်လင်သွားနိုင်သော ညချမ်းကာလဖြစ်သည်။ ည၏ပိုးကောင်မွှားကောင်လေးများကလည်း ဘာသာဘာဝအော်မြည်နေကြပါသည်။

အေးမြသောညချမ်းတွင် အိပ်စက်အနားယူရမည်မှာနစ်မြောစရာကောင်းလှသည်။ အပြင်ထွက်ကာ ည၏သဘာဝအလှအပများကို ငေးမောခံစားသင့်သည် မဟုတ်ပါလား။



ရှမ်းထင်းက အပြင်ထွက်လိုပါသည်။ သို့သော် သူကတစ်ယောက်ထဲနေလိုသော အကျင့်ရှိသည်။ အပြင်ထွက်လိုက်သည်နှင့် ခြားသောကျောင်းသားများက ဝိုင်းအုံလာကြမည်ဖြစ်သည်။

သူ့အား ဝိုင်းဝန်းမေးမြန်းကြပေလိမ့်မည်။ သူကစကားမပြော င်သည့် ချို့ယွင်းချက်လည်းရှိနေခြင်းကြောင့် ကျောင်းသားများနှင့် ရွှင်နေထိုင်ဘို့ မဖြစ်နိုင်တော့ပါ။ ရှမ်းထင်းသည် အပြင်ထွက်လို သော်လည်း မထွက်ဖြစ်တော့ပဲ အိပ်ဆောင်ထဲ၌ တကိုယ်တည်းနေ နေရလေတော့သည်။

ရှမ်းထင်း မျက်လုံးမှိတ်ထားလိုက်သည်။ ဘာမှလုပ်စရာမရှိ တော့သဖြင့် အိပ်စက်အနားယူခြင်းက အကောင်းဆုံးမဟုတ်ပါလား။

ရှမ်းထင်းက အိပ်ပစ်လိုက်ဖို့ ကြိုးစားသော်လည်း ရုတ်တရက် ိပ်မပျော်နိုင်ပါချေ။ ပြတင်းပေါက်မှ အေးမြသော ညလေများတိုးဝင် ိုက်ခတ်နေသဖြင့် လန်းလန်းဆန်းဆန်းဖြစ်နေသည် မဟုတ်လား။ မ်းထင်းက အိပ်ရာထဲ၌ ဟိုဟိုသည်သည် လူးလိမ့်နေမိတော့သည်။

ရုတ်တရက် ...

သူ၏ရင်ဘတ်၌ တစ်စုံတစ်ခုက ခိုးလိုးခုလုဖြစ်နေခြင်း ကြောင့် ရှမ်းထင်းကလက်ဖြင့် စမ်းသပ်ကြည့်လိုက်လျှင် သူ၏လည် ၌ ဆွဲထားသော ဆွဲကြိုးလေးဖြစ်ကြောင်း တွေ့ရလေသည်။

ဆွဲကြိုးလေး ...

ထိုဆွဲကြိုးလေးသည် သူ၏ဘဝတွင် အရေးပါသော ပစ္စည်း နေပါသည်။ ရွှေဖြင့် လူရုပ်ပုံလော့ကက်သီးပါသော ဆွဲကြိုးလေး သည်။ ထိုဆွဲကြိုးလေးကို မပျောက်မပျက် သိမ်းဆည်းထားဖို့ သူ ခင်ကြီးက နောက်ဆုံးအချိန်၌ မှာကြားပြီး ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ရှမ်းထင်းသည် တွေးတောယင်း ဝမ်းနည်းစရာအဖြစ်အပျ
များ ပြန်လည်မြင်ယောင်လာပြန်ပါတော့သည်။

ထိုစဉ်က ...

"ဟား ... ဟား ... ဟား ..."

ရယ်မောသံများ ထွက်ပေါ်နေသည်။

သဘောကျ ကျေနပ်စွာဖြင့် ဟားတိုက်ရယ်မောလိုက်ခြင်းဖြ
လေသည်။ ရယ်မောသူကား ကျေနပ်စွာရယ်မောနိုင်ပေသည်။ သူ
လက်ချက်ဖြင့် လဲကျသွားသူမှာမူ ကြမ်းပြင်ပေါ်၌ အသက်ငင်နေ
မဟုတ်ပါလား။

တကိုယ်လုံးချွေးချင်းချင်းနီးရဲကာ သေလုမျောပါးဖြစ်နေ
ကို ကြည့်ပြီးရယ်မောနိုင်သူမှာ မည်ကဲ့သို့သော လူစားမျိုးဖြစ်ပါ
နည်း။

"ဟား ... ဟား ... ဟား ..."

ထိုလူက ဟားတိုက်ရယ်မောယင်း အိမ်ထဲမှ ထွက်သွားလေ
သည်။

ခလေးငယ်တစ်ယောက် ...

တိုင်တစ်လုံးနောက်ကွယ်မှ ပုန်းအောင်းချောင်းကြည့်
သော ခလေးငယ်တစ်ယောက်ပြေးထွက်လာပါသည်။

ခလေးငယ်သည် ကြမ်းပြင်ပေါ် လဲကျနေသူထံ ပြေးသွားခြ
ဖြစ်လေသည်။ ကြမ်းပြင်ပေါ်မှ ဖျင်ကြမ်းအင်္ကျီဝတ်ထားသူကား သွေ
အလူးလူးဖြင့် လူးလိမ့်နေသည်။

အော်ဟစ်ညည်းတွားနေသော်လည်း ပြင်းထန်သောဒဏ်ရ
များကြောင့် အသံပင်မထွက်နိုင်တော့ပေ။



ခလေးငယ်သည် ထိုလူ၏အဖြစ်ဆိုးကို မကြည့်ရက်ပဲ ဖေးမ
ကူညီလိုသည့်အလား တွေးပွေ့ကာ ဖေးမလိုက်၏။ ဖျင်ကြမ်းအင်္ကျီ
ဝတ်ထားသူ၏ ခန္ဓာကိုယ်မှ သွေးများသည် ခလေးငယ်အား ကူးခတ်
ပေကျံသွားလေသည်။

ဖျင်ကြမ်းအင်္ကျီဝတ်ထားသူက ကြိုးစားအားယူပြီး လည်ပင်း
မှ ရွှေစင်ဖြင့် ထုထားသော လူရုပ်ရုံပါ ဆွဲကြိုးလေးကို ကြိုးစားဖြုတ်ယူ
လိုက်သည်။

တဖန် ခလေးငယ်၏လက်ထဲ ထည့်ပေးလိုက်လေသည်။
ခလေးငယ်က ဆွဲကြိုးလေးကို တင်းကြပ်စွာ ဆုပ်ကိုင်ထားလိုက်ပါ
သည်။

ရှမ်းထင်းပင့်သက်ရှိုက်မိသည်။

ဝမ်းနည်းကြေကွဲစရာကောင်းသော မြင်ကွင်းက တဖြည်း
ဖြည်း မှုံဝါးသွား၏။ သူ၏မျက်ဝန်းအစုံ၌ မျက်ရည်များ ပြည့်လျှံလာ
သည် မဟုတ်ပါလား။

ရှမ်းထင်းက သတိထားပြီး စိတ်ကိုထိန်းချုပ်လိုက်သည်နှင့်
ကြေကွဲဘွယ်ကောင်းသောပုံရိပ်များလည်း ပျောက်ကွယ်သွားလေတော့
သည်။

♣ ♣ ♣

## ကြေကွဲဘွယ်ကောင်းသောအတိတ်

ထိုအတိတ်ကြောင့် ရှမ်းထင်းသည် အခြားသောလူငယ် လူရွယ်များနှင့်မတူပဲ အထီးကျန်နေတတ်သူဖြစ်လာသည်။

စကားမပြောနိုင်တော့အောင် ဆိုးဝါးလှသည့် ချို့ယွင်းချက်ပိုင်ရှင် ဒုက္ခိတလူငယ်လေးတစ်ယောက်ဖြစ်လာသည်။ ရှမ်းထင်းက သူ၏အတိတ်အကြောင်းကို ဘယ်သူ့ကိုမှ ဖွင့်မပြောလိုပါချေ။

တစ်ယောက်ထဲ ကျိတ်မှိတ်ခံစားနေခဲ့ခြင်းဖြစ်လေသည်။ ရှမ်းထင်းသည် အတန်ကြာအောင် ငြိမ်သက်နေပြီးမှ လူးလိမ့်ထလိုက်လေသည်။

သူ၏မျက်ဝန်းအစုံမှ မျက်ရည်များသည် ပါးပြင်ပေါ်သို့တိုင်အောင် စီးကျနေ၏။ အမြဲတမ်း ကြောက်ရွံ့အားငယ်နေတတ်ပုံရှိသော ရှမ်းထင်း၏အသွင်မှာ ယခုတော့ ပြောင်းလဲနေ၏။ ယခုအချိန်တွင် တစ်စုံတစ်ယောက်က သူ့အားတွေ့မြင်သွားလျှင် အံ့သြသွားကြလိမ့်



မည်ဖြစ်လေသည်။

ရှမ်းထင်း၏မျက်နှာ ကြောက်မက်ဘွယ်ကောင်းအောင် ခက်ထန်တင်းမာနေသည် မဟုတ်ပါလား။ ရှမ်းထင်းက အံကြိတ်ထား၏။ သူ၏ရင်ထဲ၌ စကားသံများ ဆူညံစွာ မြည်ဟီး၍နေလေသည်။

"ငါ ... ဘာကြောင့် အချိန်ဖြုန်းနေရမှာလဲ"

"သူများတွေထက်ပိုပြီး ကြိုးစားအားထုတ်ရမယ်ဆိုတာကို မေ့နေပြီလား၊ ငါက သူများနဲ့မတူဘူး၊ ငါ့မှာ လုပ်ကိုင်ဆောင်ရွက်စရာတွေအများကြီးရှိနေတာပဲ"

သူ၏မျက်လုံးများက ပြတင်းပေါက်အပြင်ဘက်သို့ ကြည့်လိုက်မိလေသည်။

လရောင်ဖြာကျနေဆဲ

အေးမြသောညလေးများကလည်း သုန်သုန်ညှင်းညှင်းတိုက်ခတ်နေဆဲ ...

အိပ်ဆောင်တဖက်၌ မြေကွက်လပ်ရှိနေပါသည်။ ရှမ်းထင်းစိတ်လှုပ်ရှားလာသည်။

မြေကွက်လပ်ကိုထွက်ပြီး သိုင်းလေ့ကျင့်တာကောင်းမယ်၊ များများလေ့ကျင့်နိုင်လေလေ အကျိုးရှိလေလေပဲ၊ သူက မြေကွက်လပ်သို့သွားရန် စိတ်ကူးပြီးမှ အချိန်စောနေသေးကြောင်း ဆင်ခြင်မိလေသည်။

"မဖြစ်သေးပါဘူး"

ရှမ်းထင်းစိတ်လျှော့လိုက်၏။ အခြားကျောင်းသားများက အ

ပြင်ဘက်၌ ရှိနေကြခြင်းကြောင့်ဖြစ်သည်။

"ချင်းစိန်တို့ ဝင်မလာကြသေးဘူး၊ သည်အချိန်မှာ ငါအပြင်ထွက်ပြီး သိုင်းလေ့ကျင့်မယ်ဆိုယင် ငါ့ဆီကို ဝိုင်းလာကြတော့မှာပဲ"

ယခုအချိန် အပြင်ထွက်၍ မဖြစ်နိုင်သေးကြောင်းလည်း တွေးမိပြန်သည်။

ရှမ်းထင်းကပြန်လှဲချကာ မျက်လုံးမှိတ်ထားလိုက်လေသည်။

♣ ♣ ♣

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။ ရှမ်းထင်းက မျက်လုံးမှိတ်ထားသော်လည်း အိပ်မပျော်နိုင်သေးပါချေ။ သူ၏စိတ်များလှုပ်ရှားနေသည်။ သိုင်းလေ့ကျင့်လိုစိတ်များ ဖြစ်ပေါ်နေခြင်းပင်။

ရုတ်တရက် ....

ရှမ်းထင်းက ခုန်ထလိုက်လေသည်။

မြွေဆိုးတစ်ကောင်ကို တွေ့လိုက်ရသဖြင့် အလန့်တကြားခုန်ထလိုက်ပုံမျိုးဖြစ်သည်။ ရှမ်းထင်းအဘယ်ကြောင့် ဤမျှထိတ်လန့်သွားရပါသနည်း။ ရှမ်းထင်းက ကျောက်ဂူထဲမှ အဘိုးအိုအကြောင်း တွေးလိုက်မိခြင်းကြောင့်ဖြစ်လေသည်။

ထိုအကျဉ်းစံ အဘိုးအိုသည် သူ့အားမျှော်နေတော့မည်ဟု တွေးမိလေသည်။

"ငါက သိုင်းပညာလေ့ကျင့်ဖို့ အာရုံစိုက်ရောက်နေတာနဲ့ သူ့ကိုတောင် မေ့နေပါလား"



ထိုအဘိုးအို၏အဖြစ်မှာ ထူးဆန်းပြီး ကရုဏာသက်စရာဖြစ်ည်ဟု ရှမ်းထင်းထင်မိလေသည်။ အဘိုးအိုသည် ရှောင်လင်ကျောင်းကိုရင်ကြီးများအား အောဲပေါက်မောင်းထုတ်ခဲ့သော်လည်း သူ့ကိုမူကောင်းကောင်း မှန်မှန် ဆက်ဆံခဲ့လေသည်။

သူတို့နှစ်ယောက် တစ်ကြိမ်သာတွေ့ခဲ့ကြသော်လည်း ခင်ခင်င်မင် ရင်းရင်းနှီးနှီး ရှိနေပြီဖြစ်သည်။ ရှမ်းထင်းက အဘိုးအိုအတွက်းရိမ်ပူပန်တတ်နေပြီဖြစ်လေသည်။

"ဒုက္ခပဲ ... ငါ့ကို မျှော်နေတော့မယ်"

ရှမ်းထင်းက ဟိုဟိုသည်သည်ကြည့်လိုက်သည်။ အဘိုးအိုထံသွားလိုစိတ်များလည်း ဖြစ်ပေါ်လာသည်။ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေပါသည်။

ချင်းစိန်တို့က အိပ်ဆောင်ထဲသို့ ဝင်မလာကြသေးပါ။ ချင်းစိန်တို့ဝင်ရောက်လာမည်ဆိုလျှင်လည်း တော်တော်နှင့် အိပ်စက်အနားယူကြဦးမည်မဟုတ်ချေ။ ထိုအခါ အဘိုးအိုထံသွားဖို့ ပို၍နောက်ကျနေတော့မည်ဖြစ်သည်။

"သူတို့ဝင်လာလို့ ငါ့ကိုမတွေ့လည်း ထုံးစံအတိုင်း တစ်နေရာကိုသွားပြီး သိုင်းလေ့ကျင့်နေတယ်လို့ ထင်ကြမှာပဲ"

ချင်းစိန်နှင့် ဝမ်းရှိုတို့သည် သူ့အား ဒုက္ခပေးမည့်သူများ မဟုတ်ကြောင်း ယုံကြည်ထားပြီးဖြစ်သည်။ အရေးအကြောင်းရှိလျှင်သူ့ဘက်က အကာအကွယ်ပေးကြမည့်သူများဖြစ်လေရာ အဘိုးအိုထံသွားဖို့ နောက်ဆံငင်စရာမလိုတော့ပါချေ။

ရှမ်းထင်းသည် အမျိုးမျိုးတွေးတော စဉ်းစားလိုက်ပြီးမှ အ
အိုထံသို့သွားရန် ဆုံးဖြတ်လိုက်လေသည်။ ချက်ခြင်းပင် အိပ်ဆေ
ထဲမှ ထွက်လာခဲ့လေတော့သည်။

♣ ♣ ♣

## အရက်၊ အသား နှင့် သိုင်းပညာ

ရှမ်းထင်းသည် အိပ်ဆောင်ထဲမှ တိတ်တိတ်ကလေးထွက်လာခဲ့လေသည်။

ချင်းစိန်နှင့် ကျောင်းသားများသည် ရှမ်းထင်းထွက်သွားသည်ကို မည်သူမျှ သတိမပြုမိလိုက်ကြချေ။ ရှမ်းထင်းသည် အိပ်ဆောင်နှင့် ခပ်လှမ်းလှမ်းသို့ရောက်လျှင် ပြေးလွှားသွားလိုက်လေသည်။

အဘိုးအိုအား ချုပ်နှောင်ထားသည့် ကျောက်ဂူကြီးရှိရာသို့ ခပ်သွက်သွက် ပြေးလွှားသွားလိုက်သည်။ ကျောက်ဂူကြီးအား တံခါးပိတ်ထားမည်ဖြစ်ပါသည်။

သို့သော် ...

ကျောက်ဂူအတွင်းသို့ဝင်ဖို့ ရှမ်းထင်းစိတ်မပူပါ။ လျှို့ဝှက်ဝင်ပေါက်တစ်ခုကိုသူတွေ့ထားသည် မဟုတ်ပါလား။

ရှမ်းထင်းသည် သေသေချာချာမှတ်သားထားခဲ့သောနေရာသို့ သွားလိုက်လျှင် ကျောက်ပတ်ကြားအက်ကို တွေ့လိုက်ရလေသည်။

"ငါ ... အထဲကို ဝင်သွားရမယ်"

ရှမ်းထင်းသည် ကျောက်ပတ်ကြားအက်ထဲမှ အသာလျှို၀င်လိုက်လေသည်။ တစ်ကြိမ်၀င်ထွက်ခဲ့ဘူးသည်မို့ အခက်အခဲမရှိတော့ပါချေ။ ကျောက်ပတ်ကြားအက်ထဲ အသာလျှို၀င်ယင်း အောက်ဘက်သို့ လျှောဆင်းလိုက်ရာ လိုဏ်ဂူပေါက်တစ်ခုအတွင်းသို့ ရောက်ရှိသွားတော့သည်။ အောက်ဖက်၌ မှောင်မည်းနေသော်လည်း ရှမ်းထင်း စိတ်မပူချေ။

ကျောက်ဂူအတွင်း၌အသုံးပြုရန် ဖရောင်းတိုင် တစ်တိုင်ကို အသင့်ဆောင်လာခဲ့သည်မဟုတ်လား၊ ဂူထဲသို့ လွယ်လွယ်ကူကူပင်ရောက်သွား၏။ ရှမ်းထင်းက ဖရောင်းတိုင်ကို မီးညှိလိုက်သည်။ မီးရောင်ထွက်ပေါ်လာကာ လင်းလင်းချင်းချင်း ဖြစ်သွားလေသည်။

ရှမ်းထင်းသည် ကျောက်ပတ်ကြားအက်သို့ရောက်နိုင်သောလိုဏ်ဂူပေါက်ကလေးကို အခြားလိုဏ်ဂူပေါက်များနှင့် မမှားရလေအောင် သေသေချာချာ မှတ်သားထားလိုက်သည်။ ထို့နောက် ... အဘိုးအို ချုပ်နှောင်ခံနေရသည့် ပင်မလိုဏ်ဂူကြီးအတွင်းပိုင်းသို့ထွက်လာခဲ့လေသည်။ အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်နေသော လိုဏ်ဂူကြီးထဲ၌ သူ၏ခြေသံထွက်ပေါ်လာလေတော့သည်။

ခြေသံကြောင့် သူရောက်လာသည်ကို အဘိုးအို ရိပ်မိသွားမည်ဟုလည်း မျှော်လင့်ထားလေသည်။

ရုတ်တရက် ...

ရှမ်းထင်း၏ခြေလှမ်းများ ရပ်တန့်သွားလေသည်။ သူကရှောင်လင်ကျောင်း၏ လျှို့၀ှက်ချက်တစ်ခုကို သိရှိနေပြီး တာ၀န်ခံဆရာများ၏ ခွင့်ပြုချက်မရဘဲ ကိုယ့်သဘောနှင့်ကိုယ် ထင်ရာစိုင်းသကဲ့သို့ ရှိနေသည်ကို ဆင်ခြင်မိလိုက်ခြင်းကြောင့် ဖြစ်လေသည်။



"ငါခုလိုလာခဲ့တာကို ဆရာခုံးမိန်သိသွားယင် ဘာပြောမလဲ၊ ရှောင်လင်ကျောင်းရဲ့ စည်းကမ်းဖောက်ဖျက်တယ်ဆိုပြီး အရေးယူခံရမှာသေချာတယ်၊ ငါ့ကို သိုင်းပညာဆက်သင်ပေးမှာမဟုတ်ဘဲ ချက်ချင်းမောင်းထုတ်ပစ်လိုက်မှာပဲ"

တွေးယင်း ... တွေးယင်း သိတ်လန့်လာလေသည်။ ရှေ့ဘက်တိုးကကောင်းနိုး၊ နောက်လှည့်ပြန်ရကောင်းနိုး ဝေခွဲမရဖြစ်သွားလေတော့သည်။

ထိုစဉ် ...

"ဘယ်သူလဲ"

ကျယ်လောင်သောအသံကြီး လိုဏ်ဂူထဲ ဟိန်းထွက်လာလေသည်။ အဘိုးအို၏အသံဖြစ်ပါသည်။

ရှမ်းထင်း ဇဝေဇဝါဖြစ်နေချိန်၌ ပဲ့တင်ထပ်ကာ ကျယ်လောင်စွာ ထွက်ပေါ်လာလေသောကြောင့် ရှမ်းထင်း လန့်ဖျန့်သွားလေသည်။

သို့သော် ...

အဘိုးအိုသည် သူ့အားရန်ပြုမည်မဟုတ်ဘဲ သူရောက်လာမှန်းသိလျှင်ပင် ဝမ်းသာသွားလိမ့်မည်ဟု ယုံကြည်ကာ ရှေ့ဘက်လှမ်းသွားလိုက်လေသည်။ သူ၏ခြေလှမ်းများ လျင်မြန်သွက်လက်နေပါတော့သည်။

"ဟိတ် ... ဘယ်သူလဲလို့ ငါမေးနေတာ မကြားဘူးလား၊ ညကြီးအချိန်မတော် ငါ့ကိုလာပြီး ဒုက္ခပေးဦးမလို့လား"

"ထွက်သွားစမ်း"

အဘိုးအိုသည်လည်း ထုံးစံအတိုင်း ဒေါသတကြီးဖြစ်နေမိပါတော့သည်။

ရှမ်းထင်း ထွက်မသွားဖြစ်တော့ပါ။ အဘိုးအိုအား ကရုဏာသက်မိပြီး ကူညီလိုစိတ်များဖြစ်ပေါ်လာ၍ပင် ...

ရှေ့ဆက်လှမ်းသွားလိုက်ရာ အဘိုးအိုထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားလေတော့သည်။ အလင်းရောင်ကြောင့် အဘိုးအိုသည် ရှမ်းထင်းအားကောင်းစွာ တွေ့မြင်နေရလေသည်။

အဘိုးအို အံ့ဩသွား၏။

"မင်းကိုး"

ရှမ်းထင်းပြုံးပြယင်း ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ် ... မင်းရောက်လာတာ ငါဝမ်းသာတယ် ငါ့အနားလာစမ်းပါဦးကွ"

အဘိုးအိုက လက်ယပ်ခေါ်လေသည်။ ရှမ်းထင်းကချဉ်းကပ်သွားလိုက်၏။ အဘိုးအိုအား တိတ်တဆိတ်လာရောက်တွေ့ဆုံခြင်းသည် အန္တရာယ်မကင်းသောလုပ်ရပ်ဖြစ်ကြောင်း နားလည်ထားပါသော်လည်း သူက တိတ်တဆိတ် စွန့်စားလိုက်ခြင်းဖြစ်သည်။

မည်သို့ဆိုစေ နောက်ကြောင်းမအေးသဖြင့် သူ၏မျက်နှာတွင် စိုးရိမ်ပူပန်သော အရိပ်အရောင်များ အထင်းသားပေါ်လွင်နေပါသည်။ အကင်းပါးသော အဘိုးအိုကလည်း ချက်ခြင်း ရိပ်မိလေသည်။

"ဘာလဲ ... မင်းကြောက်နေတာလား၊ ကျုပ်ဆီကိုလာတာ ရှောင်လင်ကျောင်းကလူတွေသိသွားယင် အပြစ်ပေးခံရမယ်ကို တွေးပြီး ပူပန်သောက ရောက်နေတာမဟုတ်လား၊ မပူစမ်းပါနဲ့ကွာ၊ သူတို့သာ မင်းကို အပြစ်ပေးယင် ငါကရှောင်လင်ကျောင်းတစ်ခုလုံးကို မြေလှန်ပစ်လိုက်မှာပေါ့"

အကျဉ်းချခံနေရသည့်တိုင် ဒေါသတကြီးရှိနေဆဲ ရှောင်လင်



ကျောင်းအပေါ် ရန်လိုနေဆဲဖြစ်လေသည်။ ရှမ်းထင်းက ဘာမှမပြောဘဲ အဘိုးအိုကို ငေးကြည့်နေ၏။

အဘိုးအိုက ...

"ဘာမှမကြောက်နဲ့ ၊ ကဲ ... မင်းဘယ်ပျောက်နေတာလဲ၊ ငါ့ဆီကို မလာဘဲ ဘာတွေလျှောက်လုပ်နေတာလဲ ပြောစမ်းပါဦး" ဟု ပြောလေသည်။

အဘိုးအိုမှာ အကျဉ်းချခံထားရခြင်းမရှိလျှင် မည်သူ့ကိုမှ ဂရုစိုက်မည့်သူမဟုတ်ကြောင်း ထင်ရှားနေပါတော့သည်။

ရှမ်းထင်းက အဘိုးအိုကို ငေးကြည့်ပြီးမှ တစုံတခုစဉ်းစားမိသဖြင့် လက်ဟန်ခြေ ဟန်ဖြင့် ပြောလိုက်လေသည်။သူသည် အလုပ်များနေသကဲ့သို့ သိုင်းပညာသင်ယူနေရသဖြင့် မအားမလပ်ဖြစ်နေကြောင်း ရှင်းပြလိုက်ခြင်းဖြစ်ပါသည်။

အဘိုးအိုသည် မျက်မှောင်ကုပ်ကာ ရှမ်းထင်းအား အကဲခတ်ကြည့်နေသည်။

အတော်ကလေးကြာမှ ...

"မင်းက ... အလုပ်တွေလုပ်နေရတယ် ဟုတ်လား" ဟု မေးလေသည်။

ရှမ်းထင်းခေါင်းညိတ်လိုက်သည်။

အဘိုးအိုက ထပ်မေးသည်။

"သိုင်းပညာလည်း သင်နေရတယ် ဟုတ်လား"

ရှမ်းထင်း ထပ်မံခေါင်းညိတ်လိုက်ပြန်လေသည်။

ရုတ်တရက်

"ဟား ... ဟား ... ဟား ..."

အဘိုးအိုက ကျယ်လောင်စွာ ဟားတိုက်ရယ်မောလိုက်လေသည်။ ရှမ်းထင်းထိတ်လန့်ကာ နောက်ဆုတ်လိုက်လေသည်။ အဘိုးအိုက ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်လေသည်။

"ကောင်းကွာ … မင်းက ရှောင်လင်ကျောင်းရဲ့ပညာတွေကို သင်ယူနေပြီကိုး၊ ကဲ … ကဲ … မင်းဘယ်လောက်များ တတ်ထားပြီလဲ၊ ကျုပ်ကို လေ့ကျင့်ကျင့်ပြစမ်းပါဦး"

ရှမ်းထင်းငြိမ်နေလိုက်၏။

အဘိုးအိုက …

"လုပ်စမ်းပါဦးကွ … မင်းလေ့ကျင့်ပြစမ်းပါဦး၊ ရှောင်လင်ကျောင်းရဲ့ပညာတွေ ဘယ်လောက်အသုံးမကျသလဲဆိုတာ ကြည့်ရအောင်"

ရှမ်းထင်းသည် အဘယ်ကြောင့်မှန်းမသိ အဘိုးအို၏စကားကို မလွန်ဆန်နိုင်အောင် ဖြစ်သွားလေသည်။

ရှေ့သို့လှမ်းထွက်လိုက်သည်။ အင်္ကျီလက်ကို ပင့်တင်ကာ သိုင်းကစားပြရန် ဟန်ပြင်လိုက်လေသည်။

အဘိုးအိုကပြုံး၍ ကြည့်နေသည်။

ရှမ်းထင်းက စိတ်အာရုံစုစည်းကာ သူတတ်ထားသည့် သိုင်းကွက်များကို လေ့ကျင့်ပြလိုက်လေသည်။ အဘိုးအိုက စကားတစ်လုံးမှမပြောဘဲ မျက်မှောင်ကုပ်ကာ အကဲခတ်ကြည့်နေပါသည်။

မကြာပါချေ။ ရှမ်းထင်းသိုင်းလေ့ကျင့်မှုပြီးဆုံးသွားလေတော့သည်။

အဘိုးအိုဦးခေါင်း တဆတ်ဆတ်ညိတ်လိုက်ပြန်သည်။

"ဒါဟာ … ရှောင်လင်ကျောင်းရဲ့ အဓိကအရေးပါတဲ့ အ



သက်သွေးကြောကိုပဲ အခြေခံပညာရပ်တွေပေါ့၊ သိုင်းပညာသင်ကြားတယ်ဆိုတာ အဓိကကျတဲ့ အခြေခံပညာရပ်တွေကို ပိုင်ပိုင်နိုင်နိုင် တတ်ထားရလိမ့်မယ်"

ရှမ်းထင်းက ငြိမ်နေလိုက်၏။

အဘိုးအိုက

"ဘယ်သိုင်းပညာမဆို အခြေခံမပိုင်ယင် အလကားပဲ မင်းကိုသူတို့က အခြေခံပညာတွေသင်ပေးနေကြပြီဆိုတော့ …"

စကားဆုံးအောင်မပြောဘဲ တပိုင်းတစဖြင့်ရပ်ထားလိုက်၏။ ရှမ်းထင်းက ဆက်ပြောလာမည့်စကားကို နားစွင့်နေလိုက်၏။

အဘိုးအို ချောင်းတချက် ဟန့်လိုက်သည်။

"မင်းကို အခြေခံသိုင်းပညာသင်ပေးတာဟာ ရှေ့ဆက်ပြီးတော့ အဆင့်မြင့်သိုင်းပညာတွေ သင်ပေးတော့မယ်ဆိုတဲ့သဘောပဲ၊ ရှောင်လင်ကျောင်းကလူတွေ မင်းကိုသိုင်းပညာသင်ပေးရအောင် သဘောကျနေတာ အံ့ဩစရာကောင်းနေပြီ"

တာဝန်ခံ ခုံးမိန်ကိုယ်တိုင်က သူ၏ဆန်းသစ်တီထွင်မှုတွင် အခြားကျောင်းသားနှစ်ယောက်နှင့်အတူ ရှမ်းထင်းကို ရွေးချယ်ခဲ့လေသည်။ ရှမ်းထင်းမှာ အခြားသောကျောင်းသားများထက်ပိုပြီးထက်မြက်ကောင်း ခဲ့သည်ဟုဆိုနိုင်ပါတော့သည်။

"ရှောင်လင်ကျောင်းရဲ့ပညာ မဆိုးပါဘူး"

ပထမဆုံးအကြိမ် ရှောင်လင်ကျောင်း၏သိုင်းပညာကို ချီးကျူးလိုက်လေသည်။

တဖန်

"မင်းရှေ့ဆက်သင်သွားယင် အဆင့်မြင့်သိုင်းပညာတွေ

တတ်မြောက်လာလိမ့်မယ်၊ မင်းကိုယ်မင်း ဟုတ်လှပြီလို့ထင်ပြီး ဘဝင်မြင့်သွားလိမ့်မယ်၊ ဒါပေမယ့် မင်းရဲ့ပညာဟာ ရှောင်လင်ကျောင်းထိုင်ရဲ့ ခြေဖျားတောင်မီမှာ မဟုတ်ဘူးကွ"

ဟုပြောလေသည်။

အတွေ့အကြုံနုနယ်သော ရှမ်းထင်းမှာ အဘိုးအိုး၏စကားများကို ကောင်းစွာ နားမလည်နိုင်ပါချေ။

အဘိုးအိုကမေးသည်။

"ရှောင်လင်ကျောင်းထိုင်တစ်ယောက်ထဲ သီးသန့်သင်ကြားရတဲ့ပညာမျိုးကို မင်းမသင်ချင်ဘူးလား"

ရှမ်းထင်မျက်လုံးပြူးသွား၏။

အဘိုးအိုက ...

"မင်းကို ငါသင်ပေးမယ်ဆိုယင်ကော"

ရှမ်းထင်းအံ့သြနေ၏။ အဘိုးအိုအား မယုံနိုင်စွာကြည့်နေမိသည်။

အဘိုးအိုပြုံး လိုက်လေသည်။

"ဘာလဲ ... ကျုပ်ပြောတာကို မင်းမယုံဘူးလား"

ရှမ်းထင်းချက်ခြင်း ခေါင်းခါယမ်းပြလိုက်လေသည်။

အဘိုးအိုက ...

"ကျုပ်က ... မင်းကိုသင်ပေးမယ်ဆိုယင်ကော"

"ဟုး ..."

ရှမ်းထင်း၏နှုတ်ဖျားမှ ဗလုံးဗထွေးအသံထွက်ပေါ်လာသည်။ ထိပ်တန်းသိုင်းပညာများကို သယူလိုသည့်သဘောဖြစ်သည်။ ရှမ်းထင်းမှာ ထိပ်တန်းသိုင်းပညာများ သင်ကြားဖို့ ရှောင်လင်ကျောင်း



သို့ရောက်လာခဲ့သည် မဟုတ်ပါလား"

အဘိုးအိုက ...

"စိတ်ချ ... မင်းသင်ချင်တယ်ဆိုယင် ရှောင်လက်ထိပ်တန်းသိုင်းပညာတွေကို ကျုပ်သင်ပေးနိုင်တယ်"

ရဲရဲဝံ့ဝံ့ အာမခံကာပြောလေသည်။

ရှမ်းထင်းက သင်ယူလိုပါသည်။

သို့သော် ...

ရှမ်းထင်း၏တက်ကြွသော အမူအရာများ ချက်ခြင်းပျောက်ကွယ်သွားကာ ငိုင်ကျသွားလေသည်။ သူ၏အမူအရာပြောင်းလည်းသွားပုံမှာ နားမလည်နိုင်စရာဖြစ်လေသည်။

အဘိုးအိုကမူ အကင်းပါးသူပီပီ အဘယ်ကြောင့်ဆိုသည်ကို နားလည်ထားလေသည်။

"ဘာလဲ ... သိုင်းပညာသင်ပေးမယ်ဆိုပြီး ကျုပ်ကိုလွှတ်ပေးခိုင်းမှာကို မင်းစိုးရိမ်နေတာလား၊ ရှောင်လင်ကျောင်းသားတွေဟာ စည်းကမ်းဖောက်ဖျက်ရမှာကို သေမတတ်ကြောက်ကြတယ်ဆိုတာ ငါသိတာပေါ့"

ရှမ်းထင်းခေါင်းငုံ့ထားလိုက်သည်။

အဘိုးအိုက

"ကောင်းပြီ ... မင်းကိုငါ သင်ပေးမယ်၊ ဒါပေမယ့် ငါ့ကိုလွှတ်ပေးစရာမလိုဘူး၊ ကဲ ... မင်းဘယ်လိုသဘောရသလဲ ပြောစမ်းပါဦး"

ရှမ်းထင်းဆတ်ခနဲခေါင်းထောင်လာလေသည်။

အဘိုးအိုက ...

"ဘယ်လိုလဲကွ" ဟုမေးလျှင် ခေါင်းညိတ်ပြလိုက်လေသည်။

"ဟား ... ဟား ... ဟား"

အဘိုးအိုက သဘောကျစွာရယ်မောလိုက်ပြန်သည်။

"ငါ့ကိုလွှတ်ပေးဖို့ မင်းကိုမခိုင်းဘူး၊ ငါကခိုင်းလည်း မင်းလုပ်မှာမဟုတ်ဘူးဆိုတာ ငါသိတယ်၊ ကဲ ... ငါရှင်းရှင်းပဲပြောမယ်၊ မင်းကို သိုင်းပညာသင်သင်ပေးမယ် မင်းကလည်း ငါ့အတွက် အရက်နဲ့စားသောက်စရာယူလာပေးရမယ်"

ရှမ်းထင်းသည် မမျှော်လင့်သည့်စကားကြောင့် အံ့သြသွားရပြန်ပါတော့သည်။

အဘိုးအိုက

"အရက်နဲ့ အသားဟင်း မစားရတာအတော်ကြာနေပြီ၊ ထို့ ... ရှောင်လင်ကျောင်းက တချိန်လုံးသတ်သတ်လွတ်စားနေကြတာ၊ အရံဆိုတာ ဝေလာဝေးပဲ၊ သည်အတိုင်းကြာကြာနေယင် ငါသေသွားလိမ့်မယ်"

ရှမ်းထင်းက အဘိုးအိုမှာ သားစားကျူး၊ သေသောက်ကျူးသူဖြစ်ကြောင်း နားလည်လိုက်ရလေသည်။

အဘိုးအိုကမေးသည်။

"ဘယ်လိုလဲ မင်းကငါ့အတွက် အသားဟင်းနဲ့ အရက်ရအောင် လုပ်ပေးနိုင်မလား"

ရှမ်းထင်းသည် ရုတ်တရက် အဖြေမပေးသေးဘဲ တွေးတောစဉ်းစားနေမိလေသည်။ အသားဟင်းအတွက် ခက်ခဲမည်မဟုတ်သော်လည်း အရက်ရဖို့ ခဲယဉ်းပေလိမ့်မည်။

"ဘယ်လိုလဲကွ ... မရနိုင်ဘူးလား"



အဘိုးအိုက စိတ်မရှည်နိုင်စွာ မေ့လာသည်။

ရှမ်းထင်းက ခေါင်းခါယမ်းဘို့ဟန်ပြင်ပြီးမှ တစုံတခုကို သတိရလိုက်လေသည်။

တာဝန်ခံဆရာခုံးမိန်၏ မျက်နှာကို မြင်ယောင်လာခြင်းဖြစ်လေသည်။ တာဝန်ခံဆရာခုံးမိန်သည် အရက်မူးသိုင်းကို လေ့ကျင့်ခဲ့သူဖြစ်သည်။ ဆရာခုံးမိန်သည် အနောက်ဘက်အဆောင်ကို တာဝန်ယူရသည့်အပြင် ရှောင်လင်ကျောင်းသားများအတွက်လိုအပ်သောဆေးဝါးများ၊ ဒဏ်ကြေလိမ်းဆေးများ ဖော်စပ်သည့်တာဝန်ကိုယူထားရသူဖြစ်သည်။

ခုံးမိန်သည် ဆေးဝါးဖော်စပ်ရာတွင် အသုံးပြုရန် အရက်ကို သိုလှောင်သိမ်းဆည်းထားရသည်။

ဆေးဝါးအဖြစ် အသုံးပြုလေသောကြောင့် ရှောင်လင်ကျောင်းထိုင်ကလည်း ခွင့်ပြုထားခဲ့လေသည်။

အဘိုးအိုသည် ရှမ်းထင်းကိုကြည့်ယင်း စိတ်ပျက်သွား၏။

"မင်းလည်း မပေးနိုင်ဘူးဟုတ်လား"

ရှမ်းထင်းက လက်ဟန်၊ ခြေဟန်ဖြင့် သူကူညီမည့်အကြောင်းပြောလိုက်လေသည်။

အဘိုးအို ရုတ်တရက် အံ့သြသွားသည်။

"မင်း ... တကယ်ပြောတာလား"

ရှမ်းထင်း ခေါင်းညိတ်လိုက်သည်။

"မင်း ... မင်း ... ကျုပ်ကို လိမ်နေတာတော့ မဟုတ်ပါဘူးနော်"

ရှမ်းထင်း ခေါင်းခါယမ်းလိုက်သည်။

သူ၏ရင်ဘတ်ကို လက်ဝါးဖြင့်ပုတ်ယင်း၊ လက်ကာပြ၍ မည်သည့်အခါမှ လိမ်လည်ပြောဆိုခြင်းမပြုဟူသော သဘောဖြစ်လေ သည်။

အဘိုးအိုက

“မင်းက ကျုပ်အတွက် အသားဟင်းနဲ့ အရက်ရအောင် ရှာ ပေးမယ်ဆိုပါတော့”

ရှမ်းထင်း ခေါင်းညိတ်လိုက်သည်။

အဘိုးအို ပြုံးလိုက်လေသည်။

“ကောင်းပြီ ... မင်းလက်ခံတယ်ဆိုယင်၊ ကျုပ်သိုင်းပညာ သင်ပေးမယ်၊ ဒါပေမယ့် ကျုပ်သင်ပေးတာကို ဘယ်သူမှမသိစေနဲ့ သိသွားယင် မင်းဒုက္ခရောက်လိမ့်မယ်”

ရှမ်းထင်းက မျက်လုံးလေးပေကလပ် ပေကလပ်ဖြင့် နား ထောင်နေပါသည်။

အဘိုးအိုက ...

“မင်းကကျုပ်နဲ့ပတ်သက်ပြီး ဘာမှမသိသလိုနေပါ၊ အခုလို ကျုပ်ဆီလာတာကိုတောင် သူတို့သိသွားယင် မလွယ်ဘူး၊ မင်းသက် သာမှာ မဟုတ်ဘူး”

ရှမ်းထင်း မချိပြုံးပြုံးလိုက်သည်။

အဘိုးအိုက သူ့အတွက် နားလည်မှုရှိသဖြင့် ကျေးဇူးတင် မိလေသည်။

အဘိုးအို လက်ဇွေ့ယမ်းပြလိုက်လေသည်။

“ကဲ ... မင်းသွားတော့၊ မနက်ဖြန့်.ကျုပ်အတွက် အရက်နဲ့ ဟင်းယူလာခဲ့၊ မင်းကို သိုင်းပညာသင်ပေးမယ် ဟုတ်ပြီးလား ...”



ရှမ်းထင်းက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။ ဝမ်းသာပျော်ရွှင်မှုကြောင့် သူ၏ခန္ဓာကိုယ် မသိမသာတုန်ယင်နေပါတော့ သည်။

ထို့နောက် အဘိုးအိုကို ကျောခိုင်းကာ ထွက်လာခဲ့လေသည်။ ရှမ်းထင်း၏ တကိုယ်လုံး ပေါ့ပါးလန်းဆန်းကာ သွက်သွက်လက်လက် ရှိနေပါသည်။

လိုဏ်ဂူပေါက်လေးမှတဆင့် အပေါ်ဘက်သို့ ကုပ်ကပ်တွယ် တက်ကာ ကျောက်ပတ်ကြားအက်ကြားမှတဆင့် အိပ်ဆောင်သို့ပြန် လာခဲ့သည်။

သူပြန်ရောက်လာချိန်၌ အတော်ညဥ့်နက်နေပြီ ဖြစ်ပါသည်။ ချင်းစိန်နှင့် ဝမ်းရှိ အပါအဝင် ရှောင်လင်ကျောင်းသားများမှာ အိပ်စက် အနားယူနေကြပြီဖြစ်လေသည်။

ရှမ်းထင်းက ခြေသံမကြားရလေအောင် သူ၏နေရာသို့သွား ပြီး လှဲချလိုက်သည်။

သူ၏ရင်ထဲ တထိတ်ထိတ်ခုန်နေသည်။ ထိုအကြောင်းကို မည်သူမှ မသိသဖြင့် စိတ်သက်သာရာရနေ၏။

ထူးဆန်းသော အကျဉ်းစံ အဘိုးအိုထံမှ သိုင်းပညာသင်ကြား ရတော့မည်ဖြစ်လေသည်။

“သူ့အတွက် အရက်နဲ့ အသားဟင်းရအောင် ရှာသွားနိုင်မှ ဖြစ်မယ်”

အဘိုးအိုက အရက်နှင့် အသားဟင်းပါမှ သိုင်းပညာသင် ပေးလိမ့်မည်ဖြစ်ပါသည်။

သူကလည်းရအောင်ရှာယူသွားဘို့ ဆုံးဖြတ်ထား၏။

ထို့ကြောင့် အရက်နှင့်အသားဟင်း ရနိုင်မည့်နည်းလမ်းများ ကို တွေးတောကြံဆနေမိလေတော့သည်။

♣ ♣ ♣

နောက်တစ်နေ့နံနက်

ရှမ်းထင်းသည် ဆရာခုံးမိန်စေခိုင်းထားသည့်အတိုင်း သိုင်းလေ့ကျင့်နေခဲ့လေသည်။

ချင်းစိန်နှင့် ဝမ်းရို့တို့ကလည်း ရှမ်းထင်းနှင့်အတူ သိုင်းလေ့ကျင့်ခဲ့ကြသည်။

အခြားသောကျောင်းသားများသည်လည်း ကိုယ်ကျရာတာဝန်များ လုပ်ကိုင်ဆောင်ရွက်နေကြလေ့သည်။ ရှမ်းထင်းသည်သိုင်းလေ့ကျင့်ယင်း မီးဖိုချောင်အတွက် ရိက္ခာမြင်းလှည်းမောင်းသည့် ချိုကျိုဆိုသော မြင်းလှည်းသမားကို သတိထားနေခဲ့လေသည်။

ချိုကျိုသည် ရှောင်လင်ကျောင်းမှ တစ်ဦးတည်းသော အပြင်လူတစ်ယောက်ဖြစ်လေသည်။ ရှောင်လင်ကျောင်းအတွက် လိုအပ်သော ရိက္ခာများကို မြို့သို့သွားရောက်ဝယ်ယူပေးရပြီး မြင်းများမွေးမြူစောင့်ရှောက်ပေးရသူဖြစ်သည်။

ချိုကျိုမှာ လူဝကြီးတစ်ယောက်ဖြစ်ကာ အစားကောင်းကို နှစ်သက်ခုံမင်သူဖြစ်သည်။

ရှောင်လင်ကျောင်းမှ လူများ သက်သတ်လွတ်စားကြရသော်လည်း အပြင်လူဖြစ်သော ချိုကျိုက ခြွင်းချက်ဖြစ်သည်။ ချိုကျိုသည် သူ့အတွက် အသားများ၊ ဝက်အူချောင်း၊ ဝက်ပေါင်ခြောက်၊ အမဲခြောက်များကို ဝယ်ယူထားပြီး သီးခြားချက်ပြုတ်စားသောက်သူဖြစ်လေသည်။



ထို့ကြောင့် ချိုကျိုထံမှ အသားဟင်းရဘို့ မခဲယဉ်းချေ။

ရှမ်းထင်းသည် ထမင်းစားချိန်သို့ရောက်လျှင် ချိုကျိုထံသို့ သွားလိုက်လေသည်။

ချိုကျိုမှာလည်း ရှမ်းထင်းကို ခင်မင်ကာ သနားကရုဏာသက်နေသူဖြစ်လေသည်။ ရှမ်းထင်းက အသားဟင်း အနည်းငယ်တောင်းလျှင် စိတ်လိုလက်ရပေးလေသည်။

"မင်းက အသားဟင်းစားချင်လို့လား ရမယ် ... ရမယ် ... ဘာမှမပူနဲ့"

ရှမ်ထင်းသည် အသားဟင်းရလျှင် ကျေးဇူးတင်ကြောင်းပြောကာထွက်လာခဲ့သည်။ ထို့နောက်တာဝန်ခံ ခုံးမိန်၏အခန်းသို့ သွားကာ ဆေးဖော်စပ်ရာ၌ အသုံးပြုသည့် အရက်ကို ခိုးယူလိုက်လေတော့သည်။

ရှမ်းထင်း ကံကောင်းနေပါသည်။

သူကအရက်ယူသွားသည်ကို ခုံးမိန်မသိခဲ့ချေ။ ခုံးမိန်သည် အခြားလုပ်ကိုင်ဆောင်ရွက်စရာကိစ္စများဖြင့် အလုပ်ရှုပ်နေသည်မဟုတ်ပါလား။

ရှမ်းထင်းကံကောင်းပြီး အရက်နှင့် အသားဟင်းရခဲ့သော်လည်း တကိုယ်လုံး ဇောချွေးပျံနေတော့သည်။ တသက်လုံး တကြိမ်အခါမှ မကောင်းမှုမလုပ်ခဲ့ဘူးသဖြင့် ကိုယ့်ကိုကိုယ် မလုံမလဲဖြစ်နေခြင်းကြောင့်တည်း။

သူ့အကြောင်း ဘယ်သူများသိသွားလေမလဲဟု ပတ်ဝန်းကျင်ကို ကျီးကန်းတောင်မှောက်ကြည့်နေမိသည်။

ထမင်းစားချိန်ကျော်လွန်၍ သိုင်းပြန်လည်လေ့ကျင့်ရသည့်

အခါ စိတ်မပါနိုင်အောင် မြင်ရလေသည်။ ညဘက်မြန်မြန်ရောက်ပါစေဟု ဆုတောင်းနေမိသည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွား၏။

ရှမ်းထင်း၏ လုပ်ရပ်ကို မည်သူမျှ မရိပ်မိခဲ့ချေ။ ညမိုးချုပ်တော့မှ ရှမ်းထင်းလည်း စိတ်သက်သာရာရသွားလေသည်။

ညမိုးချုပ်သွားပြီဖြစ်သည်။

ရှမ်းင်းသည် အရက်နှင့် စားသောက်စရာ အသားဟင်းကို ယူကာ လိုဏ်ဂူထဲသို့ရောက်ရှိလာလေသည်။ အဘိုးအိုသည် ရှမ်းထင်းရောက်ရှိလာသည်ကိုမြင်လျှင် သဘောကျစွာ ရယ်မောလိုက်လေသည်။

"ဟား ... ဟား ... ဟား ..."

သူ၏ရယ်မောသံ ကျယ်လောင်စွာ ဟိန်းထွက်လာလေသည်။ အရက်နှင့် အသားဟင်းက သူ့အား ဝမ်းသာပျော်ရွှင်သွားစေသည် မဟုတ်ပါလား"

အဘိုးအို ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ကောင်းတယ် ... ကောင်းတယ် ... မင်းကငါ့အပေါ်မှာ အတော်ကို အလိုက်သိတယ်ဆိုတော့ အရက်ယူပေးတယ်၊ အရက်နဲ့ မြည်းဘို့ အသားဟင်းတောင် ပါလာသေးတယ် ... ကောင်းတယ်"

ရှမ်းထင်းက အရက်ခွက်ကို ပေးလိုက်လေသည်။ အဘိုးအိုကယူကာ တရှိန်ထိုးမော့သောက်ပစ်လိုက်၏။ သေရည်သေရက်ကို အလွန်နှစ်ခြိုက်ခုံမင်သူဖြစ်ကြောင်း ပေါ်လွင်နေပါတော့သည်။

"အား ... ကောင်းလိုက်တဲ့အရက်"

အဘိုးအိုက ချီးမွမ်းလိုက်သည်။



အရက်မသောက်ရသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း ထင်ရှားသည်။ အရက်တစ်ခွက်သောက်လိုက်ပြီးလျှင် သူ၏မျက်နှာကြီး နီရဲလာလေတော့သည်။

အဘိုးအိုက ခွက်ကိုပြန်ပေးလိုက်သည်။

"ရှိသေးသလား" ဟုလည်း မေးလေသည်။

ရှမ်းထင်း ခေါင်းခါယမ်းလိုက်သည်။ အရက်နှင့် အသားဟင်းကို နေ့စဉ်နေ့တိုင်း ယူလာပေးဘို့ မလွယ်ကြောင်း၊ သို့သော် သူကြိုးစားပေးမည်ဖြစ်ကြောင်း ခြေဟန်လက်ဟန်ဖြင့် ပြောလိုက်လေသည်။ အဘိုးအိုသည်လည်း ရှမ်းထင်း၏ အခြေအနေကို နားလည်သဘောပေါက်ထားလေသည်။

"ငါ ... အရက်မသောက်ရတာ နှစ်ပေါင်းတစ်ရာလောက်တောင်ရှိပြီင်ရတာပဲ၊ အင်းလေ ... မင်းကလည်း ခက်ခက်ခဲခဲယူလာရတယ်ဆိုတာ ငါသိပါတယ်၊ ဘာပဲဖြစ်ဖြစ် ယူလို့ရယင်တော့ နေ့တိုင်းယူလာပေးစမ်းပါ၊ မင်းကျေးဇူး မမေ့ပါဘူး"

ရှမ်းထင်း ခေါင်းညိတ်လိုက်သည်။

အဘိုးအိုက ...

"အသားဟင်းကော"

ရှမ်းထင်းက အသားဟင်းပေးလိုက်သည်။ အဘိုးအိုမြိန်ရည်ယှက်ရည်စားလိုက်ပြန်သည်။

တစ်ဖန် ...

"သည်ကနေ့ဟာ ငါ့အတွက် နေ့ထူးနေ့မြတ်တစ်နေ့ပဲကွ၊ အရက်ကလည်းကောင်းတယ်၊ အသားဟင်းကလည်း ကောင်းတယ်"

အဘိုးအိုက ကျေနပ်စွာ ချီးကျူးနေပါတော့သည်။

ရှမ်းထင်းသည် အဘိုးအိုကိုကြည့်ယင်း ရင်ထဲဖော်မပြနိုင်သောခံစားချက်များ ဖြစ်ပေါ်လာလေသည်။ အဘိုးအိုသည် စိတ်တိုင်းကျသွားလာလှုပ်ရှားနိုင်ခြင်းမရှိအောင် သံကြိုးများဖြင့် ချုပ်နှောင်ကာ လိုဏ်ဂူထဲ၌ အကျဉ်းကျခံထားရလေသည်။

အသားနှင့် အရက်လုံးဝမစားမသောက်ရပါ။ သူက ရှောင်လင်ကျောင်းမှလူတစ်ယောက်မဟုတ်သဖြင့် အသားနှင့် အရက်စားသောက်လိုသည်ကို အပြစ်ပြောစရာမရှိပါချေ။

အဘိုးအိုသည်စားချင်တာကို စားသောက်လိုက်ရသဖြင့် ကျေနပ်နှစ်သိမ့်နေသည်။

"မင်းက ငါ့ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးတော့ ငါကလဲ မင်းရဲ့ဆန္ဒကို ဖြည့်ဆည်းပေးရမှာပေါ့လေ၊ မင်းက ထိပ်တန်းသိုင်းပညာတွေ သင်ကြားချင်တယ် မဟုတ်လား"

ရှမ်းထင်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ... မင်းကို သင်ပေးမယ်၊ ကဲ ... ရှေ့တိုးခဲ့စမ်းပါဦး"

အဘိုးအိုက လက်ယပ်ခေါ်လိုက်သဖြင့် ရှမ်းထင်းလည်း ချက်ခြင်း ရှေ့တိုးသွားလိုက်လေသည်။

အဘိုးအိုက ...

"မင်းဟာ ... ရှောင်လင်ကျောင်းရဲ့ အခြေခံသိုင်းကွက်တွေကို သင်ကြားထားတယ်မဟုတ်လား၊ ကဲ ... ငါ့ကို လက်တွေ့လေ့ကျင့်ပြစမ်းပါဦး"

ရှမ်းထင်းသည် အဘိုးအို ခိုင်းစေသည့်အတိုင်း သူတတ်မြောက်ထားသော သိုင်းကွက်များအား လက်တွေ့လေ့ကျင့်ပြလိုက်



လေသည်။

အဘိုးအိုက မျက်တောင်မခတ် အကဲခတ်ကြည့်နေပါသည်။ မကြာပါချေ။

ရှမ်းထင်း၏ သိုင်းကွက်ဖော်ထုတ်ပြသမှုပြီးဆုံးသွားလေတော့သည်။

အဘိုးအိုသက်ပြင်းချလိုက်သည်။

"ထိပ်တန်းသိုင်းပညာသင်ကြားဖို့ဆိုတာ အခြေခံရှိမှဖြစ် မယ်၊ မင်းရဲ့အခြေခံပညာပေါ်မူတည်ပြီး မင်းကိုဘယ်လိုသင်ကြားပေးရမယ်ဆိုတာ ကျုပ်စဉ်းစားလို့ ရလိမ့်မယ်"

ရှမ်းထင်းက ဦးညွတ်လိုက်၏။

အဘိုးအို လက်ဝှေ့ယမ်းပြလိုက်သည်။

ကဲ ... နောက်တစ်ကြိမ်လောက် လေ့ကျင့်ပြစမ်းပါဦး၊ ရှမ်းထင်းလည်း နောက်ထပ်တစ်ကြိမ် လေ့ကျင့်ပြလိုက်ရပြန်လေတော့သည်။

♣ ♣ ♣

အဘိုးအိုက မျက်တောင်မခတ်ကြည့်နေသည်။ ရှမ်းထင်းက အားကြိုးမာန်တက် လေ့ကျင့်ပြလိုက်လေသည်။

အားမာန်အပြည့်ဖြင့် လေ့ကျင့်လိုက်လေသောကြောင့် ရှမ်းထင်း၏တကိုယ်လုံး ချွေးရွှဲရွှဲစိုသွားလေသည်။ ရှမ်းထင်းသည် လေ့ကျင့်ပြီးသည်နှင့် နောက်ဆုတ်ကာ ဦးညွတ်ဂါရဝပြုလိုက်လေသည်။

အဘိုးအိုကမေးသည်

"မင်းတတ်ထားတာ ဒါအကုန်ပဲလား"

ရှမ်းထင်း ခေါင်းညိတ်လိုက်လေသည်။ အဘိုးအိုသည် စိတ်ပျက်သွားသည့်သဘော နှာခေါင်းရှုံ့လိုက်လေသည်။

"မနေ့ကတော့ ဟုတ်မလိုလို ဘာလိုလိုနဲ့ ငါပဲအကြည့်မှားတာဖြစ်မယ်ထင်တယ်၊ ကဲ ... ပြောစမ်းပါဦး၊ မင်းတတ်ထားတာ ဒါအကုန်ဖဲလား" ဟု ထပ်မေးသောအခါ ရှမ်းထင်းခေါင်းညိတ်ပြလိုက်ပြန်သည်။

အဘိုးအို သက်ပြင်းချလိုက်သည်။

"သေသေချာချာကြည့်မှ မင်းရဲ့ပညာ ဘာမှမရှိသေးတာတွေ့ရတာပဲ၊ ထားပါတော့လေ၊ ငါနဲ့တွေ့မှ ဘာမှပူမနေပါနဲ့တော့၊ မင်းကို ထိပ်တန်းသိုင်းသမားတစ်ယောက်ဖြစ်လာအောင် လေ့ကျင့်သင်ကြားပေးရတော့မှာပေါ့လေ၊ ကဲ ... ရှေ့တိုးခဲ့။

ရှမ်းထင်းက ရှေ့တိုးသွားလိုက်၏။

"ကဲ ... ကျောက်တုံးတစ်တုံးကောက်ယူပြီး မြေပေါ်မှာကြက်ခြေခတ်လိုက်စမ်း၊ ခပ်ရှည်ရှည်ဆွဲနော်"

အကြောင်းရှိ၍ခိုင်းစေခြင်းဖြစ်ကြောင်း ရှမ်းထင်းနားလည်ထားလေသည်။ ထို့ကြောင့် အဘိုးအိုခိုင်းစေသည့်အတိုင်း တသွေမတိမ်းပြုလုပ်လိုက်လေသည်။

သေးငယ်ပြီး ချွန်ထက်သောကျောက်ခဲတစ်လုံးရှာကာ မြေပေါ်၌ကြက်ခြေခတ်သင်္ကေတန် ရေးခြစ်လိုက်၏။ အဘိုးအိုပြောသည့်အတိုင်း ကြက်ခြေခတ်မျဉ်းကို ခပ်ရှည်ရှည်ခြစ်လိုက်ခြင်းဖြစ်သည်။

ကျောက်တုံးက ချွန်ထက်၍ ကြက်ခြေမျဉ်းမှာ အထင်းသားပေါ်လာလေသည်။

"ဟုတ်ပြီ ... မင်းက ကြက်ခြေခတ်အလယ်တည့်တည့်က



မျဉ်းနှစ်ကြောင်းဆုံတဲ့အမှတ်ပေါ် တက်ရပ်လိုက်"

ရှမ်းထင်းက အဘိုးအိုပြောသည့်အတိုင်းပြုလုပ်လိုက်၏။

ခြေစုံရပ်ပြီး အဘိုးအိုကိုကြည့်နေသည်။ ရှေ့ဘာဆက်လုပ်ရမည်ဆိုသည်ကို စောင့်စားနေလိုက်ခြင်းဖြစ်လေသည်။

အဘိုးအိုသည် ရှမ်းထင်းရပ်နေပုံကိုကြည့်ကာ ဟျာဟျာသလဲ အော်ပြောလိုက်လေသည်။

"ဟော့ ... ဟော့ ... သည်လိုမဟုတ်ဘူး၊ မင်းသည်လိုရပ်နေလို့ဖြစ်မလား၊ ရန်သူနဲ့ ရင်ဆိုင်ရတဲ့အခါ ခုလိုရပ်နေယင် သူများက လက်သီးနဲ့ တချက်ထိုးလိုက်တာနဲ့ မင်းလဲကျသွားပြီလို့ မှတ်လိုက်ပေတော့"

ထိုစကားကြားလျှင် ရှမ်းထင်းမျက်လုံးပြူးသွား၏။ အဘိုးအိုကို အံ့ဩစွာကြည့်လိုက်မိလေသည်။ အဘိုးအိုက အော်လိုက်သည်။

"မင်းရဲ့အနေအထားကိုပြင်ရမယ်၊ သည်အတိုင်းရပ်နေလို့ မရဘူး"

သူ၏အနေအထားကိုပြုပြင်ရမည်ဆိုလျှင် မည်သို့ပြင်ရမည်နည်း။ ရှမ်းထင်းမသိပါ။ ကြက်ခြေခတ်မျဉ်းပေါ်ရပ်ကာ အဘိုးအိုကိုငေးကြည့်နေမိတော့သည်။

အဘိုးအိုစိတ်မရှည်နိုင်အောင် ဖြစ်သွား၏။

"မင်းဘာလုပ်နေတာလဲ" ဟု အော်လိုက်ပြန်သည်။

ရှမ်းထင်းခေါင်းခါယမ်းလိုက်သည်။ သူဘာမှမလုပ်တတ်ကြောင်း လက်ဟန်ခြေဟန်ဖြင့် ပြောပြလိုက်လေသည်။

အဘိုးအို သက်ပြင်းချလိုက်သည်။

"မင်းက သိုင်းသင်တယ်ဆိုပြီး ဘာမှပါးနပ်မှုမရှိသေးပါလား"

စိတ်ပျက်စွာ ညည်းညူပြီးမှ

"ကဲ ... ကြက်ခြေခတ်မျဉ်းပေါ်က ဆင်းလိုက်စမ်းပါဦး" ဟု ပြောရာ ရှမ်းထင်းချက်ခြင်း ဆင်းလိုက်၏။

အဘိုးအိုက ...

"ငါပြောမယ် သေသေချာချာ နားထောင်ပါ"

ရှမ်းထင်းခေါင်းညိတ်လိုက်သည်။

အဘိုးအိုက ...

"ကဲ ... ကြက်ခြေခတ်မျဉ်းကြောင်းရဲ့ အလယ်ဆုံမှတ်ပေါ်ကိုတက်သည်"

အဘိုးအိုက

"မင်းရဲ့ ဝဲဘက်ခြေထောက်ကို အလယ်ဆုံမှတ်ရဲ့ ဝဲဘက်ခြမ်းကမျဉ်းပေါ်မှာထား၊ ယာဘက်ခြေထောက်ကို ယာဘက်ခြမ်းကမျဉ်းပေါ်မှာထား"

ရှမ်းထင်းသည် အဘိုးအိုစေခိုင်းသကဲ့သို့ တိတိကျကျပြုလုက်သည်။

"မင်းရဲ့ခန္ဓာကိုယ်ဟာ ဆုံမှတ်အပေါ်မှာရှိနေပါ၊ အဘိုးအိုသည် သူစေခိုင်းသည့်အတိုင်း ရှမ်းထင်းကပြုလုပ်နိုင်သဖြင့် ကျေနပ်သွား၏။

တည့်တည့်ကြည့်လိုက်၊ စောင်းငဲ့ကြည့်လိုက် ပုံသဏ္ဍာန်အမျိုးမျိုးဖြင့်ကြည့်ပြီးမှ ကျေနပ်ကာ ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ် ... သည်အတိုင်းရပ်နေ၊ မျက်လုံးတွေက အရှေ့ဘက်တည့်တည့်ကိုကြည့်ပါ၊ မင်းရဲ့စိတ်ကိုလျှော့ထားလိုက်ရမယ်"



ရှမ်းထင်းက အဘိုးအိုပြောသည့်အတိုင်း ကြိုးစားဆောင်ရွက်လိုက်လေသည်။

အဘိုးအိုက ...

"မင်းရဲ့တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းနေတယ်၊ အချိန်မရွေးကြိုက်သလိုလှုပ်ရှားလို့ရတယ်ဆိုပြီး၊ မင်းရဲ့စိတ်ထဲ မှတ်ထားရမယ်၊ ငါပြောတာကို မင်းသဘောပေါက်တယ်နော်"

ရှမ်းထင်း ဦးညွှတ်လိုက်သည်။

အဘိုးအိုဆိုလိုသည့်သဘောကို သူကောင်းစွာနားလည်မိလေသည်။ သိုင်းပညာနှင့်ပတ်သက်လာလျှင် စိတ်ဝင်စားမှုပြင်းပျလေသောကြောင့် အနည်းငယ်ရှင်းပြလိုက်သည်နှင့် သဘောပေါက်သွားခြင်းဖြစ်လေသည်။

အဘိုးအိုပြောသည့်အတိုင်း မားမားမတ်မတ် ရပ်လိုက်၏။ ရှေ့တည့်တည့်သို့ စိုက်ကြည့်ကာ စိတ်လျှော့ထားလိုက်သည်။ အချိန်မရွေး ကြိုက်သလိုလှုပ်ရှားနိုင်သည်ဟု နှလုံးသွင်းထားလိုက်လေသည်။

အဘိုးအိုသည် ရှမ်းထင်းကိုအတန်ကြာအောင်ကြည့်နေပြီးမှ ခေါင်းညိတ်လိုက်လေသည်။

"ကောင်းပြီ"

သူ၏လက်တစ်ဖက်ကို ဝှေ့ယမ်းကာ အချက်ပြယင်း သဘောတရားတခုကို ပြောပြလေသည်။

"ကဲ ... မင်းရဲ့ရှေ့မှာ ရန်သူတစ်ယောက် ဖြုန်းစားကြီးထွက်ပေါ်လာတယ်ဆိုပါတော့"

သူ၏စကားကြောင်း ရှမ်းထင်းက ရှေ့သို့မျက်လုံးပြူးကာ

ကြည့်လိုက်လေသည်။

အဘိုးအိုက ဆက်ပြောသည်။

“မင်းစိတ်ထဲမှာ ရန်သူထွက်ပေါ်လာပြီး တဟုန်ထိုးပြေးဝင်လာမယ်၊ မင်းကိုလက်သီးနဲ့ တအားပင့်ထိုးလိုက်မယ်ဆိုပါတော့”

ရှမ်းထင်းလှုပ်လှုပ်ရှားရှားဖြစ်သွား၏။

အဘိုးအိုပြောသည့်အတိုင်း ဖြစ်ပေါ်လာလျှင် ရုတ်တရက်မည်သို့ရင်ဆိုင်ခုခံရမည်ကို တွေးမရခြင်းကြောင့်ဖြစ်သည်။ နောက်ဆုတ်ရှောင်တိမ်းရမည်လော။ ရန်သူကိုပြန်လည်ထိုးနှက် တိုက်ခိုက်ရမည်လော၊ မည်သို့ ပြုလုပ်ရမည်နည်း။ ရှမ်းထင်းက အဘိုးအိုအား လှမ်းကြည့်လိုက်သည်။ အဘိုးအိုမည်သို့ပြုလုပ်ခိုင်းမည်ကို သိလိုစိတ်ပြင်းပျနေပါတော့သည်။

အဘိုးအို၏စကားသံ ထွက်ပေါ်လာလေသည်။

“ကဲ..မင်းရဲ့ဝဲဘက်ခြေကို ညာခြေနဲ့ တတန်းထဲဖြစ်အောင်နောက်ဆုတ်လိုက်ရမယ်”

ရှမ်းထင်း ရုတ်တရက် အဘိုးအိုပြောသည့်အတိုင်း မလုပ်တတ်ပဲဖြစ်သွား၏။

အဘိုးအိုက ...

“ဝဲဘက်ခြေထောက်ကိုနောက်ဆုတ်လိုက်တာနဲ့ မင်းရဲ့ခန္ဓာကိုယ်က ရန်သူကို မျက်နှာချင်းဆိုင်ထားတဲ့ အနေအထားကနေ ဘေးတိုက်ရင်ဆိုင်တဲ့ပုံသဏ္ဍာန်ပြောင်းသွားလိမ့်မယ်၊ ခန္ဓာကိုယ်က ဘေးတိုက်ဖြစ်သွားပေမယ့် ဦးခေါင်းကိုလိုက်ပြီး မလှည့်ရဘူး၊ ရှေ့တည့်တည့်ကိုပဲ ကြည့်နေရမယ်”

ယခုတစ်ကြိမ် ...



အဘိုးအိုစေခိုင်းသည့်သဘောကို ရှမ်းထင်းနားလည်သွားလေသည်။

အဘိုးအိုကဆက်ပြောသည် ...

“မင်းရဲ့ယာဘက် ပုခုံးကို နှိမ့်ချလိုက်ရမယ်၊ တဆက်တည်းမင်းရဲ့ဝဲဘက်လက်ဖျံနဲ့ ရန်သူ့လက်ကို ပုတ်ထုတ်ပစ်လိုက်ရမယ်”

သူက သိုင်းကွက်တစ်ခုကိုပြောပြလိုက်ပြီဖြစ်လေသည်။ အရိုးဆုံး အရှင်းဆုံး သိုင်းကွက်တစ်ခုလည်းဖြစ်သည်။

အဘိုးအိုကမေးသည်။

“ငါပြောတာကို သဘောပေါက်ရဲ့လား”

ရှမ်းထင်း ခေါင်းညိတ်လိုက်သည်။

“ဟုတ်ကဲ့ သဘောပေါက်ပါတယ်” ဟု ပြောလိုက်သည့်အတိုင်းပင် ...

အဘိုးအိုက ...

“ငါပြောတဲ့အတိုင်း လျင်လျင်မြန်မြန်နဲ့ တဆက်တည်းပြုလုပ်ရမှာနော်၊ နှေးကွေးလေးလေးနေလို့ မဖြစ်ဘူး၊ မင်းဘက်က နှေးကွေးနေယင် ရန်သူရဲ့လက်သီးစာမိပြီး မင်းဒုက္ခရောက်လာလိမ့်မယ်၊ ရန်သူပေါ်လာပြီး တိုက်ခိုက်လိုက်ပြီးလို့ စိတ်နှလုံးသွင်းပြီးတာနဲ့ ချက်ခြင်းဆယ်ဆက်သလို လှုပ်ရှားရလိမ့်မယ်၊ ငါပြောတာ သေသေချာချာမှတ်ထားပါ”

ရှမ်းထင်း ခေါင်းညိတ်လိုက်ပြန်သည်။

အဘိုးအိုက ...

“ကဲ ... မင်းစပြီး လေ့ကျင့်ပေတော့”

ရှမ်းထင်းလည်း လက်တွေ့လေ့ကျင့်လိုက်လေတော့သည်

♣ ♣ ♣

ရှမ်းထင်းကကြိုးစား၍ လေ့ကျင့်လိုက်သည်။ အဘိုးအို
ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်သေးဘူး ... မင်းခြေထောက် နောက်ဆုတ်တာ
နေတယ်၊ မင်းကိုယ်တိုင် ရေးခြစ်ထား ကြက်ခြေခတ်ထားတဲ့ မျဉ်း
ကြောင်းရှိတယ်မဟုတ်လား၊ ခြေတစ်ဖက် နောက်ဆုတ်တဲ့အခါ နော
က ကြက်ခြေခတ်မျဉ်းပေါ် နင်းမိရုံပဲဆုတ်ရမယ်၊ ခြေလှမ်းအကွာအ
အကျဲအစိတ် တစ်ပုံစံတည်းဖြစ်နေအောင် သည်ကြက်ခြေခတ်မျဉ်း
ရေးထားတာ၊ ဒါမှ မင်းရဲ့လှုပ်ရှားမတွေဟာ အလိုလို အံဝင်ခွင်ကျ
နေလိမ့်မယ်၊ ကဲ ... ခြေထောက် နောက်ဆုတ်တဲ့အခါ မျဉ်းပေါ်
မိရုံသာ ဆုတ်စမ်း"

ရှမ်းထင်းက ခြေထောက်နောက်ဆုတ်လိုက်သည်။

သို့သော် ... မျဉ်းကြောင်းကို မမြင်ရခြင်းကြောင့် မှန်အေ
မဆုတ်နိုင်ပါချေ။

အဘိုးအိုက ...

"မျဉ်းကြောင်းကိုကြည့်ပြီးဆုတ်ပေ့ါ၊ နောက်တော့ မင်
လှမ်းမှန်အောင်ဆုတ်တတ်သွားလိမ့်မယ်၊ မင်းကြိုးစားရင် မျဉ်းကြေ
မမြင်ရပေမယ့် မှန်မှန်ဆုတ်နိုင်မှာ သေချာတယ်"

ဆုတ်ခွင့်ပြုလိုက်ခြင်းကြောင့် ရှမ်းထင်းလည်း မျဉ်းကြေ
ကြည့်ကာ နောက်ဆုတ်လိုက်ပြီး အဘိုးအိုပြောသလို ပြုလုပ်လိုက်

အဘိုးအိုခေါင်းညိတ်လိုက်သည်။

"ဟုတ်ပြီ ..."

"ကဲ ... ခပ်သွက်သွက်ကလေးလုပ်စမ်း၊ ဒါဟာ ကျ
အခြေခံသိုင်းကွက် ပထမအကွက်ပဲသတ်မှတ်လိုက်မယ်၊ မင်း ပို



နိုင်နိုင်လေ့ကျင့်ပါ၊ အကျိုးရှိလိမ့်မယ်၊ ဘာကြောင့်လဲဆိုရင် စိတ်လျော့
ထားတဲ့သူကို ရန်သူက အထင်သေးတတ်တယ်၊ မင်းရပ်နေပုံကိုကြည့်
ပြီး အပိုင်ပဲလို့ ပြေးဝင်တိုက်ခိုက်မှာပဲ၊ သည်တစ်ခါ မင်းကမြှန်းခနဲခြေ
ကို ဆုတ်၊ ကိုယ်ကိုယို့ပြီး ရန်သူရဲ့လက်ကို ပုတ်ထုတ်မယ်ဆိုရင် ရန်သူ
ရဲ့တိုက်ခိုက်မှုဟာ လုံးဝအရာရောက်တော့မှာမဟုတ်ဘူး၊ ရှင်းနေတာပဲ၊
မင်းနားလည်ရဲ့လား"

ရှမ်းထင်း ခေါင်းညိတ်ပြလိုက်သည်။

အနောက်ဘက်မှ မျဉ်းကြောင်းပေါ်သို့ တန်းတန်းမတ်မတ်
နင်းနိုင်အောင် မျက်နှာငုံ့စောင်းကြည့်ကာ ရွှေ့နေရ၏။ ခြေလှမ်းအကွာ
အဝေးကို စိတ်ထဲမှ မှတ်သားထားပြီး မှန်းဆရ၏။ ဆယ့်လေးငါးကြိမ်
ပြုလုပ်ပြီးလျှင် မျက်နှာစောင်းငုံ့မကြည့်ပဲ မှန်အောင်ရွှေ့လျားနိုင်တော့၏။

အဘိုးအိုက ဘာမှမပြောတော့ဘဲ ရှမ်းထင်းလေ့ကျင့်သည်
ကိုသာ အကဲခတ်ကြည့်နေ၏။

ရှမ်းထင်း၏ကြိုးစားလိုစိတ်နှင့် ပင်ကိုယ်မှတ်ဉာဏ်ကောင်း
မှုကိုလည်း ရိပ်စားမိ၏။

"အင်း ... သည်ကောင်လေးဟာ ပါရမီရှိတယ်၊ သူ့ကိုထိပ်
တန်းပညာတွေ သင်ပေးလို့ရမှာ ကျိန်းသေတယ်" ဟု စိတ်ထဲမှာပင်
ကျိတ်ကာ တွေးမိ၏။

ရှမ်းထင်းကား အဘိုးအိုနောက်ထပ် တစုံတရာမပြောမချင်း
ထပ်ကာ ထပ်ကာ လေ့ကျင့်နေ၏။ အဘိုးအိုကလည်း ရှမ်းထင်း မှန်
မှန်ကန်ကန် လေ့ကျင့်လာနိုင်သည်ကိုတွေ့လျှင် သဘောကျသွားပြီး

"ကဲ ... တော်လောက်ပြီ၊ တို့ရှေ့ဆက်ကြစို့၊ ရန်သူရဲ့လက်
ကို ပုတ်ထုတ်ပြီးတာနဲ့ မင်းရဲ့ ယာဘက်လက်ကို ကျစ်ကျစ်ပါအောင်

ဆုတ်၊ အားမာန်အပြည့်နဲ့ ရန်သူရဲ့ နံကြားကိုထိုးချလိုက်၊ ကဲ ... ကျုပ် ပြောသလိုလုပ်ကြည့်စမ်း"

ရှမ်းထင်းက အဘိုးအိုပြောသည့်အတိုင်း တစ်သွေမတိမ်း လုပ်လိုက်သည်။ နောက်ဆုံး ယာဘက်လက်သီးဖြင့် ထိုးချ၍ အားမာန် အပြည့် တအားကြုံးဝါးထိုးလိုက်ခြင်းဖြစ်သည်။

ထို့ကြောင့် လေတိုးသံများပင်ထွက်ပေါ်လာ၏။

"ဟား ... ဟား ... ဟား ..."

အဘိုးအိုသဘောကျစွာ ရယ်မောလိုက်၏။

ရှမ်းထင်းကြောင်အမ်းအမ်းဖြစ်သွား၏။ အဘိုးအိုကို ငေး ကြည့်နေ၏။

အဘိုးအိုက ရယ်မောရာမှရပ်ကာ ...

"မင်း ... မဆိုးဘူး၊ သည်သိုင်းကွက်ကို အဆက်မပြတ်လေ့ ကျင့်ပေတော့၊ ကဲ ... ညဥ့်လဲနက်ပြီ၊ မင်းပြန်တော့၊ မနက်ဖြန်ကျရင် ကျုပ်အတွက် အရက်နဲ့အစားအစာယူလာဖို့ မမေ့နဲ့ဦးနော်"

ရှမ်းထင်း ခေါင်းညိတ်ပြလိုက်သည်။

အဘိုးအိုက လက်ဝှေ့ယမ်းပြလိုက်သည်။

ရှမ်းထင်းသည် ဦးညွှတ်ကာ ထွက်လာခဲ့သည်။ သူကလေဝင် ပေါက်မှတစ်ဆင့် အပြင်သို့ ထွက်လာခဲ့သည်။ ထို့နောက် ပတ်ဝန်းကျင် ကို အကဲခတ်ကြည့်လိုက်ပြီး မီးဖိုဆောင်ဘက်သို့ ခပ်သွက်သွက်က လေး ပြေးသွားသည်။

သူ၏မျက်နှာပြုံးရွှင်နေသည်။ အကျဉ်းခံအဘိုးအိုထံမှ သိုင်း ကွက်တစ်ကွက်သင်ယူရရှိခဲ့ပြီ မဟုတ်ပါလော။

♣ ♣ ♣

## အနာခံ အသာစံ

မိုးစင်စင်လင်းလာပြီဖြစ်သည်။ မိုးလင်းလာသည်နှင့်ရှောင် လင်ကျောင်းတော်သားများသည် ဘုရားဝတ်ပြုပြီး ကိုယ်ကျရာတာဝန် ထမ်းဆောင်ကြရပေတော့မည်။

ရှမ်းထင်းက ညဥ့်နက်မှ အိပ်ပျော်ခဲ့သဖြင့် အတော်ကလေး နေမြင့်မှနိုးလာသည်။ သူနိုးလာသောအခါ အိပ်ဆောင်အတွင်း၌ အ ခြားရှောင်လင်ကျောင်းတော်သားများ တစ်ယောက်မှ မတွေ့ရတော့ ချေ။

"ဟင် ... ဒုက္ခပဲ၊ ငါအိပ်ရာထနောက်ကျလို့ အဆူခံရတော့ မယ်ထင်တယ်"

တွေးရင်းခပ်သွက်သွက်ကလေး လှမ်းထွက်ခဲ့သည်။ အပြင် ဘက်သို့ရောက်သည်နှင့် လှမ်းလာနေသော ခုံးမိန်ကို တွေ့မြင်လိုက်ရ၏။

ခုံးမိန်က သူ့အား မျက်မှောင်ကြုတ်ကာ

"မင်းအခုမှ အိပ်ရာကနိုးတာမဟုတ်လား" ဟုမေးလိုက်၏။

ရှမ်းထင်း ရင်ထိတ်သွား၏။ လိမ်ညာမပြောဝံ့ဘဲ ခေါင်းညိတ် ပြလိုက်သည်။

ခုံးမိန် ဒေါပွသွား၏။

"ကောင်းကွာ ... မင်းက သိုင်းပညာနည်းနည်းတက်လာပြီဆိုတော့ ပျင်းသွားပြီလား၊ လူငယ်လူရွယ်ဆိုတာ အမြတ်း နိုးနိုးကြားကြားရှိရမယ်လို့ ကျုပ်မကြာခဏပြောခဲ့တယ်မဟုတ်လား၊ မင်း ... မင်းက ပျင်းရိနေတယ်ဆိုရင်တော့ မင်းကိုကောင်းကောင်းအပြစ်ပေးရမယ်"

အမှန်တော့ ရှမ်းထင်းမှာ အကျဉ်းခံ အဘိုးအိုထံမှ သိုင်းပညာသင်ခဲ့ခြင်းကြောင့် ညဥ့်နက်မှအိပ်ရာထနိုင်ခဲ့ခြင်းဖြစ်သည်။ အိပ်ရေးပျက်သည့်ရက်ပေါင်းများစွာဖြစ်ရာ မမျှော်လင့်ဘဲ မိုးလင်းအောင်အိပ်မိခဲ့ခြင်းဖြစ်သည်။

ရှမ်းထင်းက ဖြေရှင်းရန် မကြိုးစားချေ၊ အကြောင်းကား ... ရှင်းပြလိုက်လျှင် အကျဉ်းခံ အဘိုးအိုထံသွားရောက်နေကြောင်း သိရှိသွားမည်မဟုတ်လား။

ခုံးမိန်က ရှမ်းထင်းမျက်နှာညှိုးငယ်နေသည်ကို တွေ့ရလျှင် မျက်မှောင်ကြုတ်သွား၏။ ရှမ်းထင်းအပေါ် သံယောဇဉ်ကြီးသူပီပီ အမြဲတမ်း တက်တက်ကြွကြွ နိုးကြားပြီး ကြိုးစားသော လူငယ်တစ်ယောက်အဖြစ် တွေ့မြင်လိုခဲ့ခြင်းဖြစ်၏။

ရှမ်းထင်းကိုကြည့်ကာ

"ကဲ ... စားဖိုဆောင်ထဲကိုသွားစားသောက်ပြီးတဲ့ ပန်းကန်တွေကို စင်ပြီးပြောင်အောင် ဆေးကြောရမယ်၊ သည်ကနေ့ တစ်နေ့လုံး စားဖိုဆောင်မှာ အလုပ်လုပ်ရမယ်၊ သိုင်းပညာလေ့ကျင့်တာကိုရပ်ထားရမယ်" ဟု ပြောလေသည်။

ထိုစကားကြားလျှင် ရှမ်းထင်း စိတ်မကောင်းဖြစ်သွားလေသည်။



သူ့အတွက် တစ်ရက်သိုင်းမလေ့ကျင့်ရခြင်းသည် တစ်ရက်နာဆုံးရှုံးမှုပင် မဟုတ်လား။

သို့သော် ခုံးမိန်၏စကားကို မပယ်ရှားနိုင်ချေ။

ခုံးမိန်က ...

"ကဲ ... မင်းသွားတော့"

ရှမ်းထင်းလည်း စိတ်ပျက်လက်ပျက်ဖြင့် စားဖိုဆောင်ဆီသို့ က်လာခဲ့၏။ ခုံးမိန်က နောက်မှလိုက်လာ၏။ စားဖိုဆောင်၌ တာဝန်သော ရှောင်လင်ကျောင်းသားများသည် နံနက်စာအချိန်မီ ကျွေး နိုင်ရေးအတွက် အလုပ်ရှုပ်နေကြ၏။

ကြက်သွန်ခွာသူ၊ ဟင်းသီးဟင်းရွက်လှီးသူ၊ ထမင်းအိုးတည် စသည် ... စသည်ဖြင့် ကိုယ်စီကိုယ်ငှ ကျရာတာဝန်ထမ်းဆောင်နေသည်။ နံနက်စောစော အဆာပြေစားသောက်ပြီးနောက် ထားရစ်ခဲ့သော စားပြီးသား ပန်းကန်ခွက်ယောက်များကို ဆေးကြောသူများ ည်းရှိနေရာ ထိုလူများနှင့်အတူ ရှမ်းထင်းဝင်ရောက်ကူညီလုပ်ကိုင်သည်။ အပြစ်သေးသေးမွှားမွှား ကျူးလွန်မိသူများ ခုံးမိန်၏ငြိုငြင်မှု ခံရသူများသည် စားဖိုဆောင်သို့ မကြာခဏ ရောက်ရှိလာကြပြီး လုပ်လုပ်ကြရသည်။

ထို့ကြောင့် ... ရှမ်းထင်း ပန်းကန်လာဆေးနေသည်ကို အ းသူများ အံ့ဩသွားခြင်းမရှိတော့ချေ။

ခုံးမိန်ကိုယ်တိုင်လည်း စားဖိုဆောင်တွင်ရှိနေသည်မဟုတ် ား။

ရှမ်းထင်းပန်းကန်ခွက်ယောက်များကို ဆေးကြောပြီးပန်းကန် င်သို့ သယ်ယူကာ စီတန်းထောင်လိုက်၏။

"အား"

ရှောင်လင်ကျောင်းသားတစ်ယောက် ကြက်သွန်လှီးရင် လက်ကိုဓားထိသွားသည်။ ခုံးမိန် ချက်ချင်းရောက်လာပြီး ဒဏ်ရာကို ကြည့်ရှုသည်။

"ကဲ ... သွားစမ်း၊ ငါ့အခန်းထဲက ဘူးသီးခြောက်ဘူးယူလာခဲ့စမ်း"

ရှောင်လင်ကျောင်းသားတစ်ယောက် အပြေးအလွှားသွားရောက်ယူဆောင်ပေး၏။

ခုံးမိန်က ဘူးဆို့ကိုဖွင့်ပြီး ဒဏ်ရာပေါ်အရက်ကို လောင်းချလိုက်သည်။ သို့သော် အရက်ထွက်လာခြင်းမရှိချေ။

"ဟင် ... အရက်ကလဲ ကုန်တာမြန်လှချည်လား"

ခုံးမိန်၏နှုတ်မှ ညည်းညူလိုက်သည်။

"ဒဏ်ရာကျက်အောင် အရက်လောင်းပေးမှဖြစ်မယ်၊ ကဲကွာ တစ်ယောက်သွားစမ်း၊ ရိက္ခာရုံထဲမှာ အရက်အိုးတွေရှိတယ်၊ တစ်အိုးယူလာခဲ့"

ထိုစကားကြားသည့်အခါ ရှမ်းထင်း၏မျက်လုံး အရောင်များ တဖိတ်ဖိတ်တောက်သွားသည်။

"ဟုတ်ပြီ ... ရိက္ခာရုံထဲမှာ အရက်အိုးတွေရှိနေတာကိုး၊ ဧည့်သည်လာရင်ဧည့်ခံဖို့နဲ့ ဆေးဝါးဖော်စပ်ဖို့အတွက် စုဆောင်းသိမ်းဆည်းထားတာဖြစ်မယ်၊ အရက်ဘူးထဲက အရက်ခိုးယူရတာ အန္တရာယ်များတယ်၊ ရိက္ခာရုံကို မယောင်မလည်သွားရှာကြည့်ရမယ်၊ ဒါမှအရက်များများရနိုင်မှာ"

ရှမ်းထင်း၏စိတ်ထဲမှ ကြိတ်၍ တွေးတောရေရွတ်နေမိခြင်း



ဖြစ်သည်။ ထိုနေ့တစ်နေ့လုံး မီးဖိုဆောင်တွင် ကူညီလုပ်ကိုင်ရင်း ရိက္ခာရုံသို့ ဝင်ရောက်နိုင်ရန် အခွင့်အရေးကို ချောင်းမြောင်းနေခဲ့လေသည်။

ညနေမိုးချုပ် စားဖိုဆောင်မှပြန်လာသောအခါ သူ့တွင်အရက်အိုးတစ်လုံးနှင့် ကျပ်တိုက်ထားသော အသားခြောက်များပါလာခဲ့လေတော့သည်။

"ဟား ... ဟား ... ဟား ... "

အကျဉ်းခံအဘိုးအို၏ ရယ်မောသံ ဟိန်းထွက်လာ၏။ သူ့ရှေ့၌ ရှမ်းထင်းကပြုံး၍ ရပ်နေ၏။ အဘိုးအို အတော်ကလေးကြာအောင် ရယ်မောပြီးလျှင် ...

"မင်း ... မဆိုးဘူး၊ မင်းကိုကျုပ်သဘောကျသွားပြီဟေ့၊ ရှောင်လင်ကျောင်းမှာ မင်းလို ကြံရည်ဖန်ရည်ရှိတဲ့လူတစ်ယောက်ရှိမယ်မထင်ဘူး၊ကျုပ်ကိုယ်တိုင် ရှောင်လင်ကျောင်းတော်သားတစ်ယောက်ဖြစ်ခဲ့သေးတာပဲ၊ ဒါပေမယ့် မင်းလောက်မစွံဘူး၊ မင်းက ကျုပ်ထက်တောင် သာသွားပြီလို့ဆိုရမှာပဲ၊ ကဲ ... ကဲ ... အရက်ပေးစမ်း"

ရှမ်းထင်းက အရက်အိုးအား အဘိုးအိုထံလှမ်းပေးလိုက်လေသည်။

အဘိုးအိုက လက်နှစ်ဖက်ဖြင့်ယူကာ မော့ချလိုက်၏။ အဘိုးအို အရက်သောက်နေပုံကိုကြည့်ကာ ရှမ်းထင်း အံ့ဩနေမိသည်။ အရက်အိုးတစ်ဝက်သောက်ချပြီးမှ အဘိုးအိုက ...

"အသားခြောက်တွေလဲ မင်းယူလာသားပဲ ... ပေးစမ်း"

ရှမ်းထင်းက အသားခြောက်များ ကမ်းပေးလိုက်ရာ အဘိုးအိုက ပါးလုပ်ပါးလောင်းစားလိုက်သည်။ အသားခြောက်အတော်များများ စားပြီးလျှင် အရက်ကို မော့သောက်ပြန်၏။ အသားခြောက်စားလိုက်

အရက်သောက်လိုက်လုပ်နေသည်ကို ရှမ်းထင်းငေးကြည့်နေသည်။

အတော်ကလေးကြာမှ ...

"မင်း ... မဆိုးဘူး၊ ကျုပ်ခိုင်းတဲ့အတိုင်းဖြစ်အောင်လုပ်နိုင်တယ်၊ သည်တော့ ကျုပ်ကလဲ မင်းအတွက် တာဝန်ကျေစေရမှာပေါ့၊ ကဲ ... အချိန်မရှိဘူး၊ ကြက်ခြေခတ်မျဉ်းပေါ်တက်ပြီး ကျုပ်သင်ပေးထားတဲ့ သိုင်းကွက်ကို လေ့ကျင့်ပြစမ်း"

ရှမ်းထင်းဝမ်းသာသွား၏။

အဘိုးအိုက ကတိအတိုင်း မပျက်မကွက်ပင် သိုင်းပညာဆက်လက်သင်ကြားပေးမည်မဟုတ်ပါလား။

ကြက်ခြေခတ်မျဉ်းပေါ်ရပ်ကာ သိုင်းလေ့ကျင့်လိုက်လေ၏။

အဘိုးအိုက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

"သိုင်းလေ့ကျင့်မယ်ဆိုရင် ခြေနှုတ်၊ ခြေသိမ်း၊ အဆင်း၊ အတက် အင်မတန်အရေးကြီးတယ်၊ တချို့ကတော့ ရန်သူနဲ့ ထိပ်တိုက်ရင်ဆိုင်ရပြီဆိုရင် ခပ်ဝေးဝေးအထိဆုတ်ပြီး ရှောင်ရှားလေ့ရှိတယ်၊ ကျုပ်သဘောကတော့ သည်အချက်ကိုလက်မခံဘူး၊ ခပ်ဝေးဝေးဆုတ်ပြီးရှောင်ရင် ရန်သူကို ပြန်တိုက်ခိုက်ဖို့ အခွင့်အရေး လက်လွတ်ဆုံးရှုံးသွားလိမ့်မယ်၊ ဒါကြောင့် ရန်သူနဲ့ ရင်ဆိုင်ရင် ပွတ်ကာသီကာလွတ်အောင် ရှောင်ရမယ်၊ ခြေနှုတ်၊ ခြေသိမ်းနဲ့ ခန္ဓာကိုယ် ယိမ်းနွဲ့လှုပ်ရှားမှုဟာ အင်မတန်အရေးပါလာမှာပဲ၊ ကိုယ်ကမရှောင်တတ်ရင်လဲ ရန်သူလက်ချက်မိသွားမယ်မဟုတ်လား၊ ဒါကြောင့်တစ်ချက်ကလေးမှအမှားခံလို့မဖြစ်ဘူး၊ ကျုပ်ပြောတာ နားလည်ရဲ့လား" ဟု မေးလေသည်။

ရှမ်းထင်း ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြလိုက်သည်။

"ကောင်းပြီ ... မင်းသဘောပေါက်တယ်ဆိုရင် အစိကခြေ



ဆင်း ခြေတက် လေးကွက်သင်ပေးမယ်၊ ရန်သူနဲ့ တစ်ယောက်ချင်းရင်ဆိုင်ရတဲ့အခါ မင်းကခြေထောက်ရွှေ့လျားနေရုံနဲ့ ပွတ်ကာသီကာရှောင်နေရမှာ အမှန်ပဲ ဘယ်ခြေကို နောက်ဆုတ်လိုက်စမ်း'

ကြက်ခြေခတ်မျဉ်းပေါ်ကျအောင် နောက်ဆုတ်လိုက်ခြင်းဖြစ်၏။

"ဟုတ်ပြီ ... ယာဘက်ခြေထောက်ကို နောက်ဆုတ်၊ ဘယ်ခြေရပ်တဲ့နေရာအထိဆုတ်၊ သည်လိုဆုတ်ရင် ဘယ်ခြေကို ဝဲဘက်တိုးပြီးတက်ရမယ်၊ တစ်ဆက်တည်း ဒူးကွေးပြီးထိုင်ပါ၊ ဘယ်ခြေက ဒူးကွေးထား၊ ယာခြေကို ဆန့်ထား၊ ကဲ ... လုပ်စမ်း"

ရှမ်းထင်းသည် အဘိုးအိုစေခိုင်းသည့်အတိုင်း တသွေမတိမ်းတူညီအောင်ပြုလုပ်လိုက်သည်။ သူ၏ပြုလုပ်ချက်မှာ မှန်ကန်နေ၏။

အဘိုးအိုနှင့် အနေကြာပြီဖြစ်ရာ အဘိုးအိုဆိုလိုချင်သည့်သဘောထားများ လွယ်လင့်တကူ နားလည် သဘောပေါက်နေပေတော့သည်။

အဘိုးအိုက ကြက်ခြေခတ်မျဉ်းလေးကြောင်းပေါ်၌ပင် ခြေတက်ခြေဆင်း လှုပ်ရှားမှုကို သင်ကြားပြသသည်။ ရှမ်းထင်းလည်းကောင်းစွာမှတ်သားလိုက်နာပြီး လေ့ကျင့်သည်။

ဤသို့ဖြင့် ရှမ်းထင်းက ရိက္ခာခြောက်သိုလှောင်သည့်အခန်းထဲမှ ခိုးမိန်ဝှက်ထားသောအရက်အိုးများနှင့် ရိက္ခာခြောက်များကိုအဘိုးအိုအတွက် ညဏ်ယူဆောင်လာပေးသလို၊ အဘိုးအိုကလည်းညစဉ်သိုင်းပညာများ လေ့ကျင့်ပေးသည်။

ခြေဆင်း ခြေတက်မှတစ်ဆင့် ခါးလှုပ်ရှားမှုအနေအထား၊ ဦးခေါင်း အနေအထားနှင့် လက်နှစ်ဘက် လှုပ်ရှားပုံတစ်ဆင့်ပြီးတစ်

ဆင့် တက်ကာသင်ပေး၏။ ခြေလက်ခေါင်းခါးလှုပ်ရှားမှုအပိုင်းပြီးသည်နှင့် သိုင်းကွက်သဘောတရားများနှင့် မည်သို့မည်ပုံ ခုခံရသည်၊ မည်သို့မည်ပုံ တိုက်ခိုက်ရသည်၊ ရန်သူ၏ အားနည်းချက်အားမည်သို့ ရှာဖွေရမည်ကို သင်ကြားပေး၏။

ထို့အပြင် ... အဘိုးအိုကိုယ်တိုင် လေ့ကျင့်ဖော်၊ လေ့ကျင့်ဘက်အဖြစ် ရှမ်းထင်းနှင့် သိုင်းကစားသည်။ အဘိုးအိုသည် ခြေလက်များ၌ သံကြိုးချည်နှောင်ထားခြင်းခံရသော်လည်း သိုင်းကွက်လှုပ်ရှားမှုကားပြသနိုင်သေးသည်။

ရှမ်းထင်းလည်း ကြိုးစားပန်းစား လေ့လာဆည်းပူးရာအချိန်များတရွေ့ရွေ့ကုန်ဆုံးသွားသည်နှင့်အမျှ အဘိုးအိုသင်ပေးသည့် တိုက်ခိုက်မှု၊ ခုခံမှု နည်းစံနစ်များ ပါဝင်သည့် ထိပ်တန်းသိုင်းပညာရပ်များ တဖြည်းဖြည်း တတ်မြောက်လာတော့သည်။

♣ ♣ ♣

## ကြေးရှပ်အခန်း

သုံးလ ...

သုံးလဟူသောအချိန်သည် ကုန်လွန်ခဲ့ပြီဖြစ်သည်။ သုံးလဟူသောအချိန်အတွင်း ဆရာခုံးမိန်သင်ကြားပေးသော သိုင်းပညာနှင့် အကျဥ်းခံအဘိုးအိုတို့ သင်ကြားပေးသောသိုင်းပညာများကို အပတ်တကုပ်လေ့ကျင့်သင်ကြားရင်း ရှမ်းထင်းမှာ ထိပ်တန်းသိုင်းသမားတစ်ယောက်ဖြစ်မှန်းမသိ ဖြစ်လာ၏။

ခုံးမိန်ကလည်း တစ်ဆင့်တစ်ဆင့်တိုးကာ ထက်မြက်သော သိုင်းပညာများ သင်ကြားပေးခဲ့သည်မဟုတ်ပါလား။ တစ်ခါတစ်ရံ ဘုန်းတော်ကြီး ချန်ထိုင်ရောက်ရှိလာပြီး သိုင်းပညာများ သင်ကြားပို့ချပေး၏။

ရှမ်းထင်းသည် ခုံးမိန်နှင့် အခြားလူများရှေ့၌ အကျဥ်းခံအဘိုးအိုသင်ကြားပေးသော သိုင်းပညာရပ်များ မထုတ်ဖော်မိအောင် ဂရုစိုက်ပါသည်။

ချင်းစိန်နှင့် ဝမ်းရှိတို့လည်း ကြိုးစားကြသူများဖြစ်ရာ တဖြည်းဖြည်း သိုင်းပညာတတ်သူများဖြစ်လာကြသည်။ တစ်နေ့တွင် ရှောင်လင်ကျောင်းတော်သားများ နေ့လယ်စာ စားသောက်ပြီး ခေတ္တနားနေခိုက် …

"ဒေါင် … ဒေါင် … ဒေါင်"

ခေါင်းလောင်းသံများ ထွက်ပေါ်လာသည်ကို ကြားရလေသည်။

ခေါင်းလောင်းသံထွက်ပေါ်လာသည်နှင့် ကျောင်းတော်သားများအားလုံးသည် အဆောင်ရှေ့သို့ ပြေးလွှားသွားကာ စုရုံးလိုက်ကြပါသည်။ ကျောင်းတော်သားများအားလုံး စုရုံးမိလျှင် ဆရာခုံးမိန်ထွက်လာပြီး …

"တဲ … တို့တစ်တွေ ခန်းမဆောင်ထဲသွားကြမယ်ပြောပြီး ရှေ့မှ ဦးဆောင်၍ခေါ်သွားသည်။ ကျောင်းတော်သားများ သူ့နောက်မှ စုရုံးလိုက်ပါလာကြသည်။

ရှောင်လင်ကျောင်းမကြီးဆီသို့ ဦးတည်သွားကြခြင်းဖြစ်သည်။ လမ်းတစ်လျှောက်၌ အခြားရှောင်လင်ကျောင်းသားများနှင့် တာဝန်ခံဆရာများလည်း စုရုံးရောက်ရှိနေကြသည်ကို တွေ့ရသည်။ ခန်းမဆောင်ကြီးအတွင်းသို့ရောက်သွားသောအခါ ကျောင်းတော်သားအများအပြားစုရုံးရောက်ရှိနေကြသည်ကို တွေ့ရသည်။

ရှောင်လင်ကျောင်းမှ တာဝန်ခံ ဆရာတော်ကြီးငါးပါးအပြင် အခြားသော ဘုန်းတော်ကြီးများ၊ ကိုရင်များလည်း စုံစုံညီညီရောက်ရှိနေသည်ကို တွေ့ရသည်။ အကြောင်းတစ်ခုခုရှိပြီဟု ရှမ်းထင်းတွေးမိ



သည်။ သူ့နံဘေး၌လိုက်ပါလာသော ချင်းစိန်နှင့် ဝမ်းရှိတို့အားလက်ဟန်ခြေဟန်ဖြင့် မေးကြည့်လိုက်လေသည်။

ချင်းစိန်က ပုခုံးတွန့်ကာ

"ကျုပ်လဲမသိပါဘူး၊ ဒါပေမယ့် ထူးတော့ ထူးတယ်"

ဝမ်းရှိက …

"ရှောင်လင်ကျောင်းတော်သားတွေအားလုံးကို စုရုံးခေါ်ပြီး၊ တာဝန်ရှိဆရာတော်တွေပါ စုံစုံလင်လင်ရောက်နေတဲ့ပုံထောက်ရင်တော့ ရှောင်လင်ကျောင်းကို ဒုက္ခပေးမဲ့လူတစ်ယောက်ယောက်တော့ ရောက်လာလို့ထင်တယ်" ဟု ပြောလေသည်။

သူတို့နည်းတူပင် အခြားရှောင်လင်ကျောင်းသားများလည်း သိုလော သိုလော တွေးတောနေကြပါသည်။

အားလုံးပင် စုရုံးမိချိန်၌ ဆရာတော်ချန်ထိုင်က သူ၏လက်တစ်ဘက်အား ကာပြလိုက်ပြီးလျှင် …

"အားလုံး … ငြိမ်ငြိမ် နားထောင်ကြပါ" ဟု ကြည်ညိုလေးစားဖွယ်ကောင်းလှသောအသံဖြင့် ပြောလိုက်သည်။

ဆရာတော် ချန်ထိုင်၏အသံထွက်ပေါ်လာလျှင် အားလုံးသည် အလိုလိုပင် ငြိမ်သက်သွားသည်။

ချန်ထိုင်က တစ်ချက်မျှ ဝေ့ကြည့်လိုက်ပြီး …

"သည်ကနေ့ ကျောင်းတော်သားအားလုံးကို စုရုံးခေါ်ရတာဟာ ကျောင်းတော်သားတစ်ယောက်ရဲ့ ပညာရည်စမ်းသပ်ပွဲကို စောင့်ကြည့်စေချင်လို့ပါပဲ၊ ရှောင်လင်ကျောင်းတော်သားတိုင်းဟာ အခြေခံသိုင်းပညာသင်ကြားရင် အဆင့်မြင့်သိုင်းပညာသင်ယူရမယ်၊ တတ်

မြောက်ပြီး လေ့ကျင့်ပိုင်နိုင်ပြီဆိုရင် ထိပ်တန်းသိုင်းပညာသင်ကြားဖို့ တစ်ဆင့်တက်ရမယ်၊ သည်အချိန်မှာ အထူးမြုလုပ်ထားတဲ့ ကြေးလူရုပ်ထုအခန်းက အဆုံးအဖြတ်ပေးမှာပဲ၊ ကြေးလူရုပ်အခန်းကို ဖြတ်သန်းနိုင်ပြီဆိုရင် ရှောင်လင်ကျောင်းတော်က ထွက်မယ်ဆိုရင်ထွက်သွားနိုင်တယ်၊ ဒါမှမဟုတ် ရှေ့ဆက်ပြီးပညာသင်ချင်လို့လဲရတယ်၊ မိမိသဘောအပေါ်မှာ မူတည်တယ်၊ ကြေးလူရုပ်ကို ဖြတ်သန်းနိုင်ပြီဆိုတာနဲ့ အပြင်လောကမှာ ကောင်းကောင်းကြီး ခြေချနိုင်တာတော့ အမှန်ပဲ”

စကားကိုရပ်ကာ အားလုံးကို ဝေ့ကြည့်လိုက်သည်။ အားလုံး တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေသည်ကို တွေ့ရမှ စကားဆက်ပြောလိုက်သည်။

“သည်ကနေ့ ရှောင်လင်ကျောင်းတော်သားတစ်ယောက်ဖြစ်တဲ့ ဟန်ကျိအစမ်းသပ်ခံဖို့ ကြေးလူရုပ်အခန်းကို ဖြတ်သန်းမှာဖြစ်တယ်၊ သူကဖယောင်းတိုင်တစ်တိုင် ကုန်တဲ့အချိန်အတွင်း ကျော်ဖြတ်နိုင်ခဲ့တယ်ဆိုရင် သူဟာ ရှောင်လင်ကျောင်းတော်သားအဆင့်က လွတ်မြောက်သွားပြီ၊ ရှောင်လင်ကျောင်းမှာဆက်ပြီး ပညာသင်ချင်တယ်ဆိုရင် ဘုန်းကြီးဝတ်ပြုရမယ်၊ ဒါမှမဟုတ် ထွက်သွားချင်တယ်ဆိုရင်လဲ ထွက်သွားနိုင်တယ်၊ ကဲ ... ဟန်ကျိ ရှေ့ထွက်လာခဲ့”

ချန်ထိုင်၏စကားအဆုံးတွင် ခန္ဓာကိုယ် ထွားကျိုင်း၊ သန်မာသော လူငယ်တစ်ယောက်ရှေ့သို့ ခပ်သွက်သွက် လှမ်းထွက်လာလေသည်။

ထိုလူရွယ်ကို တွေ့လျှင် ချင်းစိန်က



“ဘယ်သူများလဲမှတ်တယ် ဟန်ကျိကိုး၊ သည်ကောင်အတော်မာန်မာနထောင်လွှားတဲ့သူပဲ၊ ကျုပ်တို့ထက် တစ်နှစ်လောက်စောပြီးရောက်လာသူပေါ့၊ ရှောင်လင်ကျောင်းမှာ သိုင်းပညာသင်ရတယ်ဆိုပြီး ဘဝင်မြင့်နေတယ်လေ” ဟု တီးတိုးပြောလိုက်သည်။

ဝမ်းရို့ကလည်း ...

“ဟုတ်တယ် ... သူ့ကိုကျုပ် ကောင်းကောင်းသိတာပေါ့၊ ကျုပ်တို့အဖွဲ့ကလူတွေ အသုံးမကျဘူးလို့ တီးတိုးပြောဆိုကဲ့ရဲ့တဲ့လူပေါ့၊ သူ့ရဲ့ဆရာက အရေးပေးလို့ ခပ်ထောင်ထောင်ဖြစ်နေတာပဲ၊ အခုသူက ကြေးရုပ်အခန်းကိုဖြတ်မယ်ဆိုပါလား၊ ပညာရည်ပြည့်ဝတဲ့လူတောင် ခက်ခက်ခဲခဲနဲ့ ဖြတ်သန်းရတာ၊ သူ့လိုလူမျိုးဆိုရင်တော့ ထမ်းစင်နဲ့တောင်ထမ်းထုတ်ရမှာ မြင်ယောင်ပါသေးတယ်”ဟုပြောလိုက်၏။

ရှမ်းထင်းက သူတို့နှစ်ယောက်ကိုတစ်လှည့်၊ ရှေ့ထွက်ရပ်နေသည့် ဟန်ကျိဆိုသူကိုတစ်လှည့်ကြည့်လိုက်သည်။ ချင်းစိန်နှင့် ဝမ်းရို့တို့၏ စိတ်သဘောထားကို ကောင်းစွာနားလည်သဘောပေါက်ထားသည်ဖြစ်ရာ ဟန်ကျိမှာ အတော်ဘဝင်မြင့်ပြီး မာန်မာနထောင်လွှားနေသူဖြစ်ရမည်ဟု ယုံကြည်မိတော့သည်။

ထိုစဉ် ...

ချန်ထိုင်၏ စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

“ဟန်ကျိ”

“အမိန့်ရှိပါဆရာတော်”

“မင်းစိတ်ကို ပိုင်ပိုင်နိုင်နိုင်ဆုံးဖြတ်ခဲ့ပြီးပြီလား၊ ကြေးလူရုပ်

အခန်းကိုဖြတ်သန်းဖို့ဆိုတာ အတော်ခက်ခဲပင်ပန်းတဲ့အလုပ်ပဲ၊ မတော်တဆ အသက်အန္တရာယ်တောင် ထိခိုက်နိုင်တယ်၊ ကျုပ်စိတ်ထင် မင်းဟာ နောင်နှစ်လောက်မှ ကြေးလူရုပ်အခန်းကိုဖြတ်ဖို့သင့်တယ်"

ထိုစကားကြားလျှင် ဟန်ကျိ၏မျက်နှာမှာ တင်းမာခက်ထန်သွားသည်။

ချန်ထိုင်အား ဂါရဝပြုရင်း ...

"ဘယ်လိုအခက်အခဲ အန္တရာယ်ရှိရှိ ကြေးလူရုပ်အခန်းကိုဖြတ်လို့အောင်မြင်ခဲ့ရင် သိုင်းလောကမှာခြေချဖို့လဲ ဆုံးဖြတ်ပြီးပါပြီ၊ ရှောင်လင်ကျောင်းကထွက်သွားတော့မှာပါ၊ တပည့်တော်မှာ ပညာစုံပြီလို့ထင်ပါတယ်" ဟု ပြောလေသည်။

ချန်ထိုင် ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ကောင်းပြီလေ ... မင်းသဘောအတိုင်း ကြေးလူရုပ်အခန်းကိုဖြတ်သန်းဖို့ ခွင့်ပြုလိုက်တယ်"

ထိုစကားကြားလျှင် တာဝန်ခံဆရာတစ်ယောက်ဖြစ်သူ ကျို့ဟူဆိုသူက ရှေ့သို့ထွက်လာပြီး စင်မြင့်ပေါ်ရှိ ငွေကလပ်တစ်ခုဖြင့် ဖယောင်းတိုင်ထွန်းညှိလိုက်လေ၏။

တာဝန်ခံဆရာ ကျို့ဟူမှာ ဟန်ကျိအား တာဝန်ယူ၍ သိုင်းပညာသင်ပေးခဲ့သူလည်းဖြစ်သည်။

ချန်ထိုင်က ခွင့်ပြုလိုက်ပြီး၊ ကျို့ဟူလက်ဝဲယမ်းလျှင်အခြားသောဆရာတော်များကို ဟန်ကျိက လက်အုပ်ချီရှိခိုးလိုက်သည်။

ရှောင်လင်ကျောင်းတော်သားများ၏ဘက်သို့ လှည့်လိုက်ကာ ဂါရဝပြုလိုက်ပါသည်။



တစ်ဖန် ...

ကြေးလူရုပ်အခန်းသို့ ရင်ကော့ကာ လှမ်းဝင်သွားလေတော့သည်။

♣ ♣ ♣

# ကြေးလူရှုပ်အခန်း

ကြေးလူရှုပ်အခန်းတွင်းသို့ ဟန်ကျိဝင်သွားချေပြီ၊ ရှောင်လ
ကျောင်းမှ ထွက်ခွာသွားလိုသူတိုင်း ရှောင်လင်ကျောင်း၏ နောက်ထ
အဆင့်မြင့်သိုင်းကို သင်ယူလိုသူတိုင်းသည် ကြေးလူရှုပ်အခန်းကိုဖြ
ကျော်ရမည်ဖြစ်သည်။

ရှောင်လင်ကျောင်းတော်သားများ၏ သိုင်းပညာကိုစစ်ဆေ
မှတ်ကျောက်တင်သော နေ့တစ်နေ့လည်းဖြစ်သည်။ ပြင်ပသိုင်းလော
က၌ ကျက်စားနေသောရှောင်လင်ကျောင်းတော်သားများသည် ယ
ကြေးလူရှုပ်အခန်းကို အောင်မြင်စွာ ဖြတ်သန်းသွားနိုင်ခဲ့သူများဖြ
ကြ၏။

ချန်ထိုင်နှင့်တကွ အခြားသောဘုန်းတော်ကြီးများနှင့် ရှော
လင်ကျောင်းတော်သားများက ကြေးလူရှုပ်အခန်း၏ ထွက်ပေါက်
သို့ မျှော်ကြည့်နေကြသည်။ ငွေကလပ်ပေါ်တင်ထားသော ဖယော
တိုင်လည်း တဖြည်းဖြည်းလောင်ကျွမ်းလျှက် အချိန်ကို ပြသနေ၏
ဖယောင်းတိုင်မီးမငြိမ်းမီ ဟန်ကျိပြန်ထွက်နိုင်ရမည်ဖြစ်သည
ထွက်ပေါက်မှ ကောင်းကောင်းမွန်မွန် ချောချောမောမောထွက်လာနိ



သာလျှင် အောင်မြင်ပြီဟုဆိုရမည်ဖြစ်ပေသည်။

"ခြွင် ... ခြွင်"

"တောက် ... ဘုန်း"

ကြေးလူရှုပ်အခန်းအတွင်းမှ မြည်သံများထွက်ပေါ်လာနေ
ည်။

တဆက်တည်းပင် ...

"ယား"

"ဝုန်း"

ဟန်ကျိ၏ ညာသံပေးသံနှင့်အတူ တိုက်ခိုက်နေသောအသံ
ည်းကြားရလေသည်။ ရှမ်းထင်းက ချန်းထိုင်အားလှမ်းကြည့်လိုက်
သာအခါ ချန်ထိုင်နှင့် စည်းကမ်းထိန်းဆရာတော်ငါးပါးစလုံးမရှိတော့
ကြောင်း တွေ့ရသည်။

အမှန်တော့ ...

ချန်ထိုင်တို့သည် တစ်ဖက်ခန်းရှိ ချောင်းကြည့်ပေါက်မှ တစ်
င့်ကြေးလူရှုပ်အခန်းတွင်းမှ ဟန်ကျိ၏အခြေအနေကို ချောင်းကြည့်
ခြင်းဖြစ်သည်။

ရှောင်လင်ကျောင်းတော်သားများကား ဟန်ကျိထွက်လာမည့်
ပေါက်ဝသို့ ရင်တထိတ်ထိတ်ဖြင့် စောင့်မျှော်နေကြ၏။ ဟန်ကျိ၏
ငယ်ချင်းများသည် ဟန်ကျိအောင်မြင်စွာ ကျော်ဖြတ်သွားနိုင်ပါစေ
လည်း ဆုတောင်းနေကြသည်။

ဟန်ကျိအောင်မြင်စွာဖြတ်ကျော်သွားနိုင်လျှင် ဝမ်းသာဂုဏ်
နိုင်ပြီ မပာုတ်ပါလား၊ မကြာမီ သူတို့လည်း ဟန်ကျိကို ဖြတ်ကျော်နိုင်
ည်ဟုယုံကြည်ထားလေသည်။

ဖယောင်းတိုင်မှာ တဖြည်းဖြည်း တစ်ဝက်ကျိုးကျသွားပြီဖြစ်သည်။

ဟန်ကျိုက ထွက်မလာသေးချေ။ ဤမျှအချိန်ကြာနေလျှင် ကောင်းစွာဖြတ်ကျော်နိုင်တော့မည်ဟု နီးစပ်ရာ အချင်းချင်းတီးတိုးဝေဖန်နေကြတော့သည်။ အားလုံးစောင့်စားနေ၏။

"ဝုန်း"

"အား"

ကျယ်လောင်သော အော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

တစ်ဆက်တည်းပင် ...

"မဟော့ ... ဟန်ကျိုကိုသွားပြီး ဆွဲထုတ်လိုက်ကြစမ်း"

ချန်းထိုင်၏စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ ကိုရင်ငယ်နှစ်ပါးသည် ချက်ချင်းပင် ဟန်ကျိုကို ပွေ့ချီကြလေသည်။

ဟန်ကျို၏အဝတ်အစားများ စုတ်ပြဲနေ၏။ တစ်ကိုယ်လုံးလည်း ဒဏ်ရာဒဏ်ချက်များပြည့်ကာ နှုတ်ခမ်းများပေါက်ပြဲ၍ သွေးများစီးကျနေ၏။ ရပ်ကော့၍ ဝင်သွားသောဟန်ကျိုသည် ခေါင်းငိုက်စိုက်ကျပြီး သတိလစ်မေ့မြောလျက် ပြန်ထွက်လာသည်။

ဟန်ကျို၏တာဝန်ခံဆရာ ကျို့ဟူ မျက်နှာမကောင်းတော့ချေ။

ချန်ထိုင်တို့လည်း လျှို့ဝှက်အခန်းမှ ပြန်ထွက်လာကြသည်။

ချန်ထိုင်က ...

"ဟန်ကျိုကို ဆေးကုပေးလိုက်ပါ၊ တခြားလူတွေလဲ ပြန်နိုင်ပြီ၊ ကြေးလူရုပ်ခန်းဖြတ်ဖို့နဲ့ ရှောင်လင်ကျောင်းကထွက်သွားဖို့က တော်ရုံတန်ရုံပညာနဲ့ မဖြစ်နိုင်ဘူး၊ အားလုံးကြိုးစားကြပါ၊ ကဲ ... ကဲ ...



သွားကြပေတော့"

သူကလက်ဝှေ့ယမ်းပြလိုက်လျှင် ရှောင်လင်ကျောင်းတော်သားများလည်း ကိုယ့်အုပ်စုနှင့် ကိုယ့်ခန်းမဆောင်အတွင်းမှ ပြန်ထွက်လာခဲ့ကြလေတော့သည်။

စားဖိုဆောင်ရှေ့ မြေကွက်လပ်တွင် ရှမ်းထင်းတို့ လူစုကစုရုံးနေကြလေသည်။

ခုံးမိန်က ထင်းတစ်တုံးပေါ် ထိုင်နေသည်။ အားလုံးသော ရှောင်လင်ကျောင်းသားများသည် ခုံးမိန်ကို ငေးကြည့်နေကြ၏။ လူတိုင်းကိုယ်စီ မရှင်းမလင်းသောအချက်များ မေးမြန်းလိုကြပေသည်။

အတော်ကလေးကြာလျှင် ခုံးမိန်သက်ပြင်းချလိုက်ပါသည်။

သူ့အားငေးကြည့်နေသော ရှောင်လင်ကျောင်းတော်သားများအား ဝေ့ကြည့်လိုက်ပြီး ...

"မင်းတို့တစ်တွေ ... ကြေးလူရုပ်အခန်းနဲ့ပတ်သက်ပြီး မရှင်းမလင်းဖြစ်နေကြတယ်မဟုတ်လား" ဟု မေးလိုက်သည်။

ချင်းစိန်က

"ဟုတ်ပါတယ် ... ဆရာ"

"ကောင်းပြီ ... မင်းတို့ဘာသိချင်သလဲမေးပါ"

အားလုံးကိုယ် စား ချင်းစိန်ကပင်မေးလိုက်သည်။

"ကြေးလူရုပ်အခန်းဆိုတာ ဘာကိုဆိုလိုတာလဲဟင်၊ ကြေးလူရုပ်အခန်းထဲမှာ ဘာတွေရှိသလဲဆိုတာ သိချင်ပါတယ်"

ခုံးမိန်က ပြုံးလိုက်သည်။

"ကြေးလူရုပ်အခန်းဆိုမှတော့ အထဲမှာ ကြေးရုပ်တွေရှိတာပေါ့၊ အထူးစီမံပြုလုပ်ထားတဲ့ကြေးရုပ်တွေပဲ၊ လူနဲ့တစ်ပုံစံတည်းတူ

အောင်လုပ်ထားတယ်"

"ကြေးလူရုပ်တွေက ဘာလုပ်ဖို့လဲဟင်"

"သိုင်းပညာစစ်ဆေးဖို့ပေါ့"

ချင်းစိန် ပါးစပ်ပိတ်ထားလိုက်သည်။ ကောင်းစွာနားလည်ခြင်းမရှိကြောင်း ရိပ်မိသဖြင့် ခုံးမိန်ကအားလုံးနားလည်အောင် ဆက်ပြီးရှင်းပြလိုက်သည်။

"ကြေးရုပ်တွေကို လူနဲ့တူအောင်လုပ်ထားသလို၊ ခြေလက်တွေလှုပ်ရှားနိုင်အောင် ယန္တရားအတတ်ပညာနဲ့ အထူးစီမံထားတယ်၊ အခန်းထဲမှာ ဝဲယာတစ်ဖက်တစ်ချက်စီ တန်းစီချထားတယ်၊ သိုင်းပညာအစစ်ဆေးခံမယ့်လူဟာ ကြေးလူရုပ်တွေကြားထဲက ဖြတ်သန်းသွားရမှာပဲ၊ ကြေးလူရုပ်ကြားထဲကစပြီးဖြတ်လိုက်တာနဲ့ ကြေးလူရုပ်တွေလှုပ်ရှားလာပြီး စတင်တိုက်ခိုက်မှာပဲ၊ အစစ်ဆေးခံမဲ့လူကပြန်ပြီးတိုက်ခိုက်ရလိမ့်မယ်၊ အဲသည်ကြေးရုပ်တွေကို ခုခံတိုက်ခိုက်ပြီး တစ်ဘက်ထွက်ပေါက်ရောက်အောင်သွားနိုင်ရင် သိုင်းပညာအရာမှာ မှတ်ကျောက်တင်ခံရပြီ၊ ရှောင်လင်ကျောင်းကထွက်သွားခွင့်ရပြီပေါ့"

ဝမ်းရှိုက ...

"ကြေးလူရုပ်အခန်းထဲက ဖြတ်သွားလို့မလွယ်ဘူးနော်"

"မင်းတို့သည်ကနေ့ မျက်မြင်ပဲမဟုတ်လား"

ဝမ်းရှိုပါးစပ်ပိတ်ထားလိုက်သည်။

ခုံးမိန်လက်ဝှေ့ယမ်းပြကာ

"ကဲ ... ကဲ ... အားလုံး ကိုယ်လုပ်စရာရှိတာလုပ်ကြ၊သိုင်းပညာလဲ မပျင်းမရိ ကြိုးစားလေ့ကျင့်ကြ၊ ဒါမှ ကြေးလူရုပ်အခန်းကို မင်းတို့ဖြတ်ကျော်နိုင်ကြလိမ့်မယ်"



အားလုံးသည် ကိုယ်ကျရာတာဝန်ထမ်းဆောင်ရန်ခွဲသွားကြသည်။ အချို့က သိုင်းပညာလေ့ကျင့်ပြီး၊ အချို့က မီးဖိုဆောင်သို့သွားရောက်လုပ်ကိုင်ကြ၏။

သိုင်းပညာလေ့ကျင့်နေသော်လည်း ရှမ်းထင်း စိတ်မပါတော့ချေ။ သူ၏စိတ်အစဉ်သည် ကြေးလူရုပ်အခန်းဆီသို့သာရောက်နေသည်။ သိုင်းပညာသင်ယူတတ်မြောက်ပြီးလျှင် ကြေးလူရုပ်အခန်းမှဖြတ်သန်းခြင်းမပြုဘဲ ရှောင်လင်ကျောင်းမှ ထွက်သွားရန် မဖြစ်နိုင်ပါချေ။

တွေးရင်း... တွေးရင်း အကျဉ်းခံရုပ်ဆိုး အဘိုးအိုသင်ကြားပေးသော သိုင်းပညာရပ်များကို သတိရလာသည်။ ထိုသိုင်းပညာရပ်များအသုံးပြုပါက ကြေးလူရုပ်အခန်းကို အောင်မြင်စွာ ကျော်ဖြတ်ကောင်း ကျော်ဖြတ်နိုင်မည်ဖြစ်သည်။

ကြေးလူရုပ်အခန်းတွင်းရှိ အစမ်းသပ်ခံသူမှအပ မည်သူမျှရှိမည်မဟုတ်ချေ။ ထိုသို့တွေးမိလျှင် အားတက်လာလေတော့သည်။

"ဟုတ်ပြီ ... ငါကြိုးစားလေ့ကျင့်မယ်၊ ကြေးလူရုပ်အခန်းကိုဖြတ်ကျော်နိုင်ပြီဆိုရင် သိုင်းလောကမှာ ခြေချလို့ရပြီး၊ ငါလုပ်နိုင်ခွင့်ရပြီပေါ့၊ ကြေးလူရုပ်အခန်းကိုဖြတ်နိုင်ဖို့ အရေးကြီးတာပဲ၊ ငါမနားမနေကြိုးစားရလိမ့်မယ်"

ကိုယ့်ကိုယ်ကို အားပေးရင်း လူသူကင်းဝေးရာသို့ ထွက်လာခဲ့သည်။

ခုံးမိန်ကား သူ့အား အရေးမစိုက်ချေ။ မီးဖိုဆောင်အနောက်ဘက် ချိုင့်ဝှမ်းအတွင်းသို့ရောက်လျှင် ရှမ်းထင်းလည်း သိုင်းပညာစတင်လေ့ကျင့်တော့သည်။

သူက အကျဉ်းခံအဘိုးအို သင်ကြားပေးသော သိုင်းပညာ

ကို အဓိကထားကာ လေ့ကျင့်လိုက်ခြင်းဖြစ်ပေတော့သည်။

"ဝုန်း"

ရှမ်းထင်း မာန်သွင်းကာ သစ်ပင်ကိုလက်သီးဖြင့် ထိုးချလိုက်၏။ သစ်ပင်မှ သစ်ရွက်ခြောက်များ ကျလာ၏။ သူ၏လက်သီးများကား မာကျောလှပေသည်။ ရက်ပေါင်း လပေါင်းများစွာ မနားမနေ လေ့ကျင့်ခဲ့သည်ဖြစ်ရာ သစ်ခေါက်များ ကွာကျအောင်ထိုးနိုင်ခဲ့ပြီဖြစ်သည်။

မြေကွက်လပ်ကလေးအနီးရှိ သစ်ပင်တိုင်းလိုလိုသည် သစ်ခေါက်များကွာကျနေ၏။ အချို့သစ်ပင်များကား သစ်ကိုင်းများကျိုးပြတ်နေ၏။

သစ်ပင်များမှာ ရှမ်းထင်း၏ သိုင်းပညာလေ့ကျင့်စဉ်များဖြစ်သည်မဟုတ်ပါလား။

ကြေးလူရုပ်ခန်းမှ ဖြတ်သန်းသွားနိုင်ရန် ရည်ရွယ်ချက်ဖြင့် အားကျိုးမာန်တက် ပြင်းပြင်းထန်ထန် လေ့ကျင့်ရာအချို့သစ်ပင်များပင် ကျိုးကုန်တော့၏။

ရှမ်းထင်းကား ပတ်ဝန်းကျင်ကို မေ့လျော့နေသည်။ လူတစ်ယောက် သူနှင့်မကမ်းသို့ ရောက်လာသည်ကိုပင် သတိမပြုမိခဲ့ချေ။ မောပန်းနွမ်းနယ်လာသဖြင့် လေ့ကျင့်မှုကိုရပ်ကာ သစ်မြစ်တစ်ခုပေါ်၌ ထိုင်ချလိုက်လေသည်။

ဤတွင် … သက်ပြင်းချသံ ကြားလိုက်ရလေသည်။

ရှမ်းထင်းထိတ်လန့်သွားသည်။

ချက်ချင်းထိုင်ရာမှထကာ ပတ်ဝန်းကျင်မှ သက်ပြင်းချသူအား ရှာဖွေကြည့်လိုက်သည်။

ထိုအခါမှရောက်ရှိနေသူတစ်ယောက်အားတွေ့မြင် သွား၏။



အမျိုးသမီးကြီးတစ်ယောက်သည် သစ်ပင်တစ်ပင်အောက်၌ရပ်ကာ သူ့အားကြည့်နေ၏။ ထိုအမျိုးသမီးကြီးမှာ တစ်ချိန်ကတောင်ခြေစမ်းချောင်းကလေးအနီး၌ တွေ့ရှိခဲ့သော အမျိုးသမီးဖြစ်လေသည်။

ရှမ်းထင်းက ချက်ချင်းလက်နှစ်ဖက်ဆုပ်ကာ ဦးညွတ်အရိုအသေပြုလိုက်လေသည်။

အမျိုးသမီးကြီးက ဦးခေါင်းကို တဆတ်ဆတ်ညိတ်လိုက်သည်။

"မင်းကဘယ်ဆိုးလို့တုန်း၊ အရင်တစ်ခါတွေ့ခဲ့ရတာနဲ့ အများကြီးတိုးတက်နေပြီလေ၊ အင်း … မင်းလိုကြိုးစားတဲ့လူငယ်ကလေးတစ်ယောက်ကို ကျုပ်သဘောကျတယ်၊ ဒါပေမယ့် မင်းဟာအပြင်အားကိုးအခြေခံတဲ့သိုင်းပညာပဲ အသုံးပြုနေတာကိုတွေ့ရတယ်၊ သိုင်းပညာမှာ အမာအပျော့ရှိတယ်၊ အမြဲတမ်းအားသွန်ခွန်စိုက်ကြိုးစားတိုက်ခိုက်နေလို့ တစ်ခါတစ်လေ ရန်သူရဲ့တိုက်ခိုက်မှုနဲ့ လိုက်လျောညီထွေရှိအောင် ခုခံတိုက်ခိုက်ရုံနဲ့ အနိုင်ရနိုင်တယ်၊ ခွန်အားသိပ်မကုန်ဘူးပေါ့"

ထိုစကားကြားရလျှင် ရှမ်းထင်းစိတ်ဝင်စားသွားလေသည်။ အမျိုးသမီးကြီးသည် သိုင်းပညာတတ်မြောက်သူတစ်ယောက်ဖြစ်ရမည်ဟုလည်း နားလည်သဘောပေါက်ထား၏။ သူ့အား ပြောဆိုဆုံးမအကြံပေးနေပုံကိုကြည့်ကာ သူ့အပေါ်စိတ်ထားကောင်းမှာဟု တွက်ဆမိခြင်းကြောင့် ချက်ချင်းမြေပေါ် ဒူးထောက်ချကာ ဂါရဝပြုလိုက်လေသည်။

**အမျိုးသမီးကြီးက** သူ့အားပြုံး၍ကြည့်နေလေသည်။ ရှမ်းထင်း၏ **အကင်းပါးပုံကို** သဘောကျသွားခြင်းဖြစ်၏။

ဦးခေါင်းတဆတ်ဆတ်ညိတ်ရင်း …

"မင်း ... ဘယ်ဆိုးလို့တုန်း၊ ဘာလဲ ... မင်းက ကျုပ်ရှင်းပြတဲ့စကားတွေကို နားထောင်ချယ်တယ်၊ ကျုပ်ဆီက သိုင်းပညာလေ့လာဆည်းပူးချင်တယ်ပေါ့ ဟုတ်လား" ဟု မေးလိုက်သည်။

ရှမ်းထင်း ဦးခေါင်းတဆတ်ဆတ်ညိတ်ပြလိုက်လေသည်။

အမျိုးသမီးကြီးက

"ကဲ ... ကျုပ်နောက်လိုက်ခဲ့"

ပြောပြီးသည်နှင့် နောက်လှည့်ထွက်သွားလေသည်။

ရှမ်းထင်း ဝမ်းသာသွားသည်။

ချက်ချင်းပင်အမျိုးသမီးကြီးနောက်သို့ လိုက်သွားလေသည်။ အမျိုးသမီးကြီးကရှေ့မှ ခပ်သွက်သွက်လှမ်းသွား၏။ ရှမ်းထင်းကြိုးစားလိုက်သော်လည်း မမီနိုင်ချေ။ နောက်မှ အပြေးတစ်ပိုင်းလိုက်သွားရင်း အတော်အဝေးဝေးသို့ရောက်ရှိသွား၏။ သူတို့နှစ်ယောက် ရှေ့ဆင့်နောက်ဆင့် လိုက်သွားရင်း ချိုင့်ဝှမ်းတစ်ဖက်ကို ကွေ့ပတ်ကာ ရေတံခွန်အပေါ်ဘက်ကိုကွေ့ပတ်ကာ ရေတံခွန်အပေါ်ဖက်သို့ရောက်မှန်းမသိရောက်သွားကြသည်။

ရေတံခွန်အပေါ်ဖက်သို့ ရှမ်းထင်းတစ်ကြိမ်တစ်ခါမျှမရောက်ဖူးပါ။ ရေတံခွန်အပေါ်ဖက်၌ လွန်စွာမှပင် သာယာလှပသော ရှုမျှော်ခင်းများရှိပါလေ၏။

ရေတံခွန်မှရေများအောက်ဖက်သို့ တဝေါဝေါမြည်ကာစီးကျနေသည်။ ရောင်စုံကျေးငှက်ကလေးများနှင့် တောပန်းများလည်း တွေ့ရသည်။ သာယာလှပသော ပတ်ဝန်းကျင်ရှိ ကျောက်တုံး၊ ကျောက်ခဲများအကြား၌ ကျောက်တုံးများဖြင့် ဆောက်လုပ်ထားသော အိမ်ကလေးတစ်လုံးရှေ့သို့ရောက်သွားသည်။



အမျိုးသမီးကြီးက ခြေလှမ်းရပ်လိုက်သည်။ ဤနေရာသည် လွန်စွာ သာယာလှပသော ရှုမျှော်ခင်းများရှိရာနေရာတစ်ခုဖြစ်သည်။ အမျိုးသမီးကြီးသည် ဤနေရာ၌ နေထိုင်သူဖြစ်ပေသည်။

ရှမ်းထင်းက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရင်း အံ့ဩစိတ်များ ပေါ်ပေါက်လာသည်။ ဤနေရာသည် ရှောင်လင်ကျောင်းတော်နှင့် ဝေးနေသော်လည်း ရှောင်လင်ကျောင်း ပိုင်နက်အတွင်း၌သာ တည်ရှိပေသည်။

ဤသို့ဆိုလျှင် ရှောင်လင်ကျောင်းနှင့်ပတ်သက်နေသူဆိုလျှင် သတိထားဆက်ဆံရမည်ဟု တွေးမိသည်။ ရှောင်လင်ကျောင်းနှင့် ထိုအမျိုးသမီး ပတ်သက်မှုရှိနေပေမည်။

ထိုစဉ် အမျိုးသမီးကြီးထံမှ စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

"ကျုပ်ဘယ်သူဘယ်ဝါလဲဆိုတာ မင်းသိချင်တယ်မဟုတ်လား" ဟု မေးလေသည်။

ရှမ်းထင်းလည်း အမှတ်တမဲ့မို့ ခေါင်းညိတ်ပြမိလေ၏။

အမျိုးသမီးကြီးက ...

"ကျုပ်နာမည် ဝါးမေလို့ခေါ်တယ်၊ ရှောင်လင်ကျောင်းထိုင်ဆရာတော် ချန်ထိုင်ရဲ့ညီမပဲ၊ ကျုပ်က ရှောင်လင်ကျောင်းရဲ့ပိုင်နက်ထဲမှာ ခိုလှုံပြီး တရားဘာဝနာပွားများနေတဲ့ ရသေ့မတစ်ယောက်လို့ ပြောနိုင်ပါတယ်၊ မင်းရဲ့နာမည်ကော ဘယ်လိုခေါ်လဲ"

ရှမ်းထင်းက နှုတ်မှ အဖြေမပေးနိုင်သဖြင့် မြေပေါ်စာရေးပြလိုက်သည်။

အမျိုးသမီးကြီးကစာကိုဖတ်ကာ

"ရှမ်းထင်းဟုတ်လား"

ရှမ်းထင်းက ခေါင်းညိတ်ပြလိုက်သည်။

အမျိုးသမီးကြီးက မျက်မှောင်ကြုတ်ကာ

"မင်းက စကားမပြောတတ်ဘူးဟုတ်လား"

"ရှမ်းထင်း ခေါင်းညိတ်ပြလိုက်သည်။

သူကကြိုးစားပြီး စကားပြောရန်ပြင်သော်လည်း ဝူးဝူးဝါးဝါး ဗလုံးဗထွေးအသံများအား ထွက်ပေါ်လာသည်။

အမျိုးသမီးကြီးအတော်ပင် ကရုဏာသက်သွားလေသည်။

"အင်း ... မင်းဟာ အတော်ကရုဏာသက်ဖို့ကောင်းတဲ့ လူငယ်လေးတစ်ယောက်ပဲ၊ မင်းကိုကျုပ် ကူညီရမှာပေါ့ သိုင်းပညာမှာ အမာနဲ့အပျော့ နှစ်မျိုးရှိတယ်လို့ ကျုပ်ပြောခဲ့တာ မင်းမှတ်မိတယ် မဟုတ်လားကွယ့်"

ရှမ်းထင်း ခေါင်းညိတ်လိုက်ပြန်သည်။

အမျိုးသမီးကြီး ဆက်ပြောလိုက်သည်။

"အပြင်အားရှိမှုမဟုတ်၊ အမာအားဆိုတာ ခန္ဓာကိုယ်ကြံ့ခိုင်မှုစွမ်းအားအပေါ် မူတည်ပြီး အင်တိုက်အားတိုက် လေ့ကျင့်အသုံးပြုရတာပဲ၊ မင်းလေ့ကျင့်ခဲ့သလို သစ်ခေါက်ကွာအောင်ထိုးမယ်၊ သစ်ကိုင်းကျိုးအောင် ချိုးမယ်ဆိုတဲ့သဘောပေါ့။ ကိုယ့်လိုအင်အားအသုံးပြုတဲ့ သူနဲ့ ရင်ဆိုင်ပြီးထိပ်တိုက်တိုးမယ်ဆိုရင်တောင်မှ ကိုယ်လဲသက်သာမှာမဟုတ်ဘူး၊ သည်တော့ အပျော့အားဆိုတာရှိလာတာပေါ့၊ အပျော့အားဟာ အမာအားနဲ့ ထိပ်တိုက်ရင်ဆိုင်ရာမှာ အသုံးပြုဖို့အကောင်းဆုံးပဲ၊ မင်းလဲ သစ်ကိုင်းတစ်ခုကို အားနဲ့ရိုက်ချိုးမယ်ဆိုရင် လွယ်တယ်၊ သံအိတ်တစ်လုံးပေါက်အောင်ထိုးလိမ့်မယ်၊ ဒါပေမယ့် ဝါဂွမ်းထည့်ထားတဲ့အိတ်တစ်လုံးကို မင်းပေါက်အောင်ထိုးနိုင်မလား"



ရှမ်းထင်း တွေဝေသွား၏။

အမျိုးသမီး ဝါးမေ ပြောသောစကားကို သေသေချာချာ စဉ်းစားကြည့်လိုက်သည်။

မှန်ပေသည်။

အမာကို ရင်ဆိုင်နိုင်သော်လည်း အပျော့ကို ရင်ဆိုင်နိုင်မည်မဟုတ်ချေ။ ဤသို့ဆိုလျှင် အပျော့ဖြင့် ရင်ဆိုင်မည်ဆိုပါက အမာဖြင့်အားအသုံးပြုသူကို လွယ်လင့်တကူ ရင်ဆိုင်နိုင်မည်ဖြစ်သည်။

ရှမ်းထင်းက တဖြည်းဖြည်း နားလည်သဘောပေါက်လာသည်။

အမျိုးသမီးကြီးက

"အမာအားဟာ အသုံးဝင်သလို၊ အပျော့အားလဲ အသုံးဝင်တယ်ဆိုတာ နားလည်သဘောပေါက်ထားရမယ်၊ လိုအပ်တဲ့အခါ အပျော့အား၊ အမာအားနှစ်ခုစလုံး လိုအပ်သလိုထုတ်ဖော်အသုံးပြုနိုင်ရင် အခက်အခဲ အန္တရာယ်ကို ရင်ဆိုင်ကျော်လွှားနိုင်မှာပဲ၊ မင်းစိတ်ဝင်စားတယ်ဆိုရင် ကျုပ်လက်တွေ့ပြမယ်"

စကားဆုံးလျှင် အိမ်ကလေးရှေ့ရှိ ရေကန်ထဲခုန်ဆင်းလိုက်သည်။ ရေကန်မှာ ဆယ်ပေခန့်ရှည်လျားသော အုတ်စီရေကန်ဖြစ်သည်။ ရေကန်ထဲ၌ ရေအနည်းငယ်သာရှိသည်။ ရေကန်အောက်ထက် သံမံတလင်းမှာ ရေညှိများတက်ကာ ချောမွေ့နေသည်။ ရေကန်ထဲသို့ ရုတ်တရက် ခုန်ဆင်းသော် ချော်လဲမသွားချေ။ ရေကန်၌ ခြေအစုံရပ်ကြည့်ကာ ...

"မင်း ... သေချာကြည့်ထား" ဟုပြောပြီး ကိုယ်နေဟန်ထား

အမျိုးမျိုးအသုံးပြုကာ သိုင်းပညာကို လေ့ကျင့်ကစားပြလေသည်။

သူမ၏လှုပ်ရှားပုံမှာ ပန်းတောထဲ၌ ဝတ်ရည်စုပ်ရန် ပျံသန်းနေသော လိပ်ပြာတစ်ကောင်နှင့် တူလှ၏။ ရေကန်အတွင်း ဟိုဟိုသည်သည် ရွေ့လျားရင်း သိုင်းကွက်လေ့ကျင့်နေသည်။ သူမ၏ခြေလက်များ လှုပ်ရှားပုံမှာ တေးသီချင်းအလိုက် ကခုန်နေသော ကခြေသည်တစ်ယောက်နှင့်တူလှသည်ဟုလည်းဆိုနိုင်သည်။ ရှမ်းထင်းမှာ အခွင့်အရေးကို လက်လွတ်မခံတဲ့၊ မျက်တောင်မခတ်ကြည့်ရှု မှတ်သားထားလေတော့သည်။

အတော်ကလေးကြာလျှင် အမျိုးသမီးကြီး ရေကန်ထဲမှ ခုန်ထွက်လာပြီး ...

"ကဲ ... မင်းလက်တွေ့လုပ်ကြည့်ပါလား"ဟု ပြောလိုက်သည်။

"ဘုန်း"

ရေကန်ထဲ ခြေချမိသည်နှင့် ဘိုင်းခနဲလဲကျသွားလေ၏။ ရေညှိများဖြင့် ချောမွတ်နေသည်ဖြစ်ရာ ဘိုင်းခနဲလဲကျသွားပြန်သည်။ လက်ကိုင်စရာမရှိသဖြင့် ထရပ်လိုက် ပြန်လဲကျသွားလိုက်ဖြင့် အခက်တွေ့နေရပြန်သည်။

အမျိုးသမီးကြီးက သူ့ကိုကြည့်ကာရယ်မောလိုက်သည်။

"မင်းကစိတ်စောနေတာကိုး၊ ကဲ ... ကျုပ်ပြောပြမယ်၊ သေသေချာချာမှတ်ထား၊ မင်းရဲ့ခန္ဓာကိုယ်ဟာ ဖက်ရွက်ကလေးတစ်ခုလို ပေါ့ပါးနေတယ်လို့စိတ်ထဲမှာ နှလုံးသွင်းထားလိုက်ပါ။ ပြီးရင် ရေညှိတွေအပေါ်က ခြေမထိဘဲရပ်နိုင်တယ်လို့ ယုံကြည်ထားရမယ်၊ အသက်ကိုဝအောင်ရှူ၊ တစ်ကိုယ်လုံး အကြောအခြင်တွေ လျော့ထား၊



ကဲ ... လုပ်စမ်း"

ရှမ်းထင်းက သူမပြောသလို တစ်သွေမတိမ်းပြုလုပ်လိုက်သည်။

အမျိုးသမီးက

"ရေညှိတွေပေါ်ကို လက်ကိုင်စရာမပါဘဲရပ်နိုင်အောင် အရင်ဆုံးကြိုးစားရမယ်၊ ပြီးတော့မှ သိုင်းပညာ ဆက်သင်ပေးပါ့မယ်" ဟုပြော၏။

ရှမ်းထင်းကလည်း ရေညှိများပေါ်၌ လက်ကိုင်မပါဘဲရပ်တည်နိုင်အောင် ကြိုးစားလိုက်လေတော့သည်။

♣ ♣ ♣

ည ...

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။

ပုရစ်အော်သံများ တစ်ချက်တစ်ချက် ထွက်ပေါ်လာသည်ကို ကြားနေရ၏။ ရှောင်လင်ကျောင်းတော်ကြီးကား ညအမှောင်ထုအောက်ဝယ် အိပ်မောကျနေချေပြီ။

တစ်ခါ တစ်ခါသာလျှင် ...

"မီးပုံးကိုင်ကာ ကင်းလှည့်နေကြသော ရှောင်လင်ကျောင်းသားများကိုတွေ့ရသည်။ ညအမှောင်ထုကို အကာအကွယ်ယူကာ ရှမ်းထင်းအကျဉ်းခံအရပ်ဆိုး အဘိုးအိုထံသို့ လာခဲ့လေသည်။ သူသာစကားပြောနိုင်ခဲ့ပါလျှင် သူ၏ရင်ထဲပြောစရာစကားများရှိနေပေသည်။

သို့သော်

သူကဆွံ့အနေသည်မဟုတ်လား၊ လေဝင်ပေါက်မှတစ်ဆင့် လိုဏ်ဂူထဲဝင်လာမိသည်နှင့်

"ရှမ်းထင်း ... မင်းရောက်လာပြီလား"

အဘိုးအို၏စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။ အဘိုးအိုက အိပ်သေးဘဲ သူ့အားစောင့်မျှော်နေသည်။

ရှမ်းထင်းက ခပ်သွက်သွက်ကလေး လှမ်းဝင်သွားလေတော့သည်။ သူ့လက်ထဲ၌ အရက်အိုးနှင့် မီးဖုတ်ထားသော အသားခြောက်ထုပ်ပါလာသည်။

အဘိုးအိုက သူ့ကိုမြင်လျှင် ...

"ဟေ့ ... မင်းဘယ်ပျောက်နေတာလဲ၊ ငါးရက်လုံးလုံး ကျုပ်ဆီကိုမလာပါလားကွ၊ ဘာလဲ ကျုပ်ဆီကသိုင်းပညာရတာနဲ့ လုံလောက်ပြီလို့ထင်နေတာလား၊ ကျုပ်ကို ဂရုမစိုက်တော့တဲ့သဘောလား" ဟု မကျေမနပ်မေးသည်။

ရှမ်းထင်းရင်ထိတ်သွားသည်။ ချက်ခြင်းမြေပေါ် ဒူးထောက်ချလိုက်ပြီးလျှင် သူကလက်ဟန်ခြေဟန်ဖြင့် မအားမလပ်ဖြစ်နေကြောင်းကိုရှင်းပြလိုက်လေ၏။ အဘိုးအိုမှာ သူပြောသည့်စကားအဓိပ္ပာယ်ကို ကောင်းစွာနားမလည်ပါချေ။

"မင်း ... ဘာတွေမှ ဆင်ခြေမတက်နဲ့၊ နောက်ဆိုတစ်ရက်မလာနိုင်ရင်တောင် နောက်တစ်ရက်လာပေါ့ ဟုတ်ပြီလား၊ ကဲ ... ကဲ အရက်ပေးစမ်းပါဦး၊ ငါးရက်လက်မသောက်ရဘူးဆိုတော့ သိပ်ကိုသောက်ချင်နေပြီကွ"

ထိုစကားကြောင့် ရှမ်းထင်းက အရက်အိုးနှင့်အသားခြောက်များကို ကမ်းပေးလိုက်လေသည်။ အဘိုးအိုကလည်း အရက်အိုးကိုယူကာ အငမ်းမရ မော့သောက်လိုက်လေတော့၏။

အရက်အိုးတစ်အိုးလုံးကို မရပ်မနားကုန်အောင်သောက်ပစ်



လိုက်ခြင်းဖြစ်သည်။ ရှမ်းထင်း စိတ်မကောင်းဖြစ်သွားသည်။ အဘိုးအိုဆီသို့ နောက်ရက်များ၌ မအားမလပ်၍မလာနိုင်လျှင် ကြိုးစားပြီး တစ်ရက်ခြားအောင်လာမည်ဟု ဆုံးဖြတ်လိုက်၏။ သူတွေးတောနေစဉ် အဘိုးအိုက အသားခြောက်များကို ပလုပ်ပလောင်း ဝါးစားသည်။

သူစားပြီးလျှင် ...

"မင်းကဘာကြောင့် ကျုပ်ဆီကို မလာရတာလဲ" ဟုစကားအကျအနကောက်ကာ ပြန်မေးလိုက်လေသည်။ ရှမ်းထင်းကလက်ဟန် ခြေဟန်ဖြင့်ပြန်ပြောလိုက်သည်။

အဘိုးအို မျက်မှောင်ကြုတ်ကာ

"ဘာလဲ . . . မင်းက သိုင်းပညာလေ့ကျင့်နေတယ်ဟုတ်လား"

ရှမ်းထင်း ခေါင်းညိတ်ပြလိုက်သည်။

အဘိုးအိုက

"မင်းက ကြေးလူရုပ်အခန်းကို ဖြတ်ချင်နေတယ်ပေါ့"

ရှမ်းထင်း ခေါင်းညိတ်လိုက်ပြန်သည်။ သူကလက်ဟန်ခြေဟန်ဖြင့်ပြောပြလိုက်ပါလေသည်။

"လက်စသတ်တော့ ကြေးလူရုပ်အခန်းအကြောင်း မင်းသိသွားပြီကိုး၊ ဟား ... ဟား ... ဟား မင်းကို ကြေးလူရုပ်အခန်းဖြတ်နိုင်အောင် သိုင်းပညာသင်ပေးရမယ်ဟုတ်လား၊ ကောင်းကွာ ... မင်းကိုကျုပ် သင်ပေးထားတဲ့ပညာတွေဟာ အဲသည်ကြေးလူရုပ်အခန်းကိုဖြတ်ဖို့ အခြေခံအတွက်တွေပေါ့၊ ကောင်းပြီ ... မင်းစိတ်ဝင်စားတယ်ဆိုရင် ကျုပ်သင်ပေးမယ်၊ ဒါပေမယ့် ... အနာခံရမယ်နော်"

ရှမ်းထင်း မျက်လုံးပြူးသွားသည်။

အဘိုးအိုက

"ကြေးလူရုပ်အခန်းကိုဖြတ်ဖို့ မလွယ်လှဘူး၊ ဒါပေမယ့် ... ကျုပ်သင်ပေးရင် မင်းဖြတ်နိုင်မှာပါ၊ မင်းကိုအမြန်ဆုံးတက်အောင်သင်ပေးမယ်၊ မင်းကအသားအနာခံပြီး သင်ပေးရမှာပဲ၊ ကဲရှေ့တိုးလာခဲ့"

ပြောပြီး လက်ယပ်ခေါ်လိုက်သည်။

ရှမ်းထင်း ရှေ့တက်သွား၏။

အဘိုးအိုက

"မင်းကြည့်ထား"

ပြောရင်း လက်ဟန်ခြေဟန်ဖြင့် သိုင်းကွက်အနေအထားပြုလုပ်ပြသလိုက်သည်။ ယခုအတစ်ကြိမ်သူ၏ခြေလက်များ အားမာန်အပြည့်ဖြင့် လှုပ်ရှားလိုက်ခြင်းဖြစ်သည်။မာန်ပါအားသွင်းကာလုပ်ပြလိုက်ရာ လေးလံသော အရာ ဝတ္ထုတစ်ခုခုအား မ,နေသည်နှင့်ပင် တူနေသည်။

ရှမ်းထင်းမျက်တောင်မခတ် စိုက်ကြည့်နေလိုက်လေသည်။

အဘိုးအိုက ဆက်လက်လှုပ်ရှားပြသသည်။ နှုတ်မှ သိုင်းကွက်အနေအထားပြောပြ၏။

"ကြေးလူရုပ်တွေနဲ့ရင်ဆိုင်ရတဲ့အခါ ပိုက်ကွန်အုပ်မိတဲ့လူလိုပဲ၊ ဝင်မိတာနဲ့ ပြန်ထွက်လို့မရတော့ဘူး၊ ကြေးလူရုပ်တွေကို ရင်ဆိုင်မိပြီဆိုရင် တစ်ဖက်ထွက်ပေါက်ကိုရောက်အောင်ထွက်နိုင်ရင် မင်းကိုထမ်းထုတ်ရတော့မှာပဲ၊ ဒါကြောင့်မို့ စပြီးရင်ဆိုင်မိပြီဆိုတာနဲ့ အသားကိုအနာခံပြီးတော့ ရှေ့ကိုတိုးရမှာပဲ၊ ရှေ့တိုးဖို့ကအရေးအကြီးဆုံးပဲ၊ မင်းရဲ့စိတ်ထဲမှာ ဘာပဲဖြစ်နေနေ အရှေ့ကို အဆက်မပြတ်တိုးနေရမယ်လို့ စိတ်ပိုင်းဖြတ်ထားရမယ်၊ ဘာပဲဖြစ်ဖြစ်ရှေ့ကို လဲမကျမခြင်းရှေ့ကိုတိုးရမယ် မဟုတ်လား"



ရှမ်းထင်းက အဘိုးအိုအား ခေါင်းညိတ်ပြလိုက်လေသည်။ သူ၏စိတ်များလည်း လှုပ်ရှားတက်ကြွနေလေသည်။

အဘိုးအိုက

"ပထမဆုံးတွေ့ရမယ်၊ ကြေးရုပ်နှစ်ရုပ်က လက်နှစ်ဖက်ဆန့်ထားတယ်၊ ဝင်လာတဲ့လူကို တားထားမှာပဲ၊ မင်းက သူတို့ရဲ့လက်ကိုဖယ်ရှားလိုက်တာနဲ့ ငြိမ်သက်နေတဲ့ကြေးရုပ်တွေအားလုံး သက်ဝင်လှုပ်ရှားလာတော့မယ်၊ ပထမဆုံးတွေ့ရတဲ့ ကြေးရုပ်နှစ်ရုပ်ဟာ လက်ဆန့်တန်းပြီးတားထားလို့ အဲသည်လက်ကိုဖယ်ထုတ်လိုက်တာနဲ့ စက်ယန္တရားဆင်ထားတဲ့အတွက် ငြိမ်သက်နေတဲ့ ကျန်ကြေးရုပ်တွေဟာ စပြီးလှုပ်ရှားလာကြတော့မှာပဲ၊ တစ်ဖက်တစ်ချက်ဆီမှာ စီတန်းရပ်နေကြတဲ့ ကြေးရုပ်တွေဟာ သူတို့ကြားကဖြတ်သွားမယ်၊ မင်းကိုတားဆီးဖို့အမျိုးမျိုးလုပ်ကြမှာပဲ၊ ရှောင်လင်ကျောင်းထိုင်တွေခေတ်အဆက်ဆက်တီထွင်ကြံဆပြီး ဘယ်သူမကျော်ဖြတ်မသွားနိုင်အောင် စီမံထားကြတာပဲ၊ ဒါကိုရအောင်ဖြတ်ဖို့လွယ်တာမဟုတ်ဘူး၊ ဒါပေမယ့်ရအောင်ဖြတ်ရမယ်"

အဘိုးအိုက ကြေးရုပ်အခန်း၌တွေ့ခဲ့ရသည့် ကြေးရုပ်များအကြောင်း အသေးစိပ်ရှင်းပြလိုက်သည်။ မည်သည့်အရုပ်ကမည်သို့ကိုယ်နေဟန်ထားရှိသည်။ မည်သို့လှုပ်ရှားသည်ကို ရှမ်းထင်းနားလည်သဘောပေါက်လာအောင် မှတ်မိအောင် သေသေချာချာရှင်းပြသည်။

ရှမ်းထင်းစိတ်ဓာတ်တက်ကြွနေပါသည်။ ကြေးလူရုပ်အခန်းကိုဖြတ်လိုစိတ်များ ရင်ထဲ၌ပြင်းပြနေသည် မဟုတ်လား။

အဘိုးအိုက စိတ်ရှည်လက်ရှည်သင်ကြားပြသပေးသလို ရှမ်းထင်းကလည်း သေသေချာချာ မှတ်သားထားလိုက်သည်။ ဤသို့ဖြင့်

ကြေးလူရုပ်အခန်းကို ဖြတ်သန်းရန် လမ်းစပေါ်လာခဲ့လေတော့သည်။ နောက်ပိုင်းရက်များ၌ အဘိုးအိုက သစ်သားတုတ်များ ရှာလာစေပြီး ကျောက်တုံးများဖြင့်လည်းကောင်း၊ သူ့အား ချုပ်နှောင်ထားသော သံ ကြိုးများဖြင့်လည်းကောင်း အသုံးပြုကာ ကြေးရုပ်များ၏ လှုပ်ရှားမှု အတိုင်း တသွေမတိမ်း တူညီအောင်ပြုလုပ်ကာ ရှမ်းထင်းအား ရင် ဆိုင်၏။ ရှမ်းထင်းကလည်း ကြိုးစား၍ လေ့ကျင့်လေတော့သည်။

အကျဉ်းခံအဘိုးအိုသင်ကြားပေးသော သိုင်းကွက်များကို လည်းကောင်း၊ အမျိုးသမီးကြီး ဝါးမေသင်ကြားပေးသော သိုင်းပညာ များကိုလည်းကောင်း ရှမ်းထင်းက အပတ်တကုပ်လေ့လာခဲ့သည်။

သူက ဇွဲနပဲဖြင့် ကြိုးစားလေ့ကျင့်ခဲ့ခြင်းကြောင့် တစ်နှစ် အ တွင်း သိုင်းပညာထိပ်တန်းအဆင့်သို့ ရောက်ရှိလာတော့သည်။ သူ၏ ခန္ဓာကိုယ်လည်း ခါတိုင်းနှင့်မတူဘဲ တောင့်တင်းသန်မာကြံ့ခိုင်လာ သည်။

ရှမ်းထင်းပြောင်းလဲလာသည်ကို ခုံးမိန်၊ ချင်းစိန်နှင့် ဝမ်းရှို တို့ ယခုမှ သတိပြုမိ၏။ သို့သော် သူတို့သည် ခုံးမိန်သင်ပေးထားသော သိုင်းပညာ ရပ်များကိုသာ ကြိုးကြိုးစားစား လေ့ကျင့်နေသည်ဟု ထင်မှတ်ခဲ့ကြ၏။

ရှမ်းထင်းကိုယ်တိုင်ကလည်း အမျိုးသမီးကြီး ဝါးမေနှင့် အကျဉ်းခံရုပ်ဆိုး အဘိုးအိုတို့ သင်ကြားပေးသော သိုင်းပညာကိုလုံးဝ ထုတ်ဖော်အသုံးမပြုဘဲ လျှို့ဝှက်ထားခဲ့သည် မဟုတ်ပါလား။ သုံးလ လုံးလုံး ညစဉ်မပျက် ထပ်မံ၍ အဘိုးအိုထံမှ သင်ကြားပြီးလျှင် ရှမ်း ထင်းအတွက် ပညာပြည့်စုံသွားပြီဟု ဆိုနိုင်ပေသည်။ အကြောင်းကား အဘိုးအိုကသူ့အား ထူးခြားသောစကားတစ်ခွန်း ပြောပြခဲ့သည်မဟုတ်



လား။

ရှမ်းထင်းဒူးထောက်နေသည်။ အဘိုးအိုက အဝေးသို့ မျှော် ကြည့်နေ၏။ အတော်ကလေးကြာအောင် တိတ်ဆိတ်နေပြီးမှ အဘိုး အိုက

"ရှမ်းထင်း" ဟု ခေါ်လိုက်သည်။

ရှမ်းထင်းက ခေါင်းမော့ကြည့်လိုက်သည်။ အဘိုးအိုက ...

"မင်းဟာ ... ထိပ်တန်းသိုင်းပညာတွေ တက်မြောက်ထား ပြီဆိုတာ နားလည်နှလုံးသွင်းရလိမ့်မယ်၊ ကြေးလူရုပ်အခန်းကိုဘာမှ ကြောက်စရာမလိုဘဲ ဖြတ်နိုင်လိမ့်မယ်၊ သည်တော့ မင်းရှောင်လင် ကျောင်းက ထွက်သွားတော့မယ် မဟုတ်လား"

ရှမ်းထင်း ဆတ်ခနဲ ခေါင်းညိတ်လိုက်သည်။ မှန်ပေသည်။ သိုင်းပညာစုံလျှင် ရှောင်လင်ကျောင်းမှထွက်သွားရန် ဆုံးဖြတ်ထားပြီ ဖြစ်သည်။

အကျဉ်းခံအဘိုးအိုနှင့် အမျိုးသမီးကြီး ဝါးမေနှင့်သာ မတွေ့ခဲ့လျှင် နောက်ထပ် ခြောက်နှစ် ခုနှစ်နှစ်တိုင် ရှောင်လင်ကျောင်း၌ ဆက်လက်နေထိုင်ကာ သိုင်းပညာသင်ယူနေရမည်ဖြစ်သည်။ ယခ တော့ သူ့အတွက်အချိန်များစွာ သက်သာခဲ့ချေပြီ၊ ရှောင်လင်ကျောင်း မှထွက်လာပြီး၊ သူတွေ့လိုသူတစ်ယောက်အား လိုက်လံရှာဖွေနိုင် တော့မည် မဟုတ်ပါလား။

အဘိုးအိုက တည်ကြည်သောမျက်နှာထားဖြင့် ရှောင်လင် ကျောင်းက မင်းထွက်သွားတော့မယ်ဆိုရင် ကျုပ်ကိုဘယ်သူကလာပြီး အရက်တိုက်မှာလဲ၊ အသားဟင်းကျွေးတော့မှာလဲ" ဟု မေးလိုက်၏။

ရှမ်းထင်းစိတ်မကောင်းဖြစ်သွားသည်။ မှန်ပေသည်။ သူသာ

ရှောင်လင်ကျောင်းက ထွက်သွားတော့မည်ဆိုလျှင် အဘိုးအိုအား မည်သူက အရက်နှင့်အသားခြောက်ယူကာ ပေးတော့မည်နည်း။

အဘိုးအိုက

"ကျုပ်က အရက်နဲ့စားစရာအတွက် မင်းကိုမသွားပါနဲ့လို့ မတားမြစ်ချင်ပါဘူး၊ မင်းသည်သာထွက်သွားပါလို့တောင် တိုက်တွန်းရမှာပါပဲကွာ"

ရှမ်းထင်းက ခြေဟန်လက်ဟန်ဖြင့် ချည်နှောင်ထားသော သံကြိုးများ ပြတ်တောက်ပေးရမည်လားဟု မေးလိုက်လေသည်။

အဘိုးအိုက ခေါင်းခါယမ်းလိုက်သည်။

"မင်း ... ကျုပ်ကို အနှောင်အဖွဲ့ကလွတ်အောင် လုပ်ပေးမယ်ဆိုရင် ကျုပ်အတွက် သိပ်ကောင်းတာပေါ့၊ ဒါပေမယ့် ကျုပ်ကမင်းကို မခိုင်းပါဘူး"

ရှမ်းထင်း အံ့ဩသွားသည်။ အဘိုးအိုအနေဖြင့် အနှောင်အဖွဲ့မှ လွတ်မြောက်အောင်ကူညီဖို့ သူ့အားခိုင်းစေသင့်သည်ဟု တွက်ဆမိသည်။ သို့သော် ... အဘိုးအိုက ယင်းသို့ခိုင်းစေခြင်း မပြုသည်မှာ အံ့ဩစရာကောင်းနေသည် မဟုတ်ပါလား။

အဘိုးအိုက ဆက်ပြောလိုက်သည်။

"ဘာကြောင့် မခိုင်းတာလဲဆိုရင် ကျုပ်ဟာရှောင်လင်ကျောင်းထိုင်အမိန့်နဲ့ ချုပ်နှောင်ထားခြင်းခံရသူဆိုတော့ ကျုပ်ကို အစာရေစာကျွေးမွေးနေတာတောင် မင်းမှာအပြစ်ရှိနေပြီ၊ ကျုပ်ကို အနှောင်အဖွဲ့ကလွတ်အောင်လုပ်ပေးရင် မင်းရဲ့အပြစ်ကို ဆေးကြောနိုင်တော့မှာမဟုတ်ဘူး၊ မင်းဟာ အလိုလို ရှောင်လင်ကျောင်းရဲ့ရန်သူဖြစ်သွားလိမ့်မယ်၊ ရှိရှိသမျှ ရှောင်လင်ကျောင်းနဲ့ ပတ်သက်သူတွေက မင်းနောက်ကို သဲကြီးမဲကြီးလိုက်ကြတော့မှာပဲ"

ရှမ်းထင်း တိတ်တခိုးသက်ပြင်းချလိုက်သည်။

အဘိုးအိုပြောသည့်စကားက သွေးထွက်အောင်မှန်ကန်နေလေသည်။ အကယ်၍သာ အဘိုးအိုလွတ်မြောက်သွားလျှင် ရှောင်လင်ကျောင်းမှလူများ ချက်ချင်းသိရှိသွားမည်ဖြစ်သည်။

ဤတွင် မည်သို့မည်ပုံ လွတ်မြောက်သွားရသည်ကို စုံစမ်းရင်းသူ၏အကူအညီပေးမှုကြောင့်ဖြစ်တော့မည်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်လာမည်ဖြစ်သည်။ ထိုအခါ ရှိရှိသမျှ ရှောင်လင်ကျောင်းနှင့် ပတ်သက်သူအားလုံးက သူ့အားသဲကြီးမဲကြီးရှာဖွေပြီး ရန်ပြုကြမည်ဖြစ်ပေသည်။ ရှမ်းထင်းတွေးကာ ရင်လေးတော့သည်။

အဘိုးအိုက ...

"ကျုပ်အခုလို အချုပ်အနှောင်ခံခဲ့ရတာ နှစ်ပေါင်းများစွာကြာပြီး၊ ကျုပ်လဲ လွတ်မြောက်ချင်တာပေါ့၊ ဒါကြောင့် မင်းကျုပ်ကိုတစ်ခုပဲကူညီပါ"

ပြောရင်း ရှမ်းထင်းကိုစိုက်ကြည့်သည်။ အင်း ... ရှမ်းထင်းကလည်း ရင်တထိတ်ထိတ်ဖြင့် အဘိုးအိုပြောလာမည့်စကားကို နားစွင့်နေလိုက်သည်။

အဘိုးအိုက ...

"မင်း ... ကျုပ်ကို ကူညီမှာလား"

မည်သို့ကူညီရမှန်းမသိသော်လည်း ကူညီပါမည်ဟု ကတိပြုသည့်အနေဖြင့် ခေါင်းညိတ်ပြလိုက်လေသည်။

အဘိုးအို သဘောကျသွားသည်။

"အင်း ... မင်းနဲ့တွေ့တာ ကျုပ်အဖို့တော့ ကံကောင်းတာပဲ၊

မင်းကကျုပ်အတွက် သံဖြတ်လွှကလေးတစ်ချောင်းလာရှာပေးပါ။ သည်ကမင်းအတွက်ပြီးမှ ကျုပ်ဘာသာလွတ်အောင်ကြိုးစားမယ်၊ လွတ်မယ် မလွတ်ဘူးဆိုတာ ဘယ်သူမှမပြောနိုင်ပါဘူး၊ ကျုပ်ရဲ့ကံကြမ္မာအပေါ်မှာမူတည်နေတာပဲ၊ မင်းထွက်သွားပြီးမှ ကျုပ်ထွက်သွားတယ်ဆိုရင် မင်းကိုဘယ်သူမှလဲ သံသယဖြစ်ကြတော့မှာ မဟုတ်ဘူး၊ မင်းအတွက် ဘေးကင်းတာပေါ့ မဟုတ်ဘူးလား"

ရှမ်းထင်း စိတ်သက်သာရာ ရသွားလေသည်။ အဘိုးအိုသည် သူ့အားဘေးဒုက္ခမဖြစ်စေရန် ထည့်သွင်းစဉ်းစားပြီးမှ ပြောခြင်းမဟုတ်ပါလား၊ ရှမ်းထင်း ခေါင်းညိတ်လိုက်သည်။ သူကလက်သမားများ အလုပ်ရုံထဲ၌ သံဖြတ်လွှများတွေ့ခဲ့ရစဉ်က အဘိုးအိုအားကယ်တင်ရန် စိတ်ကူးခဲ့သေးသည် မဟုတ်ပါလား။

အဘိုးအို ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား ... ကျုပ်သင်ပေးတဲ့ပညာဟာ မင်းအတွက် လုံလောက်မှုရှိစေရမယ်၊ ကျုပ်အာမခံတယ်၊ မင်းနဲ့ကျုပ်တစ်နေ့ပြန်တွေ့မှာပေါ့မဟုတ်လား၊ မင်းသည်ကထွက်သွားဖို့သာကြိုးစားပေးတော့၊ ဒါပေမယ့် မင်းဆရာကဘယ်သူလဲဆိုမေးရင် ကျုပ်လို့တော့မပြောရဘူးနော်"

ရှမ်းထင်း ခေါင်းညိတ်ပြလိုက်သည်။

အဘိုးအိုက လက်ဝှေ့ယမ်းပြလိုက်သည်။

"ကဲ ... ကဲ ... မင်းသွားတော့၊ ညဉ့်နက်လှပြီ၊ တော်ကြာမင်းကိုတွေ့ရဖို့ လိုက်ရှာနေကြဦးမယ်"

ရှမ်းထင်းဒူးထောက်ဂါရဝပြုလိုက်သည်။ ထို့နောက် လိုဏ်ဂူထဲမှ ထွက်သွားသည်။



နောက်တစ်နေ့၌ အရက်အိုးသုံးလေးအိုးနှင့် အသားခြောက်များ သွားပို့ပေး၏။ အဘိုးအိုအတွက် ရိက္ခာအတော်များများ စုဆောင်းပေးပို့လိုက်ခြင်းဖြစ်သည်။ နောက်နေ့များ၌ သူလာတော့မည်မဟုတ်သောကြောင့် အရက်နှင့် စားသောက်ဖွယ်ရာများ စုဆောင်းပေးပို့ခြင်းဖြစ်သည်။

ထို့အပြင် အဘိုးအိုအတွက် အလွန်လိုအပ်သော သံဖြတ်လွှသုံးချောင်းတိတိလည်း ယူသွားပေး၏။ အဘိုးအိုက နောက်ဆုံး တွေ့ဆုံစဉ်

"ရှမ်းထင်း ... မင်းကိုအရေးကြီးတဲ့မှာစရာတွေရှိတယ်၊ သေသေချာချာနားထောင်ပါ"

ရှမ်းထင်း ဒူးထောက်ကာ နားစွင့်နေလိုက်သည်။

အဘိုးအိုက

"မင်း ... မနက်ဖြန် သည်ကထွက်သွားမယ် မဟုတ်လား"

ရှမ်းထင်းခေါင်းညိတ်လိုက်၏။

အဘိုးအိုက ဆက်ပြော၏။

"မင်းထွက်သွားတဲ့အခါ သည်ကနေပြီး ဆယ်မိုင်လောက်ဝေးကွာတဲ့အရှေ့ဘက်မှာ ရွက်ဝါမြို့ဆိုတာရှိတယ်၊ အဲသည်မှာ ရွှေပျံလွှားဆိုတဲ့ အပေါင်ဆိုင်တစ်ခုရှိတယ်၊ မင်းက အဲသည်ကိုသွားပြီး ကျုပ်အတွက် စာတစ်စောင် ပေး,ပေးပါ။

အဘိုးအိုက လွန်ခဲ့သော သုံးလေးရက်က စက္ကူနှင့် မှင်တံယူလာပေးရန် ခိုင်းစေခဲ့၏။ ယခုတော့ အဘိုးအိုမှာ ကြိုတင်အစီအစဉ်ရှိကြောင်း သိရချေပြီ။ အဘိုးအိုနှင့်ပတ်သက်ပြီး ရှမ်းထင်းရင်ထဲမတင်မကျဖြစ်လာတော့သည်။

သူငေးငိုင်နေသည်ကိုတွေ့ရလျှင် အဘိုးအိုက

"ဘာမှ ထူးထူးခြားခြား မပါ,ပါဘူး၊ ကျုပ်မိသားစုကို ကျုပ်အသက်မသေသေးဘူးဆိုတာ ထင်ရှားသိစေချင်လို့ပါ၊ ရှောင်လင်ကျောင်းကို ဒုက္ခပေးမယ့်အစီအစဉ်မပါပါဘူး၊ ကျုပ်ပြောတာယုံပါ"

အဘိုးအို မလုံမလဲပြောသည်ကို ရှမ်းထင်းမရိပ်မိခဲ့ချေ။

မိသားစုအတွက် စိတ်ချရန် ရိုးရိုးသားသား စာပေးခိုင်းသည်ဟုသာ ယူဆမိသည်။ ထို့ကြောင့် ခေါင်းညိတ်လက်ခံလိုက်သည်။ အဘိုးအိုကစာကိုကမ်းပေးပြီး

"ရွှေပျံလွှားအပေါင်ဆိုင်ကိုတွေ့အောင်ရှာပြီး မပျက်မကွက်ပို့ပေးပါ့မယ်လို့ မင်းကတိပြုနိုင်မလား" ဟု မေးသည်။

ရှမ်းထင်းခေါင်းညိတ်လိုက်သည်။

အဘိုးအိုသဘောကျသွားသည်။

"ကောင်းပြီ ... မင်းကျုပ်ကို ကူညီခဲ့တဲ့အတွက်၊ ကျုပ်က မင်းကိုကျေးဇူးတင်တယ် ... ဟုတ်ပြီလား"

အဘိုးအိုကစာကို လုံလုံခြုံခြုံသိမ်းဆည်းထားရန် အထပ်ထပ်မှာကြားလိုက်သည်။ ရှမ်းထင်းလည်း မထူးတော့ဟု သဘောပိုက်ကာ ခေါင်းညိတ်ပြလိုက်သည်။

နောက်တစ်နေ့နံနက် ရှောင်လင်ကျောင်းမှ ထွက်သွားရန် ဆုံးဖြတ်ပြီးပြီဖြစ်လေသည်။

♣ ♣ ♣

ရှမ်းထင်းဒူးထောက်နေသည်။ အမျိုးသမီးကြီး ဝါးမေက



သဘောကျစွာပြုံးလိုက်သည်။

ယခု ရှမ်းထင်းသည် ရေညှိများဖြင့် ချောမွတ်နေသောရေကန်အတွင်း၌ လက်ကိုင်စရာမပါဘဲ ကောင်းစွာခြေချနိုင်ပြီဖြစ်သည်။ ခြေချနိုင်သလို ပြေးလွှားကာ သိုင်းပညာလေ့ကျင့်ကစားနိုင်ပြီဖြစ်သည်။ အမျိုးသမီးကြီးဝါးမေ သင်ကြားပေးသော သိုင်းကွက်များကိုလည်း ကောင်းစွာသင်ယူတတ်မြောက်ခဲ့၏။ အကျဉ်းခံအဘိုးအို၏ သိုင်းပညာနှင့် ဆန့်ကျင်ဘက်အသွင်ဖြစ်နေသော်လည်း နောက်ပိုင်းတွင် စိတ်ထဲ၌ အဘိုးအိုသင်ကြားပေးသောသိုင်းကွက်များကိုဖျောက်ကာ လေ့ကျင့်ခြင်းဖြင့် တဖြည်းဖြည်း လွယ်ကူတတ်မြောက်ခဲ့ခြင်းပင်ဖြစ်ပေတော့သည်။

အမျိုးသမီးကြီးဝါးမေက ရှမ်းထင်းအား အကဲခတ်ကြည့်လိုက်ပြီး ...

"မင်း ... သည်ကနေ ထွက်သွားတော့မယ်ဟုတ်လား" ဟု မေးလိုက်သည်"

ဝါးမေက ...

"မင်းရဲ့သိုင်းပညာမဆိုးဘူး၊ ကျုပ်ကမင်းကိုထပ်ပြီး သင်ပေးတယ်ဆိုတော့ မင်းထွက်သွားနိုင်မယ်ဆိုရင်လဲ သွားနိုင်ပြီပေါ့၊ ဒါပေမယ့် ကြေးလူရုပ်အခန်းထဲကဖြတ်သွားလို့လွယ်တာ မဟုတ်ဘူး၊ မင်း ... သေသေချာချာ စဉ်းစားစေချင်တယ်"

ရှမ်းထင်း မတုန်မလှုပ်ငြိမ်နေ၏။

သူကထွက်သွားရန်ဆုံးဖြတ်ပြီးပြီဖြစ်ကြောင်း၊ ခိုင်မာစေသည့်သဘောဖြစ်၏။

ရှမ်းထင်းက သက်ပြင်းချလိုက်သည်။

“အင်း … မင်းကဆုံးဖြတ်ပြီးပြီဆို၊ ကျုပ်ဘာမှမပြောလိုပါဘူး၊ ကဲနောက်တော့ တွေ့ကြသေးတာပေါ့”

စကားဆုံးလျှင် လက်ဝှေ့ယမ်းပြလိုက်သည်။

ရှမ်းထင်းဂါရဝပြုပြီး ထိုင်ရာမှထကာ ထွက်လာခဲ့လေသည်။ ဝါးမေက နောက်တစ်ကြိမ်တွေ့ကြဦးမည်ဆိုသောစကားကို နားမလည်ချေ။ အမှန်တော့ ဝါးမေက ကြေးလူရုပ်အခန်းမှ ရှမ်းထင်းထွက်သွားနိုင်မည်မဟုတ်ဟုယူဆပြီး ပြောခဲ့ခြင်းဖြစ်ကြောင်း နောင်မှဆင်ခြင်မိတော့သည်။

ခုံးမိန် ခေါင်းခါယမ်းလိုက်သည်။ မြေပေါ်ခြေဆောင့်ရင်း

“မင်းကကျုပ်ကို အရှက်ခွဲမလို့လား” ဟု ကျယ်လောင်စွာ အော်ပြောလိုက်သည်။

သူ၏ရှေ့၌ ရှမ်းထင်းဒူးထောက်ကာ ခေါင်းငုံ့ထားသည်။ မလှမ်းမကမ်းတွင် ချင်းစိန်နှင့် ဝမ်းရိုးတို့ရပ်ကြည့်နေကြ၏။

ခုံးမိန်က

“မင်းတို့ကို ကျုပ်သင်ပေးထားတာအခြေခံထက်သာတဲ့အဆင့်ပဲရှိသေးတယ်၊ ကြေးလူရုပ်အခန်းကို ဖြတ်သွားလို့မဖြစ်နိုင်သေးဘူး၊ တစ်ကယ်လို့ ဖြတ်ဖို့ကြိုးစားမယ်ဆိုရင် ကိုယ့်သေတွင်းကိုယ်တူးနေတာနဲ့အတူတူပဲ”

သူက ဒေါသဖြင့်ပြောသည်။

ရှမ်းထင်းက ရှောင်လင်ကျောင်းမှ ထွက်ခွာသွားလိုပြီဖြစ်ကြောင်း သူ့အားလျှောက်ထားခဲ့သည်မဟုတ်ပါလား။

ရှမ်းထင်းက ခေါင်းငုံ့ကာ မလှုပ်မယှက်ရှိနေ၏။

ခုံးမိန်ဆူပူကြိမ်းမောင်းနေသော်လည်း ဆုံးဖြတ်ချက်ကို မပြု



ပြင်၊ မပြောင်းလည်းတော့ဟု စိတ်ထင်ထားပုံရှိသည်။

ခုံးမိန်က …

“ရှမ်းထင်း … ကျုပ်ကမင်းကို ဂရုဏာသက်မိတယ်၊ ဒါကြောင့် မင်းကိုပထမဆုံးသိုင်းပညာသင်ပေးရမယ့်လူ သုံးယောက်ထဲမှာ တစ်ယောက်အပါအဝင်အဖြစ် ရွေးခဲ့တာပဲ၊ မဖြစ်စလောက်သိုင်းပညာလေးတတ်ရုံနဲ့ ဘဝင်မြင့်မယ်လို့ ကျုပ်မထင်မိဘူး၊ ကောင်းပြီလေ မင်းကခေါင်းမာနေတော့လဲ လက်တွေ့အကြောင်းသိအောင် ခွင့်ပြုလိုက်ရမှာပေါ့၊ တကယ်လို့များ ကြေးလူရုပ်အခန်းကိုဖြတ်မသွားနိုင်ဘူးဆိုရင် နောက်တစ်ခေါက် ကျုပ်ပြန်ရောက်လာတဲ့အခါ သိုင်းပညာမသင်ရဘူး၊ မီးဖိုဆောင်မှာ တစ်နှစ်တိတိ အလုပ်လုပ်ရမယ်၊ ကျုပ်ပြောတာ မင်းနားလည်သဘောပေါက်ရဲ့လား”

ရှမ်းထင်းခေါင်းညိတ်ပြလိုက်သည်။

ယခုတိုင်းစိတ်မလျှော့သေးသောကြောင့် ခုံးမိန်ဒေါပွသွားလေသည်။

“ကောင်းပြီ … မင်းလိုက်ခဲ့၊ ဘုန်းတော်ကြီး ချန်ထိုင်ဆီသွားပြီ၊ အကြောင်းကြားမယ်ပြောပြီး ရှေ့မှထွက်သွား၏”

ထိုစဉ် … ချင်းစိန်က

“ဆရာ … ခဏနေပါဦး” ဟု ဟန့်တားလိုက်သည်။

ခုံးမိန်မျက်မှောင်ကြုတ်ကာ

“ချင်းစိန် … မင်းဘာပြောမလို့လဲ”

“ဆရာ… ညီလေးရှမ်းထင်း ကြေးလူရုပ်အခန်းထဲဖြတ်သွားလို့မဖြစ်သေးဘူးထင်ပါတယ်ဆရာ၊ ကျွန်တော်တို့ သူ့ကိုဝိုင်းပြီးဖျောင်းဖျပါရစေ” ဟုတောင်းပန်လိုက်သည်။

ခုံးမိန် မဲ့ပြုံး ပြုံးလိုက်သည်။ ရှမ်းထင်းကိုလည်း မသိမသာ လှမ်းကြည့်လိုက်လေတော့သည်။

ရှမ်းထင်းဒူးထောက်ရာမှထကာ ချင်းစိန်ကို ဦးညွှတ်ဂါရဝပြုလိုက်သည်။ ပြီးလျှင် ... လက်ဟန်ခြေဟန်ဖြင့် သူ့အားခွင့်လွှတ်ရန်၊ သူကကြေးလူရုပ်အခန်းမှဖြတ်သွားရန် ဆုံးဖြတ်ပြီးဖြစ်ကြောင်း တောင်းပန်ပြောဆိုလိုက်သည်။

ချင်းစိန်က စိုးရိမ်ပူပန်သောလေသံဖြင့် ...

"ညီလေး ... မင်းသေသေချာချာစဉ်းစားပါ၊ ကြေးလူရုပ်အခန်းက ဖြတ်သွားဖို့လွယ်တာမှမဟုတ်ဘဲ၊ ဟန်ကျိဘယ်လိုခံစားရတယ်ဆိုတာ ညီလေးလဲမြင်တာပဲမဟုတ်လား၊ ညီလေး ကျုပ်တို့သိုင်းပညာဘာမှမဖြစ်လောက်ပါဘူး၊ စိတ်လျှော့လိုက်ပါကွာ" ဟုပြောလေသည်။

ရှမ်းထင်းခေါင်းခါယမ်းလိုက်ပြီး ...

ခြေဟန်လက်ဟန်ဖြင့် သူ့ကိုယ်သူ ယုံကြည်ကြောင်းပြောလိုက်လေသည်။

ချင်းစိန် ဒေါပွသွား၏။

ထိုစဉ် ... ခုံးမိန်က ...

"ချင်းစိန် ... မင်းနောက်ဆုတ်လိုက်စမ်း၊ ရှမ်းထင်းကျုပ်နောက်လိုက်ခဲ့"ဟုပြောပြီး ထွက်သွား၏။

ချင်းစိန်လည်း မတတ်သာတော့ဘဲ နောက်ဆုတ်ပေးလိုက်သည်။

ရှမ်းထင်းက ချင်းစိန်နှင့် ဝမ်းရို့တို့အား တောင်းပန်သောအကြည့်ဖြင့်ကြည့်လိုက်သည်။ ထို့နောက် ရှမ်းထင်းနောက်သို့ လိုက်ပါသွားလေတော့သည်။

♣ ♣ ♣



"ဒေါင် ဒေါင် ... ဒေါင် ဒေါင်"

ခေါင်းလောင်းသံများ ထွက်ပေါ်လာသည်။ ရှောင်လင်ကျောင်းတော်သားများ၊ တာဝန်ခံဆရာများ၊ ကိုရင်များ၊ ဘုန်းတော်ကြီးများသည် ပင်မဆောင်သို့ အသီးသီးစုရုံးရောက်ရှိလာကြသည်။ ခန်းမဆောင်အတွင်းသို့ရောက်သည်နှင့် ရှောင်လင်ကျောင်းတော်သားတစ်ယောက်၊ ကြေးလူရုပ်အခန်းမှ ဖြတ်သွားမည်ဖြစ်ကြောင်း သိလိုက်ရခြင်းကြောင့် အားလုံး စိတ်ဝင်စားသွားကြလေတော့သည်။

စည်းကမ်းထိန်းသိမ်းရေး ဆရာတော်ကြီး ငါးပါးရှေ့၌ ရှောင်လင်ကျောင်းတော်သားတစ်ယောက် ဒူးထောက်လျက် ရှိနေသည်။ ထိုကျောင်းတော်သားသည်ကား တာဝန်ခံဆရာခုံးမိန်၏ လက်အောက်မှ ရှမ်းထင်းဖြစ်တော့သည်။

ဆရာတော် ချန်ထိုင်က ရှောင်လင်ကျောင်းတော်**သားများ** စုရုံးရောက်ရှိလာကြလျှင် ...

"ကဲ ... အားလုံး ... တက်ညီလက်ညီ လူစုံတန်း ကြေးလူရုပ်အခန်းကဖြတ်သွားမယ်၊ ရှောင်လင်ကျောင်းတော်သားတစ်ယောက်အကြောင်းပြောပြရမှာပဲ၊ သူကတော့ ရှမ်းထင်းလို့ခေါ်တယ်၊ တာဝန်ခံဆရာခုံးမိန်ရဲ့လက်အောက်ကဘဲ၊ သူက ဟန်ကျိထက်နောက်ကျပြီးမှ ရှောင်လင်ကျောင်းကိုရောက်လာတဲ့လူတစ်ယောက်ပဲ၊ သူ့အနေနဲ့ ကြေးလူရုပ်အခန်းကို ဖြတ်ကျော်လဲ နောက်ထပ်ငါးနှစ်လောက် သိုင်းပညာဆက်သင်ရဦးမှာဖြစ်မယ်၊ ဒါပေမယ့် သူ့ရဲ့ဆန္ဒပြင်းပျနေတော့ တာဝန်ခံ ခုံးမိန်က ခွင့်ပြုလိုက်တယ်၊ ကျုပ်ကလဲ ခွင့်ပြုလိုက်တယ်၊ ကဲ ... ရှမ်းထင်း မင်းအတွက် စဉ်းစားဖို့ အခွင့်အရေးရှိသေးတယ်၊ မင်းသေသေချာချာစဉ်းစားဆုံးဖြတ်၊ ရှမ်းထင်းကအဖြေမပေး

ဆက်၍ ဒူးထောက်နေလိုက်သည်။

သူ၏ဆုံးဖြတ်ချက်ကို မမြင်တော့သည့်သဘောဖြင့်ဖြစ်လေသည်။

ချန်းထိုင်က

"ကောင်းပြီ ... မင်းဆုံးဖြတ်ချက်မပြင်တော့ဘူးဆိုရင် ကျုပ်ကခွင့်ပြုရမှာပေါ့။ ကဲ ... ခုံးမိန် ဖယောင်းတိုင်ထွန်းလိုက်ပေတော့"

ချန်ထိုင်၏ အမိန့်ပေးစကားကြားလျှင် ခုံးမိန်က ဖယောင်းတိုင်တစ်တိုင်ယူကာ ငွေကလပ်ပေါ်၌ မီးထွန်းညှိလိုက်သည်။

ချန်ထိုင်က

"ကဲ ... ရှမ်းထင်း ... ကြေးလူရုပ်အခန်းထဲဝင်နိုင်ပြီ"ဟု ပြော လိုက်သည်။

ရှမ်းထင်းက လက်အုပ်ချီကာ ရှိခိုးလိုက်သည်။

တစ်ဖန် ရှောင်လင်ကျောင်းတော်သားများဖက်သို့လှည့်ကာ ဂါရဝပြုပြီးလျှင် ကြေးလူရုပ်အခန်းတွင်းသို့ ရင်ကော့၍ ဝင်သွားလေတော့သည်။

♣ ♣ ♣

## ကြေးလူရုပ်အခန်း

ကြေးလူရုပ်အခန်းကာ အလင်းရောင်ခပ်မှိန်မှိန်ထွန်းညှိထားသည်။ အခန်းသည် အုတ်နံရံများ ကာရံထားပြီး **အလယ်တည့်တည့်**၌ ကျောက်ဖြူပြားများခင်းကျင်းထားသည်။

ကျောက်ဖြူပြားလမ်းကလေးတစ်ဖက်တစ်ချက်၌ ကြေးလူရုပ်များ စီတန်းလျက်ရှိနေသည်ကို တွေ့ရ၏။ ကြေးလူရုပ်များသည် လူရုပ်များပမာ ထုလုပ်ထားခြင်းဖြစ်သည်။

ပထမဆုံးတွေ့ရသော အရုပ်နှစ်ရုပ်မှာ လက်ဆန့်တန်းကာ သွားရာလမ်းကို ပိတ်ထားကြသည်။ ကြေးရုပ်များသည် လှုပ်ရှားမှုနှင့် အလျဉ်းမရှိဘဲ ငြိမ်သက်နေသည်။

ရှမ်းထင်းအသက်ပြင်းပြင်းရှူရှိုက်လိုက်သည်။ ထို့နောက် အဘိုးအိုသင်ကြားပြသပေးလိုက်သော သိုင်းပညာများကိုပြန်ပြောင်းစဉ်းစားရင်း ရှေ့ဆုံးမှကာဆီးထားသော အရုပ်နှစ်ရုပ်၏ လက်နှစ်ဖက်ကို ထစ်ခနဲဖယ်ကာ အတွင်းဘက်သို့ လှမ်းဝင်လိုက်သည်။

ကြေးလူရုပ်နှစ်ရုပ်၏ လက်နှစ်ဘက်ကို ဆတ်ခနဲဖယ်ကာ လှမ်းဝင်လိုက်သည်နှင့်

"ချွင် ... ချွင် ... ချွင်"

သံကြိုးမြည်သံများ ထွက်ပေါ်လာသည်။ မတုန်မလှုပ်ရှိနေသော ကြေးရုပ်များ ချက်ချင်းသက်ဝင်လှုပ်ရှားလာကြသည်။ ကြေးရုပ်များသည် ခြေလက်များ ဆန့်တန်းကာစည်းချက် ဝါးချက်ညီညီ လှုပ်ရှားနေကြ၏။

အချို့ကြေးရုပ်များက ခြေထောက်ဆန့်တန်း၍လည်းကောင်း၊ အချို့က ခြေထောက်ဖြင့် ရှေ့သို့ဆန့်ကာလည်းကောင်း၊ အချို့ကလက်သီးလက်ဝါးစောင်း ပုံသဏ္ဌာန်အမျိုးမျိုး လှုပ်ရှားနေကြခြင်းဖြစ်သည်။

ရှမ်းထင်းရှေ့သို့ဝင်မိသည်နှင့် ပထမဆုံးကြေးရုပ်များက သူ့အား လက်ဆန့်တန်းကာ တိုက်ခိုက်လာကြသည်။ ကြေးရုပ်များသည် တစ်ဘက်တစ်ချက်စီတန်းရပ်နေကြခြင်းကြောင့် ရှေ့နောက်ညှပ်ကာ တိုက်ခိုက်လာကြခြင်းဖြစ်သည်။

ရှမ်းထင်းက ခြေလက်များ အသုံးပြုကာ ပြန်လည်ခုခံတိုက်ခိုက်သည်။ ကြေးရုပ်များနှင့် ယှဉ်ပြိုင်လိုက်ရလျှင် သူ၏ခြေလက်များ နာကျင်သွားသည်။

"ဟင် ... မလွယ်ပါလား၊ ကြေးရုပ်နဲ့ လက်ချင်းယှဉ်ရတော့ ငါ့အသားတွေ ပွန်းပဲ့ကုန်မှာပေါ့၊ အရိုးကျိုးမသွားတာ အတော်ကံကောင်းနေပြီ၊ အင်း ...၊ ဆရာခုံးမိန်နဲ့ ဆရာတော်ချန်ထိုင်ပြောတာ မှန်နေပြီ၊ ဒါပေမယ့် အရုပ်ဆိုးအဘိုးအိုက ကြေးရုပ်ကိုယှဉ်ပြိုင်နိုင်အောင် သင်ပေးလိုက်တာပဲ၊ ငါကြိုးစားမှပေါ့"

တွေးရင်းကြိုးစားကာ ပြန်လည်ခုခံတိုက်ခိုက်လိုက်သည်။ သူက ခပ်သွက်သွက်ကြိုးစားခုခံတိုက်ခိုက်လိုက်ခြင်းဖြစ်၏။ သူ၏ကြိုးစားမှုကြောင့် တခဏအတွင်းမှာပင် ခြေဆယ်လှမ်းခန့် ရှေ့သို့တစ်ဆက်တည်း တိုးသွားနိုင်ခဲ့သည်။



ရှမ်းထင်း အားတက်သွားသည်။

ဤအတိုင်းဆိုလျှင် ကြေးလူရုပ်အခန်းကို ကောင်းစွာဖြတ်သွားနိုင်တော့မည်ဖြစ်၏။ အားတက်လာသည်နှင့်အမျှ သူ၏လှုပ်ရှားတိုက်ခိုက်မှုသည် ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်သွက်လက်လာပေတော့သည်။

ခြေလက်များအသုံးပြုရင်း အဆက်မပြတ်ပင် တိုက်ခိုက်လိုက်ရာ

"ဂျွတ်"

"ခွမ်း"

"ဝုန်း"

ကြေးရုပ်နှစ်ရုပ်အား လက်ကိုရိုက်ချိုးနိုင်ပြီ၊ တစ်ရုပ်အား မျက်နှာကြေမွသွားအောင် တိုက်ခိုက်နိုင်ခဲ့သည်။

နောက်တစ်ဆင့် ... ကြေးရုပ်နှစ်ရုပ်အား လက်ကိုရိုက်ချိုးနိုင်ပြီ၊ တစ်ရုပ်အား မျက်နှာကြေမွသွားအောင် တိုက်ခိုက်နိုင်ခဲ့သည်။

နောက်တစ်ဆင့် ...

ကြေးရုပ်တစ်ရုပ်အား ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲလဲကျသွားအောင် တိုက်ခိုက်နိုင်ခဲ့၏။ ကြေးရုပ်များ လဲကျသွားအောင် တိုက်ခိုက်နိုင်လျှင် သူ့အား ဟန့်တားနိုင်တော့မည်မဟုတ်ဟု ယုံကြည်ထား၏။

သို့သော် ... သူ၏အယူအဆမှားယွင်းသွားပြီဖြစ်ကြောင်း ချက်ချင်းသိလိုက်ရသည်။ အကြောင်းကား ကြေးရုပ်တစ်ရုပ်လဲကျသွားသည်နှင့်

"ဝုန်း ... ဝုန်း"

"ဝုန်း ... ဝုန်း"

ကျန်ကြေးရုပ်များသည် ရုတ်ခြည်းရွေ့လျားလာပြီး သူ့ထံသို့ ဝိုင်းအုံလာကြသည်။ ကြေးရုပ်များကား ယန္တရားအတတ်ပညာဖြင့် တည်ဆောက်ထားသည်ဖြစ်ရာ သက်ရှိလူသားကဲ့သို့ပင် လှုပ်ရှားနိုင်သည်ကို အံ့ဩစွာတွေ့ရသည်။

"ဟင် ... ဘယ်လိုဖြစ်တာပါလိမ့်"

ရှမ်းထင်း ရင်ထိတ်သွားသည်။ ချက်ချင်း ခြေဆောင့်ကာ အပေါ်ခုန်တက်လိုက်ပြီး ရွေ့လျားသည့် ကြေးရုပ်များအား ကန်ကျောက်လိုက်သည်။

"ဝုန်း"

ကြေးရုပ်တစ်ရုပ်လဲကျသွားပြန်သည်။ ထိုအခါ ရှိသမျှ ကြေးရုပ်အားလုံး သူ့ထံဝိုင်းရံလာတော့သည်။ ရှမ်းထင်း အံကြိတ်ကာခုခံတိုက်ခိုက်လိုက်သည်။ ကြေးရုပ်များကား ရှေ့သို့ဖိတိုးကာ တိုက်ခိုက်လာကြသည်။

ထို့ကြောင့် ခြေလက်များအသုံးပြုကာ တိုက်ခိုက်နေသော်လည်း များပြားသော ကြေးရုပ်များ၏ တိုက်ခိုက်မှုကြောင့်

"အူး ... ဝါး"

ဗလုံးဗထွေး တစ်ချက်အော်ဟစ်ကာ ရှေ့သို့ယိုင်သွား၏။ အနောက်ဘက်မှ ကြေးရုပ်များက လက်ဆန့်ထုတ်ခြင်း၊ လက်ဝါးစောင်းခုတ်ချလိုက်ခြင်း၊ ခြေထောက်ဖြင့်ကန်ကြောက်ခြင်း စသည်ဖြင့် ဝိုင်းရံတိုက်ခိုက်လိုက်ကြပြန်၏။ ယင်းသို့ ဝိုင်းဝန်းတိုက်ခိုက်မှု ခံလိုက်ရလျှင် ...

"ဝူး"

ရှမ်းထင်း သုံးလေးချက်ထိသွားပြီး ကြမ်းပြင်ပေါ်လဲကျသွား



သည်။ ကြေးရုပ်များ၏ ကြေးလက်ဖြင့် ရိုက်ချခြင်းခံရသဖြင့် အရိုးများ ကျိုးကြေသွားသည်ဟု ခံစားရသည်။ အသက်ရှုမှားကာ တစ်ကိုယ်လုံး အောင့်တက်လာသည်။ ကြမ်းပြင်ပေါ်လဲကျသွားလျှင် အံကြိတ်ပြီး အသက်ရှုနိုင်ရန် ကြိုးစားရ၏။

သို့သော် ... ကြမ်းပြင်ပေါ်လဲလျောင်းနေရန်လည်း မဖြစ်နိုင်ချေ။ အဘယ်ကြောင့်ဆိုသော် ကြေးရုပ်အချို့က ခြေထောက်ဖြင့် တခွပ်ခွပ် နင်းချနေသည်မဟုတ်ပါလား။ ခြေထောက်တစ်ချက်အနင်းခံလိုက်ရလျှင် အသက်ထွက်သွားမည်ဟုပင် ထင်မှတ်မိ၏။ မှိန်းမနေနိုင်ဘဲ ကြိုးစားပြီး လူးလိမ့်ရှောင်ရှားလိုက်လေသည်။

"ကြေးရုပ်တွေကို မနိုင်ဘဲ သည်အခန်းကထွက်သွားနိုင်မှာမဟုတ်ဘူး၊ သည်အခန်းထဲက မထွက်နိုင်မချင်း ရှောင်လင်ကျောင်းကလည်း ထွက်ခွင့်ရမှာမဟုတ်ဘူး၊ ငါကြိုးစားရမယ်" ဟုတွေးကာ အံကြိတ်ပြီး ကြေးလူရုပ်များအား ပြန်လည်တိုက်ခိုက်လိုက်သည်။

သူ၏ခန္ဓာကိုယ်၌ မကြာခဏ ထိုးနှက်ခြင်း၊ ရိုက်ချခြင်း၊ ကန်ကျောက်ခြင်းခံရပြီး နာကျင်သွားသည်။ အသက်ရှုမှားသွားစေသည်။ သို့သော်သူက အမှုမထားတော့ဘဲ ရှေ့သို့သာတိုးသွားရန် အစွမ်းကုန်ကြိုးစားတော့သည်။ သူသွားရာလမ်းတစ်လျှောက်ပိတ်ဆို့နေသည့် ကြေးရုပ်များအား ပြင်းပြင်းထန်ထန် တိုက်ထုတ်လိုက်သည်။ သူ၏ တိုက်ခိုက်မှုကြောင့်

"ဝုန်း ... ဝုန်း ..."

နောက်ထပ်ကြေးရုပ်နှစ်ရုပ် လဲကျသွားပြန်သည်။ အမှန်တော့ အကျဉ်းခံအဘိုးအိုက ကြေးရုပ်အလယ်မှ ဖြတ်သန်းသွားနိုင်ရန် ကောင်းစွာသင်ကြားပေးပြီးဖြစ်သည်။ မည်သည့်နေရာသို့ရောက်လျှင်

မည်သို့တိုက်ခိုက်ရမည်၊ မည်သို့ခုခံရမည်ကို ရှင်းပြပြီးဖြစ်သည်။ ခြေလှမ်းအကွာအဝေး ကြေးရုပ်အနေအထား တိုက်ခိုက်မှု၊ ခုခံမှုတို့အားဟာကွက်မရှိအောင် သင်ကြားပေးခဲ့ရာ အဘိုးအိုသင်ကြားပေးခဲ့သည့်အတိုင် ခုခံတိုက်ခိုက်ရုံဖြင့် ကြေးလူရုပ်အခန်းမှ ကောင်းစွာ ဖြတ်သန်းသွားနိုင်မည်ဖြစ်ပေသည်။

ယခု ရှမ်းထင်း၏လက်ချက်ကြောင့် ကြေးလူရုပ်တစ်ရုပ်လဲကျသွားရာ အခြားကြေးရုပ်များစုပြုံတိုးဝင်လာကြခြင်းကြောင့်အနေအထားပျက်သွားရသည်။ အဘိုးအိုသင်ကြားပေးလိုက်သည့်အတိုင်းခုခံတိုက်ခိုက်ရန် အကြောင်းမညီညွတ်တော့သဖြင့် ကြုံသလိုရင်ဆိုင်တိုက်ခိုက်ရပေတော့သည်။

နောက်ထပ် ကြေးရုပ်နှစ်ရုပ်လဲအောင် တိုက်ခိုက်ပြီးလျှင် ရှေ့သို့ ပြေးထွက်ကာ လမ်းပိတ်နေသည့် ကြေးရုပ်များကို ခုန်ကန်လိုက်သည်။ အပေါ်သို့ခုန်တက်ကာ သုံးလေးချက်မျှ ဆက်တိုက်ကန်ကျောက်လိုက်ခြင်းဖြစ်သည်။

သူ၏ပြင်းထန်စွာ တိုက်ခိုက်မှုကြောင့်
"ဝုန်း ..."
"ဝုန်း ..."
"ဝုန်း ..."

နောက်ထပ်ကြေးလူရုပ် သုံးရုပ်လဲကျသါးသည်။ ရှမ်းထင်းက ကြေးရုပ်များကို ယှဉ်ပြိုင်ရင်း အားလုံးကြမ်းပြင်ပေါ်လဲကျသွားအောင်ကြိုးစားလိုက်၏။ အတော်ကလေးကြာအောင် တိုက်ခိုက်ပြီးနောက် သူ၏တစ်ကိုယ်လုံး ဒဏ်ရာ သုံးလေးချက်မျှရသွားသည်။ သူဖြတ်သန်းလာရာ လမ်းတစ်လျှောက်၌ ကြေးရုပ်များ တုံးလုံးပက်လက်လဲကျကျန်နေရစ်ခဲ့သည်။



နောက်ဆုံးကြေးရုပ်ငါးရုပ်ကို တိုက်ခိုက်ပြီးလျှင် နှုတ်ခမ်းထောင့်မှ သွေးများစီးကျလာသည်။ သို့သော် သူဖြတ်သွားသောအခါ ထိုကြေးရုပ်ငါးရုပ်မှာ ကြမ်းပြင်ပေါ်လဲကျနေခဲ့ပြီဖြစ်တော့သည်။ ကြေးရုပ်များကို အောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့ပြီဖြစ်လေသည်။

သို့သော် ရှမ်းထင်းဝမ်းမသာနိုင်သေးပါချေ။ အကြောင်းမှာ အပြင်ဘက် ငွေကလပ်ပေါ်တွင် ထွန်းညှိထားသော ဖယောင်းတိုင်မီးငြိမ်းနေလျှင် သူ့အား အောင်မြင်သည်ဟု အသိအမှတ်ပြုမည်မဟုတ်ချေ။

ရှေ့သို့ခပ်သွက်သွက်ကလေး လှမ်းထွက်လာရင်း ထွက်ပေါက်ရှေ့၌ အငွေ့တထောင်းထောင်းထနေသော ကြေးအိုးကြီးတစ်လုံးရှိနေသည်။ ကြေးအိုးကြီးမှာ ရေစည်တစ်လုံးခန့်ကြီးမားပြီး အောက်ဘက်၌ ခြေထောက်သုံးချောင်းဖြင့် ထောက်ထားသည်။

ယင်းကြေးအိုးအပေါ် ပန်းကနုတ်များ၊ တိရစ္ဆာန်ရုပ်ပုံများထွင်းထုထားသည်။ ယင်းကြေးအိုးကြီးသည် ရှမ်းထင်းကြေးလူရုပ်အခန်းသို့ စတင်ဝင်လိုက်သည်နှင့် မီးထိုးထားခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ရှမ်းထင်းထွက်လာသောအခါ ခြစ်ခြစ်တောက်ပူလောင်နေပြီဖြစ်သည်။ ယင်းကြေးအိုးကြီးကိုဖယ်ရှားနိုင်မှသာလျှင် အပြင်ဘက်ထွက်၍ရမည်ဖြစ်သည်။ စည်းကမ်းချက်အရ လက်နှစ်ဖက်ဖြင့် ပွေ့ဖက်ကာ မ,ရွှေ့ရမည်ဖြစ်သည်။ လက်ဖြင့် ပွေ့ဖက်ရာ၌ပင်လျှင် လက်သီးဆုပ်ထားပြီး လက်ဖျံနှစ်ဖက်ဖြင့် မီးညှပ်ကဲ့သို့ညှပ်ပြီး မ,ကာ ရွှေ့ရမည်ဖြစ်၏။ ကြေးအိုးကြီးပေါ်၌ လဝန်းနှင့် နေဝန်းပုံရှိနေလေသည်။

ရှမ်းထင်းအံ့ကြိတ်လိုက်သည်။ သူ၏ဘဝ၌ အခက်အခဲ၊ အန္တရာယ်အမျိုးမျိုးတွေ့ကြုံခံစားခဲ့ရပြီမို့ မထူးတော့ပြီဖြစ်၍ လက်နှစ်ဖက်ဖြင့် ခြစ်ခြစ်တောက်ပူလောင်နေသော ကြေးအိုးကြီးအားရွှေ့လိုက်လေသည်။

ဤတွင် လဝန်းပုံနှင့် နေဝန်းပုံသည် တံဆိပ်ခပ်နှိပ်လိုက်သလို လက်နှစ်ဘက်ကို ခြစ်ခြစ်တောက်ပူလောင်သွားစေသည်။ အသားများ ကျက်သွားသလို လက်တစ်ဘက်တွင် နေဝန်းပုံနှင့် ကျန်တစ်ဘက်၌ လဝန်းပုံမှာ သေရာပါသည့်တိုင် ထင်ကျန်သွားတော့သည်။

ပူလောင်မှုကြောင့် ရှမ်းထင်း၏တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်နေသည်။ အံ့ကြိတ်ထားသော်လည်း ချွေးတဒီးဒီး စီးကျလာလေသည်။ လက်နှစ်ဘက်မှ အသားများ ညှော်နံ့ပင်ထွက်လာသည်။ ကြေးရုပ်များကို အနိုင်တိုက်ခိုက်ပြီးလျှင် ပညာရည်ပြည့်ဝသောရှောင်လင်ကျောင်းတော်သားအဖြစ် အသိအမှတ်ပြုခံရပြီဖြစ်သည်။

ဤတွင် ကြေးအိုးကြီးကို မရွှေ့လိုက်ခြင်းကြောင့် လက်နှစ်ဘက်၌ ရှောင်လင်ကျောင်းသားအထိမ်းအမှတ်ကို ခပ်နှိပ်ပြီးသားဖြစ်နေသည်။ သူ့အားအရည်အချင်းပြည့်ဝသော ရှောင်လင်ကျောင်းတော်သားဖြစ်ကြောင်း အမှတ်တံဆိပ်တွေ့ရုံဖြင့် လူတိုင်းသိကြမည်ဖြစ်သည်။

ယခု အခက်အခဲများကို ကျော်ဖြတ်နိုင်ပြီဖြစ်သည်။ ကြေးအိုးကြီးအား ရွှေ့ပြီးဖြစ်၍ လက်နှစ်ဘက်၌ အမှတ်တံဆိပ် ထင်ကျန်ရစ်ခဲ့၏။အရေးကြီးသည်မှာ အပြင်ဘက်၌ ထွန်းညှိထားသော ဖယောင်းတိုင်မီး မငြိမ်းစေဖို့ဖြစ်၏။ ထိုသို့တွေးပြီးထွက်ပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ခပ်သွက်သွက်ကလေးပြေးထွက်ခဲ့သည်။

အပြင်ဘက်သို့ရောက်လျှင် မည်သူ့ကိုမျှမကြည့်ဘဲ ငွေကလပ်ကို လှမ်းကြည့်လိုက်၏။ ငွေကလပ်ပေါ်၌ မီးရောင်ကလေးရှိနေသေးသည်ကိုတွေ့ရသည်။ သူကြည့်နေစဉ် ဟုတ်ခနဲမီးရောင်ကွယ်ပျောက်သွားလေသည်။



ထိုစဉ် လက်ခုပ်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကိုကြားလိုက်ရသည်။ သူအောင်မြင်ခဲ့ချေပြီ။ ကြေးလူရုပ်အခန်းကိုဖြတ်ကျော်နိုင်ခဲ့ပြီဖြစ်ပါသည်။ ရှမ်းထင်းရှေ့သို့ပြေးသွားပြီး တအံ့တသြကြည့်နေသော ခုံးမိန်ရှေ့၌ ဒူးထောက်ချလိုက်လေတော့သည်။

ချင်းစိန်နှင့် ဝမ်းရိုတို့သည် ငွေကလပ်ပေါ်မှ ဖယောင်းတိုင်ကလေးကိုကြည့်ကာ စိုးရိမ်ထိတ်လန့်နေကြသည်။ ဖယောင်းတိုင်ကားကုန်တော့မည်ဖြစ်၏။ သို့သော်

ရှမ်းထင်းကားထွက်မလာသေးချေ။

ချင်းစိန်က ...

"ဒုက္ခပါပဲ ... ညီလေးရှမ်းထင်းတော့ ဒုက္ခရောက်ပြီထင်တယ်၊ သူဟာ စကားမပြောတတ်တော့ ဟန်ကျိုကိုအော်နိုင်မှာမဟုတ်ဘူး၊ တစ်ခုခုဖြစ်နေပြီထင်တယ်၊ ကျုပ်တို့ ဆရာခုံးမိန်ဆီ အကျိုးအကြောင်းပြောပြရင်ကောင်းမယ်" ဟုပြောလိုက်၏။

ဝမ်းရိုက သဘောတူလေသည်။

"ဟုတ်တယ် ... ရှမ်းထင်းသာ ကြမ်းပေါ်လဲကျနေပြီဆိုရင် ကြေးလူရုပ်တွေတက်နင်းတာနဲ့သေမှာပဲ၊ မဖြစ်ဘူးဗျ"

သူတို့နှစ်ယောက် ခုံးမိန်အနီးသို့ မသိမသာချဉ်းကပ်သွားကြသည်။ ခုံးမိန်က သူတို့ရောက်လာသည်ကိုတွေ့လျှင် မျက်မှောင်ကြုတ်ကြည့်လိုက်သည်။

ချင်းစိန်က ဂါရဝပြုရင်း အသံတိုးတိုးဖြင့် ...

"ဆရာ ... ညီလေးရှမ်းထင်းတော့ ဒုက္ခရောက်နေပြီထင်တယ်၊ သူက သူများလိုအော်နိုင်မှာမဟုတ်ဘူး၊ ဒါကြောင့် ဝင်ကြည့်လို့ရရင်ကောင်းမှာပဲ၊ နို့မဟုတ်ရင်ကော့ သူ့အတွက် အသက်အန္တရာယ်စိုးရိမ်ရမှာသေချာတယ်" ဟုပြောလိုက်၏။

ခုံးမိန်သက်ပြင်းချလိုက်၏။

"ကျုပ်လဲ မင်းတို့လိုစိုးရိမ်ပူပန်နေတာပါပဲ၊ ဒါပေမယ့် ဖယောင်းတိုင် မကုန်မချင်း အထဲကလူ အပြင်ထွက်မလာရင် မဝင်ရဘူး၊ အထဲကအကူအညီမတောင်းမချင်း မဝင်ရဘူးလို့ စည်းကမ်းသတ်မှတ်ထားတယ်၊ သူအော်ဟစ်အကူအညီတောင်းနိုင်ရင်တော်သေးတာပေါ့၊ အခုတော့"

စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားသည်။ ချင်းစိန်နှင့် ဝမ်းရို့တို့ စိတ်မကောင်းဖြစ်သွားသည်။

ဝမ်းရို့က

"ဆရာ သူအထဲမှာ တစ်စုံတစ်ခုဖြစ်နေတယ်ဆိုရင် ဒီအတိုင်းလက်ပိုက်ကြည့်နေရမှာလားဟင်"ဟု မေးလိုက်၏။

ခုံးမိန်က သူ့အားလှည့်ကြည့်လိုက်သည်။ ပြီးလျှင် ဦးခေါင်းဆတ်ခနဲညိတ်ပြလိုက်သည်။

ဝမ်းရို့ပါးစပ်ပိတ်ထားလိုက်သည်။ ချင်းစိန်နှင့် ဝမ်းရို့တို့ ခေါင်းငိုက်စိုက်ကျနေကြပါသည်။ ဖယောင်းတိုင်မီးလည်း ငြိမ်းသွားတော့မည်ဖြစ်ပေသည်။

"အင်း ... ညီလေးတော့ သေပြီထင်ပါရဲ့"

ချင်းစိန် ညည်းညူလိုက်သည်။

ထိုစဉ်မှာပင် ...



"ဟာ ... ထွက်လာပြီဟေ့"

ရုတ်တရက် စကားသံတစ်ချက်ထွက်ပေါ်လာသည်ကိုကြားလိုက်ရ၏။ ချင်းစိန်တို့ ပျာပျာသလဲ လှမ်းကြည့်လိုက်သောအခါ ရှမ်းထင်းထွက်လာသည်ကို တွေ့ရ၏။

ချင်းစိန်နှင့် ဝမ်းရို့တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ သူတို့မြင်ကွင်းကို မယုံကြည်နိုင်ကြတော့ချေ။

ထိုစဉ် ရှမ်းထင်းက ခုံးမိန်ရှေ့သို့ပြေးသွားပြီး ဒူးထောက်ချလိုက်သည်။ ချင်းစိန် နှင့် ဝမ်းရို့တို့ ပြိုင်တူသက်ပြင်းချလိုက်ကြသည်။ ရှမ်းထင်းအတွက် စိုးရိမ်ပူပန်စိတ်မှ အားတက်ဂုဏ်ယူသည့်စိတ်များလည်း ပေါ်ပေါက်လာကြပေတော့သည်။

ချင်းစိန်နှင့် ဝမ်းရို့တို့အချင်းချင်းကြည့်လိုက်ကြ၏။ သူတို့၏ မျက်နှာပေါ်၌ အပြုံးပန်းများ ကြိုင်လှိုင်နေပြီဖြစ်ပါသည်။

ဆရာခုံးမိန်၏ရှေ့၌ ဒူးထောက်နေသော ရှမ်းထင်းကိုကြည့်ယင်း မျက်ရည်လည်လာကြသည်။ ရှမ်းထင်းမှာ ဒုက္ခိတ တစ်ယောက်ဖြစ်သည်။ ရှောင်လင်ကျောင်းသို့ရောက်လာကာစက ပိုးဟပ်ဖြူလေးတစ်ကောင်ပမာရှိနေသည်။ ရှမ်းထင်းသည် ရှောင်လင်ကျောင်းတော်သားတစ်ယောက်အဖြစ် တိုးတက်အောင်မြင်လိမ့်မည်ဟု မည်သူကမှ မမျှော်လင့်ခဲ့ကြချေ။

ယခုတော့

ရှမ်းထင်းသည် အလွန်ခက်ခဲသောကိစ္စတစ်ခုကို အားလုံးအံ့သြသွားရလေအောင် လက်တွေ့စွမ်းဆောင်ပြနိုင်ခဲ့ပြီဖြစ်ပါသည်။ ကျော်ဖြတ်ဖို့အလွန်ခက်ခဲသည်ဟု သတင်းကြီးသော ကြေးလူရုပ်အခန်းထဲမှ အောင်မြင်စွာ ဖြတ်သန်းပြီး ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့်

အပြင်ဘက်ထွက်လာနိုင်ခဲ့ပြီဖြစ်ပါသည်။

ရှမ်းထင်း၏ ဇွဲလုံ့လဝီရိယနှင့် ကြိုးစားအားထုတ်မှုကို ချီးကျူးရလိမ့်မည်မဟုတ်ပါလား။ ရှောင်လင်ကျောင်းတော်သားတစ်ယောက်၏ **အမြင့်ဆုံးသော**အောင်မြင်မှုကို ရှမ်းထင်းဆွတ်ခူးရရှိနိုင်လိုက်ခြင်းဖြစ်လေသည်။

ခုံးမိန်၏မျက်နှာလည်း ပြုံးရွှင်သွား၏။

"ထပါ ... ရှမ်းထင်း ... မင်းအောင်မြင်သွားပါပြီ"

ရှမ်းထင်းကိုဖေးမကာ မတ်တတ်ရပ်စေလိုက်သည်။ ရှမ်းထင်း၏ခန္ဓာကိုယ် တဆတ်ဆတ်တုန်ယင်နေပါသည်။ သူကိုယ်တိုင်လည်း အောင်မြင်မှုကို မျှော်မှန်းထားသည့်တိုင် မယုံရဲရဲ ရှိနေသည်မဟုတ်လား။ အစွမ်းကုန်ကြိုးစားအားထုတ်ခဲ့ခြင်းကြောင့်သာလျှင် အောင်မြင်မှုရခဲ့ခြင်းဖြစ်လေသည်။

ခုံးမိန်က ...

"ရှမ်းထင်း ... မင်းဟာ ရှောင်လင်ကျောင်းတော်သားတိုင်း လုပ်နိုင်ခဲ့တဲ့ကိစ္စကို အောင်မြင်အောင်လုပ်နိုင်ခဲ့ပြီ၊ မင်းဝမ်းမသာဘူးလား"

ရှမ်းထင်းဦးညွှတ်လိုက်လေသည်။ သူကဝမ်းသာနေပါသည်။ ဖော်မပြနိုင်အောင် ဝမ်းသာနေခြင်းဖြစ်ပါတော့သည်။

ခုံးမိန်က ...

"ကြေးလူရုပ်အခန်းကို အောင်မြင်စွာ ကျော်နိုင်ခဲ့ပြီဆိုတော့ မင်းရဲ့သိုင်းပညာပြည့်စုံသွားပြီလို့ဆိုရလိမ့်မယ်"

ပညာစုံသွားပြီဖြစ်ရကား ရှမ်းထင်း၏ရည်ရွယ်ချက် ပြည့်စုံအောင်မြင်သွားပြီဖြစ်ပါသည်။



ခုံးမိန်က ဆက်ပြောသည်။

"ပညာစုံပြီဆိုတော့ မင်းသည်မှာနေပြီး ဆက်ပြီးသင်ယူစရာအကြောင်းမရှိတော့ဘူး"

ရှမ်းထင်းခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွား၏။ ဆက်၍သင်ယူစရာအကြောင်းမရှိတော့လျှင် ရှမ်းထင်းက ခုံးမိန်ကို မော်ကြည့်လိုက်သည်။ သူ၏နှုတ်ခမ်းများ တလှုပ်လှုပ်ဖြစ်နေသည်။ ပညာဆက်လက်သင်ယူဘို့အကြောင်းမရှိတော့လျှင် ဤနေရာ၌လည်း ဆက်၍နေထိုင်စရာလိုအပ်တော့မည် မဟုတ်ပါချေ။

ရှောင်လင်ကျောင်းမှ ထွက်ခွာရတော့မည်ဖြစ်လေသည်။ ရှမ်းထင်း၏ ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များဖြစ်ပေါ်လာပြန်တော့သည်။

အချိန်အတန်ကြာအောင် နေထိုင်ခဲ့ရသည်ဖြစ်ရာ ရှောင်လင်ကျောင်းတော်ကြီးမှာ သူ့အိမ် သူ့ယာပမာရှိနေခဲ့ချေပြီ၊ ရှောင်လင်ကျောင်းတော်ကြီးအား ခွဲခွာပြီးထွက်သွားရမည်မှာ ဝမ်းနည်းစရာကောင်းနေ၏။

ယခင်ကရှိခဲ့သော အထီးကျန်ဆန်သည့် ခံစားချက်များပြန်လည်ဖြစ်ပေါ်ကာ ရှမ်းထင်း မလှုပ်မယှက်ဖြစ်သွား၏။

ခုံးမိန်က ...

"ရှမ်းထင်း ... မင်းပညာစုံသွားပြီ၊ ဒါကြောင့် ငါတို့နဲ့ခွဲခွာသွားရတော့မယ်၊ မင်းနေချင်တယ်ဆိုယင်တောင် ဆက်နေလို့မဖြစ်ဘူး၊ ငါတို့ကလည်း လက်ခံထားနိုင်မှာမဟုတ်ဘူး၊ ဒါဟာရှောင်လင်ကျောင်းတော်ကြီးရဲ့စည်းကမ်းချက်ပဲ၊ ငါပြောတာကို မင်းနားလည်သဘောပေါက်မယ်ထင်တယ်၊

ရှမ်းထင်း ဦးညွတ်လိုက်သည်။

ခုံးမိန်က ...

"မင်း ... ဘာမှဝမ်းနည်းမနေနဲ့၊ ပညာစုံပြီး ထွက်သွားခွင့်ရတာကိုပဲ ဝမ်းသာရလိမ့်မယ်၊ ကဲ ... ကဲ ... မင်းခဏသွားပြီးအနားယူလိုက်ဦး၊ ပြီးယင် မင်းရဲ့ပစ္စည်းတွေကို သိမ်းဆည်းထားလိုက်ပါ။

ရှမ်းထင်းက စောဒကတက်ရန် ဟန်ပြင်လိုက်၏။

ခုံးမိန်လက်ကာပြလိုက်သည်။

"ရှောင်လင်ကျောင်းရဲ့စည်းကမ်းကို အားလုံးလိုက်နာကြရလိမ့်မယ်"

ရှမ်းထင်းခေါင်းငိုက်စိုက်ကျသွား၏။ သူသည် ရှောင်လင်ကျောင်း၌ ပညာသင်ကြားခဲ့သူဖြစ်၍ ရှောင်လင်ကျောင်း၏စည်းကမ်းကို လိုက်နာရလိမ့်မည်ဖြစ်ပေသည်။

ရှောင်လင်ကျောင်းမှ ထွက်သွားဘို့ဆိုသည်ကို လက်မခံ၍မရတော့ပါ။

ရှမ်းထင်းက ဦးညွတ်လိုက်သည်။

ထို့နောက် သူ၏ပစ္စည်းပစ္စယများ သိမ်းဆည်းရန် ထွက်လာခဲ့လေတော့သည်။

♣ ♣ ♣

တက္ကသိုလ်သိဟအောင်

**အမိုက်ဖုံးသောသိုင်းသခင်**

( ပထမပိုင်း )

ပြီး၏။